# ရုပ်ပွားတော် စေတီတော် ကိုးကွယ်မှု

ပုသိမ်မြို့ ပစ္ဆိမာရုံကျောင်းတိုက်

အရှင်ခေမိန္ဒ



၁၇

၂၄၀၉၁

ပုသိမ်မြို့၊ ပစ္ဆိမာရုံကျောင်းတိုက်

**အရှင်ခေမိန္ဒ**

အဂ္ဂမဟာပဏ္ဍိတ

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ

သာသနဓဇသိရီပဝရဓမ္မာစရိယ ဝိနယပါဠိပါရဂူ

၏

# ရုပ်ပွါးတော် စေတီတော် ကိုးကွယ်မှု

**စာပေအမှတ် ( ၂၃ )**

ပထမအကြိမ်

သာသနာ - ၂၅၅၂ ကောဇာ - ၁၃၇၀ ခရစ် - ၂၀၀၈

# ပုံနှိပ်မှတ်တမ်း

✦ စာမူခွင့်ပြုချက်အမှတ် - ၃၂၀၄၉၀၁၁၀၈

✦ မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၂၀၆၆၇၁၂၀၈

✦ ပထမအကြိမ် - ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ

✦ အုပ်ရေ - ၅၀၀၀

၂၄၀၉၁

✦ တန်ဖိုး - ၁၅၀၀ ကျပ်

✦ ကွန်ပျူတာစာစီ - "ကောင်းမွန်ကွန်ပျူတာ"
အမှတ် ၁၁၄၊ ၃၄-လမ်း (အလယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
☎ : ၃၈၉၀၂၃

✦ မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦး[illegible]အောင်
ကျူမငေးပုံနှိပ်တိုက် ( မြဲ - ၀၇၃၄၂ )
အမှတ် ၆၃၊ ပဒုမ္မာလမ်း၊ ဒဂုံမြို့နယ်၊
ရန်ကုန်မြို့။ ☎ : ၃၉၅၀၄၅

✦ ထုတ်ဝေသူ - ဦးချစ်ညွန့်၊ ဇင်ရတနာစာပေ
အမှတ် (၂၀၅)၊ က/၄-လမ်း
မြို့သစ် ( က + ခ ) ရပ်ကွက်၊
အင်းစိန်။

# နိဒါန်း

၁၃၆၉ - ခုနှစ်၊ တော်သလင်းလ၊ ၂၀၀၇ - ခုနှစ် အောက်တိုဘာလထဲမှာ ထင်ပါသည်။ ပုသိမ်မြို့၊ ရွှေမုဋ္ဌော မဟာစေတီတော်မြတ်ကြီး၏ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ဩဝါဒါစရိယ ဆရာတော်ကြီးများကိုပင့်ယူလျက် ဩဝါဒခံ ပါ သည်။ ဩဝါဒခံကိစ္စ ပြီးဆုံးသောအခါ ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ် ဦးချို (အငြိမ်းစား) က တာဝန်ခံရေးသားထား သည့် ဘုန်းတော်ပြည့်ဘုရား၊ သက်န်းနက်ဘုရား၊ စန္ဒမုနိဘုရား၊ သိုက်ဘုရားလေးဆူ၏ သမိုင်းကို ဆက်ကပ်ပါသည်။ ယင်းဘုရား သမိုင်းကို ဖတ်ရှုပြီး ဩဝါဒစကား ချီးမြှင့်ပေးပါရန်လည်း ဆက် လက် လျှောက်ထားပါသည်။

ဂေါပကလူကြီးဦးအုန်းတင်က စာရေးသူအနားသို့ ကပ် လာလျက် သမိုင်းပြုစုသူက အရှင်ဘုရား၏ ဩဝါဒကို နာကြား လိုသောဆန္ဒ ပို၍ပြင်းပြပါသည်ဟု လျှောက်ထားလာပါသည်။ ဘုရားလေးဆူသမိုင်းကို ဖတ်ကြည့်သောအခါ တကယ့်စေတနာ ကြီးမားစွာဖြင့် ကြိုးစားရေးသားထားသည်ကိုတွေ့ရ၍ ဒါယကာ ကြီး ဦးချို၏ စေတနာကို လေးစားမိပါသည်။ ကျမ်းကိုးများကို ဖတ်ကြည့်သောအားဖြင့် ဒါယကာကြီး ဦးချို၏စေတနာ ကြီးမား ကြောင်း ခန့်မှန်းသိရှိနိုင်ပါသည်။

## ရုပ်ပွါးတော်, စေတီတော် ကိုးကွယ်မှုစာအုပ်

စာရေးသူမှာ ဗုဒ္ဓ၏အောင်မြင်ရေးနည်းလမ်း ဒုတိယတွဲကို စတင်ရေးသားနေချိန်ဖြစ်ပါသည်။ ယင်းစာအုပ်ကို ခဏရပ်ထားပြီး ဤရုပ်ပွားတော်, စေတီတော် ကိုးကွယ်မှုစာအုပ်ကို စတင်ရေးသားခဲ့ပါသည်။ စာရေးသူမှာ အားကိုးလောက်သော တပည့်ကြီးများ မရှိခြင်းကြောင့် ကျောင်းတိုက် အုပ်ချုပ်ရေးတစ်ဖက်၊ ပညာရေးကတစ်ဖက်နှင့် စာဝါများကို အချိန်ပြည့် ပို့ချနေရခြင်းကြောင့် စာအုပ်အတွက် အချိန်များများ မပေးနိုင်ခဲ့ပါ။ ထို့ပြင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က တာဝန်ပေးခြင်းကြောင့် နိုင်ငံတော်ဝိနည်းဓိုရ်တာဝန်ကို ဆောင်ရွက်ရန် ရန်ကုန်ကမ္ဘာအေးသို့ သွားခဲ့ရပါသည်။ နိုင်ငံတော် ဝိနည်းဓိုရ်တာဝန်ကို ဆောင်ရွက်နေစဉ် နာဂစ်မုန်တိုင်း တိုက်ခတ်လာသဖြင့် အဆောက်အအုံများ ပျက်စီးခြင်းကြောင့် တာဝန်များကို ဆောင်ရွက်ရန် မဖြစ်နိုင်တော့သဖြင့် ပုသိမ်သို့ ပြန်ကြွလာခဲ့ပါသည်။

ပုသိမ်သို့ ပြန်ရောက်လာသောအခါ နာဂစ်မုန်တိုင်း တိုက်ခတ်ခြင်း ကိစ္စအပေါ် ဗုဒ္ဓဘာသာစာပေအမြင်ကို ရေးသားလိုသောဆန္ဒ ပြင်းပြလာ၍ နေ့ရောညပါ အချိန်ယူလျက် ကြိုးစားရေးသားနေစဉ် ဘယ်ဘက် မျက်စိတစ်လုံး ရောင်လာပါသည်။

မျက်စိအထူးကုဆရာဝန်နှင့် ပြသကုသနေစဉ် ဆရာဝန်ကမျက်စိကို အနားပေးရန် တိုက်တွန်းလာသဖြင့် စာရေးသောအလုပ်ကို ခဏ ရပ်ထားလိုက်ရပါသည်။

ထိုသို့ မျက်စိအနားယူနေစဉ်မှာပင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ နာယကသင်တန်း၊ ဝိနည်းမိုရ်သင်တန်းသို့ တက်ရောက်ရန် ပင့်စာရောက်လာပါသည်။ မျက်စိ မကောင်းသေးသဖြင့် မလိုက်လိုကြောင်း သက်ဆိုင်ရာသို့ အကြောင်းကြားသော်လည်း လက်မခံပေ။ အရေးကြီးသော သင်တန်းဖြစ်၍ မဖြစ်မနေ လိုက်ပေးပါရန် မေတ္တာရပ်ခံလာသဖြင့် လက်ခံပြီး သင်တန်းသို့ လိုက်သွားရပါသည်။

ဝါဆိုရန်နီးကပ်လာ၍ သင်တန်းလည်း ပြီးဆုံးသွားသောကြောင့် ပုသိမ်သို့ ပြန်ကြွလာခဲ့ပါသည်။ ပုသိမ်သို့ ပြန်ရောက်သောအခါ (၁၈-၈-၂၀၀၈) နေ့က ဘုရားဂေါပက လူကြီးဦးအုန်းတင် နှင့် ဆုံမိကြပါသည်။ သူက "သီတင်းကျွတ်ရင် အနားယူတော့မည်၊ သူအနားမယူမီ ဘုရားသမိုင်း ဩဝါဒစာတမ်းကို လိုချင်ပါသည်၊ အချိန်မီပြီးအောင် ရေးသားချီးမြှင့်ပေးစေလိုပါသည်" ဟု လျှောက်ထားခြင်းကြောင့် မျက်စိသည် မူလအတိုင်း ပုံမှန်မဖြစ်သေးပါဘဲ ဤရုပ်ပွားတော်, စေတီတော်ကိုးကွယ်မှုစာအုပ်ကို ဆက်လက်ကြိုးစားရေးသားခဲ့ရာ (၁၇-၉-၀၈) နေ့ ရေးသားပြီးစီးပါသည်။ ထို့ကြောင့် ရုပ်ပွားတော်, စေတီတော်ကိုးကွယ်မှု စာအုပ် ပေါ်ထွက်လာခဲ့ခြင်း ဖြစ်ပါသည်။

## (ဃ) ရုပ်ပွားတော်၊ စေတီတော် ကိုးကွယ်မှု

### ရဟန်းကောင်းများ၏အသက်

စာရေးသူသည် ရုပ်ပွားတော်, စေတီတော်များနှင့် ရာဇဝင်သမိုင်းများကို လေ့လာဖတ်ရှုမှု နည်းပါသည်။ ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာတရားတော်များကိုသာ အချိန်ပေး ဖတ်ရှု လေ့လာခဲ့ပါသည်။ သမိုင်းကို ပုထုဇဉ်လူသားများ ရေးသားခြင်း ကြောင့် အမှားအယွင်းများ မကင်းနိုင်ဟုယုံကြည်ပါသည်။ မှန်လှ ပါသည်၊ ပုထုဇဉ်လူသား၏ခန္ဓာကိုယ်သည် လောဘ၊ ဒေါသ၊ မောဟ၊ ဣဿာ၊ မစ္ဆရိယတရားများဖြင့် ဖွဲ့စည်းဖြစ်ပေါ်နေ၏။ ထို့ကြောင့် ပုထုဇဉ်လူသားသည် မလိုတစ်မျိုး လိုတစ်မျိုး လုပ် တတ်သော သတ္တဝါဖြစ်ပါသည်။ မလိုတစ်မျိုး လိုတစ်မျိုး လုပ် တတ်သောကြောင့် ပုထုဇဉ်လူသားမှာ အဂတိတရား လေးပါး မကင်းနိုင်ပေ။ အဂတိလိုက်ပြီး ရေးသားထားသော သမိုင်းကို ဝေဖန်ပါကလည်း အများက အမှားကို အမှန်အဖြစ် လက်ခံထား ခြင်းကြောင့် အများနှင့် ဆန့်ကျင်ဘက် ဖြစ်လာနိုင်ပါသည်။ လူသားများရေးသော သမိုင်းကပေးသော အသိဉာဏ်ထက် ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ တရားတော်များက ပေးသော အသိဉာဏ်က ပို၍ တန်ဖိုးကြီးမားကြောင်း ယုံကြည်ပါသည်။

ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာတရားကို မဟာကရုဏာ တော်ရှင် မြတ်ဗုဒ္ဓက သတ္တဝါများအပေါ်၌ လွန်စွာသနားတော်မူ ခြင်းကြောင့် ဟောပြောတော်မူခဲ့ပါသည်။ ပိဋကတ်စာပေကို

စာအုပ် စာတစ်မျက်နှာလောက်ဖတ်ကြည့်ပါက မိမိဘဝအတွက် တန်ဖိုးမဖြတ်နိုင်သော အသိဉာဏ်များကို ရရှိပါသည်။ အချို့က ပြောကြပါသည်။ ပိဋကတ်စာပေထဲ၌ တပည့်သံဃာတော်များ နောက်မှ ဖြည့်စွက်ထားချက် အများအပြား ရှိနေကြသည်ဟု ပြောဆိုကြပါသည်။

ပိဋကတ်တော်ကို အပုပ်ချလိုသောကြောင့် ထိုသို့ ပြောဆိုကြခြင်းသာဖြစ်ပါသည်။ ပိဋကတ်တော်ကို အသက်နှင့် လဲ၍ ကာကွယ်တော်မူကြသော သံဃာထုသည် ခေတ်အဆက်ဆက်၌ ရှိခဲ့ကြပါသည်။ ဘုရားဟောမဟုတ်သော တရားကို ဘုရားဟောဟု ပြောဆိုဖြည့်စွက်သူ ပေါ်ပေါက်လာပါက ထိုလုပ်ရပ်ကို ဆန့်ကျင်သူ ရဟန်းကောင်းများနှင့် ဘုရင်မင်းမြတ်များ ပေါ်ပေါက်လာမှာ သေချာနေပါသည်။ ပေါ်လည်း ပေါ်ပေါက်ခဲ့ကြပါသည်။

အခြားအကြောင်းတစ်ခုမှာ ရဟန်းကောင်းများ ပိဋကတ်တော်အပေါ်၌ ထားရှိသော စိတ်ဓာတ်ကို အပြင်လူက မသိနိုင်သောကြောင့် ယင်းသို့ မမှန်မကန် ပြောဆိုကြခြင်းသာ ဖြစ်ပါသည်။ သာသနာထဲသို့ ဝင်ရောက်လျက် ပိဋကတ်စာပေ၌ ကျွမ်းကျင်အောင် သင်ယူပြီး မြတ်ဗုဒ္ဓတရားတော်အတိုင်း မိမိစိတ်ကို ယဉ်ကျေးအောင် ပြုပြင်ထားနိုင်ပါမှ ရဟန်းကောင်းများ၏ စိတ်ဓာတ်ကို နားလည်နိုင်ပါသည်။

# (၈) ရုပ်ပွားတော်၊ စေတီတော် ကိုးကွယ်မှု

သာသနာတော်ထဲသို့ ဝင်ရောက်လာသော်လည်း မိမိစိတ်ကို မပြုပြင်နိုင်ဘဲ ရှင်ဒေဝဒတ်ကဲ့သို့ ဓမ္မကို အလေးမထားဘဲ၊ လောကကို အလေးထားနေပါက၊ ဓမ္မကို အလေးမထားဘဲ၊ ဒကာ၊ ဒကာမ ပေါများရေး၊ ပစ္စည်းပေါများရေးတို့ကိုသာ အလေးထားနေပါက ရဟန်းကောင်းများ၏ စိတ်ထားကို နားမလည်နိုင်ပေ။ ထိုသို့ နားမလည်ခြင်းကြောင့်သာ "ပိဋကတ်စာပေထဲ၌ နောက်မှဖြည့်စွက်ထားသော အကြောင်းအရာများစွာ ရောနှောပါဝင်နေသည်" ဟု ပိဋကတ်တော်ကို အပုပ်ချ ပြောဆိုခြင်းသာ ဖြစ်ပါသည်။

မြတ်ဗုဒ္ဓ၏ ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ ဖွဲ့စည်းပုံသည် သာမန် ရဟန်းတော်များ ဖွဲ့စည်းနိုင်သော တရားတော်မျိုး မဟုတ်ပေ။ လွန်စွာ သိမ်မွေ့နက်နဲလှသော တရားတော်များသာ ဖြစ်ပါသည်။ ခေတ်အဆက်ဆက်၌ ပိဋကတ်တော်ကို ဝေဖန်သူများသည် ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာတရားတော်ကို ကျွမ်းကျွမ်းကျင်ကျင် မလေ့လာဖူးသူများသာ ဖြစ်ပါသည်။ ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာများကို လေ့လာပြီး အနှစ်သာရကို လက်ခံ သဘောပေါက်သွားပါက ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာတရားတော်သည် ယင်းရဟန်းကောင်း၏ အသက်ပင်ဖြစ်လာပါသည်။

မိမိအသက်ကို ကာကွယ်သကဲ့သို့ မိမိစိတ်ဓာတ်ကို ပိဋကတ်တော်၌မြှုပ်နှံလျက် ပိဋကတ်တော်ကို ကာကွယ်လေ့

ရှိပါသည်။ ထို့ကြောင့် နောက်မှ ဖြည့်စွက်ထားသည်ဆိုသည်မှာ မဖြစ်နိုင်သောကိစ္စသာ ဖြစ်ပါသည်။ ဤယုံကြည်ချက်မျိုးကို ဗုဒ္ဓသာသနာတော်ပြင်ဘက်က ပုဂ္ဂိုလ်များမှာ မရနိုင်ပေ။

သာသနာတော်ထဲသို့ ဝင်ရောက်နေသော်လည်း လောကကို အလေးထားသော ပုဂ္ဂိုလ်များမှာလည်း ဤယုံကြည်ချက်မျိုးကို မရနိုင်ပေ။ ဤစာအုပ်ကို ရေးသားရာ၌ အခန်း(၄) ခန်းခွဲ၍ ရေးသားခဲ့ပါသည်။ သိုက်ဘုရားသမိုင်းနှင့် ယင်းသမိုင်း အပေါ် သုံးသပ်ချက်ကို အခန်း (၄) ၌ နောက်ဆုံးထား၍ ရေးသားခဲ့ပါသည်။ အခန်း (၁) (၂) (၃) တို့ကို ဖတ်ပြီးမှ အခန်း (၄) ကို ဖတ်စေလိုပါသည်။

## ဦးချိုနှင့်မသက်ဆိုင်

စာရေးသူသည် ရုပ်ပွားတော်,စေတီတော် သမိုင်းဆိုင်ရာ ဗဟုသုတနည်းပါးခြင်းကြောင့် ဒါယကာကြီးဦးချိုတင် ပြသော သမိုင်းကို သုံးသပ်ရာ၌ သမိုင်းအမြင်ဖြင့် မသုံးသပ်ခဲ့ပေ။ သိုက်ဘုရားတစ်ဆူအပေါ်၌သာ ပိဋကတ်စာပေအမြင်ဖြင့် သုံးသပ်ခဲ့ ပါသည်။ ကျန်ရုပ်ပွားတော်သုံးဆူ သမိုင်းအပေါ် သုံးသပ်ရန် မလိုအပ်သဖြင့် မသုံးသပ်ခဲ့ပေ။

ရုပ်ပွားတော်, စေတီတော် ကိုးကွယ်မှုဆိုင်ရာကို ရေး သားရာ၌လည်း စာရေးချိန်တိုမတောင်းလှသဖြင့် ပြည့်ပြည့်စုံစုံ

မရေးနိုင်ခဲ့ပေ။ ရုပ်ပွားတော်, စေတီတော် ပြုပြင်မှုကိစ္စ၊ ဘုရားဘဏ္ဍာတော်ကို သုံးစွဲမှုများနှင့်ပတ်သက်၍ ရေးရမည့် အကြောင်းအရာ များစွာကျန်ခဲ့ပါသည်။ ဒါယကာကြီး ဦးချိုရေးသားသော သမိုင်းကို ထောက်ပြဝေဖန်ရာ၌ ယင်းဝေဖန်ထောက်ပြမှုအားလုံးသည် ဦးချိုမှာ တာဝန်မရှိပေ။ မည်သည့်သမိုင်းကို ရေးသည်ဖြစ်စေ သမိုင်းရေးသူသည် သက်ဆိုင်ရာအောက်ခြေက တင်ပြလာသော အချက်အလက်အပေါ် အခြေခံ၍ ရေးသားရပါသည်။

ဦးချို၏ အမှာစာ၌လည်း အောက်ကလူများ စုဆောင်းပေးသော အချက်အလက်အပေါ် မူတည်၍ ရေးသားခဲ့ကြောင်း ရိုးသားစွာ ဝန်ခံထားသည်ကို တွေ့ရပါသည်။ ထိုဝန်ခံချက်ဖြင့်ပင် စာရေးသူ ဝေဖန်ချက် ထောက်ပြချက်များသည် ဦးချိုနှင့် မသက်ဆိုင်ကြောင်း သဘောပေါက်ကြစေလိုပါသည်။

**ဘဒ္ဒန္တခေမိန္ဒ**
ပစ္ဆိမာရုံကျောင်းတိုက်
ပုသိမ်မြို့။

၁၃၇၀-ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၃)ရက် (၁၇-၉-၀၈)

# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| နိဒါန်း | (က) |
| ရုပ်ပွားတော် စေတီတော် ကိုးကွယ်မှု စာအုပ် | ( ခ ) |
| ရဟန်းကောင်းများ၏အသက် | (ဃ) |
| ဦးချိုနှင့်မသက်ဆိုင် | (ဆ) |
| မာတိကာ | (ဈ) - (ပ) |

## အခန်း (၁)
## ကိုးကွယ်ရာရှာဖွေခြင်း


| | |
| --- | --- |
| နတ်၊ လူများ ချမ်းသာစေရန် ဗုဒ္ဓဘုရားရှင် ပွင့်တော်မူလာ | ၁ |
| မြတ်ဗုဒ္ဓ၏ဘဝအမြင် | ၂ |
| ဦးတည်ချက် တစ်မျိုးသာရှိ | ၆ |
| အဆင့်ဆင့်ကျင့်သုံးရမည့် တရားတော်များ | ၁၀ |
| စိတ်ဓာတ်ကို အဆင့်ဆင့် မြှင့်တင်ပေးတော်မူခြင်း | ၁၄ |
| ကိုးကွယ်ရာရှာဖွေခြင်း | ၂၀ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဆင်းရဲမှု မလွတ်မြောက်နိုင်သော ကိုးကွယ်မှု | ၂၂ |
| ကိုးကွယ်သင့်သော ရတနာမြတ် | ၂၃ |
| ဆင်းရဲမှုလွတ်မြောက်နိုင်သော ကိုးကွယ်မှု | ၂၄ |
| အသိဉာဏ်ရရှိရေးအတွက် | ၂၆ |

## အခန်း (၂)
## ရုပ်ပွားတော်၊ စေတီတော်ကိုးကွယ်ရကျိုး

| | |
|---|---|
| စိတ်သာရှေ့သွားခေါင်းဆောင်ဖြစ် | ၃၆ |
| စိတ်၏အားငါးမျိုး | ၄၂ |
| သဒ္ဓါဗလ | ၄၄ |
| ဝီရိယဗလ | ၄၇ |
| သတိဗလ | ၄၉ |
| သမာဓိဗလ | ၅၀ |
| ပညာဗလ | ၅၁ |
| စိတ်၏တောင့်တမှု ပြည့်စုံခြင်း | ၅၉ |
| အကုသိုလ်ကံအကျိုးပေးနေစဉ်ဆုတောင်းမပြည့်နိုင် | ၆၃ |

**အကြောင်းအရာ** **စာမျက်နှာ**

ရုပ်ပွားတော် စေတီတော် ကိုးကွယ်ရကျိုး ၆၆
စေတီလေးမျိုး ၆၇
သာသနာတော် ကွယ်ပျောက်ကြောင်းတရားများ ၇၁

## အခန်း (၃)
## ဘုရားဝေါပကလူကြီးတိုင်း သတိထားစရာ

ကာမကုသိုလ်စိတ်ရှစ်မျိုး ၇၇
ဝေါဟာရ ရှင်းလင်းချက် ၇၉
မောဃပုရိသ ခေါ်တော်မူခြင်း ၈၃
တရားပွဲကျင်းပ၍ အလှူငွေ မရှာသင့် ၈၉
မသန့်ရှင်းသော တရားဟောပြောမှု ၈၉
သန့်ရှင်းစင်ကြယ်သော တရားဟောပြောမှု ၉၀
မူလရည်ရွယ်ချက်အတိုင်း အောင်မြင်နေဖို့လို ၉၂
ဥပါသကာဂုဏ်အင်္ဂါ (၁၀)ပါး ၁၀၇
သံဃာနှင့်ချမ်းသာ၊ ဆင်းရဲ အတူရှိခြင်း ၁၀၉
ရဟန်းတော်များ မပြောကောင်းသော စကားများ ၁၁၁

## ရုပ်ပွားတော်၊ စေတီတော် ကိုးကွယ်မှု

**အကြောင်းအရာ** **စာမျက်နှာ**


| | |
|---|---|
| တရားတော်ကိုအကြီးအမှူးထား၍ဆောင်ရွက်သူဖြစ်ခြင်း | ၁၂၁ |
| စွမ်းအားရှိသလောက် လှူဒါန်းမှု၌ ပျော်မွေ့ခြင်း | ၁၂၆ |
| ဗုဒ္ဓသာသနာတော် တိုးတက်အောင် ဆောင်ရွက်ခြင်း | ၁၂၈ |
| မှန်ကန်သောအမြင်(သမ္မာဒိဋ္ဌိ)ရှိသူဖြစ်ခြင်း | ၁၃၀ |
| ကိုယ်၊နှုတ်နှစ်ပါးလုံးကို လုံခြုံအောင် စောင့်ထိန်းနိုင်ခြင်း | ၁၃၆ |
| ကာယကံသုံးပါး | ၁၃၇ |
| ဝစီကံလေးပါး | ၁၃၇ |
| ဆင်းရဲမွဲပြာနေသူ | ၁၃၈ |
| ဆင်းရဲမွဲပြာနေသူနှင့်တူပုံ | ၁၄၀ |
| အသက်ကို ကာကွယ်လို | ၁၄၆ |
| ဥပါသကာများ မရောင်းဝယ်ကောင်းသော ကုန်ငါးမျိုး | ၁၄၇ |
| ငြိမ်းချမ်းစွာနေထိုင်တက်စေရန် | ၁၄၈ |
| စကားပြောမှုနှင့်စပ်၍ မှုနှစ်ချက် | ၁၅၀ |
| စည်းလုံးညီညွတ်မှု၌ မွေ့လျော်သူဖြစ်ခြင်း | ၁၅၆ |
| စရိုက်(၆)ပါး | ၁၅၇ |
| အပွမညာ(၄၂)ပါး | ၁၆၁ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| မေတ္တာပွားများခြင်း | ၁၆၂ |
| ကရုဏာပွားများခြင်း | ၁၆၄ |
| ဥပေက္ခာပွားများခြင်း | ၁၆၆ |
| နှလုံးမသွင်းဘဲ မေ့ပျောက်ထားခြင်း | ၁၆၆ |
| ကံသာလျှင်ကိုယ်ပိုင်ဥစ္စာရှိခြင်း | ၁၆၇ |
| အရှင်သာရိပုတ္တရာသင်ပေးသော ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ကြောင်း နည်းလမ်းငါးမျိုး | ၁၆၉ |
| သူတစ်ပါးအပေါ်၌ ငြူစူစောင်းမြောင်းစိတ် မထားခြင်း | ၁၇၈ |
| များစွာသော မကောင်းမှုကို ဖြစ်ပွါးစေသူ | ၁၈၁ |
| ခွဲခြားဆက်ဆံသူများသတိထား | ၁၈၂ |
| ဝမ်းမြောက်နိုင်ပါစေ | ၁၈၄ |
| ချီးမွမ်းခံလိုသဖြင့် ဟန်ဆောင်၍ သာသနာရေးကိစ္စကို လုပ်ကိုင်နေသူမဟုတ်ခြင်း | ၁၈၆ |
| ဗုဒ္ဓါဓမ္မါသံဃာကို ကိုးကွယ်ဆည်းကပ်သူဖြစ်ခြင်း | ၁၈၉ |
| လောကီသရဏဂုံ ဆောက်တည်နည်း(၄)မျိုး | ၁၉၁ |

**အကြောင်းအရာ** **စာမျက်နှာ**

သရဏဂုံပျက် မပျက်ပြဿနာ ၁၉၃
တိုက်တွန်းချက် ၁၉၅

**အခန်း (၄)**

**လောကမာန်အောင် ရုပ်ရှင်တော် ဆုတောင်းပြည့်**
**သိုက်ဘုရား သမိုင်း** ၁၉၉
ဘုရားသမိုင်း သုံးသပ်ချက် ၂၀၉
ယုတ်ညံ့သေးသိမ်စေသော စကားရပ် ၂၁၀
အန္တရာယ်ကြီးမားသော စကားရပ် ၂၁၅
ရွှေမုဋ္ဌောစေတီတော်မြတ်၏ဂုဏ်သိက္ခာကို
ညှိုးနွမ်းစေခြင်း

# ရုပ်ပွားတော် စေတီတော် ကိုးကွယ်မှု

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## အခန်း ( ၁ )

## ကိုးကွယ်ရာ ရှာဖွေခြင်း

### နတ်၊ လူများ ချမ်းသာစေရန် ဗုဒ္ဓဘုရားရှင် ပွင့်တော်မူလာ

"ရဟန်းတို့ ကိလေသာရန်သူတို့ကို တော်လှန် သတ်ဖြတ်တော်မူပြီးသော၊ အလုံးစုံသောတရားတော်ကို ကိုယ်တိုင်မှန်ကန်စွာ သိတော်မူပြီးသော၊ တစ်ဆူတည်းသော ပုဂ္ဂိုလ်မြတ်ဘုရားသည် လောက၌ ပွင့်ထွန်းပေါ်ပေါက်လာသော် လူအများ၏အကျိုးစီးပွားဖြစ်ထွန်းခြင်းငှါ လူအများ ချမ်းသာခြင်းငှါ၊ လောကသားအပေါင်းကို သနားစောင့်ရှောက်ခြင်းငှါ၊ နတ်လူတို့ အကျိုးဖြစ်ထွန်းခြင်းငှါ၊ အစီးအပွား ဖြစ်ထွန်းခြင်းငှါ၊ နတ်လူအများချမ်းသာခြင်းငှါ ပွင့်ထွန်းပေါ်ပေါက်တော်မူလာ၏။"*

အထက်ပါ မြတ်ဗုဒ္ဓ၏ စကားတော်ကိုထောက်၍ မြတ်ဗုဒ္ဓသည် လောကသားများ၏ အကျိုးစီးပွားအတွက် လောက

---

* အင်္ဂုတ္တရပါဠိ-ပဌမတွဲ ၂၁။

သားများ ချမ်းသာရေးအတွက် လောက၌ ပွင့်ထွန်းပေါ်ပေါက်တော်မူလာကြောင်းထင်ရှား၏၊ ဤနေရာ၌ လောကသားများ ချမ်းသာရေး ဟူသောစကားရပ်တွင် **ချမ်းသာ** ဟူသည် အဘယ်ချမ်းသာကိုဆိုလိုပါသနည်း၊ ဘဝချမ်းသာကို ဆိုလိုပါသလား၊ လောကုတ္တရာချမ်းသာခေါ်သော နိဗ္ဗာန်ချမ်းသာကို ဆိုလိုပါသလားဟု စူးစမ်းလေ့လာဖို့ လိုအပ်ပါသည်။

## မြတ်ဗုဒ္ဓ၏ဘဝအမြင်

လောကမှာ နိုင်ငံတစ်နိုင်ငံ၌ ခေါင်းဆောင်အသစ်တစ်ဦးတက်လာပါက သူ၏နိုင်ငံရေး မူဝါဒကို ကမ္ဘာကိုထုတ်ပြန်ကြေငြာရပါသည်။ ဘယ်နိုင်ငံရေး စနစ်ကို ကျင့်သုံးမည်၊ နိုင်ငံခြားရေးမူဝါဒ ဘယ်စနစ်ကို ကျင့်သုံးမည်စသည်ဖြင့် ထုတ်ပြန်ကြေငြာရပါသည်။ မြတ်ဗုဒ္ဓသည် မည်သည့်တရားကိုမျှ မဟောမီ ပဉ္စဝဂ္ဂီငါးဦးနှင့် တွေ့တော်မူသောအခါ ဓမ္မစကြာသုတ်နှင့် အနတ္တလက္ခဏာသုတ်တို့ကို စတင် ဟောပြောတော်မူခဲ့ပါသည်။ ယင်းသုတ်တို့၌ ဟောပြောတော်မူသော အခြေခံကို လေ့လာ ကြည့်ပါက လောကအပေါ်၌ သို့မဟုတ် ဘဝအပေါ်၌ မြတ်ဗုဒ္ဓ၏အမြင်ကို ကမ္ဘာသို့ ထုတ်ပြန် ကြေငြာခြင်းကိုသာ တွေ့မြင်ရပါသည်။ မှန်ပါသည်၊ လောကသားများသည် ဘဝကို ချမ်းသာဟု ရှုမြင်ကြပါသည်။ ဘဝကိုချမ်းသာဟု ရှုမြင်သော

ကြောင့် လောကသားများသည် လောကနိဗ္ဗာန် တည်ဆောက်ရန် ကြိုးစားနေကြသည်။ ဘဝကိုမွမ်းမံနေကြသည်ကို တွေ့မြင်နေရပါသည်။

မြတ်ဗုဒ္ဓကမူ **ဇာတိပိ ဒုက္ခာ** - ဘဝတစ်ခု၌ဖြစ်ခြင်း၊ ဘဝတစ်ခုကို ရရှိခြင်းသည် ဆင်းရဲ၌ဖြစ်ခြင်း၊ ဆင်းရဲကို ရရှိခြင်းပင်ဖြစ်သည်ဟု ဘဝအပေါ်၌ မိမိ၏အမြင်ကို ထုတ်ဖော်ကြေငြာတော်မူလိုက်ပါသည်။ လူသားများသည် မိမိခန္ဓာကိုယ်၌ ဖြစ်ပေါ်နေသော နာမ်ရုပ်တရားကို သဘာဝနာမ်၊ ရုပ်တရားအဖြစ် မရှုမြင်နိုင်ဘဲ ငါဟု စွဲလမ်းကြပြန်သည်။ ထို့ပြင် လူသားများသည် အရွယ်ရောက်လာပါက အိမ်ထောင်ပြုကြသည်။ အိမ်ထောင်ပြုပြီး ကျယ်ဝန်းသော ဘမ္ဘာ့မြေပြင်မှာ မြေကွက်လေးတစ်နေရာ ရှာဖွေလျက် အိမ်ဆောက်လုပ်ကာ အတူနေထိုင်ကြသည်။ ငါဟုစွဲလမ်းသောကြောင့် ငါနှင့်အတူနေသူကို ငါ့ဇနီး၊ ငါ့ယောက်ျား၊ ငါ့သား၊ ငါ့သမီး၊ ငါ့မိဘ၊ ငါ့ခြံမြေ၊ ငါ့အိမ်၊ ငါ့ပစ္စည်း၊ ငါ့ရွာ၊ ငါ့လူမျိုး၊ ငါ့နိုင်ငံ စသည်ဖြင့် စွဲလမ်းကြပြန်သည်။ ထိုသို့စွဲလမ်းမှုများသည် လူသားတို့အား ပြိုကွဲပျက်စီးခြင်း အကျိုးမဲ့ကိုသာ ဖြစ်ပေါ်စေနိုင်ပါသည်။

လူသားများသည် ထိုသို့မိမိ၏ စွဲလမ်းမှုကို အမှန်တရားအဖြစ် စွဲမြဲစွာ ဆုပ်ကိုင်ထားကြပါသည်။ ထိုသို့ အမှန်တရားအဖြစ်

ဆုပ်ကိုင်ထားကြသော လောကသားများထဲမှာ ငါမဟုတ်၊ ငါ့ဇနီး၊ ငါ့ယောက်ျား၊ ငါ့သား၊ ငါ့သမီး၊ ငါ့မိဘ၊ ငါ့ခြံမြေ၊ ငါ့အိမ်၊ ငါ့ပစ္စည်း၊ ငါ့ရွာ၊ ငါ့လူမျိုး၊ ငါ့နိုင်ငံမဟုတ်။ တစ်ခုနှင့်တစ်ခု အကြောင်း အကျိုးဆက်သွယ်လျက် ဖြစ်ပေါ်နေကြသော သဘာဝ နာမ်ရုပ် တရားများသာဖြစ်ကြသည်။ လောက၏သယံဇာတ၊ မြေကြီး၏ သယံဇာတဖြစ်သောမည်သူမျှ အမိန့်ပေး၍ မရနိုင်သော သူ့ သဘောကို သူဆောင်လျက် ဖြစ်ပေါ်နေကြသော အနတ္တတရား များသာ ဖြစ်ကြသည်ဟု မြတ်ဗုဒ္ဓက ထုတ်ပြန် ကြေငြာတော်မူ ပါသည်။

လောကသားများသည် ယော်ရွယ်စဉ်၊ ကျန်းမာနေစဉ် ဘဝကို မပျက်စီးဘဲ အမြဲတည်ရှိနေသည်ဟု ယူဆ၍ဘဝကြီးပွား ဖွံ့ဖြိုးအောင် အမြဲ ကြိုးစားနေကြသည်။ မြတ်ဗုဒ္ဓကမူ လူသားနှင့် တကွလောက၏ သယံဇာတ၊ မြေကြီး၏သယံဇာတ တရားအား လုံးမှာ ခိုင်မြဲသောသဘောမရှိ၊ အဟောင်းပျက် အသစ်ဖြစ်လျက် အမြဲပျက်စီးပြောင်းလဲနေသော အနိစ္စတရားများသာဖြစ်သည်ဟု ထုတ်ပြန် ကြေငြာတော်မူပါသည်။

လူသားများသည် ဘဝကိုချမ်းသာအဖြစ် လက်ခံလေ့ ရှိကြသည်။ ငါ့ဇနီး၊ ငါ့ယောက်ျား၊ ငါ့အိမ်၊ ငါ့ပစ္စည်းဟု စွဲလမ်း နေသော လောက၏ သယံဇာတ၊ မြေကြီး၏သယံဇာတပစ္စည်း

အားလုံးသည် လူသားတို့အား ချမ်းသာစေတတ်သော သုခတရား ဖြစ်သည်ဟု ယုံကြည်လက်ခံနေကြသည်။ မြတ်ဗုဒ္ဓကမူ ယင်း လောက၏ သယံဇာတ၊ မြေကြီး၏ သယံဇာတအားလုံးသည် လူသားများကို ဆင်းရဲစေတတ်သော ဒုက္ခတရားသာဖြစ်သည်ဟု ထုတ်ပြန်ကြေငြာတော်မူပါသည်။ မြတ်ဗုဒ္ဓသည် လောကအပေါ်၊ ဘဝအပေါ်၌မိမိ၏အမြင်ကို အောက်ပါအတိုင်း ထုတ်ဖော် ကြေငြာတော်မူခဲ့ပြန်ပါသည်။

" ရဟန်းတို့၊ မစင်သည် အနည်းငယ်ပင်ဖြစ်သော်လည်း မကောင်းသောအနံ့ရှိသကဲ့သို့ ဤအတူ တိုတောင်းလှသော အနည်းငယ်သောဘဝကိုပင် ငါဘုရား ချီးကျူးတော်မမူပေ။ အောက်ထစ်ဆုံးအားဖြင့် လက်ဖျောက်တစ်ချက်တီးချိန်အတွင်း၌ တည်ရှိနေရသော ဘဝကိုပင် ချမ်းသာသည်၊ ပျော်စရာကောင်း သည်ဟု ငါဘုရား ချီးကျူးတော်မမူပေ။"

အထက်ပါ မြတ်ဗုဒ္ဓစကားတော်များကို ကြည့်ပါက မြတ်ဗုဒ္ဓသည် ဘဝကိုဆင်းရဲအဖြစ်သာ ရှုမြင်တော်မူခဲ့ကြောင်း ထင်ရှားပါသည်။ ဘဝကို ဆင်းရဲအဖြစ် ရှုမြင်တော်မူခဲ့သော ကြောင့် **"နတ်၊ လူများ ချမ်းသာရန် ဗုဒ္ဓဘုရားရှင်လောက၌ ပွင့်ထွန်းပေါ်ပေါက်တော်မူလာ၏"**

ဟူသောစကားရပ်၌ ဘဝချမ်းသာကို ဆိုလိုသည်မဟုတ်ကြောင်း

သိသာပါသည်။ လူသားတို့အား ဘဝချမ်းသာကိုပေးရန် ပွင့်ထွန်းပေါ်ပေါက် တော်မူလာခြင်းမဟုတ်ကြောင်း နားလည်ရပါသည်။

## ဦးတည်ချက် တစ်မျိုးသာရှိ

"ရဟန်းတို့ မဟာသမုဒ္ဒရာသည် ငန်သောအရသာ တစ်ခုတည်းသာရှိသကဲ့သို့ ဤအတူငါဘုရား၏သာသနာတော်၌ ကိလေသာ အနှောင်အဖွဲ့မှ လွတ်မြောက်မှု အရသာတစ်မျိုးတည်းသာရှိ၏"။*

မဟာသမုဒ္ဒရာ၌ ရေအများအပြားရှိသော်လည်း ယင်းမဟာသမုဒ္ဒရာရေအားလုံးသည် ဆားငန်ရေ အရသာ တစ်မျိုးတည်းသာ ရှိသကဲ့သို့ ထို့အတူ မြတ်ဗုဒ္ဓသည် လောကသားအများအား ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာဟု သုံးမျိုးခွဲ၍ အကျယ်အားဖြင့် ဟောတော်မူခဲ့ပါသည်။ ထိုသို့ အကျယ်အားဖြင့် မြတ်ဗုဒ္ဓဟောတော်မူခဲ့သော တရားအားလုံးသည် **"ဝိမုတ္တိရသ"** လောကသားများ ကိလေသာအနှောင်အဖွဲ့မှ လွတ်မြောက်ရေးဟူသော တစ်ခုတည်းသောအရသာရှိသည်ဟု တိကျပြတ်သားစွာ မိန့်တော်မူခဲ့ပါသည်။ မြတ်ဗုဒ္ဓသည်လောက၌ ပွင့်ထွန်း ပေါ်ပေါက်တော်မူလာပြီး လောကသားများအား တရားဟောတော်မူရာ၌ လောကသားများ ဘဝလွတ်မြောက်ရေး ဦးတည်ချက်

* စူဠဝဂ္ဂပါဠိ - ၄၂၃

တစ်မျိုးသာရှိသည်ဟု ခိုင်မာစွာ ရပ်တည် မိန့်ကြားတော်မူခဲ့ပါသည်။

သာသနာပြုရာ၌ မြတ်ဗုဒ္ဓ၏ ဤတစ်ခုတည်းသော ဦးတည်ချက်ကို မြတ်ဗုဒ္ဓတရားတော်ကို လေ့လာသူတိုင်း၊ ဗုဒ္ဓဘာသာဝင်တိုင်း ရှင်းလင်းပြတ်သားစွာ နားလည်ထားသင့်ကြပါသည်။ ဤသို့ ကြိုတင်နားလည်မထားပါက ပစ္စည်းပျောက်၊ နွားပျောက်သောအခါ၌ ပစ္စည်းနှင့်နွားကို ပြန်ရရေးအတွက်လည်းကောင်း၊ သားသမီးများ အိမ်ကထွက်ပြေး၍ အိမ်သို့ ပြန်လည်ရောက်လာရေးအတွက်လည်းကောင်း၊ အိမ်ထောင်ကွဲသွား၍ အိမ်မှဆင်းသွားသော ယောကျ်ား သို့မဟုတ် ဇနီး ပြန်ရောက်လာရေးအတွက်လည်းကောင်း စာသင်ချိန်၌ စာကို စိတ်ဝင်စားစွာ မလေ့လာမသင်ကြားဘဲ စာမေးပွဲနီးကပ်လာသောအခါ စာမေးပွဲအောင်မြင်ရေးအတွက်လည်းကောင်း မြတ်ဗုဒ္ဓ၏ ရုပ်ပွားတော်၊ စေတီတော်များရှေ့သို့ သွားရောက်ပြီး ဆုတောင်းနေကြမည်သာဖြစ်ပါသည်။ ချဲဂဏန်းတောင်းခြင်း၊ ချဲထီပေါက်ရန် ဆုတောင်းခြင်း စသည်တို့ကိုလည်း ပြုလုပ်ကြမည်သာဖြစ်ပါသည်။

ဤသို့ဆုတောင်းကြသော်လည်း ၎င်းတို့ ဆုတောင်းကြသည့်အတိုင်း ဖြစ်မလာသောအခါ မြတ်ဗုဒ္ဓအပေါ်၌ ယုံကြည်မှု

ကင်းမဲ့လာပြီး ကာယကံ၊ ဝစီကံ၊ မနောကံသုံးပါးတို့တွင် တစ်ပါးပါးဖြင့် ပြစ်မှားကြမည်မှာ သေချာလှပါသည်။ ဤသို့ ပြုလုပ်ကြခြင်းသည် မြတ်ဗုဒ္ဓ၏ ဦးတည်တော်မူချက်ကို ဆန့်ကျင်ရုံသာမက မိမိတို့ ကာမချမ်းသာ၊ ဘဝချမ်းသာ ခံစားနိုင်ရေးအတွက် မြတ်ဗုဒ္ဓကို အသုံးချခြင်းသာဖြစ်ပါသည်။ လောကသားများသည် မိမိဦးတည်ဟောပြောချက်ကို လက်မခံနိုင်ဘဲ ကာမဂုဏ်ခံစားမှု၌သာ မွေ့လျော် ပျော်ပါးနေကြမည်ဟူ၍ မည်သည့် တရားတော်ကိုမျှ မဟောမီကပင် တရားတော်၏ မြင့်မြတ်ပုံနှင့်သတ္တဝါတို့၏စိတ်ဓာတ် အခြေအနေကို ချိန်ဆတော်မူစဉ်ကပင် အောက်ပါအတိုင်း ကြိုတင်တွေ့မြင်တော်မူခဲ့ပါသည်။

"ငါဘုရားသိအပ်ပြီးသော ဤတရားတော်ကား နက်နဲလှ၏၊ မြင်နိုင်ခဲ၏၊ သိနိုင်ခဲ၏၊ ငြိမ်းအေးလှ၏၊ မွန်မြတ်လှ၏၊ ကြံစည်တွေးခေါ် သူတို့ကျက်စားရာမဟုတ်၊ သိမ်မွေ့လှ၏၊ ပညာရှိများသာသိနိုင်၏၊ ဤသတ္တဝါများကား ကာမဂုဏ်တို့၌ မွေ့လျော်ကုန်၏။ ကာမဂုဏ်တို့၌ ပျော်ပိုက်ကုန်၏၊ ကာမဂုဏ်တို့၌ လွန်စွာနှစ်ခြိုက်ကုန်၏၊ ကာမဂုဏ်တို့၌ မွေ့လျော် ပျော်ပိုက်လွန်စွာနှစ်ခြိုက်ကြသော ဤသတ္တဝါများသည် အကြောင်းအကျိုးဆက်စပ်ဖြစ်ပေါ်စဉ် ဤပဋိစ္စသမုပ္ပါဒ်တရားတော်ကို မြင်နိုင်ခဲ၏။

ပြုပြင်မှုအားလုံး ငြိမ်းရာ၊ ဥပဓိအားလုံးကို စွန့်ရာ၊ အာရုံငါးပါး၌ ဆာလောင်မွတ်သိပ်မှုတဏှာ၏ကုန်ရာ၊ အာရုံငါးပါး၌ တပ်မက်တွယ်တာမှု ရာဂကင်းရာ၊ ချုပ်ငြိမ်းရာဖြစ်သော ဤနိဗ္ဗာန်တရားကို မြင်နိုင်ခဲ၏၊ ငါသည်လည်း တရားကိုဟောပြောအံ့၊ သူတစ်ပါးတို့သည်လည်း ငါဘုရား၏ တရားတော်ကိုမသိနားမလည်နိုင်ကြကုန်ရာ။ ထိုသို့ နားမလည်နိုင်ဘဲ တရားဟောကြားခြင်းသည် ငါဘုရားအား ပင်ပန်းရုံသာဖြစ်ရာ၏၊ ငါဘုရားခန္ဓာကိုယ်ကို ညှဉ်းဆဲခြင်းသာ ဖြစ်ရာ၏"။*

အထက်ပါ မြတ်ဗုဒ္ဓ၏ ကြံစည်သုံးသပ်ပုံကို လေ့လာကြည့်ပါက တရားတော်၏ သိမ်မွေ့နက်နဲပုံ၊ လောကသားများ၏ စိတ်အစဉ်၌ ကာမတဏှာ လွှမ်းမိုးနေပြီး တဏှာကို အဖော်လုပ်လျက် အာရုံငါးပါး၌သာ ပျော်ရွှင်နေကြပုံ၊ တဏှာကို အဖော်လုပ်၍ပျော်ရွှင်နေကြသူများအား တဏှာ၏ချုပ်ငြိမ်းရာ ကိလေသာအနှောင်ဖွဲ့မှ လွတ်မြောက်မှု နိဗ္ဗာန်တရားကို ဦးတည်ချက်ထားပြီး ဟောပြောတော်မူသော်လည်း ယင်းဟောပြောချက်ကို လက်မခံနိုင်ကြပုံတို့ကို မြတ်ဗုဒ္ဓ ကြိုတင်တွေ့မြင်တော်မူခဲ့ကြောင်း သိနိုင်ပါသည်။

---

* ဝိနယမဟာဝဂ္ဂပါဠိ-၅

## အဆင့်ဆင့်ကျင့်သုံးရမည့်တရားတော်များ

မြတ်ဗုဒ္ဓသည် ကိလေသာအနှောင်အဖွဲ့မှ လွတ်မြောက်ရေးဟူသော တစ်ခုတည်းသော ဦးတည်တော်မူချက်ဖြင့် သာသနာတော်ကို တည်ထောင်တော်မူခဲ့သော်လည်း သတ္တဝါများသည် အသိဉာဏ် အနုအရင့် ကွဲပြားနေကြပါသည်။ ယုံကြည်ချက်ချင်းလည်းမတူဘဲ ကွဲပြားနေကြပါသည်။ စရိုက်ဝါသနာချင်းလည်း တူညီမှုမရှိဘဲ ကွဲပြားနေကြပါသည်။ ထိုသို့ကွဲပြားနေသော သတ္တဝါတို့အား တစ်ခုတည်းသော တရားတော်ကိုဟောပြော၍ မဖြစ်နိုင်ပေ။

သတ္တဝါများ၏ အသိဉာဏ်နှင့် လျော်သော စရိုက်ဝါသနာနှင့်လျော်သော တရားတော်မျိုးကိုသာ ဟောပြောရမည်ဖြစ်ပါသည်။ အသိဉာဏ်နှင့်မတန်သော စရိုက်ဝါသနာနှင့် ဆန့်ကျင်သောတရားတော်ကို ဟောပြောပါက သတ္တဝါများ လက်မခံနိုင်ကြပေ။ အသိဉာဏ်နုနယ်သူအား သူ၏အသိဉာဏ်နှင့် တန်ရုံဖြစ်သောတရားတော်ကို စတင်ဟောပြောပြီးနောက်မှ တဖြည်းဖြည်းသာ တရားတော်ကို မြှင့်တင် ဟောပြောရမည် ဖြစ်ပါသည်။

လူ၏စိတ်သည် ကိလေသာအပူဓာတ် လွှမ်းကဲနေသော စိတ်ဖြစ်ပါသည်။ မြတ်ဗုဒ္ဓ၏ တရားတော်သည် အအေးဓာတ်

ဖြစ်ပါသည်။ အပူခံတတ်လွန်ကဲနေသော စိတ်ခံတတ်သည် အအေးခံတတ်သို့ ချက်ချင်းကူးပြောင်းယူ၍ မဖြစ်နိုင်ပေ။ တဖြည်းဖြည်းသာ လေ့ကျင့်ယူပြီး ကူးပြောင်းယူရမည်ဖြစ်ပါသည်။ ထိုသို့တစ်ခုပြီးမှတစ်ခု ကျင့်သုံးယူရမည်ဟူသော အချက်ကို မြတ်ဗုဒ္ဓက အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့ပါသည်။

"ရဟန်းတို့ မဟာသမုဒ္ဒရာသည် အစဉ်အတိုင်း နိမ့်သကဲ့သို့၊ အစဉ်အတိုင်း ကိုင်းသကဲ့သို့၊ အစဉ်အတိုင်း ရှိုင်းသကဲ့သို့ စလျှင်စချင်း မနက်သကဲ့သို့ ဤအတူပင် ဤသာသနာတော်၌ အစဉ်အတိုင်း ကျင့်ရသော ကျင့် ဝတ်သိက္ခာ ရှိ၏၊ အစဉ်အတိုင်း ပြုလုပ်ရသော လုပ်ငန်းရှိ၏၊ အစဉ်အတိုင်းကျင့်ရသောအကျင့်ရှိ၏၊ စလျှင်စချင်း အရဟတ္တဖိုလ်ကို ထိုးထွင်း၍ မသိနိုင်"။*

မဟာသမုဒ္ဒရာရေ လွန်စွာနက်သည်ဆိုသော်လည်း ကမ်းနားမှစ၍ ရေလယ်အထိ တစ်ခါတည်း နက်သွားခြင်း မဟုတ်ပေ။ ကမ်းနားမှစ၍ ရေလယ်အထိ တဖြည်းဖြည်းသာ ပို၍ပို၍ နက်သွားခြင်းဖြစ်ပါသည်။ မြတ်ဗုဒ္ဓဟောပြောတော်မူသော တရားတော်များ၊ ဘဝလွတ်မြောက်ရေးအတွက် ကျင့်သုံးရမည့် ကျင့်စဉ်တရားများသည်လည်း မဟာသမုဒ္ဒရာ၏ အစဉ်အတိုင်းနက်သွားခြင်းမျိုးကဲ့သို့ အစဉ်အတိုင်း နက်နဲသွားပုံကို မဟာသမုဒ္ဒရာ၏ နက်ပုံနှင့် ပုံခိုင်းပြပြီး မြတ်ဗုဒ္ဓ ရှင်းပြတော်မူခဲ့

* စူဠဝဂ္ဂပါဠိ-၄၂၁

ပါသည်။ မြတ်ဗုဒ္ဓတရားတော်၏ နက်နဲပုံကို ဤသို့ရှင်းပြတော်မူခြင်းသည် လွန်စွာယုတ္တိရှိသော ရှင်းပြတော်မူချက်ဖြစ်ပါသည်။

လူတစ်ယောက်အား ဘာသာရပ်တစ်ခုကို သင်ကြားပေးရာ၌ အခြေခံမှစ၍ အချိန်ယူပြီး ဖြည်းဖြည်းချင်းသာ သင်ပေးရပါသည်။ ဘာသာရပ်တစ်ခု၏ နောက်ဆုံးအဆင့်အထိကို တစ်ကြိမ်တည်း သင်ပေး၍ မဖြစ်နိုင်ပေ။ စိတ်ထဲမှာ လောဘ၊ ဒေါသ၊ မောဟစသော ကိလေသာ အပူဓာတ် လွှမ်းမိုးနေသော လူသားအား အဆင့်အမြင့်ဆုံး ကျင့်စဉ်ကို တစ်ကြိမ်တည်း သင်ပေး၍ မဖြစ်နိုင်ပေ။ ကလေးတစ်ယောက်အား လောကီပညာရပ်ကို သင်ပေးတာထက် ကိလေသာအပူဓာတ် လွှမ်းမိုးနေသော လူသားအား ကိလေသာကို ငြိမ်းအေးစေနိုင်သော မြတ်ဗုဒ္ဓတရားတော်ကို သင်ပေးရတာက ပို၍ခက်ခဲလှပါသည်။

လောကီပညာရပ်က အပူဓာတ်ပါဝင်သော ပညာရပ်ဖြစ်၍ သင်ပေးရတာလွယ်ကူသော်လည်း မြတ်ဗုဒ္ဓတရားတော်က အအေးဓာတ် တရားတော်ဖြစ်၍ အပူဓာတ်ဖြင့်ဖွဲ့စည်းထားသော ပုထုဇဉ်လူသားများ၏စိတ်ထဲမှာ တရားတော်ကို လွယ်ကူစွာ လက်မခံနိုင်ပေ။ ထို့ကြောင့် လူ၏အသိဉာဏ်နှင့် သင့်လျော်သော တရားတော်ကို ကျင့်သုံးရန်သင်ပြပေးတော်မူသော မြတ်ဗုဒ္ဓ၏ နည်းစနစ်သည် လက်တွေ့ကျသော သင်ပြမှုဖြစ်၍ လွန်စွာ

ယုတ္တိရှိသော နည်းစနစ်ဖြစ်ပါသည်။ မြတ်ဗုဒ္ဓသည် ကျင့်ဝတ်တရားများအဆင့်ဆင့်နက်နဲပုံကို ဟောပြတော်မူပြီးနောက် လူသားတို့အား တရားဟောတော်မူသောအခါ တစ်ဆင့်ပြီးမှ တစ်ဆင့်ဟောပြောတော်မူပုံကို အောက်ပါအတိုင်း ဖော်ပြထားပါသည်။

"မြတ်စွာဘုရားသည် တစ်ခုသောနေရာ၌ ထိုင်နေသော ယသ အမျိုးကောင်းသားအား အစဉ်အတိုင်းဖြစ်သော တရားတော်ကို ဟောပြတော်မူသည်။ ယင်းတရားစကားတို့ကား အဘယ်နည်းဟူမူ -

၁။ ဒါနနှင့် စပ်သောစကား၊

၂။ သီလနှင့်စပ်သောစကား၊

၃။ နတ်ပြည်နှင့်စပ်သောစကား၊

၄။ ကာမဂုဏ်တို့၏အပြစ်၊

၅။ ကာမဂုဏ်တို့၏ယုတ်ညံ့ပုံ၊

၆။ ကာမဂုဏ်တို့၏ညစ်ပေ ပူလောင်ပုံ၊

၇။ ကာမဂုဏ်မှလွတ်မြောက်ခြင်း၌အကျိုးတရားတို့ပေတည်း။ ယင်းတရားတို့ကိုထင်ရှားစွာ ဟောပြောရှင်းပြတော်မူ၏။*

---

* ဝိနယမဟာဝဂ္ဂပါဠိ-၂၂

မြတ်ဗုဒ္ဓသည် လူသားတစ်ဦးအား တရားတော်ကို ဟောပြတော်မူသောအခါ စွန့်လွှတ်လှူဒါန်းမှုဒါနကို ရှေးဦးစွာ ဟောပြတော်မူပါသည်၊ ထို့နောက် ကိုယ်ကျင့်သီလကို လုံခြုံအောင် စောင့်ထိန်းနိုင်စေရန် သီလအကြောင်းကို ဒုတိယထား၍ ဟောတော်မူပါသည်။

ထို့နောက် နတ်ပြည်အကြောင်းကို တတိယထား၍ ဟောတော် မူပါသည်၊ နတ်ချမ်းသာအကြောင်းကို ဟောပြပြီး နောက် အာရုံငါးပါး ကာမဂုဏ်တရားကို ခံစားခြင်းကြောင့် ရရှိခံစားရသော အပြစ်နှင့် ကာမဂုဏ်၏ယုတ်ညံ့ပုံ၊ ကာမဂုဏ်က ပူလောင်စေပုံတို့ကို ဟောပြောတော်မူပါသည်။

ထို့နောက် ကာမဂုဏ်ကို ပယ်စွန့်ပြီး ရဟန်းပြုခြင်းကြောင့် ရရှိသော အကျိုးတရားတို့ကို ဆက်လက်ဟောပြတော်မူပါသည်။ မြတ်ဗုဒ္ဓ၏ ဟောစဉ်တရားတော်ကို ကြည့်ပါက တစ်ဆင့်ထက်တစ်ဆင့် ခက်ခဲ နက်နဲလာပုံကို တွေ့ရှိရပါသည်။

## စိတ်ဓာတ်ကို အဆင့်ဆင့် မြှင့်တင်ပေးတော်မူခြင်း

ဒါနသည် အလွယ်ကူဆုံးကျင့်ဝတ်ဖြစ်ပါသည်၊ သီလကိုစောင့် ထိန်းခြင်းသည် မိမိစိတ်ဓာတ်ကို လွှတ်မထားဘဲ ထိန်းသိမ်းရခြင်းအလုပ်ဖြစ်၍ စွန့်ကြဲမှု ဒါနထက် လုပ်ရန် ပိုခက်

ပါသည်။ စွန့်ကြဲပေးကမ်းမှုသည် ရိုင်းစိုင်းကြမ်းတမ်းနေသူတို့ကို ယဉ်ကျေးစေနိုင်ပါသည်။ စွန့်ကြဲပေးကမ်းမှုသည် စွန့်ကြဲပေးကမ်းသူ၏ စိတ်ဓာတ်ကို နူးညံ့သိမ်မွေ့စေနိုင်ပါသည်၊ ပစ္စည်းကို လက်ခံရရှိခြင်းကြောင့် အပေးခံရသူ၏ စိတ်ဓာတ်လည်း ဝမ်းမြောက် ဝမ်းသာဖြစ်ပြီး ပို၍နူးညံ့သိမ်မွေ့လာပါသည်။

အလှူပစ္စည်းကိုလက်ခံရရှိသောသူသည် မိမိအား ပေးလှူသူအပေါ်၌ စိတ်ညွတ်လာပြီး ပို၍ ချစ်ခင်လေးစားလာပါသည်။ ထို့ကြောင့် ဒါနသည်လူ့အဖွဲ့အစည်းကို စည်းလုံးညီညွတ်စေပါသည်၊ တိုးတက်ဖွံ့ဖြိုးစေပါသည်၊ ထိုသို့ပြုလုပ်ရန် လွယ်ကူခြင်း၊ သူတစ်ပါး၏ဆင်းရဲကို ဖယ်ရှားပေးခြင်း၊ လူသားတို့ကို စည်းလုံးညီညွတ်စေခြင်း၊ ဖွံ့ဖြိုးတိုးတက်စေခြင်း စသောအကြောင်းများကြောင့် ဒါနနှင့်စပ်သော စကားကို ရှေးဦးစွာ ဟောပြောတော်မူခြင်း ဖြစ်ပါသည်။

ဘာသာဝင်အရေအတွက်တိုးပွားအောင် ပစ္စည်းပေး၍ စည်းရုံးနေသော ဘာသာခြားတို့၏ သာသနာပြုလုပ်ငန်း အောင်မြင်နေပုံကို ကြည့်ခြင်းအားဖြင့် လူ့အဖွဲ့အစည်းမှာ ဒါနအရေးပါပုံကို သဘောပေါက်နိုင်ပါသည်။ စည်းရုံးခံရသူသည် မိမိ၏ မူလနေထိုင်ရာဗုဒ္ဓဘာသာအများစုကို စွန့်ခွာပြီး ယဉ်ကျေးမှုနှင့် လူနေမှုစနစ်မတူသော လူ့အသိုင်းအဝိုင်းထဲသို့ လုံးဝ ဝင်ရောက်

သွားခြင်းသည် လူ့အဖွဲ့အစည်းအတွက် ဒါနအရေးပါပုံကို သက်သေထူပြနေခြင်းဖြစ်ပါသည်။

ဒါနသည် လူ့ဘဝကို တိုးတက်ဖွံ့ဖြိုးစေသော်လည်း ငါးပါးသီလကို မစောင့်ထိန်းပါက သက်ဆိုင်ရာ အာဏာပိုင်များ၏ ဖမ်းဆီးချုပ်နှောင်မှုကို ခံရခြင်း၊ ထောင်ဒဏ်၊ သေဒဏ် အပြစ်ပေးခံရခြင်း၊ လူ့ပတ်ဝန်းကျင်နှင့် ကင်းကွာသွားခြင်း၊ သေလွန်သွားပြီးနောက် လူ့ဘဝပျက်ကျပြီး အပါယ်ဘုံ၌ ဖြစ်ရခြင်း စသော အကြောင်းများကြောင့် လူ့ဘဝ ပျက်မကျရအောင် သီလကိုလုံခြုံအောင် စောင့်ထိန်းနိုင်စေရန် ဒုတိယဦးစားပေး၍ သီလအကြောင်းကို ဟောပြောတော်မူပါသည်။ သီလကို စောင့်ထိန်းရသောအလုပ်သည် လူတိုင်းမလုပ်နိုင်အောင် ခက်ခဲသော အလုပ်ဖြစ်ကြောင်း မျက်မှောက်ခေတ် ကမ္ဘာ့လူသားများကို ကြည့်ခြင်းဖြင့် သဘောပေါက်နိုင်ပါသည်။

အာရုံငါးပါး ကာမဂုဏ်တရားကို ခံစားရာ၌ နတ်ကာမဂုဏ်ကို ခံစားမှုသည် အကောင်းဆုံး အဆင့်အမြင့်ဆုံးသော ခံစားမှုဖြစ်ပါသည်။ တစ်နည်းပြောရပါလျှင် နတ်ချမ်းသာသည် လူ့ချမ်းသာထက် နှိုင်းယှဉ်၍ မရနိုင်လောက်အောင် ကြီးကျယ်မြင့်မြတ်ပါသည်။ ဒါနကုသိုလ်၊ သီလကုသိုလ်တို့ကို ပြုလုပ်ထားသူသည် နတ်ပြည်သို့ရောက်ရှိပြီး နတ်ချမ်းသာကို

ခံစားရမည်ဟု သိရှိနားလည်စေလို၍ သီလအကြောင်းကို ဟောပြတော်မူပြီးနောက် နတ်ပြည်အကြောင်းကို ဟောပြတော်မူခြင်းဖြစ်ပါသည်။

နတ်ချမ်းသာအကြောင်းကို ဟောပြတော်မူခြင်းသည် နတ်ကာမဂုဏ်ကို ခံစားစေလို၍ ဟောပြောခြင်း မဟုတ်ပေ။ လောကသားကို လောကီအာရုံနှင့် စည်းရုံးလျှင် စည်းရုံးရလွယ်ကူသောကြောင့် ဒါနကုသိုလ်၊ သီလကုသိုလ်ကို ပြုလုပ်လာစေရန် နတ်ချမ်းသာကိုပြ၍ စည်းရုံးတော်မူခြင်းသာ ဖြစ်ပါသည်။

ညီတော်နန္ဒမင်းသားကိုပင် နတ်သမီးကိုပြ၍ နတ်သမီးကို လိုချင်လျှင် ရဟန်းအကျင့်ကို ကောင်းစွာကျင့်သုံးရမည်ဟု စည်းရုံး ဟောပြောတော်မူခဲ့ပါသည်။ ဇနပဒကလျာဏီအပေါ်၌ စွဲလန်းနေသဖြင့် ရဟန်းအကျင့်ကို မကျင့်နိုင်ခြင်းကြောင့် ဇနပဒကလျာဏီအပေါ်၌ စွဲလန်းနေသောစိတ်ကို ငြိမ်းအေးသွားစေရန် နတ်သမီးအာရုံသို့ ပြောင်းယူခြင်းသာ ဖြစ်ပါသည်။

အရှင်နန္ဒသည် နတ်သမီးကို လိုချင်၍ ရဟန်းတရားကို အားထုတ်လာသော်လည်း ထိုသို့ အားထုတ်နေစဉ် ကာမဂုဏ်၏ ယုတ်ညံ့ပုံ၊ ကာမဂုဏ်ကြောင့် ဆင်းရဲဒုက္ခရောက်ရပုံ စသည်တို့ကို ရှင်းပြတော်မူသောကြောင့် ကာမဂုဏ်၏ အားနည်းချက် အပြစ်အနာအဆာများကို သိမြင်လာပြီး အရှင်နန္ဒသည် ရဟန္တာဖြစ်

သွားရပါသည်။ မြတ်ဗုဒ္ဓ၏ သာသနာပြုနည်းစနစ်သည် လွန်စွာ အံ့ဩလောက်ပါသည်။

နတ်ချမ်းသာအကြောင်းကို ဟောပြတော်မူသော်လည်း နတ်ကာမဂုဏ်၌ ဘဝမနစ်မြုပ်စေလိုသဖြင့် ကာမဂုဏ်ချမ်းသာကို စွန့်လွှတ်လာစေရန် မြတ်ဗုဒ္ဓသည် နတ်ချမ်းသာကို ဟောပြတော်မူပြီးနောက် ကာမဂုဏ်၏ ယုတ်ညံ့အောက်တန်းကျပုံကို ဆက်လက်ဟောပြတော်မူပါသည်။ ဤသို့ဖြင့် သတ္တဝါတို့၏ ယုတ်ညံ့အောက်တန်းကျသော စိတ်ဓာတ်ကို သန့်ရှင်းဖြူစင်စေပြီး တဖြည်းဖြည်း မြှင့်တင်ပေးတော်မူပါသည်။

ဘဝလွတ်မြောက်ရေး ဦးတည်ချက် တစ်ခုတည်းဖြင့် သတ္တဝါတို့အား တရားတော်ကို ဟောပြောတော်မူသော်လည်း သတ္တဝါတို့၏အသိဉာဏ် အနုအရင့် ကွဲပြားနေခြင်းကြောင့် သတ္တဝါတို့၏ အသိဉာဏ်အားလျော်စွာ တရားတော်ကို နည်းလမ်းအမျိုးမျိုးဖြင့် ဟောပြောတော်မူရပါသည်။

ထို့ပြင်သတ္တဝါတိုင်း တစ်ဘဝတည်းဖြင့် ကိလေသာအနှောင်အဖွဲ့မှ လွတ်မြောက်ရာ အရဟတ္တဖိုလ်နိဗ္ဗာန်ကို မျက်မှောက် မပြုနိုင်ကြပေ။ နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်ဘဲ သံသရာ၌ ဆက်လက်ကျင်လည်နေကြစဉ် မြင့်မြတ်သောဘဝ၌ အထက်တန်းကျကျ ပြည့်ပြည့်စုံစုံဖြင့် ကျင်လည်နိုင်ရေးအတွက် ဒါန၊

သီလစသော ကုသိုလ်တရားတို့ကို ကျင့်သုံးစေရန် ဟောတော်မူခဲ့ပါသည်။ သို့သော် မည်သည့်တရားကို ဟောသည်ဖြစ်စေ ဘဝချမ်းသာကိုခံစားရန် ဟောခြင်းမဟုတ်ကြောင်း နားလည်ဖို့ လိုပါသည်။

အရဟတ္တဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးအတွက်သာ ဦးတည်ကြောင်း သဘောပေါက်ဖို့လိုပါမည်။ မင်္ဂလသုတ်ကို လေ့လာကြည့်ရုံဖြင့်ပင် ဤအယူအဆကို သဘောပေါက်နိုင်ပါသည်။ လူမိုက်ကိုမပေါင်းရ၊ ပညာရှိသူတော်ကောင်းကိုသာ ပေါင်းရမည်၊ မိမိကိုမှီခိုနေသော ဇနီးနှင့်သားသမီးတို့အား ပြုစုလုပ်ကျွေးခြင်းဖြင့် ချီးမြှောက်ရမည်။ ထိုသို့ပြုလုပ်ခြင်းသည် ကြီးပွားချမ်းသာကြောင်း မင်္ဂလာဖြစ်သည်ဟု ဟောပြောတော်မူပါသည်။

"ဒါယကာနတ်သား၊ မြိုးမြိုးခြံစွာကျင့်ရခြင်း၊ ကာမဂုဏ်ကို ရှောင်ကြဉ်၍ မြင့်မြတ်သောအကျင့်ကို ကျင့်ရခြင်းသည် မင်္ဂလာတရားမည်၏။" "ဒါယကာနတ်သား၊ လောကဓံတရားရှစ်ပါးတို့နှင့် တွေ့ထိရသူ၏စိတ်သည် တုန်လှုပ်မှုမရှိ၊ စိုးရိမ်ပူဆွေးခြင်းသောကလည်းမရှိ၊ ကိလေသာမြူလည်းမရှိ၊ ဘေးရန်လည်း မရှိ၊ ဤလေးပါးသောတရားတော်သည် မြင့်မြတ်သော မင်္ဂလာတရားတော် မည်၏"။*

---

* ခုဒ္ဒကပါဠိ-၄

အထက်ပါစကားရပ်များကို ထောက်၍ မြတ်ဗုဒ္ဓသည် မင်္ဂလာတရားတော်ကိုကျင့်သုံးရာ၌ အရဟတ္တဖိုလ်၊ နိဗ္ဗာန်ကို အထိ ဦးတည်ထားတော်မူသည်ကိုတွေ့ရှိရပါသည်။ ဇနီးနှင့်သား သမီးကို ရှာဖွေကျွေးမွေးခြင်းသည် လောကီကိစ္စဖြစ်ပါသည်။ သို့သော် ဗုဒ္ဓဘာသာဝင်တစ်ဦး၏ ဆောင်ရွက်ချက်မှန်သမျှ သည် နိဗ္ဗာန်ကို ဦးတည်ထားရမည်ဖြစ်ပါသည်။ နိဗ္ဗာန်လမ်း ကြောင်းနှင့် မဆန့်ကျင်ရပေ။

ဂင်္ဂါ၊ ယမုနာ၊ အစိရဝတီ၊ သရဘူ၊ မဟီ မြစ်ကြီး ငါးသွယ်မှ ရေအားလုံးသည် သမုဒ္ဒရာသို့ညွတ်ကိုင်းနေသည်။ မြစ်ကြီးငါးသွယ်မှ ရေအားလုံးသည် သမုဒ္ဒရာသို့ စီးဆင်းသည်။ ထို့အတူ မှန်ကန်သော သမ္မာဒိဋ္ဌိအမြင်ကို အခြေခံ၍ ပြုလုပ် ပွားများကြသော ဗုဒ္ဓဘာသာဝင်တို့၏ ကြိုးစားမှုများသည် နိဗ္ဗာန်သို့ ညွတ်ကိုင်းနေရ၏ဟု မြတ်ဗုဒ္ဓ မိန့်ကြားတော်မူ ပါသည်။*

## ကိုးကွယ်ရာရှာဖွေခြင်း

ကမ္ဘာဦးကပင် လူသားများ ပေါ်ပေါက်လာချိန်မှစ၍ လူသားများ ကိုးကွယ်အားထားရာကို ရှာဖွေလာခဲ့ကြပါသည်။ လူသားများ အဘယ်ကြောင့် ကိုးကွယ်ရာကို ရှာဖွေကြပါသလဲ

* သံယုတ္တပါဠိ တတိယတွဲ- ၃၁

ဟု လေ့လာကြည့်သောအခါ လူ့ဘဝ၏ အားနည်းချက်များနှင့် လူ၏ ကြောက်စိတ်တို့ကို တွေ့မြင်ကြရမည်ဖြစ်ပါသည်။လူသား တိုင်းသည် ချမ်းသာကိုသာ လိုလားကြပါသည်။ ချမ်းသာကို လိုလားကြသော်လည်း အမှန်တကယ် နေ့စဉ် ခံစားနေရတာက ဆင်းရဲတရား ဖြစ်ပါသည်။

မိသားစု ချစ်ခင်ပျော်ရွှင်စွာ နေထိုင်စဉ်မှာ စီးပွားဥစ္စာ ပျက်စီးရခြင်း၊ ဇနီး သို့မဟုတ် သားသမီးများ အနာရောဂါ ဖြစ်လာခြင်း၊ သေကျေ ပျက်စီးခြင်း၊ မင်းဘေးမင်းဒဏ် သင့် ရောက်ရခြင်းစသော လူမှုရေးဒုက္ခများနှင့်သာ လုံးထွေးနေရပါ သည်။ ဆင်းရဲနှင့် အမြဲတွေ့ကြုံခံစားနေရသောအခါ ယင်း ဆင်းရဲကို ကြောက်လန့်လာသောကြောင့် ဆင်းရဲကို ကျော်လွှား နိုင်ရေးအတွက် ကိုးကွယ်ရာကို ရှာဖွေလာကြခြင်း ဖြစ်ပါသည်။ ဆင်းရဲကို အမြဲရင်ဆိုင်ခံစားနေရခြင်းသည် ဘဝကိုဆင်းရဲ အဖြစ် ရှုမြင်တော်မူသော မြတ်ဗုဒ္ဓ၏ဘဝအမြင်ကို မှန်ကန် သောအမြင်အဖြစ် သက်သေထူပြနေခြင်း ဖြစ်ပါသည်။

ဘေးအန္တရာယ်ကို ကြောက်လန့်၍ ကိုးကွယ်ရာကို ရှာဖွေသောအခါ လူသားသည် မသိမှု အဝိဇ္ဇာ အမှောင်ထုထဲက သတ္တဝါဖြစ်၍ ကိုးကွယ်ရာအစစ်အမှန်ကို မရွေးချယ်နိုင်ပေ။ တောတောင်၊ အာရာမ်၊ ဥယျာဉ်၊ အဓိကရ သစ်ပင်ကြီးတို့ကိုသာ

၂၄၀၉၁

ကိုးကွယ်ခဲ့ကြပါသည်။ နောက်ပိုင်းမှာ နတ်၊ ဝိဇ္ဇာ၊ ဖန်ဆင်းရှင်တို့ကို ကိုးကွယ်လာကြပါသည်။ မြတ်ဗုဒ္ဓ ပွင့်ထွန်းတော်မူလာသောအခါ လူတို့ကိုးကွယ်မှုနှင့်ပတ်သက်၍ မြတ်ဗုဒ္ဓက အောက်ပါအတိုင်း းမိန့်ကြားတော်မူခဲ့ပါသည်။

"ရဟန်းတို့ လူတို့သည် ဘေးရန်မှကြောက်လန့်သည့်အတွက် များပြားလှသော တောတောင်၊ ပူဇော်ရန် သတ်မှတ်ထားသော အာရာမ်ဥယျာဉ်၊ အဓိကရသစ်ပင်ကြီးတို့ကို ဘေးရန် ကင်းရှင်းရေးအတွက် ကိုးကွယ်နေကြ၏။*

## ဆင်းရဲမှ မလွတ်မြောက်နိုင်သော ကိုးကွယ်မှု

လူသားများသည် ဘေးရန်ကင်းရှင်းရေးအတွက် ရည်ရွယ်၍ သစ်ပင်၊ တောတောင် စသည်တို့ကို ကိုးကွယ်ခဲ့ကြသော်လည်း အဆိုပါကိုးကွယ်မှုအားလုံးသည် လူသားတိုင်း အမှန်တကယ် နေ့စဉ်ခံစားနေရသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဒုက္ခများနှင့် မီးဘေး၊ ရေဘေး၊ မြေငလျင်ဒဏ်ဘေး၊ အိုဘေး၊ နာဘေး၊ သေဘေးစသော သဘာဝ ဘေးအန္တရာယ်များမှ မလွတ်မြောက်စေနိုင်ပေ။ မလွတ်မြောက်စေနိုင်သော်လည်း ထိုသို့ မလွတ်မြောက်စေနိုင်ပုံကို လူသားများ သဘောမပေါက်နိုင်သေးသမျှကာလပတ်လုံး လူမှုရေးဆင်းရဲပေါင်း များစွာနှင့် လုံးထွေးနေရမည်သာဖြစ်ပါသည်။

---

* ဓမ္မပဒပါဠိ-၄၁

လူသားများသည် ဘဝကို ချမ်းသာဟု ယူဆပြီး ဘဝကို မွမ်းမံဖို့ ကြိုးစားနေကြသမျှကာလပတ်လုံး ဆင်းရဲနှင့် လုံးထွေးနေရမည်သာ ဖြစ်ပါသည်။ မြတ်ဗုဒ္ဓသင်ပြတော်မူသည့်အတိုင်း ဘဝကိုဆင်းရဲအဖြစ် ရှုမြင်နိုင်သောအခါမှသာ ချမ်းသာစစ်ချမ်းသာအမှန်နှင့် နီးစပ်လာမှာဖြစ်ပါသည်။ ထိုသို့ ဘဝကိုဆင်းရဲအဖြစ် ရှုမြင်လာသောအခါ ကိုးကွယ်မှုအမှားများကို စွန့်လွှတ်နိုင်ကြမည် ဖြစ်ပါသည်။ မြတ်ဗုဒ္ဓ ပွင့်တော်မူလာသောအခါ လူသားတို့၏ မူလကိုးကွယ်မှုအပေါ်မှာ မြတ်ဗုဒ္ဓက အောက်ပါအတိုင်း သုံးသပ်ပြတော်မူခဲ့ပါသည်။

"ရဟန်းတို့၊ ဤတောတောင်၊ သစ်ပင်စသည်တို့ကို ကိုးကွယ်ခြင်းသည် ဘေးအန္တရာယ်ကင်းစေနိုင်သော ကိုးကွယ်မှုမျိုး မဟုတ်။ မြင့်မြတ်သော ကိုးကွယ်ရာမျိုးလည်း မဟုတ်။ ဤတောတောင် သစ်ပင် စသည်တို့ကို ကိုးကွယ်သည့်အတွက် မည်သူ တစ်ဦးတစ်ယောက်မျှ ပဋိသန္ဓေနေခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်း စသောဆင်းရဲ အကုန်လုံးမှ မလွတ်မြောက်နိုင်"။*

## ကိုးကွယ်သင့်သော ရတနာမြတ်

မြတ်ဗုဒ္ဓသည် မကိုးကွယ်သင့်သော အရာကို ညွှန်ပြတော်မူပြီးနောက် ကိုးကွယ်သင့်သောရတနာမြတ်သုံးပါးကိုလည်း

---
* ဓမ္မပဒပါဠိ-၄၁

ဆက်လက် ညွှန်ပြတော်မူပါသည်။ ကိုးကွယ်သင့်သောရတနာ မြတ်သုံးပါးမှာ ဗုဒ္ဓ၊ ဓမ္မ၊ သံဃာတို့ပင် ဖြစ်ကြပါသည်။ ထိုသို့ ဗုဒ္ဓ၊ ဓမ္မ၊ သံဃာတို့အပေါ်၌ စိတ်ထဲက အမှန်တကယ် ယုံကြည်လေးစားမှုရှိပါက ယင်းယုံကြည်လေးစားမှုကို ခိုင်မာအောင် ပြုလုပ်သည့်အနေဖြင့် အောက်ပါအတိုင်း နှုတ်ဖြင့် ဆောက်တည်ရန် သင်ပြပေးတော်မူခဲ့ပါသည်။

**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ** = ဘုရားမြတ်ကို ယုံကြည် လေးမြတ်ကိုးကွယ် ဆည်းကပ်ပါ၏။

**ဓမ္မံ သရဏံ ဂစ္ဆာမိ** = တရားမြတ်ကို ယုံကြည် လေးမြတ်ကိုးကွယ် ဆည်းကပ်ပါ၏။

**သံဃံ သရဏံ ဂစ္ဆာမိ** = သံဃာမြတ်ကို ယုံကြည် လေးမြတ်ကိုးကွယ် ဆည်းကပ်ပါ၏။

## ဆင်းရဲမှ လွတ်မြောက်နိုင်သော ကိုးကွယ်မှု

အမှန်တကယ်ယုံကြည်လေးစားမှုရှိပြီး ထိုသို့ နှုတ်ဖြင့် ဆောက်တည်ပြီးနောက် မြတ်ဗုဒ္ဓ သင်ပြတော်မူသော ကျင့်စဉ်များကို လိုက်နာကျင့်သုံးပါက မိမိ၏ စိတ်အစဉ်မှာ မှန်ကန်သော အသိဉာဏ်များ ဖြစ်ပေါ်လာမည်သာ ဖြစ်ပါသည်။ ထိုမှန်သော အသိဉာဏ်ဖြင့် မူလကသိနေသော အသိများတို့ကို ထိုး

ဖောက်၍ အမှန်တရားကို မုချတွေ့မြင်လာမည်ဖြစ်ပါသည်။ အမှန်တရားကိုတွေ့ရှိပြီး အမှန်တရားကို ကျင့်သုံးနေလျှင် မိမိလိုလားသောချမ်းသာကို အမှန်ပင်ခံစားရမည် ဖြစ်ပါသည်။ ဘုရား၊ တရား၊ သံဃာ၊ ရတနာမြတ်သုံးပါးကို ကိုးကွယ် ဆည်းကပ်ပါက မှန်ကန်သော အသိဉာဏ်များ ဖြစ်ပေါ်လာပြီး ယင်းမှန်ကန်သော အသိအမြင်များဖြင့် အမှန်တရားတို့ကို တွေ့ရှိမည့်အကြောင်းကို မြတ်ဗုဒ္ဓက အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့ပါသည်။

"ရဟန်းတို့၊ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို ယုံကြည်လေးမြတ် ကိုးကွယ်ဆည်းကပ်သူသည် မှန်ကန်သော အသိဉာဏ်ဖြင့် အရိယာတို့သာ သိအပ်သိနိုင်သော အမှန်တရားလေးပါး သစ္စာတရားတို့ကို သိမြင်နိုင်၏။ ယင်း အမှန်တရားလေးပါးဟူသည်မှာ -

(၁) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊
(၂) ဆင်းရဲ၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊
(၃) ဆင်းရဲချုပ်ငြိမ်းရာအမှန်ဖြစ်သော နိရောဓသစ္စာ၊
(၄) ဆင်းရဲချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအမှန်ဖြစ်သော ဖြူဖွေးသန့်စင်၍ အင်္ဂါရှစ်ပါးရှိသော မဂ္ဂသစ္စာတို့ပင်ဖြစ်၏။

ရဟန်းတို့၊ ထို့ကြောင့် ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို ကိုးကွယ်မှုသည်သာ ဘေးရန်ကင်းရှင်းစေနိုင်သော ကိုးကွယ်မှုမျိုးဖြစ်၏။ မြင့်မြတ် အထက်တန်းကျသော ကိုးကွယ်မှုမျိုးဖြစ်၏။ ဤဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို ကိုးကွယ်သည့်အတွက် ကိုးကွယ်သူသည် ဆင်းရဲအားလုံးမှ လွတ်မြောက်ရ၏။"*

## အသိဉာဏ်ရရှိရေးအတွက်

ဘုရား၊ တရား၊ သံဃာ ကိုးကွယ်ခြင်းကြောင့် ကိုးကွယ်သူမှာ ဆင်းရဲအားလုံးမှ လွတ်မြောက်ရခြင်းသည် လူသားအပေါ်ကျရောက်လာမည့်ဆင်းရဲအားလုံးကို မြတ်ဗုဒ္ဓတန်ခိုးတော်ဖြင့်ဖယ်ရှားပစ်ခြင်း မဟုတ်ပေ။ ယင်းမှန်ကန်သော အသိဉာဏ်ဖြင့် ရှောင်ကြဉ်ရမည့်အရာကို ရှောင်ကြဉ်လျက် ပြုလုပ်သင့်သော အလုပ်ကိုပြုလုပ်ခြင်းကြောင့် ဆင်းရဲအားလုံးမှ လွတ်မြောက်လျက် ချမ်းသာကို ခံစားရခြင်းသာဖြစ်ပါသည်။

လူ၏ဆင်းရဲမှု ချမ်းသာမှုသည် လူ၏ အသိဉာဏ်နှင့်သာ ဆက်စပ်ပါသည်။ လူမှာ မလုပ်သင့်သောအလုပ်နှင့် လုပ်သင့်သောအလုပ်ကို ခွဲခြားသိမြင်နိုင်သော အသိဉာဏ်ရှိဖို့ လိုပါသည်။ ထိုအသိဉာဏ်မျိုးရှိပါလျှင် မလုပ်သင့်သောအလုပ်ကို

---
* ဓမ္မပဒပါဠိ-၄၂

ရှောင်ကြဉ်ပြီး လုပ်သင့်သောအလုပ်ကို ကြိုးစားလုပ်ပါက မိမိ အလုပ်နှင့်ထိုက်တန်သော အကျိုးတရားကို မုချ ခံစားရမည်သာ ဖြစ်ပါသည်။

လူမှာ စိတ်ဓာတ်သည် အခြေခံအကျဆုံး ဖြစ်ပါသည်။ စိတ်မှာအသိမှားပြီး အမှားကိုပြောဆိုပြုလုပ်ပါက ယင်းအပြော မှား အလုပ်မှား၏ မကောင်းကျိုးကို မိမိသာခံစားရမည် ဖြစ်ပါ သည်။ စိတ်မှာ အသိမှန်ပြီး အလုပ်မှန်ကို ပြောဆိုပြုလုပ်ပါက အပြောမှန် အလုပ်မှန်၏ ကောင်းကျိုးတရားကို မိမိသာ ခံစား ရမည်ဖြစ်ပါသည်။ မိမိပြုလုပ်သောအလုပ်၏ ကောင်းကျိုး မကောင်းကျိုးကိုမခံစားရအောင် မည်သူမျှ ဖယ်ရှားမပေးနိုင်ပါ။ ထိုအကြောင်းကို မြတ်ဗုဒ္ဓက အောက်ပါအတိုင်း မိန့်ကြားတော် မူခဲ့ပါသည်။

"ရဟန်းတို့၊ မိမိက မကောင်းမှုကို ပြုလုပ်ပါက မိမိပင် ညစ်နွမ်းပူပန်ရ၏။ မိမိက မကောင်းမှုကို မပြုလုပ်ပါက မိမိပင် သန့်ရှင်းစင်ကြယ်ရ၏။ စင်ကြယ်သော ကောင်းသောအလုပ်နှင့် မစင်ကြယ်သော မကောင်းမှုအလုပ်တို့သည် ပြုလုပ်သူ အသီး အသီး၌သာ အကျိုးပေးတတ်၏။ အခြားသူတစ်ဦးက အခြားသူ တစ်ဦးကို ကုသိုလ်ကောင်းမှုကို ကိုယ်စားပြုလုပ်ပေးလျက် သုတ်သင်ရှင်းလင်း မပေးနိုင်ရာ"။*

* ဓမ္မပဒပါဠိ-၃၈

အထက်ပါ မြတ်ဗုဒ္ဓ၏စကားတော်အရ ကောင်းမှု၊ မကောင်းမှု များသည် ယင်းကောင်းမှု မကောင်းမှုကို ပြုလုပ်သူ သန္တာန်၌သာ ကောင်းကျိုး၊ မကောင်းကျိုးကို ဖြစ်ပေါ်စေနိုင်၏ဟု သိသာပါသည်။ ထို့ကြောင့် လူသားများသည် ရှေးဦးစွာ ကောင်းမှု၊ မကောင်းမှုကို ခွဲခြားသိမြင်တတ်သော အသိဉာဏ်ရှိဖို့ လိုအပ်ပါသည်။ ယင်းအသိဉာဏ်ကို အဘယ်မှာ ရှာဖွေရပါမည်နည်း။ မြတ်ဗုဒ္ဓထံတော်၌သာ ရှာဖွေရပါမည်။ မှန်လှ၏၊ လောက၌ ကုသိုလ်အကုသိုလ်တရား၊ ဆင်းရဲပျက်စီးကြောင်းတရား၊ ကြီးပွားချမ်းသာကြောင်းတရား၊ အပါယ်သွားကြောင်းလမ်း၊ လူ့ပြည်၊ နတ်ပြည်သွားကြောင်းလမ်း၊ နိဗ္ဗာန်သွားကြောင်းလမ်း စသည်တို့ကို ခွဲခြားသိမြင်သူသည် မြတ်ဗုဒ္ဓတစ်ဆူသာ ရှိပါသည်။

ထို့ကြောင့် 'မှန်ကန်သော အသိဉာဏ်ကို ပေးနိုင်သူသည် မြတ်ဗုဒ္ဓသာရှိပါသည်။ ယင်းအသိဉာဏ်ကို ရရှိရေးအတွက် လူသားများသည် မြတ်ဗုဒ္ဓထံသို့ ချဉ်းကပ်ရမည်။ ကိုးကွယ် ဆည်းကပ်ရမည်။ မြတ်ဗုဒ္ဓသည် လူ, နတ်, ဗြဟ္မာသတ္တဝါတို့အား မှန်ကန်သော အသိဉာဏ်ကို ပေးစွမ်းနိုင်သောကြောင့် လူနတ်ဗြဟ္မာသတ္တဝါတို့၏ ကိုးကွယ်ရာ ဖြစ်လာပါသည်။

လူ နတ် ဗြဟ္မာသတ္တဝါတို့သည် မြတ်ဗုဒ္ဓ သင်ပေးတော်မူသော အသိဉာဏ်ဖြင့် ရှောင်ကြဉ်သင့်သောအရာကို ရှောင်ကြဉ်လျက် ပြုလုပ်သင့်သော အလုပ်များကို ပြုလုပ်ခြင်းကြောင့် ဆင်းရဲအမျိုးမျိုးမှ လွတ်မြောက်ကြရပါသည်။ လောကီချမ်းသာ၊ လောကုတ္တရာချမ်းသာ အမျိုးမျိုးကိုလည်း ခံစားကြရပါသည်။

မိမိအပေါ်၌ ကျေးဇူးကြီးမားလှသဖြင့် ထိုကျေးဇူးတရားကို တန်ဖိုးထားကြပြီး ကျေးဇူးဆပ်သည့် အနေဖြင့် ဘုရား၊ တရား၊ သံဃာတော်များကို ကိုးကွယ်ကြခြင်းဖြစ်ပါသည်။ မြတ်ဗုဒ္ဓ သင်ပေးတော်မူသော အသိဉာဏ်မျိုးကို အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ မပေးနိုင်ခြင်းကြောင့် မြတ်ဗုဒ္ဓအပေါ်၌ ယုံကြည်လေးစားမှုမျိုးကို အခြားမည်သည့် ပုဂ္ဂိုလ်၌မျှ မထားနိုင်ကြတော့ပါ။

ရှင်ဘဒ္ဒိယနှင့် ရှင်ဒေဝဒတ်သည် သာကီဝင်မင်းမျိုးမှ သာသနာတော်သို့ ဝင်ရောက်ပြီး အတူရဟန်းပြုခဲ့ကြပါသည်။ ရှင်ဘဒ္ဒိယသည် မြတ်ဗုဒ္ဓသင်ပေးတော်မူသော ကျင့်စဉ်များကို လေးလေးစားစား လိုက်နာအားထုတ်မှုကြောင့် ရဟန္တာဖြစ်သွားပါသည်။ ရှင်ဒေဝဒတ်ကမူ မြတ်ဗုဒ္ဓ သင်ပေးတော်မူသော တရားတော်ကို မလိုက်နာဘဲ မြတ်ဗုဒ္ဓကို ဆန့်ကျင်ဘက် ပြုလုပ်

ပြီး လောဟိတုပ္ပါဒကကံနှင့် သံဃဘေဒကကံကို လွန်ကျူးခြင်းကြောင့် အပါယ်ငရဲသို့ ကျရောက်သွားရပါသည်။ ဤဖြစ်ရပ်ကို ထောက်၍ မြတ်ဗုဒ္ဓတရားတော်ကို နာယူသင်ကြားရသော်လည်း မလိုက်နာသူကို မြတ်ဗုဒ္ဓနှင့် မြတ်ဗုဒ္ဓတရားတော်က အပါယ်သို့ မကျရောက်ရအောင် မကာကွယ်နိုင်ကြောင်းသဘော ပေါက်သင့်ကြပါသည်။

မှန်လှ၏၊ မြတ်ဗုဒ္ဓသည် မှန်ကန်သော အသိဉာဏ်ကို သင်ပေးရုံသာ သင်ပေးနိုင်ပါသည်။ အပါယ် မကျရအောင်၊ ဘဝ လွတ်မြောက်အောင် လုပ်မပေးနိုင်ပေ။ မြတ်ဗုဒ္ဓ သင်ပေးတော်မူသော နည်းလမ်းကောင်းကို မိမိကိုယ်တိုင် ကျင့်ကြံအားထုတ်ပါမှ ဘဝမှလွတ်မြောက်မည် ဖြစ်ပါသည်။ ထို့ကြောင့် မြတ်ဗုဒ္ဓက မိမိဘဝလွတ်မြောက်ရေးအတွက် မိမိကိုယ်သာ အားကိုးပါဟု အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့၏။

"ရဟန်းတို့၊ မိမိသည်သာ မိမိ၏ ကိုးကွယ်ရာဖြစ်၏၊ သူတစ်ပါးသည် မိမိ၏ကိုးကွယ်ရာ မဖြစ်နိုင်၊ မိမိကိုယ်တိုင် ကောင်းစွာ ဆုံးမသဖြင့် ရခဲလှသည့် အရဟတ္တဖိုလ်ဟု ဆိုအပ်သော ကိုးကွယ်ရာကို ရနိုင်၏။"[၁]

---

၁။ ဓမ္မပဒပါဠိ - ၃၇

"ရဟန်းတို့ သင်တို့သည် မိမိကိုသာ ကျွန်းကြီးသဖွယ် မှီခိုကြကုန်လျက် မိမိကိုသာ ကိုးကွယ်ကြကုန်လျက် မိမိမှတစ်ပါး အခြား ကိုးကွယ်ရာမရှိကြကုန်ဘဲ နေကြကုန်လော့"။

"တရားကိုသာ ကျွန်းကြီးသဖွယ် မှီခိုကြကုန်လျက် တရားကိုသာလျှင် ကိုးကွယ်ကြကုန်လျက် တရားမှတစ်ပါး အခြား ကိုးကွယ်ရာမရှိ ကြကုန်ဘဲ နေကြကုန်လော့။"၂

ပထမစာပိုဒ်၊ ဒုတိယစာပိုဒ်တို့၌ မိမိကိုသာ အားကိုးကြပါဟု ညွှန်ပြတော်မူပြီး တတိယစာပိုဒ်၌ တရားကိုသာ အားကိုးကြပါဟု ညွှန်ပြတော်မူပါသည်။ ထို့ကြောင့် အားကိုးဖွယ်ရာ နှစ်မျိုးဖြစ်နေသည်ဟု ထင်မှတ်ဖွယ်ဖြစ်နေပါသည်။ အမှန်မှာ ထိုသို့မဟုတ်ပါ။ ပထမစာပိုဒ်၊ ဒုတိယစာပိုဒ်တို့တွင် မိမိကိုသာ အားကိုးကြပါဟူသော စကားရပ်၌ မိမိဟူသည်မှာ လူသားတိုင်း မိမိ၏ကံ၊ ဉာဏ်၊ ဝီရိယကိုအခြေခံ၍ မိမိကိုယ်တိုင် ကျင့်သုံးထားသော တရားတော်ပင်ဖြစ်သည်ဟု သိစေလို၍ တရားတော်ကိုသာ ကျွန်းကြီးသဖွယ်မှီခို အားထားကိုးကွယ်ကြပါဟု တတိယစာပိုဒ်ကို ထပ်၍ ဟောတော်မူရခြင်းဖြစ်ပါသည်။ ထို့ကြောင့် လူသားတိုင်းသည် မိမိဘဝကြီးပွားတိုးတက်ရေးအတွက် မိမိကိုယ်ကို သာအားကိုးရမည်ဟု သံသယကင်းရှင်းစွာ လက်ခံသဘောပေါက်ရမည်ဖြစ်ပါသည်။

---

၁။ ပါထိကဝဂ္ဂပါဠိ - ၄၈

အချုပ်အားဖြင့် လောက၌ အမှန်တရားကို ထိုးထွင်း၍ သိသူသည် မြတ်ဗုဒ္ဓတစ်ဆူသာရှိခြင်းကြောင့် မိမိသန္တာန်၌ မှန်ကန်သောအသိဉာဏ် ဖြစ်ပေါ်လာရေးအတွက် မြတ်ဗုဒ္ဓကို ကိုးကွယ်ရပါမည်။ မြတ်ဗုဒ္ဓ သင်ပေးလိုက်သော တရားတော်ကို မိမိကိုယ်တိုင်လိုက်နာ အားထုတ်ပါမှ ဘဝကြီးပွါးမည် ဖြစ်၍ ဘဝကြီးပွားချမ်းသာရေး၊ ဘဝလွတ်မြောက်ရေးအတွက် မိမိကိုသာ အားကိုးရမည်ဖြစ်ပါသည်။ မိမိက အလုပ်မလုပ်ဘဲ ဘုရားရှေ့သို့သွားလျက် ဆုတောင်းနေခြင်းဖြင့် မိမိဘဝကြီးပွားတိုးတက်မလာနိုင်ဟု မုချယုံကြည်ရမည် ဖြစ်ပါသည်။

# အခန်း ( ၂ )

## ရုပ်ပွားတော်၊ စေတီတော် ကိုးကွယ်ရကျိုး

မြတ်ဗုဒ္ဓကို ကိုးကွယ်ခြင်းကြောင့် မြတ်ဗုဒ္ဓက ကိုးကွယ်သူတို့အား မှန်ကန်သောအသိဉာဏ်ကို ပေးနိုင်သည်ဟုဆိုရာ သက်တော်ထင်ရှား ဘုရားရှင်ကို ကိုးကွယ်ရသူများအတွက် မှန်ကန်သော်လည်း ယခုအခါ ရုပ်ပွားတော်၊ စေတီတော်များကို ကိုးကွယ်ရသူများအဖို့ မမှန်ကန်နိုင်ပါ။ ရုပ်ပွါးတော် စေတီတော်များက ကိုးကွယ်သူတို့အား မှန်ကန်သော အသိဉာဏ်ကို ပေးနိုင်ပါသလောဟု မေးဖွယ်ရာရှိပါသည်။ ယင်းအမေးနှင့် ပတ်သက်၍ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်ဝင်စံခါနီးမှာ အရှင်အာနန္ဒာအား ကြိုတင်မိန့်ကြားတော်မူခဲ့ပါသည်။

"အာနန္ဒာ၊ ငါဘုရားသည် သင်တို့အတွက် သုတ်၊ အဘိဓမ္မာ၊ ဝိနည်းတရားကို ဟောပြော ပညတ်တော်မူအပ်ခဲ့ပြီ။ ယင်းသုတ်၊ အဘိဓမ္မာ၊ ဝိနည်းတရားတော်သည် ငါဘုရား ကွယ်လွန်တော်မူသောအခါ သင်တို့၏ ဆရာဘုရားပင်ဖြစ်၏။"*

အထက်ပါစကားရပ်ကို ထောက်၍ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်ဝင်စံသွားပြီးဖြစ်သော်လည်း မြတ်ဗုဒ္ဓ ဟောပြောတော်မူခဲ့သော သုတ်၊ အဘိဓမ္မာ၊ ဝိနည်းတရားတော်သည် မျက်မှောက်ခေတ်၌

* သုတ်မဟာဝဂ္ဂပါဠိ - ၁၂၆

အထင်အရှားရှိနေသေးပါသည်။ ထိုတရားတော်များသည် ဆရာဘုရားပင်ဖြစ်ပါသည်။ သို့ပါ၍ သုတ်၊ အဘိဓမ္မာ၊ ဝိနည်းတရားတော်များ ထင်ရှားစွာတည်ရှိနေသမျှ မြတ်ဗုဒ္ဓရှိနေပါသည်။

ထို့ကြောင့် မြတ်ဗုဒ္ဓတရားတော်များကို ပိဋကစာပေ ကျွမ်းကျင်တော်မူသော ရဟန်း သံဃာတော်များထံ၌ ကျိုးနွံစွာ သင်ယူ လေ့လာပါက မှန်ကန်သောအသိဉာဏ် ဖြစ်ပေါ်လာမည်သာ ဖြစ်ပါသည်။

လောကသားဟူသည် လောဘ၊ ဒေါသ၊ မောဟစသော ကိလေသာ အပူဓာတ်ဖြင့် ဖွဲ့စည်းထားသော သတ္တဝါဖြစ်ပါသည်။ ကိလေသာအပူဓာတ် လွှမ်းမိုးခံနေရသော လောကသားများ တီထွင် သတ်မှတ်ထားသော လောကီပညာရပ်များသည် ဗုဒ္ဓတရားတော်ကဲ့သို့ တိကျ ခိုင်မာမှု မရှိနိုင်ပါ။

လောကသည် အမြဲပျက်စီးပြောင်းလဲနေသော သဘောရှိသောကြောင့် လောကီပညာရပ်အားလုံးသည် နောက်ဆုံးတွင် ပျက်စီးခြင်းဖြင့် ဇာတ်သိမ်းရသည်သာ ဖြစ်ပါသည်။ ပျက်စီးနေသောတရားသည် လူသားတို့အတွက် ဆင်းရဲကိုသာ ဖြစ်ပေါ်စေနိုင်ပါသည်။ ချမ်းသာကို မပေးစွမ်းနိုင်ပါ။ အသက်ရှင်နေစဉ် အခိုက်အတန့်အားဖြင့် ကြီးပွားကောင်း ကြီးပွားနေမည်ဖြစ်သော်

လည်း သေလွန်သွားသောအခါ လူ့ဘဝပါ ပျက်စီးသွားပြီး အပါယ်လေးဘုံသို့ ကျရောက်သွားနိုင်ပါသည်။

သို့ပါ၍ လောကီပညာရပ်လောက်မျှဖြင့် ကျေနပ်မနေသင့်ပါ။ မြတ်ဗုဒ္ဓတရားတော်သည် သစ္စာတရားတော်၌ အခြေခံလျက် တည်ဆောက်ထားသောကြောင့် ခိုင်မာလှပါသည်။ သစ္စာတရားအပေါ်၌ ရပ်တည်လျက် ကြိုးစားနေသူသည် မည်သည့်အခါ၌မျှ ဘဝနိမ့်ကျ မသွားနိုင်ပါ။ မိမိဘဝသည် တဖြည်းဖြည်း တိုးတက်မြင့်မားသွားရန်သာ ရှိပါသည်။ ထို့ကြောင့် မြတ်ဗုဒ္ဓက " **အပ္ပမတ္တာ နမီယန္တိ** = သစ္စာတရား၌ မမေ့သူများသည် မည်သည့်အခါ၌မျှ မသေနိုင်ကြ" ဟု မိန့်ကြားတော်မူခဲ့ပါသည်။ မသေနိုင်ကြဆိုရာ၌ လုံးဝမသေဟု မဆိုလိုပါ။ သတ္တဝါတိုင်း တစ်ဘဝ၌ တစ်ခါတော့ သေကြရပါသည်။ မသေသူမရှိပါ။

ထိုသို့ သေသော်လည်း သူကျင့်သုံးထားသော သစ္စာတရားက လက်ရှိဘဝထက် မြင့်မားသောဘဝသို့ ပို့ပေးသောကြောင့် သစ္စာတရားအပေါ်၌ ရပ်တည်နေသူ၏ ဘဝသည် အမြဲမြင့်မားနေမည်ဖြစ်ပါသည်။ ထို့ကြောင့် စစ်မှန်သောဘဝကြီးပွားတိုးတက်မှုကို လိုလားပါက မြတ်ဗုဒ္ဓတရားတော်ကို မဖြစ်မနေ သင်ယူရမည်ဖြစ်ပါသည်။

မြတ်ဗုဒ္ဓတရားတော်ကိုသင်ယူပါက မှန်ကန်သော အသိ ဉာဏ် ဖြစ်ပေါ်လာမည်ဆိုသော်လည်း လောကအမြင် အားသန် နေသူများ၏သန္တာန်၌ မြတ်ဗုဒ္ဓတရားတော်ဆိုင်ရာ အသိဉာဏ် များ လွယ်လွယ်ဖြင့် ဖြစ်ပေါ်မလာနိုင်ပါ။ ယုံယုံကြည်ကြည် ဇွဲကောင်းကောင်းဖြင့် သင်ယူလေ့လာပါမှ မှန်ကန်သော အသိ ဉာဏ်များ ဖြစ်ပေါ်လာနိုင်ပါသည်။

## စိတ်သာရှေ့သွားခေါင်းဆောင်ဖြစ်

ဗုဒ္ဓဘာသာဝင်များ ကုသိုလ်ကောင်းမှု ပြုလုပ်တိုင်း **q bw mi fM y@ n f ဆုတောင်းတိုင်း ပြည့်သလား၊ သို့မဟုတ် ဤဆုကို ဘယ်ပုဂ္ဂိုလ်က ချီးမြှင့်ပေးသလဲ** စသည်ဖြင့် လေ့လာသင့်ပါသည်။ လောက၌ စိတ်သည် သတ္တိအထက်မြက်ဆုံး၊ စွမ်းအားအရှိဆုံး ဖြစ်ပါသည်။ စိတ်အကြောင်းကိုနားလည်အောင် လူသားများ နားလည်နေသော လောကဖြစ်ရပ်တစ်ခုနှင့် နှိုင်းယှဉ်ပြဖို့ လိုမည်ထင်ပါသည်။

နိုင်ငံတစ်နိုင်ငံ၌ လူအများ စုပေါင်း နေထိုင်ကြရာ ယင်းနိုင်ငံသူ နိုင်ငံသားများကို အုပ်ချုပ်ရန် မင်းကို တင်မြှောက်ထားရပါသည်။ နိုင်ငံတိုင်းတွင် ယင်းမင်းသည် အခြေခံ အကျဆုံးဖြစ်၍ နိုင်ငံသူ၊ နိုင်ငံသားအားလုံးသည် မင်း၏ ဦးဆောင်မှုအောက်၌ နေထိုင်ကြရပါသည်။ မင်းက တရားစောင့်လျှင်

နိုင်ငံသူ၊ နိုင်ငံသားအားလုံး တရားစောင့်ကြပါသည်။ မင်းက တရားမစောင့်လျှင် နိုင်ငံသူ၊ နိုင်ငံသားအားလုံး တရား မစောင့် ကြတော့ပါ။ နိုင်ငံသူ၊ နိုင်ငံသားအားလုံး မင်း၏အလိုသို့ လိုက်ပါ ကြရပါသည်။

ထို့အတူ သတ္တဝါများလည်း စိတ်၏ ဦးဆောင်မှုကို ခံနေကြရပါသည်။ စိတ်၏ဆွဲငင်မှုကိုခံနေကြရပါသည်။ သတ္တဝါ အားလုံးသည် စိတ်ဟူသော သဘာဝတရားတစ်ခု၏ အလိုသို့ လိုက်ပါ နေကြရပါသည်။ စိတ်သည် သက်ရှိသတ္တဝါကိုသာ ဦးဆောင်နေသည်မဟုတ်၊ ရာသီဥတုနှင့် သစ်ပင်စသော သက်မဲ့ လောကကိုလည်း ဦးဆောင်နေပါသည်။ လူသားများသန္တာန်၌ စိတ်ကောင်း၊ စိတ်မြတ်များ ဖြစ်ပေါ်နေပြီး ကိုယ်ကျင့်တရား နှင့် ပြည့်စုံနေသောအခါ ရာသီဥတုကောင်းမွန်၍ အသီးအနှံများ ဖြစ်ထွန်းပါသည်။ စိတ်ယုတ်၊ စိတ်ညံ့များဖြစ်ပေါ်နေစဉ် ကိုယ်ကျင့်တရားများပျက်စီးကာ ရာသီဥတုဖောက်ပြန်လာပြီး အသီးအနှံများပျက်စီးရပါသည်။ လောက၌ စိတ်ဦးဆောင်နေပုံ ကို မြတ်ဗုဒ္ဓက အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့ပါသည်။

**မေး။** အရှင်ဘုရား အဘယ်အရာသည် လောကကိုဦးဆောင်ပါ သနည်း။

အဘယ်အရာသည် လောကကိုဆွဲငင်ထားပါသနည်း။

ဖြစ်ပေါ်နေသော အဘယ်အရာ၏အလိုသို့ လောက သည် လိုက်ပါနေရပါသနည်း။

**ဖြေ။** ချစ်သားရဟန်း စိတ်သည်လောကကိုဦးဆောင်နေ၏။ စိတ်သည်လောကကို ဆွဲငင်ထား၏။ ဖြစ်ပေါ်လာသော စိတ်၏အလိုသို့ လောကသည်လိုက်ပါနေရ၏[၁]

**မေး။** အရှင်ဘုရား အဘယ်အရာသည် လောကကို ဦးဆောင်ပါသနည်း။ အဘယ်အရာသည် လောကကို ဆွဲငင်ထားပါသနည်း။ အလုံးစုံသော တရားတို့သည်သာ အဘယ်မည်သော တစ်ခုသော တရား၏အလိုသို့ အစဉ်လိုက်ပါနေကြရပါသနည်း။

**ဖြေ။** ဒါယကာနတ်သား၊ စိတ်သည် လောကကို ဦးဆောင်နေ၏။ စိတ်သည် လောကကို ဆွဲငင်ထား၏။ အလုံးစုံသော တရားတို့သည်သာလျှင် စိတ်ဟူသော တစ်ခုသောတရား၏အလိုသို့ အစဉ်လိုက်ပါနေကြရ၏။[၂]

ရဟန်းတို့ စိတ်ညစ်ပေလျှင် သတ္တဝါတို့ ညစ်ပေကြရ၏။ စိတ်သန့်ရှင်းဖြူစင်နေကြလျှင် သတ္တဝါတို့ သန့်ရှင်းဖြူစင်နေကြ၏။

"ရဟန်းတို့ လက်စွမ်းပြ ပန်းချီကားကို သင်တို့မြင်ဖူးကြသလော။ အရှင်ဘုရားမြင်ဖူးကြပါ၏။ ရဟန်းတို့ ထိုလက်စွမ်းပြ

၁။ အင်္ဂုတ္တရပါဠိ၊ ပ-၄၉၇ ၂။ သံယုတ္တပါဠိ၊ ပ-၃၆

ပန်းချီကားကိုလည်း စိတ်ဖြင့်သာ ကြံစည်ရေးဆွဲထား၏။ ရဟန်းတို့၊ ထိုလက်စွမ်းပြ ပန်းချီကားထက်လည်း စိတ်ကသာ ပို၍ ဆန်းကြယ်လှ၏။

ရဟန်းတို့၊ တိရစ္ဆာန်တို့ကဲ့သို့ ဆန်းကြယ်သော အခြား ဆန်းကြယ်သော သတ္တဝါအပေါင်းအစုတစ်ခုကို ငါဘုရား တွေ့မြင်တော်မမူ။ ရဟန်းတို့၊ ထိုတိရစ္ဆာန်တို့ကိုလည်း စိတ်က သာ ဆန်းကြယ်အောင်ပြုထား၏။ ရဟန်းတို့၊ ထိုတိရစ္ဆာန်တို့ ထက်လည်း စိတ်သည်သာ ပို၍ဆန်းကြယ်လှ၏။[၃]

အထက်ပါ မြတ်ဗုဒ္ဓစကားတော်များကိုထောက်၍ လောက၌ လူ၏စိတ်သည် အခြေခံအကျဆုံးဖြစ်ကြောင်း သဘောပေါက်သင့်ပါသည်။ သဘာဝတရားများအားလုံးသည် စိတ်၏ နောက်လိုက်များသာဖြစ်ကြောင်း ရှင်းလင်းပြတ်သားစွာ နားလည်ထားဖို့လိုပါသည်။ လူ၏ စိတ်ဓာတ်ဆန်းကြယ်မှု စိတ်ကူးစိတ်သန်း ကောင်းမှုကြောင့် ဆန်းကြယ်လှပသော ပန်းချီ ကားများကိုရေးဆွဲနိုင်ခြင်းဖြစ်ပါသည်။

လောကမှာ တိရစ္ဆာန်များ အမျိုးအစား များလှပါ သည်။ ခန္ဓာကိုယ်ဖွဲ့စည်းပုံချင်း ဆန်းကြယ်လှပါသည်။ ကွဲပြား ခြားနားကြပါသည်။ တိရစ္ဆာန်များ ဆန်းကြယ်များပြားရခြင်း သည် စိတ်၏ ဆန်းကြယ်မှုကြောင့်ဖြစ်ပါသည်။ တိရစ္ဆာန်ဘဝ

---
၃။ ၎င်း၊ ဒု - ၁၂၃

ဆန်းကြယ်သည်ထက် စိတ်ကပို၍ ဆန်းကြယ်ကြောင်း မြတ်ဗုဒ္ဓ မိန့်ကြားတော်မူခဲ့ပါသည်။

လောက၌ ဤသို့ စိတ်က ဦးဆောင်လျက်ရှိရာ စိတ်ထဲ၌ လောဘ၊ ဒေါသ၊ မောဟစသော အဓမ္မတရားများလွှမ်းမိုးနေစဉ် အဓမ္မတရားများကို အခြေခံ၍ လူသားများ မကောင်းသောအကြံကို ကြံစည်ကြ၏။ မကောင်းသော စကားကို ပြောဆိုကြ၏။ မကောင်းသောအလုပ်ကို လုပ်ကြ၏။ ထိုသို့ ပြောဆိုပြုလုပ်မှုကြောင့် စိတ်၏အင်အားများလည်း ကျဆင်းသွားပါသည်။ လူ့တန်ဖိုးလည်း ကျဆင်းသွားပြီး လူ့ပတ်ဝန်းကျင်နှင့်လည်း ကင်းကွာသွားနိုင်ပါသည်။

မိမိပြုလုပ်သော ဒုစရိုက်မှုအားလျော်စွာ ထောင်ကျခံရခြင်း၊ သေဒဏ်ပေးခံရခြင်းစသော မျက်မှောက်ဘဝ၌ ဆင်းရဲအမျိုးမျိုးကိုခံစားရပါမည်။ သေလွန်ပြီးနောက်၌လည်း အပါယ်သို့ ကျရောက်ပြီး ဆင်းရဲအမျိုးမျိုးကို ခံစားရမည်ဖြစ်ပါသည်။ ထိုအကြောင်းကို မြတ်ဗုဒ္ဓက အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့ပါသည်။

"ရဟန်းတို့၊ သဘာဝတရားများသည် စိတ်ဟူသောရှေ့သွား ခေါင်းဆောင်ရှိကြ၏၊ စိတ်ဟူသော အကြီးအမြတ်ရှိကြ၏။ လိုချင်တပ်မက်မှု လောဘ၊ စိတ်ဆိုးရန်လိုမှု ဒေါသစသော

အဓမ္မတရားများ လွှမ်းမိုးခံရမှုကြောင့် ပျက်စီးနေသော စိတ်ဆိုး စိတ်ယုတ်မာဖြင့် ပြောဆိုပြုလုပ်လျှင် ထိုသို့ ပြောဆိုပြုလုပ်မှုကြောင့် ယင်းပြောဆို ပြုလုပ်သူ၏နောက်သို့ ဆင်းရဲသည် အစဉ်တစိုက် လိုက်ပါနေ၏။ ဥပမာအားဖြင့် ဝန်ဆောင်နွားလား၏ နောက်သို့ လှည်းဘီးလိုက်ပါနေသကဲ့သို့ပင်ဖြစ်၏။[၁]

စိတ်ဓာတ်အင်အား မကျဆင်းရအောင်၊ ဆင်းရဲဒုက္ခမခံစားရအောင် ပတ်ဝန်းကျင်အာရုံတရားများနှင့် တွေ့ကြုံရသောအခါ မိမိမှာ အဆိုပါလောဘ၊ ဒေါသစသော အဓမ္မတရားဆိုးများ မဖြစ်ပေါ်လာစေရန် မိမိစိတ်ဓာတ်ကို ယဉ်ကျေးနေအောင် လူသားတိုင်း မိမိစိတ်ကိုကြိုတင် ဆုံးမထားသင့်ကြပါသည်။ ထိုသို့ စိတ်ကိုယဉ်ကျေးနေအောင် ဆုံးမထားဖို့ရန်လည်း မြတ်ဗုဒ္ဓက သင်ပြပေးတော်မူခဲ့ပါသည်။

"ရဟန်းတို့၊ အာရုံငါးပါးဆီသို့ မသွားရအောင် နှိပ်ကွက်နိုင်ဖို့ ခက်ခဲလှသော၊ အဖြစ်အပျက်လျှင်မြန်လှပြီး အလိုရှိရာ အာရုံသို့ ကျရောက်လေ့ရှိသော မိမိ၏ စိတ်မိုက် စိတ်ရိုင်းကို ယဉ်ကျေးအောင်ဆုံးမနိုင်ခြင်းသည် ကောင်းလှ၏။ ဆုံးမ၍ ယဉ်ကျေးပြီးသော စိတ်သည် လောကီချမ်းသာ၊ လောကုတ္တရာချမ်းသာကို ယူဆောင်ပေးနိုင်၏။[၂]

---

၁။ ဓမ္မပဒပါဠိ - ၁၃ ၂။ ဓမ္မပဒပါဠိ - ၁၈

စိတ်၏ အင်အားကိုကျဆင်းစေတတ်သော လောဘ၊ ဒေါသ စသော အမွှေတရားဆိုးများ မိမိသန္တာန်၌ မဖြစ်ပေါ်ရအောင် စိတ်ကို လုံခြုံစွာစောင့်ထိန်းလျက် စိတ်မှာ အင်အားများ တိုးပွားလာအောင် လေ့ကျင့်ယူရမည်မည်ဖြစ်ပါသည်။ စိတ်၏ အင်အားတိုးပွားလာအောင်လေ့ကျင့်ရန် စိတ်၏အားငါးမျိုးကို သိရှိထားဖို့လိုပါသည်။

## စိတ်၏အားငါးမျိုး

ရုပ်ခန္ဓာကိုယ်၌ အားနည်းမှု၊ အားကောင်းမှုရှိသကဲ့သို့ စိတ်သည်လည်း အားနည်းမှု၊ အားကောင်းမှုရှိ၏။ အကုသိုလ်တရားသည် စိတ်ကိုအားနည်းစေတတ်သော တရားဖြစ်၏။ ကုသိုလ်တရားသည် စိတ်ကိုအားဖြည့်ပေးသောတရားဖြစ်၏။ စိတ်၏အားကို ဗလခေါ်၏။ ဗလကို ပိုလ်ဟုလည်း မြန်မာပြန်ကြ၏။ အလေးမသမား 'မ'နိုင်သော ပစ္စည်းကို သာမန်ရိုးရိုး အရပ်သားတစ်ဦး 'မ' နိုင်ခြင်းငှါ မစွမ်းနိုင်သကဲ့သို့ စိတ်၏ အားငါးမျိုးနှင့်ပြည့်စုံသူ၏ အလုပ်ကို စိတ်အားငါးမျိုးနှင့် မပြည့်စုံသူက မလုပ်နိုင်ပေ။

စိတ်၏အားငါးမျိုး အင်အားကောင်းနေသော ဘုရားအလောင်းစသော သူတော်ကောင်းများ လုပ်ကိုင်ဆောင်ရွက်

သော အလုပ်ကို သာမန်လူသားများ မလုပ်နိုင်သည့်အပြင် စိတ်ပင်မကူးရဲကြပေ။ လောက၌ ကြီးပွားတိုးတက်လျက် ဘဝမြင့်မားနေသူများသည် စိတ်၏အားငါးမျိုး တိုးတက်မြင့်မားနေသူများသာဖြစ်၏။ အေးတိအေးစက်ဖြင့် စိတ်ဓာတ် ပျော့ညံ့နေသူများ မကြီးပွားမတိုးတက်နိုင်ပေ။ ဘဝနိမ့်ကျပြီး အောက်ခြေအဆင့်၌သာ နေထိုင်ကြရ၏။

ထို့ကြောင့် ဘဝတိုးတက်မြင့်မားလိုသူများ မိမိ၏ စိတ်အစဉ်၌ စိတ်၏အားငါးမျိုး အင်အားကောင်းနေအောင် သတိထားလျက် ဖွဲ့ကောင်းကောင်းဖြင့် ကြိုးစား လေ့ကျင့်နေရမည်သာဖြစ်၏။ စိတ်၏အားငါးမျိုးဟူသည် အောက်ပါအတိုင်းဖြစ်၏-

၁။ သဒ္ဓါဗလ - ယုံကြည်မှုစွမ်းအား။

၂။ ဝီရိယဗလ - ကြိုးစားမှု ဖွဲ့လုံ့လစွမ်းအား။

၃။ သတိဗလ - အောက်မေ့ အမှတ်ရမှုစွမ်းအား။

၄။ သမာဓိဗလ - အာရုံတစ်ခုတည်း၌ စူးစိုက်နိုင်မှုစွမ်းအား။

၅။ ပညာဗလ - သဘာဝတရားကို အရှိကို အရှိအတိုင်း မှန်ကန်စွာ သိမြင်နိုင်မှုပညာစွမ်းအား။

## ရှင်းလင်းချက်

**သဒ္ဓါဗလ**

ပညာရပ်တစ်ခုခုကို သင်ယူလေ့လာသောအခါ သင်ပေးသူ ဆရာနှင့်ယင်းပညာရပ်အပေါ်၌ ယုံကြည်လေးစားမှု ရှိဖို့ လိုအပ်လှ၏။ ယုံကြည်လေးစားမှုရှိပါမှ မိမိသင်ယူနေသောပညာကို လေးလေးစားစား ကြိုးစားသင်ယူမည်ဖြစ်၏။ လေးလေးစားစား သင်ယူပါမှ ကျွမ်းကျင် တတ်မြောက်မည်ဖြစ်၏။ ပညာသင်ပေးသူ ဆရာနှင့် မိမိသင်ယူလေ့လာမည့် ပညာရပ်အပေါ်၌ ယုံကြည်လေးစားမှု မရှိပါလျှင် စိတ်ပါဝင်စားစွာဖြင့် သင်ယူလေ့လာမည်မဟုတ်သည်မှာ သေချာလှ၏။ စိတ်ပါဝင်စားစွာဖြင့် မလေ့လာပါက ဘယ်နည်းနှင့်မျှ ပညာတတ်မြောက်လာမည် မဟုတ်ပေ။

ထိုနည်းအတူ မိမိကိုယ်ကိုလူ့အရည်အသွေးပြည့်ဝပြီး လူတော်လူကောင်းတစ်ယောက် ဖြစ်လာရေးအတွက် ကြိုးစားရာ၌လည်း ဘုရား၊ တရား၊ သံဃာတော်များနှင့် ကံ၊ ကံ၏အကျိုးကို ယုံကြည်လေးစားမှုရှိဖို့ လိုအပ်လှ၏။ လောက၌ သဘာဝတရားအားလုံးကို အရှိကိုအရှိအတိုင်း မှန်မှန်ကန်ကန် သိမြင်သူသည် ဗုဒ္ဓရှင်တော်မြတ်တစ်ဆူသာရှိ၏။ ထို့ကြောင့် ဗုဒ္ဓရှင်တော်မြတ်ဖော်ထုတ် ဟောပြတော်မူသော ကြီးပွားချမ်းသာရေး

နည်းစနစ်များလောက် တိကျပြည့်စုံသော စနစ်ကောင်းများ လူ့လောက၌ မပေါ်ပေါက်ဖူးသေးပေ။

လောကလူသားများသည် သဘာဝတရားအားလုံးကို အရှိကို အရှိအတိုင်း မှန်မှန်ကန်ကန် သိနိုင်သူများ မဟုတ်သည့်အပြင် ရာဂစရိုက်၊ ဒေါသစရိုက်၊ မောဟစရိုက်ဆိုးများ လွှမ်းမိုးခံနေရသူများဖြစ်ကြ၏။ ထိုသို့ မှန်မှန်ကန်ကန်မသိဘဲ စရိုက်ဆိုးများအမြင်ဖြင့် မိမိအမြင်ကို အမှန်ထင်လျက် ဆောင်ရွက်နေကြခြင်းဖြစ်၏။ သို့ပါ၍ လောကီလူသားများ တီထွင်ကျင့်သုံးနေကြသော စနစ်များသည် မပြည့်စုံသည့်အပြင် အမှားလည်း မကင်းနိုင်ပေ။ အမှားမကင်းသော စနစ်ကို လုပ်ကိုင်ကျင့်သုံးနေပါက နောက်ဆုံးမှာ ဆင်းရဲဒုက္ခရောက်ရမည်သာဖြစ်၏။

ထို့ကြောင့် ဆင်းရဲဒုက္ခမရောက်ရအောင် နည်းစနစ်ကောင်း ရရှိဖို့လို၏။ နည်းစနစ်ကောင်းရရှိရေးအတွက် ဗုဒ္ဓရှင်တော်မြတ်အပေါ်၌ ယုံကြည်လေးစားမှုရှိရမည်ဖြစ်၏။ ဗုဒ္ဓရှင်တော်မြတ်အပေါ်၌ ယုံကြည်လေးစားမှုရှိပါမှ ဗုဒ္ဓရှင်တော်မြတ်ဖော်ထုတ်ဟောပြတော်မူသောစနစ်ကောင်း(တရားတော်များ)ကို ယုံကြည်လက်ခံမည်ဖြစ်၏။

သံဃာတော်များသည် ဗုဒ္ဓရှင်တော်မြတ် ဟောပြောတော်မူခဲ့သော တရားတော် (စနစ်ကောင်း) များကို မကွယ်

ပျောက်ရအောင် သင်ယူကျင့်သုံး ဟောပြောလျက် ထိန်းသိမ်းနေသူများဖြစ်၍ သံဃာတော်များအပေါ်၌လည်း ယုံကြည်လေးစားမှုရှိဖို့လို၏။

ထို့အပြင် လူသားသည် မကောင်းသောအလုပ်ကို လုပ်လျှင် မကောင်းကျိုးများကို ခံစားရမည်။ ကောင်းသောအလုပ်ကို လုပ်လျှင် ကောင်းသောအကျိုးကို ခံစားရမည်ဟု မိမိဆောင်ရွက်ချက် အလုပ် (ကံ) အပေါ်၌လည်း ယုံကြည်မှုရှိရမည်ဖြစ်၏။ ထိုသို့ ယုံကြည်ပါမှ ရှောင်ကြဉ်သင့်သည်ကို ရှောင်ကြဉ်လျက် လိုက်နာကျင့်သုံးသင့်သည်ကို ကျင့်သုံးနိုင်မည်ဖြစ်၏။

ထိုသို့ အလုပ်(ကံ)အပေါ်၌ ယုံကြည်မှု မရှိပါလျှင် မလုပ်သင့်သည်ကို လုပ်မိလာမည်သာ ဖြစ်၏။ မလုပ်သင့်သောအလုပ်ကို လုပ်မိပါလျှင် မမျှော်လင့်ဘဲ မလိုလားအပ်သည့် ဆိုးကျိုးများ ဖြစ်လာပြီး ဆင်းရဲဒုက္ခရောက်ရမည်သာဖြစ်၏။ ထို့ကြောင့် ဘုရား၊ တရား၊ သံဃာတော်များနှင့် ကံ၊ ကံ၏အကျိုးကို ယုံကြည်မှုရှိဖို့ လိုအပ်ကြောင်း ထင်ရှား၏။ ထိုသို့ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ့ဂုဏ်တော်များနှင့် ကံ၊ ကံ၏အကျိုးကို ယုံကြည်မှုကို စိတ်၏စွမ်းအား “သဒ္ဓါဗလ” ခေါ်၏။

## ဝီရိယဗလ

မိမိယုံကြည်ချက်အတိုင်း ဘဝကြီးပွား တိုးတက်ရေးအတွက် မိမိကိုယ်တိုင် ရွေးချယ်ထားသောလုပ်ငန်းကို ခိုင်မြဲသော ဇွဲလုံ့လဖြင့် မဖြစ်မနေ ကြိုးစားအားထုတ်မှုကို စိတ်၏စွမ်းအား "ဝီရိယဗလ" ခေါ်၏။

အသက်ကိုပဓာနမထားဘဲ အရိုးကြေကြေ အရေခန်းခန်းဖြစ်အောင် ကြိုးစားမည်ဟူသော ခိုင်မြဲသော ဇွဲလုံ့လဖြင့် ကြိုးစားနိုင်သူများသာ အထက်တန်းသို့ ရောက်နိုင်ကြ၏။ ကြီးပွားချမ်းသာနိုင်ကြ၏။ ဝီရိယပျော့ညံ့သူများမှာ အောက်တန်းမှ တက်မလာနိုင်ပေ။ ကြိုးစားအားထုတ်မှုဆိုင်ရာတွင် အကုသိုလ်လုပ်ငန်း၌ ကြိုးစားမှု၊ ကုသိုလ်လုပ်ငန်း၌ ကြိုးစားမှုဟု နှစ်မျိုးရှိ၏။ ထိုတွင် ကုသိုလ်လုပ်ငန်း၌ ကြိုးစားမှုကိုသာ "ကောင်းမြတ်သော ကြိုးစားမှု" အဖြစ် မြတ်ဗုဒ္ဓ ချီးမွမ်းတော်မူ၏။ အကုသိုလ်လုပ်ငန်း၌ ကြိုးစားမှုကို မြတ်ဗုဒ္ဓ ချီးမွမ်းတော်မမူပေ။

ယင်းကောင်းမြတ်သော ကြိုးစားမှုကို မြတ်ဗုဒ္ဓက အောက်ပါအတိုင်း လေးမျိုးခွဲလျက် ဟောပြတော်မူခဲ့၏။

"ရဟန်းတို့၊ ဤသာသနာတော်၌ ရဟန်းသည်

(၁) မဖြစ်သေးသော ယုတ်မာသော အကုသိုလ်တရားတို့ကို မဖြစ်ပေါ်စေရန် ဆန္ဒကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏။

(၂) ဖြစ်ပြီးသော ယုတ်မာသော အကုသိုလ်တရားတို့ကိုပယ်စွန့်ရန် ဆန္ဒကိုဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကိုချီးမြှောက်၏၊ ဆောက်တည်၏။

(၃) မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေရန် ဆန္ဒကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏။

(၄) ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို တည်မြဲစေရန်၊ မပျောက်ပျက်စေရန်၊ တိုးတက် ပွားများစေရန်၊ ပြန့်ပြောစေရန်၊ ပြည့်စုံစေရန် ဆန္ဒကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏။

ရဟန်းတို့ ဤအားထုတ်မှုလေးမျိုးကို ကောင်းမြတ်သော အားထုတ်မှုဟု ဆိုအပ်၏။"*

---

* သုတ်မဟာဝါပါဠိ-၂၅၀

ဤကြိုးစားမှုလေးမျိုးဖြင့် ကြိုးစားပါက လူသားသည် မိမိရရှိထားသော လူ့ဘဝ ပျက်မကျတော့ဘဲ အမြဲတိုးတက် မြင့်မားနေမည်ဖြစ်၏။ ဤကြိုးစားမှုလေးမျိုးဖြင့် မကြိုးစားဘဲ ငွေရရင်ပြီးရောဟူသော သဘောထားဖြင့် ကြိုးစားပါက ဘဝ မကြီးပွားရုံသာမက လူ့ဘဝပျက်ကျပြီး အပါယ်ဘုံ တစ်ဘုံဘုံသို့ ကျရောက်သွားမည်ဖြစ်၏။ တန်ဖိုးရှိသောလူ့ဘဝ၌ပင် မရပ်တည် နိုင်တော့ပေ။ ထို့ကြောင့် သံသရာတစ်လျှောက်လုံး၌ မိမိဘဝ အမြဲကြီးပွားဖို့မှာ မြတ်ဗုဒ္ဓညွှန်ပြတော်မူခဲ့သော ကြိုးစားမှု လေးမျိုးဖြင့်သာ ကြိုးစားသင့်ကြ၏။

**သတိဗလ**

ဘုရား၊ တရား၊ သံဃာတော်များနှင့် ဘဝကြီးပွါး တိုးတက်ရေးအတွက် မိမိဆောင်ရွက်နေသော အပြစ်ကင်းသော လုပ်ငန်းများကို အောက်မေ့သတိရခြင်းကို စိတ်၏စွမ်းအား “သတိဗလ” ခေါ်၏။

မိမိဆောင်ရွက်နေသော လုပ်ငန်းသည် ဗုဒ္ဓရှင်တော် မြတ် ဖေါ်ထုတ်ဟောပြတော်မူသော စနစ်ကောင်း(တရားတော်) များဖြစ်၍ ဘုရား၊ တရား၊ သံဃာတော်များနှင့် မကင်းကွာ ကောင်းပေ။ ဘုရား၊ တရား၊ သံဃာတော်များကို သတိမရဘဲ မေ့ပျောက်နေလျှင် အခြားမလိုလားအပ်သော အာရုံသစ်များ

စိတ်ထဲသို့ ဝင်လာတတ်၏။ အခြားမလိုလားအပ်သော အာရုံများ စိတ်ထဲသို့ ဝင်ရောက်နေရာယူလာလျှင် မိမိဆောင်ရွက်နေသော မူလလုပ်ငန်း၊ မူလရည်ရွယ်ချက် ပျောက်ကွယ်သွားနိုင်၏။

ထိုသို့ ပျောက်ကွယ်သွားလျှင် မိမိရည်ရွယ်ချက် မအောင်မြင်နိုင်တော့ပေ။ မိမိရည်ရွယ်ချက်ကို အကောင်အထည်ဖော်နေစဉ် မူလရည်ရွယ်ချက်များကို မေ့ဖျောက်ကာ မလုပ်သင့်သော အလုပ်ကို ပြုလုပ်ကြမိသဖြင့် မပျက်စီးသင့်ဘဲ ပျက်စီးသွားကြသူ လောက၌ အများအပြားရှိနေကြသည်ကို သတိပြုသင့်ကြ၏။ ဤသို့ သတိပြုပြီး ကြီးပွားတိုးတက်လိုသူများသည် မိမိဆောင်ရွက်နေသော အလုပ်ကို သတိရလျက် မိမိအလုပ်အပေါ်၌ အမြဲစိတ်ဝင်စားမှုရှိရမည်ဖြစ်၏။

**သမာဓိဗလ**

မိမိဆောင်ရွက်နေသော အလုပ်တစ်ခုအပေါ်၌သာ စိတ်ကိုထားနိုင်မှု၊ မိမိအလုပ်တစ်ခုအပေါ်၌သာ အာရုံစူးစိုက်မှုကို စိတ်၏စွမ်းအား "သမာဓိဗလ" ခေါ်၏။

မိမိအလုပ်တစ်ခုအပေါ်၌သာ အာရုံစူးစိုက်လျက် မှန်မှန်ကြိုးစားနေလျှင် မိမိရည်ရွယ်ချက် မုချအောင်မြင်လာ

မည်ဖြစ်၏။ စိတ်ပျံ့လွင့်နေပြီး အာရုံများ၊ အလုပ်များနေပါက မည်သည့်အလုပ်မျှ မအောင်မြင်နိုင်ပေ။ ထို့ကြောင့် အာရုံမများစေရန် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဟူသော မိမိ၏ကြွေ အစိတ်အပိုင်းများကို လုံခြုံအောင်ထိန်းသိမ်းလျက် မိမိဘဝအတွက် မိမိအသိဉာဏ်ဖြင့် ရွေးချယ်ဆောင်ရွက်နေသော လုပ်ငန်းတစ်ခုအပေါ်၌သာ အာရုံစူးစိုက်ကာ အမြဲကြိုးစားနေရမည်ဖြစ်၏။ အပျော်အပါး အသောက်အစား မရှိအောင်လည်း ထိန်းထိန်းသိမ်းသိမ်းနေရမည်ဖြစ်၏။

**ပညာဗလ**

သဘာဝတရားများကို အရှိကို အရှိအတိုင်း မှန်မှန်ကန်ကန် ထိုးထွင်းသိမြင်တဘ်သောအသိဉာဏ်ကို စိတ်၏စွမ်းအား "ပညာဗလ" ခေါ်၏။ ပညာသည် အမှား၊ အမှန်၊ ကောင်း၊ မကောင်း၊ ကုသိုလ်၊ အကုသိုလ် စသည်တို့ကို ခွဲခြားသိမြင်တတ်၏။ ထို့ကြောင့် ပညာကို **အာလောက** ဘဝအလင်းရောင်ခေါ်၏။

လောက၌ လအလင်းရောင်၊ နေအလင်းရောင်၊ မီးအလင်းရောင်၊ ပညာအလင်းရောင်ဟု အလင်းရောင်လေးမျိုးရှိရာတွင် ပညာအလင်းရောင်သည် အမြတ်ဆုံး တန်ဖိုးအရှိဆုံး

ဖြစ်၏။ ထိုအကြောင်းကို မြတ်ဗုဒ္ဓက အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့၏။

"ရဟန်းတို့၊ အလင်းရောင်တို့သည် ဤလေးမျိုးတို့တည်း၊ အဘယ်လေးမျိုးတို့နည်းဟူမူ -

လအလင်းရောင်၊ နေအလင်းရောင်၊ မီးအလင်းရောင်၊ ပညာအလင်းရောင်တို့တည်း။ ရဟန်းတို့၊ ဤအလင်းရောင် လေးမျိုးတို့တွင်ပညာအလင်းရောင်သည် အမြတ်ဆုံးပေတည်း"* ဤပညာစွမ်းအားသည် စိတ်၏ငါးမျိုးတွင် အခြေခံအကျဆုံး ဖြစ်၏။ လှေတစ်စီးတွင် ပဲ့ကိုင်သူအရေးပါလှသကဲ့သို့ လူသား တိုင်း၌လည်း ဘဝတိုးတက်ရေးအတွက် ပညာသည် အရေးပါ လှ၏။

ပညာစွမ်းအားမြင့်မားနေပါမှအဆိုး၊ အကောင်း၊ အတု၊ အစစ်ကို ခွဲခြားသိမြင်နိုင်ပြီး အစစ်အပေါ်၌ ပို၍ပို၍ ယုံကြည် လေးစားမှု သဒ္ဓါစွမ်းအား ဖြစ်ပေါ်လာနိုင်၏။ အစစ်အမှန် လုပ်ငန်းအောင်မြင်ရေးအတွက် ဘဝကို ရင်းနှီးမြှုပ်နှံလျက် ကြိုးစားအားထုတ်မှု ဝီရိယစွမ်းအား၊ အစစ်အမှန်ကိုသာ အောက်မေ့သတိရမှု သတိစွမ်းအား၊ အစစ်အမှန် လုပ်ငန်း အပေါ်၌သာ အာရုံစူးစိုက်မှု သမာဓိစွမ်းအားများလည်း ပို၍ပို၍

---

* အင်္ဂုတ္တရပါဠိ၊ ပထမတွဲ - ၄၅၇

ဆက်လက်ဖြစ်ပေါ်လာနိုင်ကြ၏။ ထို့ကြောင့် ပညာစွမ်းအား သည်သာ ဘဝကို မြှင့်တင်ပေးနိုင်၏။

အစစ်အမှန်ဟူသည် ဘုရား၊ တရား၊ သံဃာနှင့် ကုသိုလ်လုပ်ငန်းများပင်ဖြစ်၏။ ဘုရား၊ တရား၊ သံဃာသည် အသိဉာဏ်ရှိသူများ၏ နှစ်သက်လိုလားမှုကို ဖြစ်စေတတ်သောကြောင့် ရတနာမည်၏။ အဝိဇ္ဇာ၊ တဏှာ အမှောင်ထု လွှမ်းမိုးခံနေရသူ လူသားများအနေဖြင့် ဘုရား၊ တရား၊ သံဃာနှင့်ကုသိုလ်တရားတို့ကို မလိုလားသော်လည်း အသိပညာ စွမ်းအားရှိနေသော လူသားများမှာမူကား ဘုရား၊ တရား၊ သံဃာကိုသာ ယုံကြည်မြတ်နိုးဖွယ်ရာ အကောင်းဆုံးအာရုံအဖြစ် လက်ခံကြ၏။ ထိုသူများသည် ဗုဒ္ဓရှင်တော်မြတ် ညွှန်ပြတော်မူသော နည်းလမ်းအတိုင်းသာ ဘဝကြီးပွားရေးအတွက် ကြိုးစားအားထုတ်လေ့ရှိကြ၏။

ဤနေရာ၌ သတိထားရမည့်အချက်မှာ ပညာစွမ်းအားဟူသောအချက်ပင် ဖြစ်၏။ ပညာစွမ်းအား ဆိုသော်လည်း အဝိဇ္ဇာအမှောင်ထုအတွင်းက အတ္တဒိဋ္ဌိကို အခြေခံသောလောကသားများ၏ အသိဉာဏ်ကို ပညာစွမ်းအားအဖြစ် ဗုဒ္ဓရှင်တော်မြတ်လက်ခံတော် မမူပေ။ သဘာဝတရားများကို အရှိကို အရှိအတိုင်း မှန်မှန်ကန်ကန် သိမြင်တတ်သော ပညာကိုသာ

စိတ်၏စွမ်းအားအဖြစ် လက်ခံတော်မူ၏။ ထို့ကြောင့် ပညာစွမ်းအားများဖြစ်ပေါ်လာရေးအတွက် ဗုဒ္ဓတရားတော်ကို လေ့လာရမည်ဖြစ်၏။

စွန့်ကြဲလှူဒါန်းမှုဒါန၊ ငါးပါးသောကိုယ်ကျင့်သီလကိုလုံခြုံ အောင်ထိန်းသိမ်းမှုသီလ၊ ဘုရားဂုဏ်တော်ပွားများခြင်း၊ မေတ္တာပွားခြင်း စသော သမထဘာဝနာပွားများမှု၊ နာမ်ရုပ်တရားတို့၏ မမြဲခြင်း အနိစ္စသဘော၊ ဆင်းရဲခြင်းဒုက္ခသဘော၊ ငါ၊ ငါ့ဥစ္စာမဟုတ်ခြင်း အနတ္တသဘောကို ဆင်ခြင်ပွားခြင်း စသည်တို့ကို ကုသိုလ်တရားဟုခေါ်ပါသည်။ ထိုကုသိုလ်တရားများသည် စိတ်၏အင်အားများ ဖြစ်ကြပါသည်။ စိတ်မှာအင်အားများပြည့်လာပြီး အားရှိလာသောအခါ မိမိလိုလားချက်အားလုံး ပြည့်စုံလာနိုင်ပါသည်။ လိုလားချက်အားလုံး ပြည့်စုံနိုင်ဖို့ စိတ်၏အင်အားများကို ဖြည့်ကျင့်ထားရမည်ဟု မြတ်ဗုဒ္ဓက အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့ပါသည်။

ရဟန်းတို့၊ ရဟန်းသည်

၁။ သီတင်းသုံးဖော်များ၏ ချစ်ခင်လေးစား ချီးမွမ်းခံရသူ ဖြစ်လိုလျှင်။

၂။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်းများ ရရှိလိုလျှင်။

၃။ ယင်းပစ္စည်းလေးပါးကို လှူဒါန်းသူများမှာ ကြီးမားသောအကျိုးတရားများ ဖြစ်ထွန်းစေလိုလျှင်။

၄။ သေလွန်၍ပြိတ္တာဖြစ်လျက် မိမိကို ကြည်ညိုစိတ်ဖြင့်သတိရ အောက်မေ့နေသူ ဆွေမျိုးသားချင်းများမှာ ကြီးမားသော အကျိုးတရား ဖြစ်ထွန်းစေလိုလျှင်။

၅။ တရားလုပ်ငန်း(သာသနာတော်)၌ မပျော်ခြင်း၊ ကာမဂုဏ်တို့၌ ပျော်ရွှင်ခြင်းတို့ကို လွှမ်းမိုးနှိပ်ကွပ်လိုလျှင်။

၆။ ကြောက်စိတ်နှင့် ကြောက်စရာ အာရုံများကို လွှမ်းမိုးနှိမ်နင်းလိုလျှင်။

၇။ အထူးစင်ကြယ်သော စိတ်ကြောင့်ဖြစ်သော မျက်မှောက်ဘဝ၌ ချမ်းသာစွာနေထိုင်သော စျာန် (၄) ပါးတို့ကို အလိုရှိတိုင်း ရလိုလျှင်။

၈။ ရုပ်တို့ကို လွန်မြောက်ခြင်းကြောင့် အေးမြသော အရူပစျာန်တို့ကို နာမ်ကိုယ်ဖြင့် ထိရောက်၍ နေထိုင်လိုလျှင်။

၉။ အနှောင်အဖွဲ့သံယောဇဉ် (၃) ပါး အကြွင်းမဲ့ ကုန်ခြင်းကြောင့် အပါယ်သို့မကျရောက်ဘဲ ကိန်းသေမြဲလျက် အထက်မဂ် (၃) ပါး လဲလျောင်း ရာရှိသော သောတာပန်ပုဂ္ဂိုလ် ဖြစ်လိုလျှင်။

၁၀။ အနှောင်အဖွဲ့ သံယောဇဉ်(၃)ပါး အကြွင်းမဲ့ ကုန်ခြင်းကြောင့်လည်းကောင်း၊ တပ်မက်ခြင်း ရာဂ၊ ကြမ်းတမ်းပြစ်မှားခြင်းဒေါသ၊ အမှန် တရားကိုဖုံးကွယ်မှု မောဟတရားများ ခေါင်းပါး ခြင်းကြောင့် လည်းကောင်း၊ လူ့ပြည်သို့ တစ်ကြိမ် လာရောက်ပြီး ဝဋ်ဆင်းရဲ ကုန်ဆုံး အောင် ပြုလုပ်နိုင်သော သကဒါဂါမိ ပုဂ္ဂိုလ် ဖြစ်လိုလျှင်။

၁၁။ အောက်ကာမဘုံ၌ ပဋိသန္ဓေတည်စေနိုင်သော အနှောင်အဖွဲ့ သံယောဇဉ်ငါးပါးအကြွင်းမဲ့ ချုပ် ခြင်းကြောင့် ဗြဟ္မာပြည်၌ ဥပပတ်ပဋိသန္ဓေနေ၍ ဗြဟ္မာပြည်မှပြန်လာခြင်း သဘောမရှိဘဲ ဗြဟ္မာ ပြည်၌ ပရိနိဗ္ဗာန်ပြုသူဖြစ်လိုလျှင်။

၁၂။ တစ်ယောက်တည်းဖြစ်လျက် အများအပြား ဖြစ်အောင်၊ အများအပြားဖြစ်လျက် တစ်ယောက်

တည်း ဖြစ်အောင် စသည်ဖြင့် တန်ခိုးအမျိုးမျိုးဖန်ဆင်းနိုင်သော ဣဒ္ဓိဝိဓအဘိညာဉ်ကို ရရှိလိုလျှင်။

၁၃။ နတ်၌ဖြစ်သောအသံ၊ လူ၌ဖြစ်သောအသံ၊ ဝေးသော အသံ၊ နီးသောအသံတို့ကို ကြားနိုင်သော ဒိဗ္ဗသောတအဘိညာဉ်ကို ရရှိလိုလျှင်။

၁၄။ မိမိစိတ်ဖြင့် သူတစ်ပါးစိတ်ကို ပိုင်းခြားစွာ သိမြင်နိုင်သော စေတောပရိယအဘိညာဉ်ကို ရရှိလိုလျှင်။

၁၅။ ရှေး၌ ဖြစ်ဖူးသော ခန္ဓာအစဉ်(ဘဝ)ကို အောက်မေ့နိုင်သော ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ကို ရရှိလိုလျှင်။

၁၆။ သေဆဲသတ္တဝါ၊ ဖြစ်ဆဲသတ္တဝါ၊ ယုတ်သော သတ္တဝါ၊ မြတ်သောသတ္တဝါ စသည်တို့ကိုမြင်နိုင်သော ဒိဗ္ဗစက္ခုအဘိညာဉ်ကိုရရှိလိုလျှင်။

၁၇။ အာသဝေါတရား ကုန်ခန်းခြင်းကြောင့် အာသဝေါကင်းသော အရဟတ္တဖိုလ်စိတ်နှင့် ကိလေသာမှ လွတ်မြောက်မှု အရဟတ္တဖိုလ်ပညာကို

ယခုဘဝ၌ပင် မျက်မှောက်ပြုနိုင်သော အာသဝက္ခယ အဘိညာဉ်ကို ရရှိလိုလျှင်။

(က) ကိုယ်ကျင့်သီလကိုဖြည့်ကျင့်ရမည်။

(ခ) စိတ်ကို ငြိမ်းအေးစေတတ်သော သမထ၊ ဝိပဿနာတရားများကို ပွားများအားထုတ်ရမည်။*

အထက်ပါ တရားတော်ကို ရဟန်းတော်များအား ရည်ရွယ်တော်မူပြီး ဟောတော်မူခြင်းဖြစ်၍ လူနှင့်မဆိုင်ဟု မယူဆရ၊ ပရိသတ် (၄)ပါးတွင် ရဟန်းတော်သည် အခြေခံအကျဆုံးပုဂ္ဂိုလ်ဖြစ်သဖြင့် ရဟန်းတော်ကို ဦးတည်၍ ဟောတော်မူခြင်းဖြစ်၏။ ရဟန်းတော်ကို ဦးတည်၍ ဟောတော်မူသော်လည်း ပရိသတ် (၄) ပါးလုံးနှင့် သက်ဆိုင်သည်ဟု မှတ်ရမည်။

ထိုသို့ စိတ်၏အင်အားများကို ဖြည့်ကျင့်ထားသောအခါ ထိုမိမိ၏ ဖြည့်ကျင့်ထားမှု အလုပ်သည် မိမိရောက်ရာ ဘဝအား လျော်စွာ သံသရာတစ်လျှောက်လုံး၌ အရိပ်ပမာ နောက်က လိုက်ပါ၍ အကျိုးပေးပုံကို မြတ်ဗုဒ္ဓက အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့ပါသည်။

---

* မူလပဏ္ဏာသပါဠိ - ၃၉

"ရဟန်းတို့ သဘာဝတရားများ စိတ်က ရှေ့သွားခေါင်းဆောင်မှုရှိကြ၏။ စိတ်အကြီးအမြတ်ရှိကြ၏။ စိတ်ကြောင့် ဖြစ်ကြရ၏။ စွန့်လွှတ်မှု အလောဘ၊ မေတ္တာထားမှု အဒေါသစသော တရားကောင်းများ ဖြစ်ပေါ်လွှမ်းမိုးမှုကြောင့် သန့်ရှင်းကြည်လင်နေသော စိတ်ကောင်း စိတ်မြတ်ဖြင့် ပြောဆိုပြုလုပ်လျှင် ထိုသို့ ပြောဆိုပြုလုပ်မှုကြောင့် ယင်းပြောဆို ပြုလုပ်သူနောက်သို့ ချမ်းသာသည် အစဉ်တစိုက် လိုက်ပါနေ၏။ ဥပမာအားဖြင့် အရိပ်သည် ခရီးသွားနေသူနောက်သို့ အစဉ်တစိုက် လိုက်ပါနေသကဲ့သို့ပင်ဖြစ်၏။"[၁]

ရဟန်းတို့ လောကီချမ်းသာ၊ လောကုတ္တရာချမ်းသာကို အမိကလည်း လုပ်မပေးနိုင်၊ အဖကလည်း လုပ်မပေးနိုင်၊ အခြားဆွေမျိုးများကလည်း လုပ်မပေးနိုင်ကြ။ ကောင်းစွာ စောင့်ရှောက်ထားအပ်သော စိတ်ကသာ မိဘဆွေမျိုးတို့ထက် ပိုလွန်၍ ဘဝတိုင်းမှာ ချမ်းသာရအောင် ပြုလုပ်ပေးနိုင်၏။[၂]

## စိတ်၏တောင့်တမှု ပြည့်စုံခြင်း

"ရဟန်းတို့ ဤလောက၌ အချို့သောသူသည် ရဟန်းအားလည်းကောင်း၊ ပုဏ္ဏားအားလည်းကောင်း ထမင်း၊ အဖျော်၊ အဝတ်၊ ယာဉ်၊ ပန်း၊ နံ့သာ၊ နံ့သာပျောင်း၊ ကျောင်းအိပ်ရာ၊

၁။ ဓမ္မပဒပါဠိ - ၁၃ ၂။ ဓမ္မပဒပါဠိ - ၁၉

နေရာ၊ ဆီမီးကို ပေးလှူ၏။ ထိုသူသည် ပေးလှူသောဝတ္ထုကို တောင့်တ၏”။

ထိုသူသည် ကာမဂုဏ်ငါးပါးဖြင့် ပြည့်စုံစွာ ခံစားနေကြသော မင်းမျိုးသူဌေးကို လည်းကောင်း၊ ပုဏ္ဏားမျိုးသူဌေးကို လည်းကောင်း၊ သူကြွယ်မျိုးသူဌေးကို လည်းကောင်း တွေ့မြင်ရ၏။ ထိုသူမှာ ဤသို့ စိတ်အကြံဖြစ်၏။

“ငါသည် ခန္ဓာကိုယ် ပျက်စီး၍ သေလွန်ပြီးနောက်၌ မင်းမျိုး သူဌေးတို့၏ အပေါင်းအဖော်၊ ပုဏ္ဏားမျိုးသူဌေးတို့၏ အပေါင်းအဖော်၊ သူကြွယ်မျိုးအပေါင်းအဖော်အဖြစ်သို့ ရောက်ရပါမူ ကောင်းလေစွ” ဟု စိတ်အကြံဖြစ်၏။

ထိုသူသည် ထိုသူဌေးဖြစ်လိုသော စိတ်ကို ထား၏။ သူဌေးဖြစ်လိုသော စိတ်ကို အဓိဋ္ဌာန်၏၊ ထိုသူဌေးဖြစ်လိုသော စိတ်ကိုပွား၏။ ထိုသူ၏ သူဌေးဖြစ်လိုသောစိတ်သည် ယုတ်ညံ့သော ကာမဂုဏ်တရား၌ ညွတ်၏။ လွန်မြတ်သော မဂ်ဖိုလ်အလို့ငှါ မပွားများအပ်၊ ထိုသူ တောင့်တသော သူဌေးမျိုး၌ ဖြစ်ရ၏။ ထိုစကားကိုလည်း ကိုယ်ကျင့်သီလရှိသူအတွက်သာ ငါဘုရားဟောတော်မူ၏၊ ကိုယ်ကျင့်သီလ မရှိသူအတွက် ဟောတော်မူခြင်း မဟုတ်။

ရဟန်းတို့၊ စိတ်ဓာတ် သန့်ရှင်းဖြူစင်သောကြောင့် သီလရှိသောသူ၏ စိတ်တောင့်တမှုသည် ပြည့်စုံ၏။*

နတ်ချမ်းသာကို ခံစားလို၍ စာတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတဝသဝတ္တိနတ်ပြည်များသို့ ရောက်လိုပါက မိမိတောင့်တသော နတ်ပြည်များသို့ ရောက်ရှိနိုင်ပုံကိုလည်း မြတ်ဗုဒ္ဓက ဆက်လက် ဟောပြတော်မူခဲ့ပါသည်။ လူ့ချမ်းသာ၊ နတ်ချမ်းသာတို့ကို တောင့်တ၍ တောင့်တတိုင်း ပြည့်စုံရခြင်းသည် ငါးပါးသီလလုံခြုံပြီး စိတ်ဓာတ်အင်အား ပြည့်နေသောကြောင့်ဖြစ်ပါသည်။ ဤသို့ဆိုလျှင် **ဆုတောင်းတိုင်း ပြည့်စုံသလား၊ ဆုကို အဘယ်ပုဂ္ဂိုလ်က ပေးပါသနည်း** ဟူသော အမေး၏အဖြေကို ဖြေဆိုပြီး ဖြစ်သည်ဟု မှတ်ရပါမည်။

တစ်လောကလုံး၌ စိတ်သည် အခြေခံအကျဆုံး ဖြစ်သည်။ လောကမှာ စိတ်က ဦးဆောင်နေသည်။ စိတ်အင်အား ပြည့်စုံပါက စိတ်၏ တောင့်တချက်အားလုံး ပြည့်စုံလာသည်ဟု သဘောပေါက်ပါက မိမိဘဝအတွက် မိမိသည်သာ အားကိုးရာ အစစ်ဖြစ်သည်။ မိမိဘဝ ကြီးပွားရေးအတွက် သူတစ်ပါးကို အားမကိုးရဟူသော မြတ်ဗုဒ္ဓ၏ သင်ပြတော်မူချက်သည် လူသားများအတွက် တန်ဖိုးမဖြတ်နိုင်သော သင်ပြချက်အဖြစ် လူသား

---

* အင်္ဂုတ္တရပါဠိ တတိယတွဲ - ၇၁

တိုင်းလက်ခံသင့်ပါသည်။ ဤသင်ပြချက်ကို လက်ခံပါက ဘာသာ အတုအယောင်များအတွက် ဤလောက၌ နေရာရှိတော့မည် မဟုတ်ပါ။

မျက်မှောက်ခေတ် ဗုဒ္ဓဘာသာဝင်များသည် မိရိုးဖလာ ဗုဒ္ဓဘာသာဝင်များဖြစ်၍ အတုအယောင်ဘာသာများ မြန်မာ့မြေသို့ ဝင်ရောက်နေရာယူရတာ လွန်စွာ လွယ်ကူနေပါသည်။ မြန်မာတို့ကိုးကွယ်မှုကိစ္စ၌ လွန်စွာနိမ့်ကျသွားပါပြီ။ ဗုဒ္ဓရုပ်ပွားတော်ကိုထက် ဘိုးတော်ရုပ်၊ ဝိဇ္ဇာရုပ်၊ နတ်ရုပ်များကို ပို၍ ရိုသေနေကြတာ တွေ့ရပါသည်။ ထေရဝါဒဗုဒ္ဓဘာသာဝင် အမည်ခံနေပါလျက် မိမိနေအိမ်မှာ အရက်ပုလင်းများဖြင့် နတ်ကို ပူဇော်ပသထားသူ အရေအတွက်နည်းမည် မထင်ပါ။ ဤသို့ဖြစ်ရခြင်းမှာ မိမိတို့မှာရှိနေသော မြတ်ဗုဒ္ဓတရားတော်၏ တန်ဖိုးကို မသိသော မိဘလူကြီးများ အရေအတွက် ပိုများနေခြင်းကြောင့်သာဖြစ်ပါသည်။

ကိုယ်ကျင့်သီလနှင့် ပြည့်စုံပြီး စိတ်ဓာတ်အင်အားကောင်းနေသူမှာ စိတ်ထဲက တောင့်တချက်အားလုံး ပြည့်စုံသည်ဟုဆိုသဖြင့် ကိုယ်ကျင့်သီလရှိပြီး စိတ်ဓာတ်အင်အားပြည့်စုံနေသူဖြစ်ပါက မိမိအတွက်ဖြစ်စေ၊ သူတစ်ပါးအတွက်ဖြစ်စေ တောင့်တချက်များပြည့်သည်ဟုမှတ်ရပါမည်။

## အကုသိုလ်ကံအကျိုးပေးနေစဉ်ဆုတောင်းမပြည့်နိုင်

ဘုရားရှင် လက်ထက်တော်က ကောလိယမင်းသမီး သုပ္ပဝါသာသည် ကလေးမမွေးနိုင်သဖြင့် လွန်စွာဆင်းရဲဒုက္ခ ရောက်နေစဉ် "ဤသို့ သဘောရှိသော ငါခံစားနေရသော ဆင်းရဲမျိုးကို ဖယ်ရှားနိုင်စေရန် သတ္တဝါတို့အား တရားဟော ပြောတော်မူသော မြတ်စွာဘုရားသည် သိစရာအားလုံးကို ကိုယ်တော်တိုင်အမှန် သိမြင်တော်မူပါပေစွ။

ဤသို့ သဘောရှိသော ငါခံစားနေရသော ဆင်းရဲမျိုးကို ဖယ်ရှားနိုင်စေရန် လူ့ဘောင်ကို စွန့်ခွာ၍ တရားကျင့်နေ တော်မူသော ဘုရားရှင်၏ ထိုတပည့်သံဃာတော်သည် လွန်စွာ အကျင့်ကောင်းပါပေစွ၊ ဤငါခံစားနေရသော ဆင်းရဲမျိုး မရှိသော နိဗ္ဗာန်သည် အလွန့်အလွန် ချမ်းသာပါပေစွ" ဟု ဘုရားရှင်၏ ဂုဏ်တော်ကို လည်းကောင်း၊ သံဃာတော်များ၏ အကျင့်ကောင်း၊ အကျင့်မှန်ကန်ပုံကိုလည်းကောင်း၊ နိဗ္ဗာန်၏ ချမ်းသာပုံကိုလည်းကောင်း ခန့်မှန်းလျက် ကြည်ညိုစိတ်များ တဖွားဖွား ဖြစ်ပေါ်လာခဲ့ပါသည်။

ထိုသို့ စိတ်ထဲမှာ ဖြစ်ပေါ်နေပုံကို သူ့ယောက်ျားကို မြတ်ဗုဒ္ဓထံတော်သို့စေလွှတ်ပြီး မြတ်ဗုဒ္ဓအား လျှောက်ထား စေခဲ့ပါသည်။ ထိုအခါ မြတ်ဗုဒ္ဓက သဘာဝအတိုင်း လွယ်ကူစွာ

ကလေးမမွေးနိုင်အောင် ပိတ်ဆို့ထားသော အတိက်ကပြုလုပ်ခဲ့သော အကုသိုလ်ကံကို ဆင်ခြင်နှလုံးသွင်းတော်မူလျက် ကြည့်ရှုတော်မူပါသည်။

သုပ္ပဝါသာသည် ဘဝတစ်ခု၌ ဗာရာဏသီပြည့်ရှင်ဘုရင်ကြီး၏ မိဖုရားခေါင်ကြီးဖြစ်စဉ်က သူ၏သားက နိုင်ငံတစ်နိုင်ငံကို စစ်တိုက်ဖို့ပြင်ဆင်နေစဉ် လက်နက်ဖြင့်ဝင်မတိုက်ဘဲ လူများမသွားလာနိုင်အောင် အရပ်မျက်နှာအားလုံးကို ပိတ်ဆို့ထားရန် အကြံပေးခဲ့ဖူး၏။ သူမ၏သားက ယင်းအကြံကို လက်ခံပြီး ပိတ်ဆို့ရေးလုပ်ခဲ့ပါသည်။ ယင်းအကုသိုလ်ကံ အကျိုးပေးခြင်းကြောင့် သုပ္ပဝါသာသည် ကလေးမမွေးနိုင်ဘဲ ကြီးမားသော ဆင်းရဲဒုက္ခကို ခုနစ်ရက်တိတိ ခံစားနေခဲ့ရပါသည်။ သူမ၏ယောကျ်ားက မြတ်ဗုဒ္ဓအားလာရောက် လျှောက်ထားသောအခါ ယင်းအကုသိုလ်ကံ အကျိုးပေးချိန် ကုန်ဆုံးနေပြီးဖြစ်ပါသည်။

ထို့ကြောင့် မြတ်ဗုဒ္ဓက **"သုခိနီ ဟောတု သုပ္ပဝါသာ ကောလိယ ဓီတာ အရောဂါ၊ အရောဂံ ပုတ္တံ ဝိဇာယတု-** ကောလိယ မင်းသမီး သုပ္ပဝါသာသည် အနာရောဂါကင်းပြီး ချမ်းသာပါစေ၊ သားကို အနာရောဂါ ကင်းရှင်းစွာ မွေးဖွားနိုင်ပါစေ" ဟု နှုတ်တော်က ရွက်ဆိုပြီး မေတ္တာပို့သ ဇတော်မူပါ

သည်။ မြတ်ဗုဒ္ဓနုတ်တော်က မေတ္တာပို့ပြီးသည်နှင့်တစ်ပြိုင်နက် သုပ္ပဝါသာသည် လွယ်ကူစွာသားယောကျ်ားလေးကို မွေးဖွားခဲ့ပါ သည်။*

ဤဖြစ်ရပ်ကိုထောက်၍ လူတစ်ယောက်မှာ အကုသိုလ်ကံ အကျိုးပေး၍ ဆင်းရဲဒုက္ခရောက်နေစဉ် ယင်းဆင်းရဲဒုက္ခကို မြတ်ဗုဒ္ဓကိုယ်တော်တိုင် ဖယ်ရှားတော်မမူနိုင်။ အကုသိုလ်ကံ အကျိုးပေးချိန်မဟုတ်သောအခါ၌ မြတ်ဗုဒ္ဓနှင့်တကွ စိတ်ဓာတ် အင်အား ပြည့်စုံနေသူ မည်သူမဆို ဆုတောင်းအဓိဋ္ဌာန်ပါက တောင်းသည့်အတိုင်း ပြည့်စုံလာနိုင်သည်ဟုမှတ်ရပါမည်။

ယခုအခါ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးဖြစ်၍ ရုပ်ပွားတော်၊ စေတီတော်များကိုသာ ကိုးကွယ်နေရချိန် ဖြစ်ပါ သည်။ ရုပ်ပွားတော်၊ စေတီတော်များက ကိုးကွယ်သူတို့အား မည်သည့်ဆုကိုမျှ မပေးနိုင်ပေ။ ကိုးကွယ်သူကိုယ်တိုင် မိမိစိတ်မှာ သီလကိုလုံခြုံအောင် စောင့်ထိန်းလျက် စိတ်ဓာတ်အင်အား ပြည့်စုံနေအောင် ကြိုးစားထားရမည် ဖြစ်ပါသည်။ ထိုသို့ စိတ် ဓာတ်အင်အား ပြည့်စုံနေသောအခါ ရုပ်ပွါးတော်, စေတီတော် ရှေ့မှာဖြစ်စေ၊ ကွယ်ရာ၌ဖြစ်စေ ဆုတောင်းနိုင်ပါသည်။

---
* ဥဒါနပါဠိ - ၉၄

## ရုပ်ပွါးတော် စေတီတော် ကိုးကွယ်ရကျိုး

"အာနန္ဒာ လမ်းမလေးခွဆုံရာ၌ မြတ်စွာဘုရား၏ စေတီကို တည်ထားအပ်၏။ ထိုစေတီ၌ ပန်းကိုဖြစ်စေ၊ နံ့သာကို ဖြစ်စေ၊ နံ့သာမှုန့်ကိုဖြစ်စေ တင်မူလည်း တင်ကုန်လတ္တံ့၊ ရှိခိုးမူ လည်း ရှိခိုးကုန်လတ္တံ့၊ စိတ်ဖြင့်မူလည်း ကြည်ညိုကုန်လတ္တံ့၊ ထိုသို့ ပန်းစသည်ကို တင်ခြင်း၊ ရှိခိုးခြင်း၊ စိတ်ဖြင့်ကြည်ညိုခြင်းသည် ကြာမြင့်စွာသောကာလပတ်လုံး ထိုသူတို့အား စီးပွားချမ်းသာ အလို့ငှာ ဖြစ်လတ္တံ့။

အာနန္ဒာ၊ ပူဇော်အထူးကို ခံတော်မူထိုက်သော၊ အလုံးစုံ သော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာ ဘုရားကို စေတီတည်ထားထိုက်၏။ အာနန္ဒာ၊ အဘယ်အကျိုး ထူးကိုစွဲ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော၊ အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားကို စေတီတည်ထားထိုက်သနည်း။

အာနန္ဒာ၊ "ဤစေတီတော်သည် ပူဇော်အထူးကို ခံတော် မူထိုက်သော၊ အလုံးစုံသောတရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော် မူသော ထိုမြတ်စွာဘုရား၏ စေတီတော်ဖြစ်၏" ဟု လူအများတို့ စိတ်ဖြင့်ကြည်ညိုကုန်၏။ ထိုသူတို့သည် ထိုစေတီတော်၌ စိတ်ဖြင့်

ကြည်ညိုကြခြင်းကြောင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာနတ်ပြည်သို့ ရောက်ကြရကုန်၏*

အထက်ပါစကားရပ်တွင် စေတီတည်ထားကိုးကွယ်ရာ၌ ရည်ရွယ်ချက်ကို ထင်ရှားစွာတွေ့ရှိနိုင်ပါသည်။ စေတီတော်ကို တွေ့မြင်ရသောအခါ "ဒီစေတီတော်ဟာ ဘုရားရှင်ရဲ့ စေတီတော်ပဲ" ဟု သက်တော်ထင်ရှား မြတ်စွာဘုရားကို သတိရပြီး ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်များကို နှလုံးသွင်းပွားများပါက သဒ္ဓါတရား တိုးပွားလာမည်ဖြစ်ပါသည်။ ရုပ်ပွားတော်ကို ဖူးမြင်ရသောအခါ၌လည်း "ဒါဟာ သက်တော်ထင်ရှား မြတ်စွာဘုရား ရုပ်ပွားတော်ဖြစ်သည်" ဟု သက်တော်ထင်ရှားဘုရားရှင်ကို သတိရပြီး ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်များကို အာရုံပြုလျက် သဒ္ဓါတရား ပွားများရမည်ဖြစ်ပါသည်။ စေတီတော်ကို အုတ်ပုံ၊ ရုပ်ပွားတော်ကို အရုပ်ဟု သဘောမထားရပေ။ ပို၍ သဘောပေါက်အောင် စေတီလေးမျိုးကို ရှင်းပြဖို့လိုမည် ထင်ပါသည်။

## စေတီလေးမျိုး

ရဟန်း၊ ရှင်၊ လူတို့၏ စိတ်ထဲ၌ ရိုသေလေးစား အမြတ်တနိုးထားလျက် ကိုးကွယ်ရာဌာနကို "စေတိယ" ခေါ်၏။ မြန်မာတို့က "စေတီ" ဟု အတိုကောက်ခေါ်ကြ၏။ ထိုစေတီသည်

---
* သုတ်မဟာဝါပါဠိ - ၁၁၇/၁၁၈

အောက်ပါအတိုင်း လေးမျိုးရှိ၏ -

၁။ **ဓာတုစေတီ**= မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်ပြီးနောက် ကြွင်းကျန်ခဲ့သော အရိုးဓာတ်တော်များကို "ဓာတုစေတီ" ခေါ်၏။

၂။ **ဓမ္မစေတီ** = မြတ်စွာဘုရား၏ တရားတော် ပိဋကတ်တော်များကို "ဓမ္မစေတီ" ခေါ်၏။

၃။ **ဥဒ္ဒိဿစေတီ** = သက်တော်ထင်ရှား မြတ်စွာဘုရားကို ရည်မှန်း၍ ထုလုပ်ထားသော ရုပ်တော်မူ၊ ထိုင်တော်မူ၊ လျောင်းတော်မူ ရုပ်ပွား၊ ရုပ်တုတော်တို့ကို "ဥဒ္ဒိဿစေတီ" ခေါ်၏။

၄။ **ပရိဘောဂစေတီ** = မြတ်စွာဘုရား၏ အသုံးအဆောင်တောများဖြစ်သော သပိတ်၊ သင်္ကန်း၊ ရေစစ်၊ ဗောဓိပင်စသည်တို့ကို "ပရိဘောဂစေတီ" ခေါ်၏။

အဆိုပါ စေတီတော်တို့ကို ကိုးကွယ်ရခြင်းသည် သက်တော်ထင်ရှား မြတ်စွာဘုရားကိုအထိ အာရုံပြုနိုင်ဖို့ ကိုးကွယ်ခြင်းသာဖြစ်ပါသည်။ မိဘဘိုးဘွားများ၏ ဓာတ်ပုံကို တွေ့မြင်ရသောအခါ အသက်ရှိစဉ်က မိဘဘိုးဘွားများ၏

ဂုဏ်ကျေးဇူးများကို သတိရလာသကဲ့သို့ အဆိုပါ စေတီတော်တို့ ကို ဖူးမြင်သောအခါ သက်တော်ထင်ရှား ဘုရားရှင်၏ ဂုဏ် ကျေးဇူးကိုသတိရပြီး ကြည်ညိုလေးစား စိတ်များ ဖြစ်ပေါ်လာပြီး နှစ်သက်ဝမ်းမြောက်မှု ပီတိဖြစ်ပေါ်လာသည်အထိ ဆင်ခြင် ပွားများရမည် ဖြစ်ပါသည်။

သက်တော်ထင်ရှားမြတ်စွာဘုရားကို ရိုသေလေးစား သကဲ့သို့ ရုပ်ပွားတော်နှင့်စေတီတော်များကိုလည်း အလားတူပင် ကြည်ညိုလေးစားရမည်ဖြစ်ပါသည်။ သို့ပါ၍ အချို့ နိဗ္ဗာန် ကုန်ဆိုင်များ၌ လူသွားလမ်းနားမှာကပ်လျက် ရုပ်ပွါးတော်များ ကို ထားရှိခြင်း၊ လူအဝင်အထွက် တံခါးဝ၌ ထားရှိခြင်း၊ အမိုး အကာမဲ့ မိုးထဲလေထဲနေရာ၌ ထားရှိခြင်းစသည်တို့ကို လမ်းသွား ရင်း တွေ့မြင်နေရပါသည်။

ထိုသို့ ထားရှိခြင်းသည် ဗုဒ္ဓအဂါရဝဖြစ်၍ အပြစ်ရှိပါ သည်။ အချို့က "အနေကဇာမတင်ရသေး၍ အပြစ်မရှိ" ဟု ပြောပါသည်၊ သက်တော်ထင်ရှား ဘုရားပုံတော်ကို မှန်းလျက် ထုလုပ်ထားသော ရုပ်တုတော်ဖြစ်၍ အနေကဇာတင်၊ မတင် မဆိုင်ပေ။ ရုပ်ပွားတော်သည် ရုပ်ပွားတော်သာ ဖြစ်ပါသည်၊ မိမိ၏ မိဘခတ်ပုံနှင့် မိမိ၏ခတ်ပုံကို အဆိုပါနေရာမျိုး၌ တစ်ဦးတစ်ယောက်ကထားပါက မိမိစိတ်ထဲ၌ မည်သို့ရှိနေပါ

မည်နည်း။

ရုပ်ပွားတော်များကို ကန့်လန့်ကာ ကာလျက် သီးခြားထားသင့်ပါသည်။ အလုပ်သမားများက သီးသန့်တစ်နေရာ၌ နေသင့်ပါသည်။ ရုပ်ပွားတော်များအလယ်၌ စားပွဲခုံ၊ ကုလားထိုင်များကို ချထားပြီး လူက ကုလားထိုင်ပေါ်က ခြေထောက်တွဲထိုင်လျက် ဘုရားရုပ်ပွားတော်က အောက်မှာ ရောက်နေခြင်းသည် လုံးဝ မသင့်လျော်လှပါ။

ရုပ်ပွားတော်၊ စေတီတော်များကို အရုပ်လို သဘောထားလျက် မလေးမစားပြုလုပ်ပါက သက်တော်ထင်ရှား မြတ်စွာဘုရားကို မရိုသေမလေးစား၍ ရရှိသောအပြစ်နှင့် ထပ်တူပင်ဖြစ်ပါသည်။ သက်တော်ထင်ရှား မြတ်စွာဘုရားကို ကြည်ညိုလေးစား၍ ရရှိသောအကျိုးနှင့် ရုပ်ပွားတော်၊ စေတီတော်ကို ကြည်ညိုလေးစား၍ ရရှိသောအကျိုးတရား တူညီကြောင်း အောက်ပါအတိုင်း မိန့်ကြားထားပါသည်။

**တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊ သမေ စိတ္တေ သမံ ဖလံ။**
**စေတောပဏိဓိ ဟေတု ဟိ၊ သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။***

**မြန်မာ။** သက်တော်ထင်ရှား မြတ်စွာဘုရား၌လည်းကောင်း၊ ပရိနိဗ္ဗာန်စံဝင်တော်မူပြီးသော မြတ်စွာဘုရား၌ လည်း

---
* ဝိမာနဝတ္ထုပါဠိ - ၆၆

ကောင်း ကြည်ညိုစိတ်၊ ပြစ်မှားစိတ် တူညီသည်ရှိသော် အကျိုးပေး တူညီ၏။ စိတ်ကို ကောင်းစွာထားခြင်းဟူသော အကြောင်း ကြောင့် သတ္တဝါတို့သည် ကောင်းသော လားရာသုဂတိသို့ သွားကြရ၏။

## သာသနာတော် ကွယ်ပျောက်ကြောင်းတရားများ

သာသနာတော် ကွယ်ပျောက်ရုံသာမက မိမိမှာ အန္တရာယ်မဖြစ်အောင် ဘုရားကို ကိုးကွယ်တတ်ဖို့နေထိုင်တတ်ဖို့ လိုပါသည် သို့ပါ၍ အောက်ပါ မြတ်ဗုဒ္ဓစကားတော်များကို ဆက်လက်လေ့လာ စေလိုပါသည်။

"ကိမိလ ဤလောက၌ ငါဘုရား ပရိနိဗ္ဗာန်စံတော်မူ သည်ရှိသော် ရဟန်း၊ ရဟန်းမ၊ ဥပါသကာ၊ ဥပါသိကာမတို့သည်၊

၁။ မြတ်စွာဘုရား၌ မရိုသေ၊ မတုပ်ဝပ်မူ၍ နေကြ၏။

၂။ တရားတော်၌ မရိုသေ၊ မတုပ်ဝပ်မူ၍ နေကြ၏။

၃။ သံဃာတော်၌ မရိုသေ၊ မတုပ်ဝပ်မူ၍ နေကြ၏။

၄။ အကျင့်သိက္ခာ၌ မရိုသေ၊ မတုပ်ဝပ်မူ၍ နေကြ၏။

၅။ စိတ်တည်ကြည်မှု သမာဓိ၌မရိုသေ၊ မတုပ်ဝပ်မူ၍ နေကြ၏။

၆။ ကုသိုလ်တရား၌ မမေ့လျော့မှု အပ္ပမာဒတရား၌ မရိုသေ၊ မတုပ်ဝပ်မူ၍ နေကြ၏။

၇။ အစေ့အစပ် ပြုမှုပဋိသန္ထာရ၌ မရိုသေ၊ မတုပ်ဝပ်မူ၍ နေကြ၏။

ကိမိလ၊ ငါဘုရား ပရိနိဗ္ဗာန်စံတော်မူသည်ရှိသော် သာသနာတော်ကြာမြင့်စွာမတည်ခြင်း၏ အကြောင်းအထောက် အပံ့ကား ဤသည်ပင်တည်း။*

ရုပ်ပွားတော်၊ စေတီတော်များကို ကိုးကွယ်ရာ၌ သက်တော်ထင်ရှား မြတ်စွာဘုရားကို ရိုသေလေးစားသကဲ့သို့ ရိုသေလေးစားစွာ ကိုးကွယ်ရမည်ဖြစ်ပါသည်။ မြတ်စွာဘုရားသည် လူနှင့်ရောနှောလျက် သီတင်းသုံးနေထိုင်တော်မမူဘဲ တောအရပ်၊ လူသံ၊ ရှင်သံ တိတ်ဆိတ်သော ဆိတ်ငြိမ်ရာအရပ်တို့၌သာ သီတင်းသုံးနေထိုင်တော်မူပါသည်။ ဤနည်းကို အတုယူ၍ ရုပ်ပွားတော်, စေတီတော်တည်ရာ၌လည်း လူနေရပ်ကွက် ကျေးရွာထဲ၌ မတည်သင့်ပါ။ ရွာဦး၊ ရွာထိပ် မနီးလွန်း၊ မဝေးလွန်းသောအရပ်၌သာ တည်ထားကိုးကွယ်သင့်ပါသည်။ မြတ်စွာဘုရားက လမ်းမ၊ လမ်းဆုံနေရာ၌ တည်ထားရန် မိန့်ကြားတော်မူခဲ့သော်လည်း လူသွားလမ်းနှင့်ကပ်လျက် မတည်သင့်ပါ။ လူသွားလမ်းမှမြင်သာသော တော၊ တောင်အရပ်၊ တောင်ကုန်းအရပ်များ၌သာ တည်ထားသင့်ပါသည်။

---

*အင်္ဂုတ္တရပါဠိ ဒုတိယတွဲ - ၄၆၀

သီးခြား အုတ်တံတိုင်း၊ ခြံစည်းရိုး သတ်မှတ်ကာရံ ပေးသင့်ပါသည်။ ရုပ်ပွါးတော်၊ စေတီတော်တည်ရာ ပတ်ဝန်း ကျင်၌ စိမ်းစိမ်းစိုစိုရှိစေရန် ကံ့ကော်၊ ခရေပင်စသော သစ်ပင် များကို စိုက်ပျိုးပေးထားသင့်ပါသည်။ အခြားပန်းမျိုးစုံ သစ်ပင် များကိုလည်း စိုက်ပျိုးပေးထားသင့်ပါသည်။ ရုပ်ပွားတော်၊ စေတီ တော်တည်ရာ ပတ်ဝန်းကျင်သည် ဖူးမြင်ရသူတို့၏ စိတ်ထဲမှာ ငြိမ်းချမ်းသာယာမှုကို ခံစားနိုင်လောက်အောင် ပြုပြင် စီမံ ထားသင့်ပါသည်။ ခေတ်အခြေအနေအရ မွမ်းမံခြင်းထက် ဗုဒ္ဓသာသနာတော်၏ ထူးခြားချက်များ ပေါ်လွင်အောင် စီမံ တတ်ဖို့ လိုပါသည်။ ဤအချက်သည် ဘုရားတည်သူတိုင်း၊ ဘုရားကို စောင့်ရှောက်နေသူတိုင်း သတိပြုရမည့်အချက် ဖြစ်ပါသည်။

မိမိအိမ်၌ ရုပ်ပွားတော်များကို ကိုးကွယ်လိုပါကလည်း အိမ်ဦးခန်း၌ ဘုရားခန်း၊ ဘုရားကျောင်းဆောင်ဖြင့် သီးခြား ကိုးကွယ်သင့်ပါသည်။ ဘုရားကျောင်းဆောင်သည် အိမ်သား များနေထိုင်သည့် နေရာထက်မြင့်သောနေရာ ဖြစ်ရပါမည်၊ အိမ်သားများ မမြင်သာအောင် ခန်းစီး၊ ကန့်လန့်ကာ၊ မျက်နှာ ကျက်ဖြင့်လုံခြုံအောင် သပ်ရပ်စွာထား ရှိရပါမည်။ ဘုရားခန်း၊ ဘုရားကျောင်းဆောင်၌ မည်သည့်ပစ္စည်းကိုမျှ မထားသင့်ပါ။ သန့်ရှင်းအောင်စီမံထားရပါမည်။

ဆွမ်းတော်များ သစ်သီးများကပ်ရာ၌လည်း သန့်သန့် ရှင်းရှင်းဖြစ်အောင် စီမံ၍ ကပ်သင့်ပါသည်။ နေလွဲချိန်အထိ ကပ်မထားရပါ။ နေလွဲချိန် မရောက်မီ အကုန် သိမ်းဆည်းထား ရပါမည်။ ဘုရားသောက်တော်ရေကိုလည်း သန့်ရှင်းစွာ စီမံထား ရပါမည်။ ရေရှိလျှင် ပြီးတာပဲဟု သဘောထားလျက် ရက်ရှည်လ များ မထားသင့်ပါ။ ဘုရားပန်းကိုလည်း ခြောက်သွေ့နေသည် အထိ မထားသင့်ပါ။ မကြာခဏ ပန်းလဲပေးရပါမည်။ ဘုရား ကျောင်းဆောင်၌ ဘုရားရုပ်ပွါးတော်မှတစ်ပါး အခြား ဘိုးတော်၊ မယ်တော်၊ ဝိဇ္ဇာ၊ နတ်ရုပ်စသည်တို့ကို လုံးဝမထားရပါ။ အဆိုပါ ရုပ်များကို ကိုးကွယ်လိုပါက တစ်နေရာမှာ သီးခြားထားပြီး ကိုးကွယ်ရမည်။

ရုပ်ပွါးတော်၊ စေတီတော်များကို စတင်တွေ့ရှိ ဖူးမြင်ရရာ နေရာမှစ၍ အဂါရဝမဖြစ်ရအောင် ထီးမဆောင်းရ၊ ဖိနပ်ချွတ်ရမည်၊ ရေမချိုးရ၊ ကျင်ကြီး၊ ကျင်ငယ်မစွန့်ရ၊ ရုပ်ပွား တော်၊ စေတီတော်များ ရှေ့သို့ သွားသောအခါ လက်အုပ်ချီလျက် ရိုသေကျိုးနွံစွာသွားရမည်။ ရုပ်ပွားတော်, စေတီတော်ရှေ့၌ ရိုသေစွာထိုင်ရမည်၊ သက်တော်ထင်ရှား ဘုရားရှင် ရှေ့တော်၌ ကဲ့သို့ မပြောသင့်သော စကားကိုမပြောရပါ။ ရုပ်ပွားတော်, စေတီတော်ရှေ့မှာ ဒူးထောင်၊ ပေါင်ကား၊ အလျားမှောက်

စသည်ဖြင့် မရှိမသေ မထိုင်ရ၊ မနေရပါ။ ယခုဖော်ပြခဲ့သော အကြောင်းအရာများသည် စာရေးသူ ဖြစ်စေချင်သည်ကို ရေးနေခြင်းမဟုတ်၊ ပါဠိတော်အဋ္ဌကထာလာ စကားရပ်တို့ကို မြန်မာလိုရေးပြခြင်းသာ ဖြစ်ပါသည်။ ရုပ်ပွားတော်များကို အရုပ်လိုသဘောထားပြီး မရှိမသေ ပြုလုပ်ပါက သက်တော်ထင်ရှားမြတ်စွာဘုရားကို ပြစ်မှားသော အပြစ်နှင့်ထပ်တူပဲ ဖြစ်သည်ဟု အထက်က ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

ကမ္ဘာ့နိုင်ငံအချို့၌ ရှေးအခါက ဗုဒ္ဓသာသနာတော် ထွန်းကားခဲ့ပြီးနောက်ပိုင်း ဗုဒ္ဓသာသနာတော် ကွယ်သွားခဲ့၏။ ဗုဒ္ဓသာသနာတော် ကွယ်သွားသော်လည်း ယင်းနိုင်ငံများ၌ မြတ်ဗုဒ္ဓရုပ်ပွားတော်များ၊ စေတီ ပုထိုးများရှိနေခဲ့ကြပါသည်။ ယင်းရုပ်ပွားတော်၊စေတီများ၌ ပြစ်မှားစော်ကားခဲ့ပါက ပြစ်မှားသူများမှာ အမှန်မုချ ဒုက္ခရောက်ကြရမှာ ဖြစ်ပါသည်။

ယနေ့ ကမ္ဘာ့နိုင်ငံများ၌ ရာသီဥတု ဖောက်ပြန်ခြင်း၊ မြေငလျင်လှုပ်ခြင်း၊ မီးတောင် ပေါက်ကွဲခြင်း၊ လေမုန်တိုင်း တိုက်ခတ်ခြင်း၊ ရေကြီးခြင်း စသော သဘာဝဘေးအန္တရာယ်များ ကျရောက်နေကြသည်ကို တွေ့ရှိရပါသည်။ ထိုသို့ သဘာဝဘေး အန္တရာယ်များ ကျရောက်သော နိုင်ငံများတွင် ရှေးအခါက ဗုဒ္ဓသာသနာတော်ထွန်းကားခဲ့သောနိုင်ငံများ၌ ပို၍ သဘာဝ

အန္တရာယ်ကျရောက်မှုများ နေသည်ကို တွေ့ရှိရပါသည်။ ထိုသို့ ကျရောက်ရခြင်းသည် ဗုဒ္ဓရုပ်ပွားတော်နှင့် စေတီတော်များကို ပြစ်မှားခြင်းကြောင့် ဖြစ်ရသည်ဟုဆိုပါက မှားမည် မထင်ပေ။

ဤနေရာ၌ မပြစ်မှားသင့်သူများကို ပြစ်မှားပါက ဒဏ် (၁၀)ပါး သင့်ရောက်ပုံကို ရေးသင့်ပါသည်။ သို့သော် ကျမ်းစာအုပ်ကြီး နေမည်စိုး၍ မရေးနိုင်တော့ပါ။ ဖတ်လိုပါက ဗုဒ္ဓ၏အောင်မြင်ရေးနည်းလမ်း ပထမတွဲ စာအုပ်မှာ ရှာဖတ်ပါလေ။

# အခန်း ( ၃ )

# ဘုရားဂေါပကလူကြီးတိုင်း သတိထားစရာ

လူသားများ၏ ဘာသာတရား ကိုးကွယ်ပုံကို လေ့လာကြည့်လျှင် စိတ်ပျက်စရာ အများကြီးတွေ့မြင်နေရပါသည်။ ဗုဒ္ဓဘာသာကိုးကွယ်မှုသည် မြတ်ဗုဒ္ဓအလိုတော်အတိုင်း ပြန့်ပွားမနေဘဲ ပုထုဇဉ်လူသားများ ဖြစ်ချင်သည့်အတိုင်းသာ ပြန့်ပွားနေသည် ကိုတွေ့မြင်နေရပါသည်။ တွေ့မြင်ရတိုင်းကို ရေးမည်ဆိုပါက ရေး၍ပင်ကုန်နိုင်မည် မထင်ပါ။ အရေးကြီးသောကိစ္စအချို့ကိုသာရေးပါမည်။ ဘုရားကို စောင့်ရှောက်နေကြသောဂေါပကလူကြီးတိုင်း သတိထားစရာနှစ်ချက် တွေ့ရပါသည်။ အလှူငွေရှာဖွေခြင်းနှင့် ဇာတ်ပျော်ပွဲ ရှင်ပွဲများ ကျင်းပခြင်းကိစ္စပင် ဖြစ်ပါသည်။ အလှူငွေရှာဖွေရာ၌ အလှူရှင်များ၏ကိုယ်ပိုင်အသိဉာဏ်ဖြင့် ဆုံးဖြတ်၍ လှူဒါန်းသည့် အလှူပစ္စည်းများဖြစ်အောင် စီမံပေးနိုင်ဖို့လိုပါသည်။

## ကာမကုသိုလ် စိတ်ရှစ်မျိုး

အဘိဓမ္မာသည် သတ္တဝါတို့၏ အခြေအနေကို ကြည့်၍ဟောတော်မူသော တရားတော်မျိုးမဟုတ်ပေ။ လောက၌ အမှန်တကယ်ရှိနေသော သဘာဝတရားများကို တိတိကျကျ ဖော်ထုတ်

ဟောပြထားသော တရားတော်မျိုးသာဖြစ်ပါသည်။ လူသားများ နေထိုင်ရာ ဤလူ့ဘုံ ဒေသသည် ကာမတဏှာဖြင့် ဖွဲ့စည်း ဖြစ်ပေါ်နေသော ကာမဘုံ ဖြစ်ပါသည်။ဤကာမဘုံ၌ဖြစ်ပေါ်နေ သော သတ္တဝါကိုကား ကာမသတ္တဝါ ခေါ်ပါသည်။လူသားများ သည် ကာမသတ္တဝါများတွင် အကျုံးဝင်သော သတ္တဝါမျိုးဖြစ် ပါသည်။

ကာမသတ္တဝါများသန္တာန်၌ ဖြစ်ပေါ်နေသော စိတ်ကို ကာမစိတ်ခေါ်ပါသည်။ ယင်းကာမစိတ်တွင် ကောင်းသော စေတနာကိုအခြေခံ၍ ကာမသတ္တဝါများ ပြုလုပ်ကြသော ကုသိုလ်စိတ်ကို ကာမကုသိုလ်စိတ် ခေါ်ပါသည်။ ယင်း ကာမ ကုသိုလ်သည် အောက်ပါအတိုင်း ရှစ်မျိုးကွဲပြားပါသည်။

၁။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်၊

၂။ သောမနဿသဟဂုတ်ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ်၊

၃။ သောမနဿသဟဂုတ်ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်၊

၄။ သောမနဿသဟဂုတ်ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ်၊

၅။ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်၊
၆။ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ်၊
၇။ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်၊
၈။ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ်၊

**ဝေါဟာရရှင်းလင်းချက်**

၁။ ဒါနစသော ကုသိုလ်ကိုပြုလုပ်ရာ၌ နှစ်သက်ဝမ်းမြောက်မှုရှိပြီး ရွှင်ရွှင်ပြပြ ပြုံးပြုံးရယ်ရယ်ဖြင့် ပြုလုပ်သော ကုသိုလ်ကို သောမနဿသဟဂုတ်စိတ်ဟုခေါ်ပါသည်။

၂။ နှစ်သက်ဝမ်းမြောက်မှု ရွှင်ပြပြုံးရယ်မှု မရှိဘဲ တွေ့ကြုံသော အာရုံမှန်သမျှကို လျှစ်လျူရှုကာ တည်ငြိမ်သောကုသိုလ် အမူအရာဖြင့် ပြုလုပ်သောကုသိုလ်ကို ဥပေက္ခာသဟဂုတ်စိတ်ဟုခေါ်ပါသည်။

၃။ မိမိခန္ဓာကိုယ်နှင့် ပစ္စည်း၏ မမြဲခြင်း အနိစ္စသဘော၊ ဆင်းရဲခြင်း ဒုက္ခသဘော၊ အစိုးမရခြင်း အနတ္တသဘောကို သိမြင်လျက် ဒါန၊ သီလ စသော ကုသိုလ်ကို ပြုလုပ်ပါက အမှန်တကယ် အကျိုးဖြစ်ထွန်းနိုင်၏ဟု ကံ၊ ကံ၏အကျိုးကို ယုံကြည်ခြင်းကြောင့် ပြုလုပ်သော ကုသိုလ်ကို အသိဉာဏ်နှင့်ယှဉ်တွဲဖြစ်သော ဉာဏသမ္ပယုတ် ကုသိုလ်ဟု ခေါ်ပါသည်။

၄။ ကိုယ်ပိုင်အသိဉာဏ်ဖြင့် ဝေဖန် ပိုင်းခြားနိုင်မှု မရှိဘဲ မိဘဆွေမျိုးတို့၏ အပြုအမူကို မြင်ရ၍ အတုယူပြုလုပ်သော ကလေးသူငယ်များ၏ ကုသိုလ်စိတ်မျိုးကိုလည်းကောင်း၊ ကံ၊ ကံ၏ အကျိုးကို မယုံကြည်ဘဲ အမျိုးသား ယဉ်ကျေးမှု ထုံးထမ်းစဉ်လာ အရပြုလုပ်သော ကုသိုလ်ကို လည်းကောင်း၊ အသိဉာဏ်မပါသော ဉာဏဝိပ္ပယုတ် ကုသိုလ်ခေါ်၏။

၅။ သူတစ်ပါးတိုက်တွန်းအကြံပေးမှု လာရောက် အလှူခံမှုမပါဘဲ မိမိကိုယ်တိုင် တက်ကြွနိုးကြား နေသောစိတ်ဖြင့် ပြုလုပ်သော ကုသိုလ်ကို အသင်္ခါရိကကုသိုလ်ခေါ်ပါသည်။

၆။ သူတစ်ပါး တိုက်တွန်းအကြံပေးမှုကြောင့်ဖြစ်စေ လာရောက်အလှူခံ၍ဖြစ်စေ မလှူချင်၊ မပြုလုပ်ချင်ဘဲပြုလုပ်ရသော ကုသိုလ်ကို သသင်္ခါရိက ကုသိုလ် ခေါ်ပါသည်။

အထက်က ဖော်ပြခဲ့သော ကာမကုသိုလ်စိတ် ရှစ်မျိုးတွင် သောမနဿသဟဂုတ်၊ ဉာဏသမ္ပယုတ်၊ အသင်္ခါရိက ကုသိုလ် စိတ်သည် အကောင်းဆုံးကုသိုလ်ဖြစ်ပါသည်။ အထက်ပါ ကာမကုသိုလ်ရှစ်မျိုးကို လေ့လာကြည့်ပါက မြတ်ဗုဒ္ဓသည် ဘေးပယောဂမပါဘဲ ကိုယ်ပိုင်အသိဉာဏ်ဖြင့် ရွေးချယ်လျက်ပြုလုပ်သော ကုသိုလ်မျိုးကိုသာ အားပေးတော်မူကြောင်း တွေ့ရှိရပါသည်။ ကုသိုလ်ကိုပြုလုပ်ရာ၌ ကိုယ်ပိုင်အသိဉာဏ်ဖြင့် ရွေးချယ်ပြုလုပ်မှုကိုအားပေးတော်မူခြင်းဖြင့် လူသားတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်၊ ကိုယ်ပိုင်ရွေးချယ်ခွင့်၊ ကိုယ်ပိုင် လွတ်လပ်ခွင့်ကို အားပေးတော်မူကြောင်း ထင်ရှားပါသည်။ ဤအချက်သည် ဂေါပကလူကြီးတိုင်း ကျောင်းတိုက်အသီးသီး၌ ဝေယျာဝစ္စဆောင်ရွက်နေကြသော လူသားတိုင်း သတိထားရမည့်အချက် ဖြစ်ပါသည်။

ဘုရားတည်ရန်၊ သို့မဟုတ် ဘုရားပြုပြင်ရန် အလှူငွေရှာဖွေရာ၌ မြတ်ဗုဒ္ဓ နှစ်သက်မှုတော်မမူသောနည်းဖြင့်၊

တစ်နည်းပြောရလျှင် ဗုဒ္ဓသာသနာတော်၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသော နည်းလမ်းဖြင့် အလှူငွေ မရှာမိစေရန် အထူး သတိထား ရှောင်ကြဉ်သင့်ကြပါသည်။ ဒါနကုသိုလ်တစ်ခုခု ပြုလုပ်တောမည့်ဆိုလျှင် အလှူရှင်မှာ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးအပေါ်၌ မိမိအသိဉာဏ်ဖြင့် ပိုင်းခြားဝေဖန် လျက် အမှန်တကယ် သက်ဝင်ယုံကြည်မှု သဒ္ဓါတရားရှိဖို့ လိုပါသည်။ မိမိစွန့်လွှတ် လှူဒါန်းမည့်လှူဖွယ် ပစ္စည်းများက လည်း တရားသဖြင့် ရှာဖွေ၍ရရှိထားသော ပစ္စည်းမျိုး ဖြစ်ရ ပါမည်။

မိမိတရားသဖြင့်ရှာဖွေထားသော ပစ္စည်းကို ရတနာ သုံးပါးအပေါ်၌ အမှန်တကယ်သက်ဝင်ယုံကြည်သော သဒ္ဓါ တရားမျိုးဖြင့် စွန့်လွှတ်လှူဒါန်းနိုင်ပါမှ အလှူရှင်မှာ အကျိုး များစွာ ဖြစ်ထွန်းနိုင်ပါသည်။ ယင်းအဓိပ္ပာယ်ကို မြတ်ဗုဒ္ဓက **"ဓမ္မေန လဒ္ဓံ သုပသန္န စိတ္တော"** ဟူသော စကားဖြင့် ရည် ညွှန်း မိန့်ကြားတော်မူပါသည်။ ဤမိန့်ကြားတော်မူချက်အရ မိမိအသိဉာဏ်ဖြင့် ဘုရားရှင်ကို ကြည်ညိုလေးစား၍လှူသော အလှူငွေ မဟုတ်သော်လည်းကောင်း၊ ယင်းအလှူငွေသည် တရားသဖြင့် ရှာဖွေရရှိထားသော ပစ္စည်းမဟုတ်လျှင်သော် လည်းကောင်း မြတ်ဗုဒ္ဓ နှစ်သက်တော်မမူကြောင်း ထင်ရှား ပါသည်။

* ဥပရိပဏ္ဏာသပါဠိ - ၃၀၀

## မောဃပုရိသ ခေါ်တော်မူခြင်း

မြတ်ဗုဒ္ဓသည် တောင်းရမ်းခြင်းကို လွန်စွာ စက်ဆုပ်တော်မူပါသည်၊ မြတ်ဗုဒ္ဓသည် သာသနာတော်ကို တည်ထောင်တော်မူရာ၌ မူလက လူတို့၏ အိမ်ရှေ့၌ မတ်တတ်ရပ်လျက် ဆွမ်းခံစားခြင်းကိစ္စတစ်ခုကိုသာ ခွင့်ပြုတော်မူခဲ့ပါသည်၊ ဆွမ်းခံရာ၌လည်း ဆွမ်းလောင်းပါ၊ ဟင်းကောင်းကောင်းလှူပါဟု နှုတ်ဖြင့်တောင်းရမ်းခြင်းကို ခွင့်ပြုတော်မမူခဲ့ပါ၊ အိမ်ရှေ့၌ မတ်တတ်ရပ်နေစဉ် လှူဒါန်းပါက အလှူခံခွင့်ရှိပါသည်၊ မလှူပါကအခြား တစ်အိမ်သို့သွားလျက် မတ်တတ်ရပ်နေရပါသည်။

လူတို့စွန့်ပစ်သော အဝတ်ကို ကောက်ယူ၍ ကိုယ်တိုင်ချုပ်ဆိုးဝတ်ရသော ပံသုကူသင်္ကန်းကိုသာ ဝတ်ရုံရပါသည်။ ဝါတော် (၂၀) ရှိလာသောအခါမှသာ သမားတော်ကြီးဇီဝက လျှောက်ထား တောင်းပန်ခြင်းကြောင့် ဒကာ၊ ဒကာမများလှူဒါန်းသောသင်္ကန်းကို ဝတ်ရုံခွင့် ပြုတော်မူခဲ့ပါသည်။ ကျောင်းအဖြစ်အရိပ်အာဝါသကောင်းသော သစ်ပင်အောက်ကိုသာ ခွင့်ပြုတော်မူခဲ့ပါသည်။ ဆေးကိုလည်း နွားကျင်ငယ်ဆေးကိုသာ မှီဝဲရန်ခွင့်ပြုတော်မူခဲ့ပါသည်။ ဤသို့ အမှီကင်းလျက် မိမိကိုသာအားကိုးပြီး သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်စေတော်မူခဲ့ပါသည်။ နောက်ပိုင်း၌ ဒကာ၊ ဒကာမများ၏ ခွင့်တောင်း

လျှောက်ထားမှုကြောင့် ဒကာ၊ ဒကာမများက မိမိစေတနာ အားလျော်စွာ လှူဒါန်းလာပါက လက်ခံသုံးစွဲဖို့ရန် ခွင့်ချက်ဖြင့် ခွင့်ပြုတော်မူခဲ့ပါသည်။ တောင်းရမ်းခြင်းကို စက်ဆုပ်တော်မူ ကြောင်း အောက်ပါအကြောင်းအရာကိုထောက်၍ ထင်ရှားပါ သည်။

မြတ်ဗုဒ္ဓသည် ငှက်များ၏ သဘာဝစိတ်ဓာတ်ကို ထောက်ပြတော်မူလျက် ရဟန်းတော်များသည် ဒကာ၊ ဒကာမ များထံ၌ မတောင်းရမ်းဖို့ရန် ပညာပေး ဆုံးမတော်မူခဲ့ပါသည်။

မြတ်ဗုဒ္ဓ သက်တော်ထင်ရှားရှိစဉ်က ရဟန်းတော် တစ်ပါးသည် ဟိမဝန္တာတောင်နံပါး၌ တောအုပ်တစ်ခုမှာ သီတင်းသုံး နေထိုင်တော်မူပါသည်။ ထိုတောအုပ်အနီး၌ ကြီးမား သော ညွန်အိုင်တစ်ခု ရှိပါသည်။ များလှစွာသော ငှက်အုပ်ကြီး သည် ထိုညွန်အိုင်၌ တစ်နေ့ပတ်လုံး ကျက်စားလှည့်လည်၍ ညနေချိန်၌ ထိုရဟန်းတော် သီတင်းသုံးရာ တောအုပ်သို့ သွားလျက် ညအိပ်ကြပါသည်။ ရဟန်းတော်သည် ငှက်များ၏ ဆူညံသံကြောင့် နေ့ရောညပါ တရားနှလုံးသွင်း၍ မရနိုင်ဘဲ ဖြစ်နေပါသည်။

တစ်နေ့သောအခါ မြတ်ဗုဒ္ဓကို ဖူးမြင်ရန်သွားသော အခါ မြတ်ဗုဒ္ဓအား ထိုအကြောင်းအရာကို လျှောက်ထား

ပါသည်။ မြတ်ဗုဒ္ဓက ထိုငှက်များ မရှိသည်ကိုလိုလားသလားဟု မေးမြန်းတော်မူသောအခါ မရှိသည်ကိုလိုလားပါသည်ဟု လျှောက်ထားပါသည်။ ထို့ကြောင့် မြတ်ဗုဒ္ဓသည် ထိုရဟန်းတော်အား စာပိုဒ်တစ်ပိုဒ်ကို သင်ပေးတော်မူပြီး လုပ်နည်းလုပ်ဟန်ကိုလည်း သင်ပေးတော်မူပါသည်။ ရဟန်းသည် ထို မိမိနေရာသို့ပြန်ကြွပြီး မြတ်ဗုဒ္ဓသင်ပေးတော်မူလိုက်သော စာပိုဒ်ကို ညဉ့်ဦးယံ၌ သုံးခေါက်၊ သန်းခေါင်ယံ၌သုံးခေါက် မိုးသောက်ယံ၌ သုံးခေါက်စီ ရွက်ဖတ်ပါသည်။

"ဤတောအုပ်၌ နေကြသော ငှက်တို့သည် ကျွန်ုပ်၏ စကားကို နားစိုက်ကြကုန်လော့၊ ကျွန်ုပ်သည် ငှက်တောင်ကို အလိုရှိနေပါ၏၊ ငှက်အပေါင်းတို့သည် ကျွန်ုပ်အား တစ်ခုစီ တစ်ခုစီသော ငှက်တောင်ကိုပေးကြလော့"

ငှက်တို့ထံမှ အတောင်ကိုတောင်းယူသော အထက်ပါ စာပိုဒ်ကို ရွတ်ဖတ်လိုက်သော အခါငှက်အုပ်ကြီးသည် "ရဟန်းသည် ငါတို့၏အတောင်ကို တောင်းနေသည်။ ရဟန်းသည် ငါတို့၏ အတောင်ကို အလိုရှိ နေသည်ဟု စိတ်ထဲ၌ အသိတရားဖြစ်ပေါ်လာခြင်းကြောင့် ထိုတောအုပ်မှ အခြားတစ်နေရာသို့ ပြောင်းရွှေ့ ထွက်ခွာသွားကြပါသည်။ ထိုတောအုပ်သို့ တစ်ဖန် ပြန်မလာကြတော့ပါ။

မြတ်ဗုဒ္ဓသည် ငှက်တို့သည်ပင် မိမိတို့၏ အတောင်ကို တောင်းသည်ကို မနှစ်သက်ကြဟု ငှက်တို့၏ သဘာဝစိတ်ဓာတ်ကို ထောက်ပြတော်မူလျက် ဒကာ၊ ဒကာမများထံ၌ အတောင်း မများစေရန် အောက်ပါအတိုင်း ဆက်လက်မိန့်ကြားတော်မူ ပါသည်။

"ရဟန်းတို့၊ ထိုတိရစ္ဆာန်သတ္တဝါတို့သည်ပင် တောင်း ရမ်းခြင်းကို မနှစ်သက်ကုန်၊ အရိပ်နိမိတ်ပြခြင်းကို မနှစ်သက်ကြ ကုန် လူဖြစ်သူတို့မှာကား အဘယ်မှာ ဆိုဖွယ်ရာရှိမည်နည်း"

"ရဟန်းတို့၊ လူတို့သည် ပစ္စည်းဥစ္စာတို့ကို ခက်ခဲစွာ ရှာဖွေ စုဆောင်းကြရကုန်၏၊ စုဆောင်းပြီးသော ပစ္စည်းဥစ္စာ တို့ကိုလည်း ခက်ခဲစွာစောင့်ရှောက်ကြရ၏"။ "မင်္ဂဖိုလ်မှ အချည်း နှီးသော ယောက်ျားတို့၊ သင်တို့သည် ဤသို့ခက်ခဲစွာစုဆောင်း အပ်ကုန်သော စုဆောင်းအပ်ပြီး နောက်၌လည်း ခက်ခဲစွာ စောင့်ရှောက်ထားအပ်ကုန်သော ထိုပစ္စည်း ဥစ္စာတို့ကို တောင်း ရက်ကြပလေ၊ အရိပ်နိမိတ် ပြရက်ကြပလေ"။*

မြတ်ဗုဒ္ဓ သက်တော်ထင်ရှားရှိစဉ်က ဆွေမျိုး မတော် စပ်သော ဒကာ၊ ဒကာမများထံ၌ အရှင်ဥပနန္ဒက သက်နိုး တောင်းမှန်းကို မြတ်ဗုဒ္ဓ သိတော်မူသောအခါ အရှင်ဥပနန္ဒကို

* ပါရာဇိကပါဠိ - ၂၂၂

ကဲ့ရဲ့တော်မူပြီး အောက်ပါအတိုင်း သိက္ခာပုဒ်ပညတ်တော်မူ လျက် သင်္ကန်းမတောင်းရန် တားမြစ်တော်မူခဲ့ပါသည်။

"ဥပနန္ဒ၊ သင်သည် သူဌေးသားကို သင်္ကန်းတောင်း သည် ဆိုသည်မှာ မှန်ကန်သလား၊ မှန်ပါသည် မြတ်စွာဘုရား၊ မဂ်ဖိုလ်မှ အချည်းနှီးသော ယောကျ်ား၊ ဆွေမျိုးမတော်စပ်သူ သည်၊ ဆွေမျိုးမတော်စပ်သူမှာ သင့်လျော်၊ မသင့်လျော်သည်ကို လည်းကောင်း၊ လှူဖွယ်ပစ္စည်း ရှိသည်မရှိသည်ကိုလည်းကောင်း မသိနိုင်၊ ထို့သို့ဖြစ်ပါလျက်သင်သည် ဆွေးမျိုးမတော်သော သူဌေးသားကို သင်္ကန်းတောင်းရက်ပလေ။

"ဆွေမျိုးမတော်စပ်သော အိမ်ရှင်ကိုသော်လည်း ကောင်း၊ အိမ်ရှင်မကိုသော်လည်းကောင်း သင်္ကန်းကိုတောင်း သော ရဟန်းအား ယင်းသင်္ကန်းကို စွန့်ပစ်လျက် ပါစိတ်အာပတ် သင့်၏။"[၁]

"ငါသည် ပဲဟင်းစသည်ကို ဖြစ်စေ၊ ဆွမ်းကိုဖြစ်စေ မကျန်းမာသူမဟုတ်ဘဲ မိမိအကျိုးငှါ တောင်း၍မစားပါအံ့ဟု လိုက်နာကျင့်သုံးရမည်။"[၂]

အထက်ပါစကားရပ်များကိုထောက်၍ တောင်းရမ်းမှု ကိစ္စကို မြတ်ဗုဒ္ဓ နှစ်သက်တော်မမူကြောင်း ထင်ရှားပါသည်။

---

၁။ ပါရာဇိကပါဠိ - ၃၁၃ ၂။ ပါစိတ္တိယပါဠိ - ၂၅၃

အလှူခံသောရဟန်းကို မောဃပုရိသဟု ခေါ်ဝေါ်သုံးစွဲသည်ကို ထောက်၍ အလှူခံကိစ္စအပေါ်၌ မြတ်ဗုဒ္ဓ မည်မျှ စက်ဆုပ်တော်မူကြောင်း သိနိုင်ပါသည်။ မောဃပုရိသဆိုသည်မှာ အဝေါကားအကောင်ဟု ဆိုလိုပါသည်။ ထို့ကြောင့် ရဟန်းတော်များ၊ ဂေါပကလူကြီးများ၊ ဝေယျာဝစ္စဆောင်ရွက်သူများ အားလုံး အလှူခံကိစ္စကို အထူးသတိထားသင့်ကြပါသည်။ ဝိနည်းဆိုတာ ရဟန်းတော်များအတွက် ပညတ်တော်မူခဲ့ခြင်းကြောင့် လူပုဂ္ဂိုလ်များနှင့် ဆိုင်သလားဟု စောဒကတက်လိုကြပါလိမ့်မည်။

ရဟန်း၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာမ ဟူသော ပရိသတ်လေးမျိုးတွင် ရဟန်းသည် အခြေခံအကျဆုံး ပရိသပ်ဖြစ်ပါသည်၊ ရဟန်းအတွက် ပညတ်ပြီးဖြစ်လျှင် အခြား ပရိသတ်အတွက် ထပ်မံပညတ်စရာ လိုမည်မထင်ပါ၊ ဗုဒ္ဓဘာသာဝင် ဒကာ၊ ဒကာမများအားလုံးသည် ရဟန်းသံဃာ၏ အဆုံးအမ အောက်၌နေထိုင်ရခြင်းကြောင့် ရဟန်းသံဃာအတွက် ပညတ်လျှင် လုံလောက်ပါသည်။ သူတစ်ပါးဆီမှာ တောင်းရမ်းခြင်းကို လောကသားအားလုံး မနှစ်သက်ခြင်းကြောင့် ဗုဒ္ဓဘာသာဝင် အားလုံးလိုက်နာရမည့် ကျင့်ဝတ်ဖြစ်ကြောင်း သဘောပေါက် လက်ခံသင့်ကြပါသည်။

## တရားပွဲကျင်းပ၍ အလှူငွေမရှာသင့်

မျက်မှောက်ခေတ်၌ နာမည်ကြီး ဓမ္မကထိကပုဂ္ဂိုလ်တို့ကို ပင့်လျက် တရားပွဲကျင်းပကာ အလှူငွေရှာဖွေကြသည်ကို တွေ့ရပါသည်။ မြတ်ဗုဒ္ဓတရားတော်သည် မည်သည့်အရာနှင့်မျှ နှိုင်းယှဉ်မရလောက်အောင် တန်ဖိုးကြီးမားလှပါသည်။ တန်ဖိုးကြီးမားလှသော တရားတော်ကို ငွေနှင့်လဲလှယ်ခြင်းမပြုသင့်ပါ။ တရားပွဲ၌ အလှူခံခြင်းအလုပ်သည် တရားတော်ကို သေးသိမ်စေသော လုပ်ရပ်ဖြစ်ပါသည်။ တရားတော်ကို တန်ဖိုးကျစေသော လုပ်ရပ်ဖြစ်ပါသည်။ သို့ပါ၍ တရားပွဲကျင်းပလျက် အလှူငွေ မရှာမိအောင် ဗုဒ္ဓဘာသာဝင်တိုင်းအထူးသတိထားရှောင်ကြဉ်သင့်ကြပါသည်။

## မသန့်ရှင်းသော တရားဟောပြောမှု

"ရဟန်းတို့ ဤသူသည် ငါ၏ တရားတော်ကို နာယူလျှင် ကောင်းလေစွ၊ နာယူပြီးနောက် တရားတော်ကို ကြည်ညိုလျှင် ကောင်းလေစွ၊ ကြည်ညိုသူများ၏ အပြုအမူဖြစ်သောလျှဒါန်း ပူဇော်မှု စသည်ကို ငါ့အပေါ်၌ ပြုလုပ်လျှင်ကောင်းလေစွ" ဟူသော စိတ်ထားမျိုးဖြင့် တရားဟောသော ရဟန်း၏ ယင်းဟောပြောခြင်းသည် မသန့်ရှင်းသော ဟောပြောခြင်းသာဖြစ်၏။

အထက်ပါစကားရပ်ကိုထောက်၍ ပစ္စည်းရရှိရေးကို မျှော်လင့်ပြီး တရားပွဲကျင်းပခြင်းကို မြတ်ဗုဒ္ဓ နှစ်သက်တော်မမူကြောင်း ထင်ရှားပါသည်။ မြတ်ဗုဒ္ဓ နှစ်သက်တော်မမူသော လုပ်ငန်းကို ပြုလုပ်သူသည် သာသနာပြုသူ မဟုတ်ဘဲ သာသနာဖျက်သူသာဖြစ်ကြောင်း သတိချပ်သင့်ကြပါသည်။သာသနာဖျက်သူစာရင်းတွင် မပါဝင်ရအောင် တရားပွဲကျင်းပ၍ အလှူငွေ ရှာဖွေမှုကိစ္စကို ရှောင်ကြဉ်သင့်ကြပါသည်။

## သန့်ရှင်းစင်ကြယ်သောတရားဟောပြောမှု

"မြတ်စွာဘုရားဟောကြားတော်မူသော တရားတော်သည် ကောင်းစွာဟောထားသော တရားတော်ပါပေတည်း၊ ကိုယ်တိုင် သိမြင်အပ်သော တရားတော်ပါပေတည်း၊ အခါမလပ် အကျိုးပေးတတ်သော တရားတော်ပါပေတည်း၊ လာလှည့်၊ ရှုလှည့်စမ်းပါဟု ဆောင်ပြထိုက်သော တရားတော်ပါပေတည်း၊ မိမိ၏ကိုယ်ထဲ၊ စိတ်ထဲ၌ ဆောင်ထားသင့်သော တရားတော်ပါပေတည်း၊ ပညာရှိများသာ ကိုယ်စီကိုယ်စီ သိမြင်နိုင်သော တရားတော်ပါပေတည်း" ဟု နှလုံးသွင်းလျက် ငါ၏တရားတော်ကို နာကြားကြပါမူ ကောင်းလေစွ၊ နာပြီး၍လည်း တရားတော်ကို သိမြင်ကြပါမူ ကောင်းလေစွ၊ သိမြင်ပြီးနောက်

အရဟတ္တဖိုလ်အကျိုးငှာ ကျင့်ကြပါမူ ကောင်းလေစွ" ဟု ဤသို့ စိတ်ထားရှိသည်ဖြစ်၍ သူတစ်ပါးတို့အား တရားဟော၏။

"ဤသို့ ကောင်းသောတရားအဖြစ်ကိုစွဲ၍ သူတစ်ပါးတို့အား တရားဟော၏။ သနားခြင်းကိုစွဲ၍၊ အစဉ် စောင့်ရှောက်ခြင်းကို အကြောင်းပြု၍ သူတစ်ပါးတို့အား တရားဟော၏။ ရဟန်းတို့၊ ဤသို့ သဘောရှိသောရဟန်း၏တရားဟောခြင်းသည် သန့်ရှင်းစင်ကြယ်၏။"*

အထက်ပါ မြတ်ဗုဒ္ဓစကားတော်တွင် တရားဟောသူ၏ စိတ်ထဲ၌ရှိနေရမည့် ရိုးသားဖြူစင်သော စေတနာကို ထင်ထင်ရှားရှား တွေ့မြင်နိုင်ပါသည်။ မြတ်ဗုဒ္ဓတရားတော်သည် လူသားများ ကြီးပွားချမ်းသာရေးအတွက် ကောင်းစွာ စနစ်တကျ ဟောထားသော တရားတော်များပါတကားဟု လူသားများ ဤတရားတော်ကို သိမြင်ပြီးဤတရားတော်များကို လက်တွေ့လိုက်နာကျင့်သုံးလျက် သာမန်လူသားများ မခံစားရသော တရားတော်၏ အရသာကို ခံစားနိုင်ပါစေဟူသော စေတနာဖြင့် တရားတော်ကို ဟောပြောရမည်ဖြစ်ပါသည်။

ယခုသော် ဤသို့မဟုတ်ဘဲ အလှူငွေပိုရအောင် တရားပွဲ၌ ပရိသတ်အလာများသော ဓမ္မကထိကပုဂ္ဂိုလ်ကိုသာ ရွေးချယ်လျက် တရားပွဲပြုလုပ်ပြီး အလှူခံကာ ဘယ်တရားပွဲ၌

---

* သံယုတ္တပါဠိ၊ ပထမတွဲ - ၄၀၂/၃

အလှူငွေ ဘယ်နှစ်သိန်းရတာပဲဟု ဂုဏ်ယူနေကြပါပြီတကားဟု တွေး၍ စိတ်မကောင်း ဖြစ်ရပါသည်။ တရားပွဲပြုလုပ်၍ ငွေရှာသောအလုပ်က ယဉ်ကျေးနေပါသေးသည်။ မြတ်ဗုဒ္ဓရုပ်ပွားတော်ကို ဆိုက္ကား၊ နွားလှည်း၊ ကားစသော ယာဉ်ပေါ်သို့ ပင့်တင်လျက် ခေတ်ပေါ်သီချင်းများကို အသံချက်စက်ဖြင့် ကျယ်လောင်စွာဖွင့်ပြီး မြို့ရွာများ၌ လှည့်လည်လျက် အလှူခံနေကြသည်ကို တွေ့ရပါသည်၊ အချို့ဒေသ၌ မြတ်ဗုဒ္ဓသည် ညအချိန်၌ပင် ကျိန်းစက်ချိန်မရဘဲ တစ်ညလုံး လှည့်လည်လျက် အလှူခံနေကြသည်ကို ဟိုမြို့၊ သည်မြို့၊ ဟိုနေရာ၊သည်နေရာ တို့၌ မကြာခဏတွေ့မြင်နေရပါသည်။ ထိုသို့ တွေ့မြင်ရသော အခါ အလှူခံကိစ္စကို လွန်စွာစက်ဆုပ်တော်မူသော မြတ်ဗုဒ္ဓသည် ပရိနိဗ္ဗာန်စံပြီးနောက် ညပင်မကျိန်းစက်ရဘဲ ဘုရားဂေါပကလူကြီးတို့၏ မိသားစုကို နယ်တကာလှည့်လည်တော်မူလျက် အလှူခံပေးပြီး လုပ်ကျွေးနေရရှာပါတကားဟုတွေးကာ ပို၍ စိတ်မကောင်းဖြစ်ရပါသည်။

## မူလရည်ရွယ်ချက်အတိုင်း အောင်မြင်နေဖို့လို

မြန်မာနိုင်ငံ၌ ဘုရားပွဲကျင်းပသောအခါ ပျော်ပွဲရွှင်ပွဲအဖြစ် ဇာတ်ပွဲများကို ဘုရားဂေါပကလူကြီးများက ထည့်သွင်းလေ့ရှိကြပါသည်။ ခေတ်အခြေအနေအရ ဇာတ်ပွဲငှါးရာ၌

ငွေအကုန်အကျများလှသဖြင့် ဇာတ်ပွဲကို မငှါးနိုင်ကြတော့ပါ။ ဇာတ်ပွဲကို မငှါးနိုင်သော်လည်း ဇာတ်ကန်ထရိုက်များက အခကြေးငွေပေးစရာမလိုဘဲ အခမဲ့ ကပြစေကြသည်ဟု သိရပါသည်။ ဘုရားပွဲကျင်းပသောအခါ လောင်းကစားပွဲမျိုးစုံပါဝင်ပြီး ယင်းလောင်းကစားပွဲများမှ အကောက်ခွန် ကောက်ယူကြသည်ဟု သိရပါသည်။ ဇာတ်ပွဲထည့်ရခြင်း ရည်ရွယ်ချက်က ဘုရားပွဲ၌ လူစည်ကားအောင်ဟူသော ရည်ရွယ်ချက်ဖြင့် ထည့်ရခြင်း ဖြစ်ပါသည်။ ဘုရားပွဲကို လာသူများသည် ဘုရားကို ကြည်ညို၍ လာခြင်း မဟုတ်ဘဲ ပျော်ရွှင်ပွဲအတွက်လာခြင်းဖြစ်၍ ဘုရားရှင်၏ ဂုဏ်သိက္ခာ၊ ဗုဒ္ဓသာသနာတော်၏ ဂုဏ်သိက္ခာကို ထိခိုက် ညှိုးနွမ်းစေပါသည်။ လောင်းကစားပွဲများနှင့် ဆိုင်ခန်းများမှ ကောက်ခံရရှိသောငွေနှင့် ဘုရားကို ပြုပြင်ခြင်းသည် ဘုရားကို ကြည်ညိုအောင် ကြိုးစားရာမရောက်ဘဲ ဘုရားရှင်၏ ဂုဏ်သိက္ခာကို ကျဆင်းအောင် ကြိုးစားရာရောက်နေပါသည်။ ဘုရားရှင်မှာ နတ်၊ လူ၊ ဗြဟ္မာများ ကြည်ညို လေးစားလောက်သော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်စသော ဂုဏ်တော် အများအပြား ရှိပါသည်။ ယင်းဂုဏ်သိက္ခာကို ကြည်ညိုလေးစား၍ လူများ လာရောက်အောင် စွမ်းဆောင်နိုင်ပါမှ သာသနာ ပြုရာရောက်ပါသည်။ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်

ကြည့်ပါက ဘုရားရှင်၏ အေးမြသောအရိပ်တော်ကို ခိုလှုံလျက် တရားထိုင်နေသူများ ဘုရားဂုဏ်တော်ကို ပွားနေသူများကို အချိန်းတိုင်းလိုလိုပင် တွေ့ရှိနိုင်ပါသည်၊ ဘုရားဂေါပက လူကြီးများသည် ဘုရား၌ လူစည်ကားအောင် ဆောင်ရွက်ရာ၌ ယင်းသို့ မြတ်ဗုဒ္ဓ၏ အေးမြတိတ်ဆိတ်သော အရိပ်တော်ကို လူအများ ခိုလှုံလာအောင်သာ ဆောင်ရွက်သင့်ကြပါသည်။ ဘုရားဂေါပက အမည်ခံလျက် ဗုဒ္ဓသာသနာတော်၏ ငြိမ်းအေးမှု သန္တိသုခ အရသာ ပျက်စီးအောင် မလုပ်သင့်ကြပါ။

ဘုရားဂေါပကလူကြီးများသည် ဗုဒ္ဓသာသနာတော်၏ ထူးခြားသော အရသာများပျက်စီးအောင် မလုပ်သင့်ကြပါ၊ ထိုသို့ မလုပ်မိအောင် ဗုဒ္ဓသာသနာတော်ကို ထိန်းသိမ်း စောင့်ရှောက်နေကြသော ဆရာတော်ကြီးများ၏ ဩဝါဒကို ရိုသေစွာ လိုက်နာလျက် ဘုရားကိစ္စကို ဆောင်ရွက်သင့်ကြပါသည်။ ဆရာတော်ဘုရားများ၏ ဩဝါဒကိုအလေးမထားဘဲ မိမိစရိုက်ဝါသနာအတိုင်း၊ မိမိလုပ်ချင်သောအလုပ်ကိုသာ ဦးစားပေး ပြုလုပ်ပါက မြတ်ဗုဒ္ဓနှစ်သက်တော်မူသော နည်းစနစ်များ မအောင်မြင်ဘဲ ပုထုဇဉ်လူသားအမြင်ဖြင့် ပြုလုပ်လိုသော မသင့်လျော်သော အပြုအမူများသာ ဖြစ်ထွန်း လွှမ်းမိုးလာမည် ဖြစ်ပါသည်။

**စနစ်တစ်ခုသည် ယင်းစနစ်ကိုတည်ထောင်သူ၏ မူလရည်ရွယ်ချက်အတိုင်း ရှင်သန်ကြီးပွားနေပါမှ အောင်မြင်နေသည်ဟုပြောနိုင်ပါသည်။** အလုပ်ဖြစ်နေသော်လည်း မူလရည်ရွယ်ချက်အတိုင်း မဟုတ်တော့ဘဲ မူလရည်ရွယ်ချက်နှင့် ဆန့်ကျင်ဘက် အပြုအမူများ တိုးပွားသွားပြီဆိုပါက ဗုဒ္ဓသာသနာတော် ကွယ်ပျောက်သွားပြီဟုသာ ဆိုနိုင်ပါသည်။ ဤအယူအဆကို ဘုရားဝေါပကလူကြီးတိုင်း သတိထားရမည် ဖြစ်ပါသည်။ သာသနာပြုလုပ်ငန်းကို ဆောင်ရွက်ရာ၌လည်း မြတ်ဗုဒ္ဓ၏ မူလရည်ရွယ်ချက်အတိုင်း သာသနာတော်ဖြစ်ထွန်းနေပါက သာသနာပြုလုပ်ငန်း အောင်မြင်နေသည်ဟု ပြောနိုင်ပါသည်။ မြတ်ဗုဒ္ဓဝါဒတော်အတိုင်း မဟုတ်ဘဲ မူလလမ်းကြောင်းပြောင်းလဲ ဖောက်ပြန်သွားပြီးဆိုပါက ဗုဒ္ဓသာသနာတော် ကွယ်သွားပြီဟု ပြောရမည်သာဖြစ်ပါသည်။

သာသနာတော်ကို တည်ထောင်တော်မူရာ၌ မြတ်ဗုဒ္ဓ၏ တစ်ခုတည်းသော မူလရည်ရွယ်တော်မူချက်မှာ **သတ္တဝါများကိလေသာ အနှောင်အဖွဲ့မှ လွတ်မြောက်ရေးပင်** ဖြစ်ပါသည်။ ဗုဒ္ဓသာသနာတော်ဆိုင်ရာ ကိစ္စရပ်များကို ပြုလုပ်သူတိုင်းသည် မည်သည့်ကိစ္စကိုပြုလုပ်သည်ဖြစ်စေ အဆိုပါ မူလရည်ရွယ်ချက် မူဘောင်အတွင်း၌သာ ဆောင်ရွက်ရမည် ဖြစ်

ပါသည်။ ယင်းမှုဘောင်နှင့် ဆန့်ကျင်ပါက မြတ်ဗုဒ္ဓကို ဆန့်ကျင်ဘက်လုပ်ရာရောက်ပါသည်။ ပြည့်ရှင်မင်းက ပြဋ္ဌာန်းထားသော အခြေခံ ဥပဒေကို မလိုက်နာဘဲ မိမိမူဝါဒအတိုင်း နေထိုင်သူကို လောက၌ မင်းကိုဆန့်ကျင်တော်လှန်သော သူပုန်ဟုခေါ်သကဲ့သို့ မြတ်ဗုဒ္ဓအလိုဆန္ဒတော်အတိုင်း မဆောင်ရွက်ဘဲ မိမိအကြိုက်အတိုင်းသာ ဆောင်ရွက်နေသူသည် မြတ်ဗုဒ္ဓကို ဆန့်ကျင်တော်လှန်သူဖြစ်သည်ဟူသောအချက်ကို အထူးသတိပြုသင့်ပါသည်။ ဘုရားပွဲကျင်းပရာ၌ ဇာတ်၊ ရုပ်ရှင်စသော ပျော်ပွဲရွှင်ပွဲထည့်ခြင်းအပေါ်၌ အမှားအမှန်ကို ခွဲခြားဝေဖန်ကြည့်နိုင်အောင် မြတ်ဗုဒ္ဓနှင့် ဇာတ်ဆရာကြီးတို့ ဆွေးနွေး မေးမြန်းဖြေကြားချက်ကို လေ့လာသင့်ပါသည်။

မြတ်ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တာလပုဋ္ဌအမည်ရှိသော ဇာတ်ဆရာကြီးတစ်ဦး မြတ်ဗုဒ္ဓထံ ချဉ်းကပ်လျက် ဇာတ်ဆရာ အနုပညာသည်တို့နှင့်စပ်လျဉ်း၍ မေးခွန်းတစ်ခုကို အောက်ပါအတိုင်း မေးလျှောက်ခဲ့ပါသည်။

**ဇာတ်ဆရာကြီး**။ မြတ်စွာဘုရား၊ ကပွဲအလယ်၊ ပွဲကြည့် ပရိသတ်အလယ်၌ မှန်ကန်သော အကြောင်းအရာ၊ မမှန်ကန်သော အကြောင်းအရာဖြင့်

လူအပေါင်းကို ပျော်ရွှင်မွေ့လျော်စေသော ကချေသည် (ဇာတ်သမား) သည် ခန္ဓာကိုယ် ပျက်စီး၍ သေလွန်ပြီးနောက်၌ ပဟာသ မည်သော နတ်တို့၏ အသင်းဝင် အပေါင်း အဖော်ဖြစ်ရသည်ဟု ပြောဆိုကြကုန်သော ရှေးက ဆရာ့၊ ဆရာကြီး ကချေသည်တို့၏ စကားကို ကြားရဖူးပါသည်။ ဤကိစ္စအပေါ် မြတ်စွာဘုရားသည် အဘယ်သို့ မိန့်ကြား တော်မူလိုပါသနည်း။

**မြတ်ဗုဒ္ဓ။** ဇာတ်ဆရာကြီး မသင့်လျော်လှ၊ ဤအမေးကို ဆက်မမေးဘဲ ရပ်ထားလိုက်ပါ ဤပြဿနာကို ငါဘုရားအားမမေးပါနှင့်။

**ဇာတ်ဆရာကြီး။** ဇာတ်ဆရာကြီးသည်အထက်ကမေးခွန်းကိုပဲ နှစ်ကြိမ်မြောက် ထပ်မေးပါသည်။

**မြတ်ဗုဒ္ဓ။** မြတ်ဗုဒ္ဓကလည်း ဒုတိယအကြိမ် တားမြစ် တော်မူပါသည်။

**ဇာတ်ဆရာကြီး။** ဇာတ်ဆရာကြီးက တတိယအကြိမ် ထပ်မေး ပါသည်။

**မြတ်ဗုဒ္ဓ။** ဇာတ်ဆရာကြီး မသင့်လျော်လှ၊ ဤအမေးကို ဆက်မမေးဘဲ ရပ်ထားလိုက်ပါ၊ ဤပြဿနာကို ငါဘုရားအားမမေးပါနှင့်ဟု သင့်ကို ငါဘုရားအမှန်ပင် တားမြစ်ခဲ့သော်လည်း မရခဲ့ပေ။ ဤသို့ဆိုပါက သင့်အား ငါဘုရား ဖြေကြားပါမည်။

ဇာတ်ဆရာကြီး၊ သတ္တဝါတို့၏ခန္ဓာကိုယ်မှာ မူလကပင် စွဲမက်တွယ်တာမှုရာဂ ရှိနေကြ၏။ သတ္တဝါတို့၏ခန္ဓာကိုယ်ကို စွဲမက်တွယ်တာမှု ရာဂဖြင့် ဖွဲ့စည်းထား၏။ ရာဂဖြင့် ဖွဲ့စည်းထားသော ထိုလူတို့အား ကချေသည် (ဇာတ်သမား) သည် ကပွဲအလယ်၊ ပွဲကြည့်ပရိသတ်အလယ်၌ စွဲမက်တွယ်တာမှုကို ဖြစ်ပေါ်စေတတ်ကုန်သော အပြုအမူတို့ကို အတိုင်းထက်အလွန် ရှေးရှုသရုပ်ဆောင်ပြ၏။

ဇာတ်ဆရာကြီး၊ သတ္တဝါတို့ခန္ဓာကိုယ်မှာ စိတ်ဆိုးကြမ်းတမ်းမှု ဒေါသရှိနေကြ၏။ သတ္တဝါတို့ ခန္ဓာကိုယ်ကို စိတ်ဆိုး ကြမ်းတမ်းမှုဒေါသဖြင့် ဖွဲ့စည်းထား၏။ စိတ်ဆိုးကြမ်းတမ်းမှုဒေါသဖြင့် ဖွဲ့စည်းထားသော ထိုလူတို့အား ကချေသည် (ဇာတ်သမား) သည် ကပွဲအလယ်၊ ပွဲကြည့်ပရိသတ်အလယ်၌ စိတ်ဆိုးကြမ်းတမ်းမှုကို ဖြစ်ပေါ်စေတတ်ကုန်သော အပြုအမူတို့ကို အတိုင်းထက်အလွန် ရှေ့ရှု သရုပ်ဆောင်ပြ၏။

ဇာတ်ဆရာကြီး သတ္တဝါတို့ခန္ဓာကိုယ်မှာ မူလကပင် တွေဝေမှု မောဟအမှောင်ထုများရှိနေကြ၏။ သတ္တဝါတို့၏ ခန္ဓာကိုယ်ကို တွေဝေမှု မောဟ အမှောင်ထုဖြင့် ဖွဲ့စည်းထား၏။ တွေဝေမှုအမှောင်ထုဖြင့် ဖွဲ့စည်းထားသော ထိုလူတို့အား ကချေသည် (ဇာတ်သမား) သည် ကပွဲအလယ်၊ ပွဲကြည့် ပရိသတ် အလယ်၌ တွေဝေမှုမောဟအမှောင်ထုကို ဖြစ်ပေါ်စေတတ် ကုန်သော အပြုအမူတို့ကို အတိုင်းထက်အလွန် ရှေ့ရှု သရုပ် ဆောင်ပြ၏။

ထိုသို့ သရုပ်ဆောင်ပြသော ကချေသည် (ဇာတ်သမား) သည် မိမိကိုယ်တိုင် စွဲမက်တွယ်တာမှုရာဂ၊ စိတ်ဆိုးကြမ်းတမ်မှု ဒေါသ၊ တွေဝေမှု မောဟ အမှောင်ထုများဖြင့် ယစ်မူးနေခြင်း ကြောင့် မေ့လျော့လျက် အခြားပွဲကြည့်ပရိသတ်တို့ကို စွဲမက် တွယ်တာမှု ရာဂ၊ စိတ်ဆိုးကြမ်းတမ်းမှု ဒေါသ၊ တွေဝေမှုမောဟ အမှောင်ထုများဖြင့် ယစ်မူးမေ့လျော့စေခြင်းကြောင့် ခန္ဓာကိုယ် ပျက်စီး၍ သေလွန်ပြီးနောက် **ပဟာသမည်သောငရဲ**သို့ ရောက် ရ၏။

"ကပွဲအလယ်၊ ပွဲကြည့်ပရိသတ်အလယ်၌ မှန်ကန်သော အကြောင်းအရာ၊ မမှန်ကန်သော အကြောင်းအရာဖြင့် လူ အပေါင်းကို ပျော်ရွှင်မွေ့လျော်စေသော ကချေသည် (ဇာတ်

သမား) သည် ခန္ဓာကိုယ်ပျက်စီး၍ သေလွန်ပြီးနောက် ပဟာသ မည်သော နတ်တို့၏ အသင်းဝင် အပေါင်းအဖော်အဖြစ်သို့ ရောက်၏" ဟု ထိုသူအား အယူဖြစ်ခဲ့သော် သူ၏ ထိုအယူသည် မှားသောအယူသာဖြစ်၏။ ဇာတ်ဆရာကြီး မှားသောအယူရှိ သောပုဂ္ဂိုလ်သတ္တဝါအား ငရဲတိရစ္ဆာန်ဟူသော လားရာဂတိ နှစ်မျိုးတို့တွင် တစ်ပါးပါးသော လားရာဂတိကို ငါဘုရား ဟောတော်မူ၏။

မြတ်ဗုဒ္ဓက အထက်ပါအတိုင်း မိန့်ကြားတော်မူသော အခါ တာလပုဋ ဇာတ်ဆရာကြီးသည် မျက်ရည်ကျပြီးငိုပါတော့ သည်။ ထိုသို့ ငိုနေသောအခါ မြတ်ဗုဒ္ဓက ဇာတ်ဆရာကြီး၊ မသင့်လျော်လှဘူး၊ ဤစကားကို ဆက်မပြောဘဲ ရပ်ထား လိုက်ပါ၊ ဤပြဿနာကို ငါဘုရားကို မမေးပါနှင့်ဟု သင့်ကို ငါဘုရား တားမြစ်မရခဲ့ပေဟု မိန့်ကြားတော်မူပါသည်။

မြတ်စွာဘုရား၊ "မြတ်စွာဘုရား ဤသို့မိန့်ကြားတော် မူသော စကားကို တပည့်တော်ရည်ရွယ်ပြီး ငိုသည်မဟုတ်ပါ။ စင်စစ်သော်ကား ပွဲအလယ်၊ ပွဲကြည့်ပရိသတ်အလယ်၌ မှန်ကန် သောအကြောင်းအရာ၊ မမှန်ကန်သောအကြောင်းအရာအားဖြင့် လူအပေါင်းကို ရွှင်ပြုမွေ့လျော်စေသော ကချေသည် (ဇာတ် သမား) သည် ခန္ဓာကိုယ်ပျက်စီး၍ သေလွန်ပြီးနောက်၌ ပဟာသ

မည်သော နတ်တို့၏ အသင်းဝင် အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏" ဟု ရှေးဆရာ့ဆရာ ကချေသည် (ဇာတ်သမား) တို့သည် တပည့်တော်ကို အချိန်ကြာမြင့်စွာကပင် ကောက်ကျစ် လျက် လိမ်လည်လှည့်ပတ် ဖြားယောင်းခဲ့ကြပါ၏ဟု မြတ်ဗုဒ္ဓ အား ပြန်လည်လျှောက်ထားခဲ့ပါသည်။*

ဇာတ်သမားက ရာဂဖြစ်စရာ၊ ဒေါသဖြစ်စရာ၊ မောဟ ဖြစ်စရာ အပြုအမူတို့ကို ဇာတ်ခုံစင်မြင့်ပေါ်ကနေ၍ လှုပ်ရှားပြ ခြင်းကြောင့် ပွဲကြည့်ပရိသတ်မှာ ယင်းအပြုအမူကို အတုခိုးပြီး ရာဂ၊ ဒေါသ၊ မောဟများ စိတ်ထဲမှာ ထကြွသောင်းကျန်းလာကာ ဒုစရိုက်မှုအမျိုးမျိုးကို ပြုလုပ်လာကြခြင်းဖြစ်ပါသည်။ ထို့ကြောင့် ကချေသည်(ဇာတ်သမား)သည် သေလွန်ပြီး ပဟာသငရဲသို့ ရောက်ရခြင်းဖြစ်ပါသည်။ ဘုရားဂေါပကလူကြီးများလည်း ဇာတ်အဖွဲ့ကို ဘုရားပွဲ၌ကပြစေသဖြင့် ပဟာသငရဲသို့ ရောက်ရ မှာ သေချာနေပါသည်။ ထို့ကြောင့် လယ်တီဆရာတော် ဘုရားကြီးက **"တစ်နှစ်တစ်ခါ ငရဲရွာ လူ့ရွာ ဘုရားပွဲ"** ဟု မိန့်ကြားတော်မူခဲ့ပါသည်။

မြန်မာနိုင်ငံမှာ လူငယ်များ သရုပ်ပျက်လာခြင်းသည် အနောက်တိုင်း ရုပ်ရှင်နှင့် ကာရာအိုကေကိုကြည့်ပြီး အတုခိုး လာခြင်းကြောင့်ဖြစ်၏။ ရှေးကမြန်မာတို့သည် ရဟန်းသံဃာ၊

---

* သံယုတ္တပါဠိ၊ ဒု-တွဲ၊ ၄၉၄

မိဘ၊ ဆရာတို့ကို လွန်စွာရိုသေပြီး ဆုံးမစကားကို လိုက်နာခြင်းကြောင့် လိမ္မာယဉ်ကျေးခဲ့ကြပါသည်။ ယခုအခါ အနောက်တိုင်းယဉ်ကျေးမှုကို လက်ခံလာကြခြင်းကြောင့် လူငယ် အခွင့်အရေးဆိုပြီး မည်သူ့စကားကိုမျှ နားမထောင်ဘဲ လုပ်ချင်တာကို မရှက်မကြောက် လုပ်ရဲနေကြပြီ မဟုတ်ပါလော။

ဇာတ်ရုပ်ရှင် ပျော်ပွဲရွှင်ပွဲများသည် လူ၏စိတ်ကို ပြောင်းလဲစေရာ၌ လွန်စွာထိရောက်မှုရှိပါသည်၊ လူတိုင်းခန္ဓာကိုယ်ကို ကာမတဏှာနှင့် ဖွဲ့စည်းထားခြင်းကြောင့် အာရုံငါးပါး ကာမဂုဏ်တရားနှင့် ပတ်သက်လာလျှင် ပို၍ကူးစက်လွယ်ပါသည်၊ မီးလောင်းရာလေပင့်ဆိုသကဲ့သို့ လူ၏ခန္ဓာကိုယ်၌ ရှိနေသော ကာမတဏှာကို အပြင်က ဇာတ်ရုပ်ရှင်တို့၌ သရုပ်ဆောင်ပြသူတို့က ကာမတဏှာကြွလာအောင် ပင့်ပေးနေကြပါသည်၊ သို့ပါ၍ အနောက်တိုင်းနှင့် အရှေ့တိုင်းတို့ ယဉ်ကျေးမှုကွဲပြားနေကြသော်လည်း မျက်မှောက်ခေတ်မှာ အနောက်တိုင်းယဉ်ကျေးမှုသည် အရှေ့တိုင်းနိုင်ငံ အားလုံးအပေါ်၌ ဝင်ရောက်လွှမ်းမိုးသွားပြီဖြစ်ပါသည်။

မြတ်ဗုဒ္ဓသည် ကာမဂုဏ်ခံစားနေကြသော လူလောကထဲ၌ ပွင့်ထွန်းတော်မူလာပြီး လူသားများ၏သန္တာန်၌ ကာမတဏှာ နည်းပါးသွားပြီး ယဉ်ကျေးလာအောင် ကာမတဏှာ

လုံးဝချုပ်ငြိမ်းသွားအောင် ကာမတဏှာကို ရန်သူလို သဘောထားတော်မူလျက် တော်လှန်တိုက်ခိုက်ရန် ဟောပြောသင်ပြတော်မူခဲ့ပါသည်။ သာသနာပြုနေပါသည်ဟု ကြွေးကြော်နေကြသော ဘုရားဂေါပကလူကြီးများသည် ဘုရားပွဲ၌ ဇာတ်ပွဲ၊ ရုပ်ရှင်ပွဲ စသောပျော်ရွှင်ပွဲများကို ထည့်သွင်းလျက် အဘယ့်ကြောင့် ပြည်သူများသန္တာန်၌ ကာမတဏှာပွားအောင် ဆောင်ရွက်နေကြပါသနည်း။

ဇာတ်ပွဲထည့်ရုံသာမက လောင်းကစားမှု မျိုးစုံကိုပါ အဘယ့်ကြောင့် လက်ခံနေကြပါသနည်း။ ဗုဒ္ဓဘာသာဝင် အသိုင်းအဝိုင်းထဲမှ ပုဂ္ဂိုလ်များက လောင်းကစားမှုမျိုးစုံ ပြုလုပ်လျက် ငွေရှာနေကြပြီဆိုလျှင် အများပြည်သူတို့ လောင်းကစားမှုမပြုလုပ်ရန် အဘယ်သူက ပြောဆို ဆုံးမကြတော့မှာလဲ။

အချုပ်အားဖြင့် ဗုဒ္ဓဘာသာသည် လူ၏ စရိုက်ဆိုးများ ပပျောက်ပြီး လူသားများယဉ်ကျေးလာအောင် ဟောပြောဆုံးမသော ဘာသာဖြစ်ပါသည်။ ဗုဒ္ဓသာသနာ၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေမည့် မည်သည့်နည်းများဖြင့်မဆို ငွေမရှာရအောင် သတိထားဖို့လိုပါသည်။

(၁) တရားပွဲကျင်းပ၍ ငွေမရှာရန်၊

(၂) ဘုရားပွဲသို့ လူလာများအောင် ဇာတ်၊ ရုပ်ရှင် စသော ပျော်ပွဲ ရွှင်ပွဲထည့်လျက် လောင်းကစားမှုဖြင့် ငွေမရှာရန်၊

(၃) ဗုဒ္ဓရုပ်ပွားတော်ကို လက်တွန်းလှည်း၊ ဆိုက္ကား၊ နွားလှည်း စသော ယာဉ်ဖြင့် ပင့်ယူပြီး မြို့၊ ရွာများသို့ လှည့်လည်လျက် ငွေမရှာရန်၊

(၄) ရုပ်ကွက်ထဲ၌ တစ်အိမ်တက်ဆင်း လှည့်လည်၍ အလှူမခံရန်၊

(၅) အသံချဲ့စက်ဖြင့် ရပ်ကွက်အတွင်း လှည့်လည်၍ အလှူမခံရန်၊

အထက်ပါအလှူခံနည်းငါးချက်ကို ရှောင်ကြဉ်လျက် စေတနာအားလျော်စွာ လှူဒါန်းလာသော အလှူငွေကို လုံခြုံအောင် စီမံသုံးစွဲပြီး သာသနာ ပြုသင့်ကြပါသည်။ သာသနာပြုလုပ်ငန်းကို ဆောင်ရွက်ကြသူများသည် ပိဋကတ်စာပေ ကျွမ်းကျင်ဖို့ လိုပါသည်။ စာပေ မကျွမ်းကျင်သော်လည်း စာပေ ကျွမ်းကျင်သူများကို ချဉ်းကပ်လျက် မေးမြန်းလျှောက်ထားပြီးမှသာ ဆောင်ရွက်သင့်ပါသည်။ ကိုယ်မကျွမ်းကျင်သောလုပ်ငန်းကို ကိုယ့်အမြင်ဖြင့် မဆောင်ရွက်သင့်ပေ။ အထူးအားဖြင့် သာသနာ ရေးကိစ္စကို ဆောင်ရွက်သူသည် လောကရေးထက် ဓမ္မရေး အမြင်သန်သူဖြစ်ဖို့ လိုပါသည်။

လောကရေးအမြင်ဖြင့် ဆောင်ရွက်ပါက မှားပြီးရင်း မှားရင်း ဖြစ်နေတတ်ပါသည်။ မြတ်ဗုဒ္ဓသည် သစ္စာတရားကို အခြေခံလျက် ဓမ္မဝိနယခေါ်သော သာသနာတော်ကို တည်ထောင်တော်မူခဲ့ပါသည်။ သတ္တဝါတို့၏သန္တာန်၌ ဖြစ်ပေါ်နေသော လောဘ၊ ဒေါသ၊ မောဟ၊ မာန စသော အဓမ္မတရားတို့ကို ရန်သူဟု သတ်မှတ်လျက် ထိုအဓမ္မတရား ဆိုးများ ချုပ်ငြိမ်းရေးကိစ္စကိုသာ အလေးထားတော်မူပါသည်။

လောကသားများသည် မြင်တွေ့နေရသော ရူပါရုံ၊ ကြားနေရသော သဒ္ဒါရုံ၊ နမ်းရှူနေရသောဂန္ဓာရုံ၊ စားနေရသော ရသာရုံ၊ တွေ့ထိခံစားနေရသော ဖောဋ္ဌဗ္ဗာရုံ ဟူသော အာရုံငါးပါး ကာမဂုဏ်တရားများကို အခြေခံ၍ လှုပ်ရှားနေကြပါသည်။ လောဘဆိုတာကို နားမလည်ဘဲ ငွေရဖို့ အလုပ်အားလုံးကို လုပ်နေကြပါသည်၊ ဒေါသဆိုတာကို မသိဘဲ မိမိကြိုက်တာအားလုံးကို မိမိအင်အားကိုသုံးပြီး ဖြေရှင်းနေကြပါသည်၊ မောဟအမှောင်ထုဆိုတာကိုလည်း မသိဘဲ ရဟန်းသံဃာနှင့် မိဘပြောစကားကိုပင် နားမထောင်ဘဲ လုပ်ချင်တာအားလုံးကို လုပ်နေကြပါသည်။ သာသနာရေးကိစ္စကို ဆောင်ရွက်နေသူများသည် မြတ်ဗုဒ္ဓနှင့် လောကသားများ၏ ဤကွဲလွဲချက်ကို သတိထားဖို့ လိုအပ်ပါသည်။ သတိမထားဘဲ ရမ်းလုပ်ပါက

အမှားနှင့်တွေ့ရပြီး သာသနာတော်နှင့် မိမိဘဝကို ထိခိုက်နစ်နာစေပါသည်။

သံဃာထုနှင့် လူထုပရိသတ်က ဉပါသကာကောင်းတစ်ဦးအဖြစ် အသိအမှတ်ပြုခံရဖို့ လိုအပ်လှပါသည်။ ထိုသို့အသိအမှတ်ပြုခံရပါက မိမိဆောင်ရွက်ချက်အပေါ်၌ သံဃာထုနှင့်လူထုပရိသတ်က ယုံကြည်လက်ခံလာမှာ ဖြစ်ပါသည်။ ဘာသာရေးအဖွဲ့အစည်း၊ နိုင်ငံရေးအဖွဲ့အစည်း၊ ပညာရေးအဖွဲ့အစည်း စသောအများအကျိုးကို ဆောင်ရွက်ကြသော အဖွဲ့များဆိုတာ အပေါ်ပိုင်းအဆောက်အဦးနှင့်တူပါသည်။ အပေါ်ပိုင်းအဆောက်အဦးဆိုတာ အောက်ခြေခိုင်မာဖို့ လိုပါသည်၊ အောက်ခြေ မခိုင်မာပါက ခဏလေးအတွင်းမှာ ပြိုကျ ပျက်စီးသွားနိုင်ပါသည်။

အများအကျိုးကို ဆောင်ရွက်ကြသော အဖွဲ့အစည်းများသည်လည်း အောက်ခြေပြည်သူလူထုနှင့် မကင်းကွာကောင်းပေ။ အများပြည်သူလူထုနှင့် မကင်းကွာရန်မှာ အများပြည်သူလူထု လက်ခံနိုင်သောအလုပ်များကို လုပ်ပြနိုင်ဖို့ လိုပါသည်။ အလုပ်လုပ်သောအခါ မိမိကြိုက်တာထက် ဘုရားကြိုက်တော်မူဖို့နှင့် အများပြည်သူလူထု လက်ခံနိုင်ဖို့ ပိုအရေးကြီးပါသည်။ မိမိအကြိုက်ကို ဦးစားပေးလုပ်နေပြီး မိမိတစ်ဦးတည်း

ကောင်းနေသော်လည်း ပတ်ဝန်းကျင်က လက်မခံပါက မိမိ ဆောင်ရွက်ချက် မအောင်မြင်သည့်အပြင် ရန်သူများ ဝိုင်းအုံလာ တတ်ပါသည်။ ထိုသို့ မဖြစ်ရအောင် ဥပါသကာကောင်း တစ်ယောက်အဖြစ် ပတ်ဝန်းကျင်က လက်ခံလာစေရန်အတွက် မိမိကိုယ်ကို လေ့ကျင့်ကြိုးစားယူရန် ဥပါသကာ ဂုဏ်အင်္ဂါ (၁၀) ပါးကို သတ်မှတ်ထားပါသည်။

## ဥပါသကာဂုဏ်အင်္ဂါ(၁၀)ပါး

ဘုရား၊တရား၊သံဃာတော်ကို ကိုးကွယ်ဆည်းကပ်နေ သူသည် -

၁။ ဓမ္မဝိနယလမ်းကြောင်းမှ မတိမ်းစောင်းရအောင် သာသနာတော်ကို ဦးဆောင်တော်မူနေသော သံဃာထုနှင့် ချမ်းသာဆင်းရဲ အတူရှိရမည်။

၂။ သာသနာပြုလုပ်ငန်းကို ဆောင်ရွက်ရာ၌ တရား တော်ကို အကြီးအမှူထားလျက် ဆောင်ရွက်သူ ဖြစ်ရမည်။ လောကရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအမြင်ဖြင့် မဆောင်ရွက်ရ။

၃။ စွမ်းအားရှိသလောက် ပစ္စည်းဥစ္စာကို ပေးကမ်း လှူဒါန်းမှု၌ မွေ့လျော်နေသူဖြစ်ရမည်။ မိမိက

မလှူဘဲ သူတစ်ပါးထံ၌သာ အလှူခံနေသူ မဖြစ်စေရ။

၄။ ဗုဒ္ဓသာသနာတော် ဆုတ်ယုတ်နေသည်ကို တွေ့မြင်လျှင် တိုးတက်အောင် အားထုတ်သူဖြစ်ရမည်။ အလှူငွေရရှိရေးကိုသာ အာရုံစိုက်ပြီး သာသနာရေး၌ ကြောင့်ကြမဲ့မနေရ။

၅။ မှန်ကန်သောအမြင် သမ္မာဒိဋ္ဌိရှိသူဖြစ်ရမည်။ အထူးအဆန်းကို မြင်၊ ကြား၊ နံ၊ စား၊ ထိတွေ့ရခြင်းဖြင့် မင်္ဂလာဖြစ်သည်၊ ကောင်းကျိုးရသည်ဟု မယုံကြည်ဘဲ အသက်အန္တရာယ်ကြောင့်ပင် ဗုဒ္ဓ၊ ဓမ္မ၊ သံဃာမှအပ အခြားသူကို ဆရာအဖြစ် မညွှန်ပြသူဖြစ်ရမည်။

၆။ ကိုယ်နှုတ်နှစ်ပါးကို လုံခြုံအောင် စောင့်ထိန်းနိုင်ရမည်၊ အထူးအားဖြင့် ငါးပါးသီလကို လုံခြုံအောင် ထိန်းနိုင်သူဖြစ်ရမည်။

၇။ စည်းလုံးညီညွတ်မှု၌ မွေလျော်ပျော်ရွှင်သူ ဖြစ်ရမည်။ လုပ်ဖော်ကိုင်ဖက် အချင်းချင်းအပေါ် ကဲ့ရဲ့ဝေဖန်ခြင်းမပြုရ၊

၈။ သူတစ်ပါးအပေါ်၌ ပြစ်မှုစောင်းမြောင်း စိတ်မထားရှိရ၊ ပတ်ဝန်းကျင်ကို အာရုံမစိုက်ဘဲ မိမိဆောင်ရွက်ချက်အပေါ်၌သာ အမှားအမှန်ကို စိစစ်လျက်သာသနာပြုလုပ်ငန်းကို ဆောင်ရွက်နေသူဖြစ်ရမည်။

၉။ ချီးမွမ်းခံလိုသဖြင့် ဟန်ဆောင်ကာ သာသနာတော်ဆိုင်ရာ လုပ်ငန်းကိစ္စကို ဆောင်ရွက်နေသူမျိုး မဖြစ်စေရ။

၁၀။ ဗုဒ္ဓ၊ ဓမ္မ၊ သံဃာရတနာမြတ်သုံးပါးကို ယုံကြည်ကိုးကွယ်နေသူ ဖြစ်ရမည်။*

## ရှင်းလင်းချက်

### ၁။ သံဃာနှင့်ချမ်းသာဆင်းရဲ အတူရှိခြင်း

မြတ်ဗုဒ္ဓသည်သာသနာတော်ကို ရဟန်း၊ ရဟန်းမ၊ ဥပါသကာ၊ ဥပါသိကာမဟူသော ပရိသတ်လေးပါးဖြင့် ဖွဲ့စည်းတည်ထောင်တော်မူခဲ့ပါသည်။ ထိုတွင် ရဟန်းပရိသတ်သည် အခြေခံအကျဆုံး ပရိသတ်ဖြစ်ပါသည်။ ရဟန်းတော်များသည် လူ့ဘောင်ကို စွန့်ခွာလျက် ရဟန်းဘဝသို့ ဝင်ရောက်ခဲ့သူများဖြစ်ကြပါသည်။ ရဟန်းတော်များသည် နိုင်ငံရေးကိစ္စကို စွန့်လွှတ်

---
* မိလိန္ဒပဉှပါဠိ - ၁၀၁

ရပါသည်။ စီးပွားရေးကိစ္စကို စွန့်လွှတ်ရပါသည်၊ သပိတ်ကို ပိုက်လျက် အိမ်ရှေ့မှာမတ်တပ်ရပ်ပြီး ဆွမ်းခံ၍ရသမျှဖြင့် ရောင့်ရဲတင်းတိမ်ရပါသည်။ အိမ်ထောင်ရေးကိစ္စကို စွန့်လွှတ်ရပါသည်။ အဖော်မပါဘဲ အနှောင်အဖွဲ့အားလုံးကို စွန့်လွှတ်ပြီး ဓမ္မဝိနယ လမ်းကြောင်း၌ တည့်မတ်စွာရပ်တည်လျက် သာသနာပြုလုပ်ငန်းကို ဆောင်ရွက်ရပါသည်။ ပျော်ပွဲရွှင်ပွဲအားလုံးကို လျစ်လျူရှုပြီး တရားတော်နှင့်သာ ပျော်မွေ့နေရသူဖြစ်ပါသည်။

မြတ်ဗုဒ္ဓတရားတော်၌ ကျွမ်းကျင်အောင် ပိဋကတ်စာပေကို သင်ယူရပါသည်။ တတ်မြောက်လာသောအခါ တရားတော်များ ပြန့်ပွားလာအောင် သူတစ်ပါးတို့အား သင်ကြားပေးရ၊ ဟောပြောပေးရပါသည်။ ယင်းအလုပ်ကို ဂန္ထဓုရခေါ်ပါသည်။ ပရိယတ္တိသာသနာဟုလည်းခေါ်ပါသည်။ မိမိတတ်မြောက်ထားသော တရားတော်ကို လိုက်နာကျင့်သုံး အားထုတ်ရပါသည်။ ယင်းအလုပ်ကို ဝိပဿနာဓုရ ခေါ်ပါသည်။ ပဋိပတ္တိသာသနာဟုလည်း ခေါ်ပါသည်။ ယင်းအလုပ်နှစ်မျိုးကိုသာ ပြုလုပ်နေရမည်ဖြစ်ပါသည်။ ယင်းအလုပ်နှစ်မျိုးကို ပြုလုပ်နေသူကို သာသနာပြုသူ ခေါ်ပါသည်။ လောကထဲ၌ ယင်းအလုပ်နှစ်မျိုးကို ပြုလုပ်နေသူသည် လောကသားများနှင့် ရောနှောယှက်တင် မနေရပါ။ ကြာပင်ကဲ့သို့ သီးခြားနေရပါသည်။

"ရဟန်းတို့၊ လမ်းမဘေးမှာ လူသားများစွန့်ပစ်ထားသော အမှိုက်ပုံ၌ ပေါက်ရောက်နေသော ပဒုမ္မာကြာပန်းသည် အမှိုက်ပုံမှာ ပေါက်နေသော်လည်း အမှိုက်ပုံ၏ အညစ်အကြေးများ မကပ်ငြိ မညစ်ပေဘဲ မြင်ရသူတိုင်း လိုချင်မက်မောလောက်အောင် လွန်စွာ လှပမွှေးကြိုင်သော ပင်ကိုယ်အနံ့ဖြင့် လှပတင့်တယ်နေသကဲ့သို့၊ ထို့အတူ ဘုရားရှင်၏တပည့်သည် အမှိုက်သဖွယ်ဖြစ်သော လောကသားများထဲ၌ မွေးဖွားလာသော်လည်း လောကသားများနှင့် မငြိကပ်မရောထွေးဘဲ အကန်းသဖွယ်ဖြစ်သော ပုထုဇဉ်ပုဂ္ဂိုလ်များအလယ်မှာ ကျယ်ပြန့်သော မိမိအသိဉာဏ်ဖြင့် လွန်စွာတင့်တယ်လှပါပေ၏။"*

ရဟန်းတော်များသည် လောကထဲ၌ နေသော်လည်း လောကအသိနှင့် မနေရ။ မြတ်ဗုဒ္ဓသင်ပေးထားသော ဓမ္မအသိဖြင့်သာ သီးသီးသန့်သန့်နေရမည်ဟု လမ်းညွှန်ပြတော်မူခဲ့ပါသည်။ ထိုသို့ လမ်းညွှန်တော်မူရုံသာမက အောက်ပါ ရပ်စကား၊ ရွာစကားများကိုလည်း မပြောကြရန် တားမြစ်တော်မူခဲ့ပါသည်။

## ရဟန်းတော်များ မပြောကောင်းသော စကားများ

"ရဟန်းတို့၊ သင်တို့သည် နတ်ပြည်နိဗ္ဗာန်သို့ သွားရာလမ်းနှင့်ဆန့်ကျင်သော များပြားလှသော စကားကို မပြောကြနှင့်၊

---

* ဓမ္မပဒပါဠိ - ၂၁

ယင်းစကားများမှာ -

၁။ မင်းနှင့်စပ်သောစကား၊

၂။ သူခိုး၊ ခားပြသူပုန်နှင့်စပ်သောစကား၊

၃။ အမတ်ကြီး(အရာရှိကြီး)များနှင့်စပ်သောစကား၊

၄။ စစ်တပ်နှင့်စပ်သောစကား၊

၅။ ကြောက်မက်ဖွယ်ဘေးနှင့်စပ်သောစကား၊

၆။ စစ်ပွဲနှင့်စပ်သောစကား၊

၇။ စားဖွယ်အစာနှင့်စပ်သောစကား၊

၈။ သောက်ဖွယ်ဖျော်ရည်နှင့်စပ်သောစကား၊

၉။ အဝတ်နှင့်စပ်သောစကား၊

၁၀။ အိပ်ရာနှင့်စပ်သောစကား၊

၁၁။ ပန်းနှင့်စပ်သောစကား၊

၁၂။ နံ့သာနှင့်စပ်သောစကား၊

၁၃။ ဆွေမျိုးနှင့်စပ်သောစကား၊

၁၄။ ယာဉ်နှင့်စပ်သောစကား၊

၁၅။ ရွာနှင့်စပ်သောစကား၊

၁၆။ နိဂုံးနှင့်စပ်သောစကား၊

၁၇။ မြို့နှင့်စပ်သောစကား၊

၁၈။ နယ်(ဇနပုဒ်)နှင့်စပ်သောစကား၊

၁၉။ မိန်းမနှင့်စပ်သောစကား၊

၂၀။ သူရဲကောင်းနှင့်စပ်သောစကား၊

၂၁။ လမ်းနှင့်စပ်သောစကား၊

၂၂။ ရေခပ်ဆိပ်နှင့်စပ်သောစကား၊

၂၃။ သေလွန်ပြီးသူနှင့်စပ်သောစကား၊

၂၄။ အထွေထွေနှင့်စပ်သောစကား၊

၂၅။ လောကနှင့်စပ်သောစကား၊

၂၆။ သမုဒ္ဒရာနှင့်စပ်သောစကား၊

၂၇။ ကြီးပွားခြင်း၊ဆုတ်ယုတ်ခြင်းနှင့် စပ်သောစကား တို့ပေတည်း။ *

ရဟန်းတို့၊ အဘယ်ကြောင့် ထိုစကားကို မပြောဆိုရသနည်းဟူမူ - ထိုစကားသည် အကျိုးစီးပွား ဖြစ်ထွန်းမှု မရှိ၊ မြတ်သော အရိယာမဂ်၏ အခြေခံကျင့်ဝတ်မဟုတ်၊ ဘဝအပေါ်၌ ငြီးငွေ့ရန် မဖြစ်နိုင်၊ ဘဝ၌ တပ်မက်တွယ်တာမှု ကင်းပြတ်

* သံယုတ္တပါဠိ၊ တတိယတွဲ - ၃၆၈

ရန် မဖြစ်နိုင်၊ ဘဝတဏှာ ချုပ်ငြိမ်းရန်မဖြစ်နိုင်၊ သတ္တဝါများ သန္တာန်၌ ဖြစ်ပေါ်နေသော ဆင်းရဲဒုက္ခငြိမ်းအေးရန် မဖြစ်နိုင်၊ ထူးခြားသော အသိဉာဏ်ဖြင့် အမှန်တရားကို သိမြင်နိုင်ရန် မဖြစ်နိုင်၊ တရားထူးကို ကိုယ်တိုင်သိမြင်ရန် မဖြစ်နိုင်၊ ဆင်းရဲအားလုံးချုပ်ငြိမ်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် မဖြစ်နိုင်။ ထို့ကြောင့် အဆိုပါစကားကို မပြောဟောရ။

အထက်ပါစကားများသည် ရွာထဲရပ်ထဲ၌ အိုးအိမ်ဖွဲ့၍ နေထိုင်ကြသော လောကသားများ ပြောဆိုကြသော ရပ်ရေး၊ ရွာရေး၊ လူမှုရေးနှင့်ဆက်စပ်သော စကားများသာ ဖြစ်ပါသည်။ သီလ၊ သမာဓိ၊ ပညာဟူသော သိက္ခာသုံးရပ် သာသနာတော် မြတ်နှင့် မည်သို့မျှဆက်စပ်မှုမရှိပေ။ ထို့ကြောင့် အဆိုပါစကား တို့ကို ရဟန်းတော်များ မပြောကြရန် မြတ်ဗုဒ္ဓ တားမြစ်တော် မူခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါ ရပ်ရေး၊ရွာရေး စကားများသည် ယုတ်ညံ့သိမ်ဖျင်းသော စကားများသာဖြစ်၍ မြင့်မြတ်သော ရဟန်းတော်များ လုံးဝ မပြောကြရန် တားမြစ်တော်မူခြင်း ဖြစ်ပါသည်။ စကားအားဖြင့်ပင် မပြောရလျှင် ယင်းအလုပ် များကို ကိုယ်ထိလက်ရောက် အဘယ်မှာ လုပ်ခွင့်ရှိပါမည်နည်း၊ ဤစကားများကို မပြောရန် တားမြစ်သည်ကိုထောက်၍ မြတ်ဗုဒ္ဓသည် ရဟန်းဘဝကို မည်မျှ တန်ဖိုးထားကြောင်း သိနိုင် ပါသည်။

သို့ပါ၍ လောကသားများသည် အမှားအမှန်ကို မဝေခွဲနိုင်ဘဲ လိုချင်စရာအာရုံနှင့်တွေ့လျှင် လိုချင်မှုလောဘ ဖြစ်ကြပါသည်။ စိတ်ဆိုးစရာအာရုံနှင့်တွေ့လျှင် စိတ်ဆိုးမှုဒေါသ ဖြစ်ကြပါသည်။ မောဟဖြစ်စရာ အာရုံနှင့်တွေ့လျှင် တွေဝေမှု မောဟဖြစ်ကြပါသည်။ မြတ်ဗုဒ္ဓတရားတော်က လောဘ၊ ဒေါသ၊ မောဟငြိမ်းအေးကြောင်း တရားဖြစ်ပါသည်။ လူသား များနှင့်ဆက်စပ်နေသော နိုင်ငံရေးစသော ကိစ္စရပ်များကို ရဟန်းသံဃာတော်များ ဆောင်ရွက်ပါက လောကသားများက ရဟန်းသံဃာတော်များအပေါ်၌ အမြင်မရှင်း ဖြစ်လာနိုင်ပါ သည်။ ဆန့်ကျင်ဘက် ဖြစ်လာနိုင်ပါသည်။ ထို့ကြောင့် လောကီ ကိစ္စများကို စကားအားဖြင့်ပင် ဝင်မပြောရန် တားမြစ်တော် မူခဲ့ခြင်းဖြစ်ပါသည်။

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့နှင့် ဆက်စပ်မှုမရှိဘဲ စာပေသင်ကြားပို့ချမှု၊ တရားအားထုတ်မှု အလုပ်နှစ်မျိုးကိုသာ ဆောင်ရွက်နေသော ရဟန်းသံဃာတော်များနှင့် ဗုဒ္ဓဘာသာဝင် ဒကာ၊ ဒကာမများ ကင်းကွာမနေရပေ။ သံဃာတော်များ၏ အဆုံးအမ ဩဝါဒစကားကို ရိုသေစွာလိုက်နာလျက် လိုအပ်တာ ကို ကူညီဆောင်ရွက်ပေးရမည်။ လူနှင့် ဆက်စပ်နေသော ကိစ္စများကို လူဒကာ၊ ဒကာမများက ဆောင်ရွက်ပေးရမည်။

သံဃာတော်များက မြတ်ဗုဒ္ဓ၏ ဓမ္မဝိနယလမ်းကြောင်းမှ မတိမ်းစောင်းရအောင် ထိန်းကွပ်ပေးရမည်။ လမ်းညွှန်ပေးရမည်။ ရဟန်းသံဃာတော်များ၏ လမ်းညွှန်ချက်များကို လူထုထဲ၌ ကျယ်ကျယ်ပြန့်ပြန့် လက်ခံလာအောင် ဗုဒ္ဓဘာသာဝင် ဒကာ၊ ဒကာမများက ဆောင်ရွက်ပေးရမည်။

မြတ်ဗုဒ္ဓသက်တော်ထင်ရှားရှိ စဉ်ကရာဇဂြိုဟ်မြို့မှာ သီရိမာ အမည်ရှိသော ပြည်တန်ဆာမတစ်ယောက်ရှိခဲ့ပါသည်။ ငွေတစ်ထောင်ပေးလျှင် သီရိမာနှင့် တစ်နေ့ပျော်ပါးခွင့်ရရှိပါသည်။ သီရိမာကြောင့် ရာဇဂြိုဟ်မြို့၌ လူစည်ကားလှပါသည်။ တစ်နေ့မှာ သီရိမာ သေဆုံးသွားသောအခါ ဘုရင်ဗိမ္ဗိသာရမင်းက သီရိမာ သေဆုံးကြောင်းကို မြတ်ဗုဒ္ဓထံတော်သို့ သတင်းပို့ပါသည်။ မြတ်ဗုဒ္ဓက "သီရိမာအလောင်းကို သုသာန်သို့ ထုတ်ထားပြီး အလောင်းမပျက်စီးရအောင် အစောင့်အရှောက် လုံခြုံရေး ချထားပေးပါ" ဟု ဘုရင်ဗိမ္ဗိသာရမင်းထံသို့ ပြန်လည်မှာကြားလိုက်ပါသည်။

ဗိမ္ဗိသာရမင်းက မြတ်ဗုဒ္ဓမှာကြားသည့်အတိုင်း လုံခြုံရေးချပြီး အလောင်းကို စောင့်ရှောက်ထားပါသည်။ သေဆုံးပြီး လေးရက်မြောက်နေ့၌ အလောင်းပုပ်ပွပြီး ပြည်များယိုစီးကျလာသောအခါ ဘုရင်က တိုင်းပြည်၌ အမိန့်ထုတ်ပါသည်။

"ဘုရားအမှူးရှိသော သံဃာတော်များသည် သီရိမာ၏ အသုဘအလောင်းကို ရှုရန်ကြွလာကြမည်။ အိမ်စောင့်ကလေးမှ တစ်ပါး အသုဘရှုရန် အိမ်သူ၊ အိမ်သားအားလုံး လာရောက်ကြရမည်။ မလာရောက်သူ ဒဏ်ငွေရှစ်ကျပ်ပေးဆောင်ရမည်" ဟု အမိန့်ထုတ်ပါသည်။

ဘုရားရှင်နှင့် သံဃာတော်များကြွလာပြီး ပရိသတ်စုံညီသောအခါ မြတ်ဗုဒ္ဓက "သီရိမာအလောင်းကို ယူလိုသူများ တစ်ထောင်ပေး၍ ယူနိုင်ပါသည်" ဟု ဗိမ္ဗိသာရမင်းကိုမောင်းထုစေပြီး လေလံတင်စေတော်မူပါသည်။ မည်သူမျှယူသူ မရှိပါ၊ တဖြည်းဖြည်း ဈေးလျှော့လျှော့၍ လေလံတင်သော်လည်း မည်သူမျှ ယူလိုသူမရှိပါ။ နောက်ဆုံး ငွေမပေးရဘဲ အလကား ယူလိုက ယူပါဟု အလကားပေးသော်လည်း ယူလိုသူ မရှိပါ။ ထိုအခါမြတ်ဗုဒ္ဓသည် အသုဘရှုပွဲများရန် အောက်ပါအတိုင်း မိန့်ကြား တော်မူပါသည်။

"ချစ်သား၊ ချစ်သမီးတို့၊ ဒွါရကိုးပေါက်တို့မှ အညစ်အကြေးများ အမြဲယိုစီးနေသောကြောင့် အနာအတိ ဖြစ်နေသော ခန္ဓာကိုယ်သည် ဝတ်စားတန်ဆာပန်းနံ့သာတို့ဖြင့် အဆန်းတကြယ် ပြုပြင်နေရသော သဘောရှိ၏။ အရိုးသုံးရာတို့ကို စုပေါင်း တွဲစပ်စိုက်ထူအပ်၏။ သည်းခြေစသော အညစ်အကြေး

များကို မနားမရပ် အန်ထုတ်တတ်၏။ လက်ရာမြောက်လှသော ပန်းပုဆရာက အမျိုးမျိုးသောကိုယ်အင်္ဂါ အစိတ်အပိုင်းပါရှိအောင် ထုလုပ်ထားသော ရုပ်တုသဖွယ်ဖြစ်၏။ အမြဲမပြတ် နာကျင်တတ်၏။ ပုထုဇဉ်လူသားများက ထင်မြင် လွဲမှား အမျိုးမျိုး ကြံစည်စိတ်ကူးအပ်သော သဘောရှိ၏။

ယင်းခန္ဓာကိုယ်ကို စူးစိုက်သေချာရှုကြည့်စမ်းပါဦး။ ယင်းခန္ဓာကိုယ်မှာ မြဲမြဲခိုင်ခံ့တည်တံ့ခြင်းသဘော မရှိပါပေစွတကား”။*

ဤသို့ ပြည်တစိုစိုဖြင့် ပေါက်ကွဲယိုစီးကျနေသော သီရိမာ၏ ခန္ဓာကိုယ်ကို အာရုံစူးစိုက်ကြည့်ရှုစေတော်မူလျက် အသုဘကမ္မဋ္ဌာန်းတရားကို ဟောပြောတော်မူလိုက်သောအခါ ရှစ်သောင်းလေးထောင်သော သတ္တဝါများ သစ္စာတရားကို ထိုးထွင်းသိရှိခွင့် ရရှိကြလေသည်။

ဤမျှများပြားသော သတ္တဝါများ သစ္စာလေးပါးအမှန်တရားကို ထိုးထွင်းသိရှိနိုင်သည်အထိ မြတ်ဗုဒ္ဓ၏ သာသနာပြုလုပ်ငန်း အောင်မြင်ရခြင်းသည် ဆရာ၊ ဒကာ လက်တွဲ၍ သာသနာပြုနိုင်ခြင်းကြောင့်ပင် ဖြစ်ပါသည်။ မှန်လှပါသည်၊ အသုဘကမ္မဋ္ဌာန်းပွါးများရန် အိမ်စောင့်ကလေးမှ တစ်ပါးကျန်အားလုံး သွားရမည်ဟု ဘုရင်က အမိန့်ထုတ်သောကြောင့်

* ဓမ္မပဒပါဠိ - ၃၅၊ ဓမ္မပဒအဋ္ဌကထာ၊ ဒုတိယတွဲ - ၆၆

ဤမျှများပြားသောသတ္တဝါများ စုပေါင်းမိကြခြင်းဖြစ်သည်။ဘုရင့် အမိန့်ကြောင့်တရားနာကြားလိုသူ၊ မနာကြား လိုသူ အားလုံး အိမ်မှထွက်လာကြခြင်းသာဖြစ်ပါသည်။

ဘုရင်သည် ဤမျှများပြားသော လူထုပရိသတ်ကို စုရုံး၍ရနိုင်သော်လည်း လူထုပရိသတ်အား တရားတော်ဆိုင်ရာ အသိဉာဏ်ကို မပေးစွမ်းနိုင်ပေ။ သစ္စာတရားကို ထိုးဖောက်မြင် လာသည်အထိ ဟောပြောမှုလုပ်ငန်းကို မြတ်ဗုဒ္ဓကသာ စွမ်း ဆောင်နိုင်ပါသည်။

ဤထုံးကို အတုယူ၍ ဆရာ၊ ဒကာ လက်တွဲလျက် သာသနာပြုကြပါမူ ဗုဒ္ဓသာသနာတော်နှင့် နိုင်ငံတော် ကြီးပွား တိုးတက်မည်၊ ဆရာ၊ ဒကာ အချင်းချင်း ပြိုကွဲနေပြီး လူထုနှင့် ကင်းကွာသွားပါက ဗုဒ္ဓသာသနာတော်နှင့် နိုင်ငံတော် ဆုတ်ယုတ်ပျက်စီးမည်ဟု သတိပြုစေလိုပါသည်။ ထို့ကြောင့် ရဟန်းသံဃာတော်များ ဟောပြောသင်ပြပေးသော တရား တော်ကို ပြည်သူအများ နာကြား နိုင်အောင်၊ သင်ယူလေ့လာနိုင် အောင် အရှိန်အဝါရှိသော ဗုဒ္ဓဘာသာဝင် မိဘလူကြီးများက စည်းရုံးပေးရမည်။

မိဘလူကြီးများက ရဟန်းသံဃာတော်ကို ဂရုမစိုက်ဘဲ နေလျှင် ပြည်သူအများ ဗုဒ္ဓသာသနာနှင့် ကင်းကွာပြီး ရိုင်းစိုင်း

ကြမ်းတမ်းလာမည်ဖြစ်ပါသည်။ ထို့ကြောင့် မိဘလူကြီးများသည် ရဟန်းသံဃာနှင့် ကင်းကွာမနေရ၊ ရဟန်းသံဃာနှင့်ကင်းကွာပြီး ဗုဒ္ဓသာသနာတော်ဆိုင်ရာ မည်သည့်အလုပ်ကိုမျှ မလုပ်ရပါ။

မြန်မာနိုင်ငံ၌လည်း အနော်ရထာဘုရင်က မြန်မာနိုင်ငံ၌ ထေရဝါဒဗုဒ္ဓသာသနာတော် တည်တံ့ပြန့်ပွားအောင် မည်သို့ဆောင်ရွက်ရပါမည်နည်းဟု မေးလျှောက်သောအခါ "ထေရဝါဒပိဋကတ် စာပေကို ရရှိဖို့လိုအပ်သည်၊ ပိဋကတ်စာပေကို သင်ယူလိုသော မြန်မာ့အမျိုးသား ရှင်ရဟန်းများ လိုအပ်သည်" ဟု အရှင်အရဟံက လမ်းညွှန်သင်ပြခဲ့ပါသည်။

ယင်းလမ်းညွှန်ချက်ကို အနော်ရထာဘုရင်လက်ခံပြီး ဆောင်ရွက်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံ၌ ထေရဝါဒဗုဒ္ဓသာသနာတော် တည်တံ့ပြန့်ပွားနေခြင်းဖြစ်ပါသည်။ အထူးအားဖြင့် မြန်မာ့ကျေးရွာများ၌ ရွာဦး၊ ရွာထိပ်မှာကျောင်းဆောက် ကိုးကွယ် လျက် တစ်နိုင်ငံလုံး ကလေးသူငယ်များကို ရဟန်းတော်များထံ၌ ပညာသင်ယူစေခဲ့ပါသည်။ တစ်ရွာလုံး ရဟန်းတော်များ၏ အဆုံးအမဩဝါဒအောက်မှာ နေထိုင်ကြီးပြင်းလာခဲ့ခြင်းကြောင့် မြန်မာတို့မည်သည့် လူမျိုးနှင့်မျှမတူရအောင် လွန်စွာ ယဉ်ကျေးခဲ့ ကြပါသည်။

ဘာသာခြား လူမျိုးခြားအောက်၌ နှစ်ပေါင်းတစ်ရာကျော် နေထိုင်ခဲ့ရစဉ် မျိုးဆက်သစ်လူငယ်များ မြတ်ဗုဒ္ဓတရားတော်ကိုလည်း မသင်ကြားရ၊ ရဟန်းသံဃာတော်များနှင့်လည်း ကင်းကွာသွားရခြင်းကြောင့်မြန်မာတို့ရိုင်းစိုင်းလာခဲ့ကြပါသည်။ ယခုအခါ မြန်မာ့အမျိုးသားကောင်းများအားလုံး ပျက်စီးသွားပြီး မြန်မာတို့ လူရိုင်းဘဝသို့ ပြန်လည်ဦးတည်လာကြပါသည်။

## ၂။ တရားတော်ကိုအကြီးအမှူးထား၍ဆောင်ရွက်သူဖြစ်ခြင်း

လောကသားများသည် လောကရေးကိုသာ ဦးစားပေး အလေးထားကြပါသည်၊ အသက်ရှင်နေစဉ် အရှိန်အဝါ အာဏာကို လိုလားမက်မောကြပါသည်၊ အရှိန်အဝါ အာဏာရှိပြီး ပစ္စည်းဥစ္စာ ပြည့်ပြည့်စုံစုံနှင့် ခံစားစံစားနေလိုကြပါသည်၊ အခြွေအရံအပေါင်းအသင်း ပြည့်ပြည့်စုံစုံရှိချင်ကြပါသည်၊ ထိုသို့အားလုံး ပြည့်စုံနေသော ဘဝပိုင်ရှင်ဖြစ်သွားသောအခါ ခဏလေးဖြင့် မသေချင်ကြဘူး အသက်ရှည်ရှည် ခံစား စံစားနေလိုကြပါသည်။

ဤသို့ နေထိုင်ရပြီးနောက် မသေချင်ဘဲ သေသွားပြန်ငှတော့လည်း ဤကဲ့သို့ ချမ်းသာပြည့်စုံသောဘဝကို ပြန်လည်ရရှိဖို့ ဆုတောင်းကြပြန်ပါသည်။ ဒါဟာလောက

သားများ၏ ဆန္ဒပဲဖြစ်ပါသည်၊ လူသားများ သိတာကလည်း လောကအကြောင်းကိုပဲ သိနေခြင်းကြောင့် လောက ချမ်းသာကိုပဲ တောင့်တကြတာဖြစ်ပါသည်။ ဓမ္မအကြောင်း၊ ဓမ္မချမ်းသာကို မသိ၍ ဓမ္မချမ်းသာကို မတောင့်တခြင်းသာ ဖြစ်ပါသည်။

မြတ်ဗုဒ္ဓကတော့ ဓမ္မချမ်းသာကို ခံစားဖူးခြင်းကြောင့် လောကချမ်းသာထက် ဓမ္မချမ်းသာက ပိုပြီးချမ်းသာသည်ဟု သိတော်မူသဖြင့် ဗုဒ္ဓဘာသာဝင်များလုပ်သမျှ လုပ်ငန်းအားလုံးမှာ တရားတော်ကိုသာ အကြီးအမှူးထားပြီး ဆောင်ရွက်ရန် သင်ပြတော်မူပါသည်။ **ဓမ္မာ ဓိပတေယျ** - တရားတော်ကို အကြီးအမှူးထားရမည်ဟုဆိုရာ၌ ဓမ္မ (တရားတော်) နှင့်ပတ်သက်၍ အဓိပ္ပါယ်ကျယ်ဝန်းလှပါသည်။

အဘိဓမ္မာနှင့် သုတ္တန်တရားတော်၌ ကျွမ်းကျင်ပါမှ ဓမ္မဟူသောပါဠိ၏အဓိပ္ပာယ်ကို ကျယ်ကျယ်ပြန့်ပြန့် သဘောပေါက်နိုင်ပါမည်။ ဓမ္မ၏အဓိပ္ပာယ်ကို နားမရှင်းပါက တရားတော်ကို အကြီးအမှူးထားရမည်ဟူသောစကား၏အဓိပ္ပာယ်ကို နက်နက်နဲနဲ ကျယ်ကျယ်ပြန့်ပြန့် သဘောပေါက်အောင် မတွေးခေါ်နိုင်ပါ။

**မမွသည် ရူပမမွ=ရုပ်တရား၊နာမမမွ=နာမ်တရား-ဟု** နှစ်မျိုး ရှိပါသည်၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းတရားတို့၏ ပြုပြင်ထောက်ပံ့မှုကြောင့် စိတ်၊ စေတသိက်၊ ရုပ်သင်္ခတတရားများသည် စိတ်တူသဘောတူချင်း ပေါင်းစုလျက် သက်ရှိ၊ သက်မဲ့ဒြပ်အဖြစ်ဖြင့် ဖွဲ့စည်းဖြစ်ပေါ်နေကြပါသည်။

ထိုသို့ ဖွဲ့စည်းဖြစ်ပေါ်နေကြရာ ကမ္ဘာဦးက လူတို့သည် နာမ်ရုပ်တရားအဖြစ် မသိမြင်ဘဲ ကွဲပြားနေသော ပုံသဏ္ဌာန်ကို ကြည့်လျက် လူ၊ နတ်၊ ဗြဟ္မာ၊ ယောက်ျား၊ မိန်းမ၊ ကြက်၊ ဝက်၊ ခွေး၊ ကျွဲ၊ နွားစသည်ဖြင့် အမည်မှည့်ကာ ခေါ်ဝေါ်သုံးစွဲခဲ့ကြပါသည်။ ဝေါဟာရများ တီထွင် သတ်မှတ်ခဲ့ကြပါသည်။သက်မဲ့ဒြပ်များကိုကြည့်၍ ကွဲပြားနေသော ပုံသဏ္ဌာန်အားလျော်စွာ သစ်ပင်၊ တော၊ တောင်၊ ရေ၊ မြေ စသည်ဖြင့် အမည်မှည့်ကာ ခေါ်ဝေါ်သုံးစွဲခဲ့ကြပါည်။ ဝေါဟာရများ တီထွင်သတ်မှတ်ခဲ့ကြပါသည်။ နောက်လူများကလည်း ရှေးလူများ သတ်မှတ်ချက်အတိုင်းပင် ခေါ်ဝေါ်သုံးစွဲလာကြပါသည်။

လူသားများသည် နာမ်ရုပ်တရားကို ငါ၊ သူတစ်ပါးဟု ခွဲခြား သတ်မှတ်ကြပါသည်။ ထိုခွဲခြားမှုကြောင့်ပင် ငါ့မိန်းမ၊ ငါ့ယောက်ျား၊ ငါ့သမီး၊ ငါ့သား၊ ငါ့မိဘ၊ ငါ့ဆွေမျိုး၊ ငါ့အိမ်၊ ငါ့ခြံ၊ ငါ့ရပ်ကွက်၊ ငါ့ရွာ၊ ငါ့မြို့၊ ငါ့နိုင်ငံ၊ ငါ့လူမျိုး၊ ငါ့ဘာသာ စသည်ဖြင့်

လည်းကောင်း၊ သူ့မိန်းမ၊ သူ့ယောကျ်ား၊ သူ့မိဘ၊ သူ့ဆွေမျိုး၊ သူ့အိမ်၊ သူ့ခြံ၊ သူ့ရပ်ကွက်၊ သူ့ရွာ၊ သူ့မြို့၊ သူ့နိုင်ငံ၊ သူ့လူမျိုး၊ သူ့ဘာသာစသည်ဖြင့်လည်း ခွဲခြားဆက်ဆံလေ့ရှိကြပါသည်။ ထိုသို့ ခွဲခြားဆက်ဆံခြင်းကြောင့် လူသားအချင်းချင်းအပေါ်၌ ချစ်ခြင်း၊ မုန်းခြင်းများ ဖြစ်ပေါ်လေ့ရှိကြပါသည်။ မြတ်ဗုဒ္ဓကမူ ထိုသို့ခွဲခြား၍ မဆက်ဆံရပေ၊ သားသမီးအပေါ်၌ထားရှိသော မိခင်စိတ်ဓာတ်မျိုးဖြင့် သတ္တဝါတိုင်းအပေါ်၌ မေတ္တာထားလျက် ဆက်ဆံရန်သင်ပြပေးတော်မူခဲ့ပါသည်။

"ရဟန်းတို့၊ မိခင်သည် မိမိရင်နှစ်သားအစစ်ဖြစ်သော တစ်ယောက်တည်းသောသားကို မိမိအသက်အားဖြင့် အစဉ်လိုက်၍ စောင့်ရှောက်ကာကွယ်သကဲ့သို့ ထို့အတူ သတ္တဝါ အားလုံးတို့အပေါ်၌ အတိုင်းရှည်ပမာဏမရှိသော မိခင်မေတ္တာစိတ်မျိုးကို ပွားများရမည်။

သတ္တဝါတိုင်းအပေါ်၌ မိခင်မေတ္တာစိတ်မျိုး ထားရှိလျက် ဆက်ဆံရမည်ဟု အထက်ပါအတိုင်း သင်ပြတော်မူခဲ့ပါသည်။ ဤသို့ တစ်ပြေးညီ ဆက်ဆံနိုင်ဖို့မှာ သူ့လူ ကိုယ့်လူ မခွဲခြားဘဲ သက်ရှိ၊ သက်မဲ့များအပေါ်၌ ရုပ်ဓမ္မ၊ နာမ်ဓမ္မဟူသော အမြင်တစ်မျိုး၊ လူဟူသောအမြင်တစ်မျိုးသာ ရှိဖို့လိုပါသည်။လူသားများမှာ မြန်မာ၊ ကုလား၊ တရုတ်၊ အင်္ဂလိပ် စသည်ဖြင့် လူမျိုးရေး

ခွဲခြားဆက်ဆံ ၂သော်လည်း ဗုဒ္ဓဘာသာဝင် လူသားများမှာ ထိုသို့ခွဲခြား၍ မဆက်ဆံရပါ။

လောကသားများမှာ လူမျိုးရေး ခွဲခြားဆက်ဆံမှု၊ မွေးဖွားနေထိုင်ရာအရပ်ဒေသအားဖြင့် ခွဲခြားဆက်ဆံမှု၊ ဆင်းရဲချမ်းသာခွဲခြား ဆက်ဆံမှု၊ ဂိုဏ်းဂဏ၊ ပါတီအဖွဲ့အစည်းအားဖြင့် ခွဲခြားဆက်ဆံမှု၊ အသားအရောင် ခွဲခြားဆက်ဆံမှု၊ ဇာတ်နိမ့်၊ ဇာတ်မြင့် ခွဲခြားဆက်ဆံမှု စသည်တို့ ရှိနေကြသော်လည်း ဗုဒ္ဓဘာသာဝင်အသိုင်းအဝိုင်းထဲမှာ ထိုသို့ ခွဲခြားဆက်ဆံမှုမျိုး လုံးဝမရှိရပါ။ ရုပ်တရား၊ နာမ်တရားအမြင်၊ လူဟူသော အမြင်တစ်မျိုးဖြင့်သာ ဆက်ဆံရပါမည်။ ဤအချက်ကို ဗုဒ္ဓဘာသာဝင်အမည်ခံနေသူအားလုံး အထူးပင်သတိထားရမည့် အချက်ဖြစ်ပါသည်။

ထို့အပြင် မိမိဆောင်ရွက်ချက်နှင့်ပတ်သက်၍ ဂုဏ်ယူလိုခြင်း၊ ပစ္စည်းရယူလိုခြင်း၊ ပတ်ဝန်းကျင်က အထင်ကြီးစေလိုခြင်း၊ ထင်ပေါ်ကျော်ကြားလိုခြင်း စသော အလိုဆိုးများဖြင့် မဆောင်ရွက်ရ။ ကုသိုလ်ရေး၊ ပါရမီဖြစ်ရေးကိုသာ ဦးတည်လျက်ဆောင်ရွက်ရပါသည်။

## ၃။ စွမ်းအားရှိသလောက် လှူဒါန်းမှု၌ ပျော်မွေ့ခြင်း

ဒါနသည် ကျင့်သုံးရန် လွယ်ကူသော ကျင့်ဝတ်လည်း ဖြစ်ပါသည်။ ပစ္စည်း၊ ဥစ္စာ မပြည့်စုံ၍ စားဝတ်နေရေး အခက်အခဲနှင့်ရင်ဆိုင်ရပြီး ဆင်းရဲဒုက္ခရောက်နေသူအား လိုအပ်ချက်ကို ကူညီဖြည့်ပေးလိုက်သော အခါ လိုအပ်ချက်ပြည့်စုံသွားခြင်းကြောင့် စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာဖြစ်ပြီး ဝမ်းသာအားရ ဖြစ်သွားပါသည်။

ထို့ကြောင့် စွန့်ကြဲပေးကမ်းမှုသည် သူတစ်ပါးဆင်းရဲကို ဖယ်ရှားပေးနိုင်သော စနစ်ဖြစ်၍ လူသားတို့အတွက် လက်တွေ့ကျပြီး အမှန်တကယ်လိုအပ်သော လူ့ကျင့်ဝတ်တစ်ခုဖြစ်ပါသည်။ ဗုဒ္ဓဘာသာ လူ့အဖွဲ့အစည်းသည် လူ့လောကထဲ၌ အမှန်တရားများ ဖြစ်ထွန်းစိုးမိုးလာရေးအတွက် ဦးဆောင်နေသူများဖြစ်ကြပါသည်။

ထို့ကြောင့် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို အမှန်တကယ် သက်ဝင်ယုံကြည်နေသူ ဥပါသကာ၊ ဥပါသိကာမတို့သည် မိမိမှာရှိနေသော ပစ္စည်းဥစ္စာကို စွန့်ကြဲလှူဒါန်းမှု၌ မွေ့လျော်နေသူဖြစ်ရမည်ဟု မြတ်ဗုဒ္ဓ သင်ပြတော်မူခဲ့ခြင်း ဖြစ်ပါသည်။

လုပ်ငန်းတစ်ခုကို မိမိကိုယ်တိုင် လုပ်ကိုင်ကြည့်ပြီး အလုပ်၏ အကျိုးအမြတ်ကို ကိုယ်တိုင်ခံစားရလျက် အလုပ်နှင့် အလုပ်၏အကျိုးအမြတ်အပေါ် မိမိကိုယ်တိုင် ယုံကြည်လက်ခံပြီးမှသာ သူတစ်ပါးကို ဖြန့်ဝေပေးသင့်၊ ကျင့်သုံးစေသင့်ပါသည်။ မိမိကမယုံကြည်ဘဲ သူတစ်ပါးကို ဟောပြောခြင်း၊ ကျင့်သုံးစေခြင်းသည် မှန်ကန်သောလုပ်ရပ် မဟုတ်ပါ။

ထို့ကြောင့် မိမိကိုယ်တိုင် မယုံကြည်၊ မကျင့်သုံးနိုင်သော အလုပ်ကို သူတစ်ပါးကို မလုပ်စေသင့်ပါ၊ မျက်မှောက်ခေတ်၌ လုပ်ငန်းတစ်ခုကိုပြလျက် မိမိက တစ်ကျပ်တစ်ပြားမှ မလှူဘဲ သူတစ်ပါးထံ၌သာ အလှူခံနေကြသော ဘုရား ဂေါပကလူကြီးများ၊ အခြားဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များ၏ လုပ်ရပ်သည် မြတ်ဗုဒ္ဓနှစ်သက်တော်မူသော လုပ်ရပ်မဟုတ်ပါ။ ဘာသာရေးလုပ်ငန်းတစ်ခုကို ထောက်ပြလျက် ကိုယ်ကျိုးစီးပွားအတွက် ငွေရှာသောအလုပ်သာဖြစ်သည်ဟု နားလည်ရပါမည်။

သာသနာတော်အတွက် မလုပ်မဖြစ်သော ကိစ္စဖြစ်၍ လုပ်ဖို့ လိုအပ်သည်ဟု ယုံကြည်ပါက ပိဋကတ်စာပေကျွမ်းကျင်သော ဓမ္မရေးကို အလေးထားသော ဆရာတော်ကြီးများထံ၌ ဩဝါဒကို ခံယူပြီးမှ မိမိစွမ်းနိုင်သလောက် ထည့်ဝင်လှူဒါန်းပြီး မိမိနှင့် ရင်းနှီးသောအသိမိတ်ဆွေများကို အသိပေး၍ စေတနာအား

လျော့စွာ လှူဒါန်းငွေဖြင့်သာ ဆောင်ရွက်သင့်ပါသည်။ မြန်မာပြည်သူများ လှူဒါန်းမှု၌ ဝါသနာပါလှပါသည်၊ အမှန်တကယ်လိုအပ်၍ မှန်မှန်ကန်ကန် ဆောင်ရွက်နေမှန်းသိရှိပါက လှူဒါန်းကြမှာပါ။ ဗုဒ္ဓသာသနာတော်သည် ငွေရှာသောဘာသာမဟုတ်၊ လောဘ, ဒေါသ,မောဟ စရိုက်ဆိုးများ ချုပ်ငြိမ်းအောင် ကျင့်ကြံအားထုတ်ရသော ဘာသာဖြစ်သည်ဆိုသည်ကို သတိမူဖို့လိုပါသည်။

## ၄။ ဗုဒ္ဓသာသနာတော် တိုးတက်အောင် ဆောင်ရွက်ခြင်း

ဗုဒ္ဓသာသနာတော်၌ ဦးဆောင်နေကြသော ပုဂ္ဂိုလ်များသည် ရိုးသားဖြူစင်သော စိတ်ဓာတ်ဖြင့် ဗုဒ္ဓသာသနာတော်ကို ကိုးကွယ်နေကြသော ဘာသာဝင်များထံမှ နည်းလမ်းအမျိုးမျိုးသုံး၍ အလှူငွေ မရှာသင့်ကြပါ။ ငွေရှာခြင်းသည် ဗုဒ္ဓသာသနာတော်ကို ယုတ်ညံ့နိမ့်ကျအောင် ဆောင်ရွက်ခြင်းသာ ဖြစ်ပါသည်။

သီလ၊ သမာဓိ၊ ပညာသိက္ခာ သုံးရပ်ကိုသာ သာသနာခေါ်ပါသည်။ သီလသိက္ခာကို ရည်ညွှန်း၍ ဝိနည်းပိဋကတ်တော်ကို ဟောတော်မူခဲ့ပါသည်။ သမာဓိကို ရည်ညွှန်း၍ သုတ္တန်ပိဋကတ်တော်ကို ဟောတော်မူခဲ့ပါသည်။ပညာသိက္ခာကို ရည်ညွှန်း၍ အဘိဓမ္မာ ပိဋကတ်ကို ဟောတော်မူခဲ့ပါသည်။

ထို့ကြောင့် ဝိနည်းသိက္ခာပုဒ်တော်များကို သင်ယူခြင်း၊ လိုက်နာကျင့်သုံးခြင်း မရှိလျှင် သီလသာသနာ ဆုတ်ယုတ်ပါသည်။ သုတ္တန် ပိဋကတ်ကို သင်ယူခြင်း၊ လိုက်နာကျင့်သုံးခြင်း မရှိပါက သမာဓိသာသနာတော် ဆုတ်ယုတ်ပါသည်။အဘိဓမ္မာ တရားတော်ကို သင်ယူလေ့လာခြင်း၊ လိုက်နာကျင့်သုံးခြင်းမရှိပါက ပညာသိက္ခာဆုတ်ယုတ်ပါသည်။ ထိုသီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ်ကိုသာ သာသနာခေါ်ပါသည်။

ထိုသို့သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ် ဆုတ်ယုတ်နေသည်ကိုတွေ့မြင်လျှင် ဥပါသကာ၊ ဥပါသိကာမများသည် သာသနာတော်တိုးတက်အောင် အားထုတ်ရပါမည်။ မြတ်ဗုဒ္ဓတရားတော်အရ ယခုအခါသည် ဆုတ်ကပ်ကာလဖြစ်၍ ရဟန်းရောလူပါ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ်ကို တန်ဖိုးထားသူ အလွန်နည်းပါးနေသည်ကို တွေ့မြင်နေရပါသည်။ တစ်ဘဝစာ၊ တစ်နပ်စာ စိတ်ချမ်းသာရေးကို အလေးထားလျက် ရုပ်ဝတ္ထုပစ္စည်းများ ချမ်းသာကြွယ်ဝရေးအတွက်သာ လှုပ်ရှားနေကြသူအရေအတွက် ပိုများနေသည်ကို တွေ့ရှိရပါသည်။

ဘာသာရေးလုပ်ငန်းများကို လုပ်နေသည်ဆိုသော်လည်း မိမိလုပ်ချင်သည်ကို လုပ်ဖြစ်နေရရုံဖြင့် ကျေနပ်နေသူ ပိုများနေသည်ကို တွေ့ရှိရပါသည်။ မိမိဆောင်ရွက်ချက်သည် ဝိနည်းနှင့်

ဆန့်ကျင်နေသလား၊ သီလများ ပျက်စီးနေသလား စသည်ဖြင့် သတိထားသူ အလွန်နည်းနေသည်ကို တွေ့ရပါသည်။ လူထုထဲသို့ သိက္ခာသုံးပါး ပြန့်ပွါးလာအောင် ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ တရားတော်များကို ဟောပြောသင်ကြားပေးရမည်။ ခေတ်အခြေအနေအရ မြတ်ဗုဒ္ဓတရားတော်များ ပြန့်ပွားလာအောင် ကြိုးစားဖို့ လိုပါသည်။

## ၅။ မှန်ကန်သောအမြင် (သမ္မာဒိဋ္ဌိ) ရှိသူဖြစ်ခြင်း

"ရဟန်းတို့ လောကသားအပေါင်းသည် အဝိဇ္ဇာအမှောင်ထုဖြင့် ပိတ်ဖုံးခံနေရ၏။ အဝိဇ္ဇာဥခွံတွင်း၌ မွေးဖွားဖြစ်ပေါ်နေရ၏။ ကိလေသာလှောင်အိမ်၌ ထည့်သွင်းပိတ်လှောင်ခံနေရ၏။ အဝိဇ္ဇာအမှောင်ထုဖြင့် ပိတ်ဖုံးခံနေရသော ထိုလောကသား အပေါင်းအား ငါဘုရားမှတစ်ပါး အလင်းရောင်ကို ညွှန်ပြနိုင်သော အခြားတစ်စုံတစ်ယောက်သောသူသည် လောက၌မရှိ။"[၁] "ရဟန်းတို့၊ လောကသားအပေါင်းသည် လမ်းမှားမှာ ပြေးလွှားနေ၏၊ လမ်းလွဲနေသော ထိုလောကသား အပေါင်းအား ငါဘုရားမှတစ်ပါး လမ်းမှန်သို့ ပို့ပေးနိုင် သော အခြားတစ်စုံတစ်ယောက်သောသူသည် လောက၌မရှိ။"[၂]

၁။ ပဋိသမ္ဘိဒါမဂ္ဂပါဠိ၊ ၁၂၂ ၂။ ပဋိသမ္ဘိဒါမဂ္ဂပါဠိ၊ ၁၂၃

အထက်ပါစကားရပ်ကို ထောက်၍ လောကသား အားလုံးသည် အဝိဇ္ဇာအမှောင်ထုအတွင်း၌ ကျရောက်နေခြင်းကြောင့် မျက်ကန်းများ ဖြစ်ကြသည်၊ ထိုမျက်ကန်းဖြစ်သော လောကသား အပေါင်းအား အလင်းရောင်ကိုပေးနိုင်သူသည် မြတ်ဗုဒ္ဓတစ်ဆူသာရှိသည်။ မျက်ကန်းဖြစ်သော လောကသား အပေါင်းသည် လမ်းမှားမှာ လျှောက်နေကြသည်၊ ယင်းလမ်းမှားမှာ လျှောက်နေသူ လောကသားအပေါင်းအား လမ်းမှန်သို့ ပို့ပေးနိုင်သူသည် မြတ်ဗုဒ္ဓတစ်ဆူသာရှိသည်ဟု ရှင်းလင်းပြတ်သားစွာ သိရှိနိုင်ပါသည်။

ထို့ကြောင့် မှန်ကန်သော အသိဉာဏ်ရရှိရေးအတွက် မြတ်ဗုဒ္ဓတရားတော်ကို နာကြားရမည်၊ သင်ယူလေ့လာရမည်၊ မြတ်ဗုဒ္ဓတရားတော်ကို ကျင့်သုံးအားထုတ်ရမည်ဆိုသည်မှာ ထင်ရှားလှပါသည်။ မြတ်ဗုဒ္ဓတရားတော်ကို မနာကြားဘူး၊ သင်ယူ လေ့လာခြင်းမရှိဘူး၊ ကျင့်သုံးအားထုတ်မှု မရှိဘူးဆိုပါလျှင် မှန်ကန်သောအသိဉာဏ်ကို မရနိုင်ကြောင်း နားလည်နိုင်ပါသည်။

ခေတ်ဗုဒ္ဓဘာသာဝင်များသည် ဗုဒ္ဓဘာသာစာပေကို မသင်ရခြင်း၊ ရဟန်းသံဃာတော်များ၏ အဆုံးအမနှင့် ကင်းကွာနေရခြင်းကြောင့် မှန်ကန်သောအသိပညာကို မရရှိနိုင်ကြပါ။

ထိုသို့မရရှိခြင်းကြောင့် အမှားအမှန်ကို မဝေခွဲနိုင်ကြပါ။ မိရိုးဖလာဗုဒ္ဓဘာသာဘဝဖြင့် ဘာသာရေးဆိုင်ရာ ကိစ္စများကို ပြုလုပ် ကြခြင်းကြောင့်မလုပ်သင့်သော အလုပ်များကို ပြုလုပ်မိကြသည်က ပိုများနေကြပါသည်။

ယခုအခါ ထေရဝါဒဗုဒ္ဓဘာသာကို ကိုးကွယ်နေကြသော မြန်မာတို့၏ အိမ်၊ ဘုရားကျောင်းဆောင်၊ ဘုရားခန်းများနှင့် စေတီတော်၊ ရုပ်ပွါးတော်များ သီတင်းသုံးရာဘုရားဝိုင်း၊ စေတီရင်ပြင်တို့၌ ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်၊ သူရဿတီမယ်တော်၊ တရုတ်ဘိုးတော်အန်းကုန်း၊ တရုတ် (ကွမ်ယင်) မယ်တော် စသော ရုပ်တုအများအပြား ရောက်ရှိနေကြသည်ကို တွေ့ရပါသည်။

ထိုရုပ်တုများကို မြတ်ဗုဒ္ဓရုပ်ပွားတော်နှင့်အတူ ထားရှိနေကြသည်ကိုထောက်လျှင် ငါတို့မြန်မာများ ကိုးကွယ်မှုလမ်းကြောင်း ပြောင်းသွားပြီလောဟု သံသယဝင်မိပါသည်။ အဆိုပါရုပ်တုများကို ကိုးကွယ်နေကြမည်ဆိုပါက ငါတို့မြန်မာများ ကိုးကွယ်မှုအပိုင်းမှာ အဆင့်နိမ့်ကျသွားပြီဟု တွေးကာ စိတ်မကောင်းဖြစ်ရပါသည်။ အနာဂတ်ဗုဒ္ဓသာသနာတော်အတွက်ရော၊ မြန်မာလူမျိုးအတွက်ပါ ရင်လေးစရာပင်ဖြစ်ပါသည်။

အချို့ရုပ်တုမှာ ကိုးကွယ်ဖို့ မဆိုထားနှင့် ယဉ်ကျေးသော ကာယိန္ဒြေကိုပင် မဆောင်နိုင်ကြသဖြင့် လေးစားလောက်သော အမူအရာကိုပင် မတွေ့ရပါ။ မြတ်ဗုဒ္ဓက ကိုးကွယ်ရာအဖြစ် ဗုဒ္ဓ၊ ဓမ္မ၊ သံဃဟူသော ရတနာမြတ်သုံးပါးကိုသာ ညွှန်ပြတော်မူခဲ့ပါသည်။ အကယ်၍ အဆိုပါရုပ်တုများကို ကိုးကွယ်လိုပါကလည်း ဘုရားကျောင်း၊ ဘုရားခန်း၌မထားဘဲ အခြားသင့်လျော်သော နေရာတစ်နေရာ၌ သီးခြားထားသင့်ပါသည်။

မြတ်ဗုဒ္ဓ၏ရုပ်ပွားတော်နှင့်တန်းတူထား၍ လုံးဝမကိုးကွယ်သင့်ပါ။ မြတ်ဗုဒ္ဓရုပ်ပွားတော်နှင့် အတူထားနိုင်လောက်အောင် အဆိုပါရုပ်တုများ၌ ဂုဏ်အရည်အချင်းများမရှိကြပါ။ အသက်ထင်ရှားရှိနေမည်ဆိုလျှင် ဘုရားနှင့် အတူထိုင်ရဲဖို့မဆိုထားနှင့် အနားသို့ပင်ကပ်ရဲကြမည် မဟုတ်ပါ။ **“ဇီဝိတဟေတုပိ န အညံ သတ္ထာရံ ဥဒ္ဒိသတိ** - အသက်ဟူသော အကြောင်းကြောင့်ပင် ရတနာသုံးပါးမှတစ်ပါး အခြားသူကို ဆရာအဖြစ် မညွှန်ပြရဟု ကိုးကွယ်မှုအပိုင်းနှင့် ပတ်သက်၍ တိတိကျကျ သင်ပြတော်မူခဲ့ပါသည်။*

ခေတ်မီရိုးဖလာ ဗုဒ္ဓဘာသာဝင်များသည် ဗုဒ္ဓဘာသာဝင်အဖြစ် ဝန်ခံနေကြသော်လည်း ချမ်းသာမှု၊ဆင်းရဲမှုသည် မိမိပြုလုပ်ကံကြောင့်ဖြစ်သည်ဟု ကံတရားနှင့် ကံ၏အကျိုးတရား

* မိလိန္ဒပဉှပါဠိ - ၁၀၁

ကိုပင် မယုံကြည်ကြပါ။ **ကောတူလဟာမင်္ဂလာ**ခေါ်သော မြင်ရ၊ ကြားရ၊ ထိတွေ့ရသော အာရုံကို အတိတ်နိမိတ်ကောက်ယူပြီး ဤသို့ မြင်ရ၊ ကြားရ၊ ထိတွေ့ရပါက ဤမည်သော မင်္ဂလာ ဖြစ်သည်၊ ကြီးပွားချမ်းသာကြောင်းဖြစ်သည်ဟု ယုံကြည်လေ့ ရှိကြသည်ကို တွေ့ရပါသည်။ ဤအယူအဆသည် ပညာမဲ့သူ တို့၏ အယူအဆသာ ဖြစ်ပါသည်။

ဗုဒ္ဓ၊ ဓမ္မ၊ သံဃာကို ကိုးကွယ်ဆည်းကပ် နေသူသည် **အပဟာတကောတူဟာလမင်္ဂလိကော** မြင်ရ၊ ကြားရ၊ ထိတွေ့ရ မှုသည် မင်္ဂလာဖြစ်သည်ဟူသောအယူမှကင်းရှင်းရမည်ဟု တိကျခိုင်မာစွာ မိန့်ဆိုထားပါသည်။*

ဘုရား၊ တရား၊ သံဃာကိုလည်း မယုံကြည်၊ မိမိပြု လုပ်သော ကံတရားနှင့်ကံ၏ အကျိုးတရားကိုလည်း မယုံကြည်ဘဲ ဗုဒ္ဓသာသနာတော်ကို ဟန်ပြအဖြစ် ကိုးကွယ်နေသော်လည်း ဗုဒ္ဓသာသနာတော်ပြင်ပ၌ မိမိအလှူပစ္စည်းကို အလှူခံမည့် ပုဂ္ဂိုလ်မျိုးကို ရှာနေသူများ လောကထဲ၌ ရှိနေတတ်ပါသည်။ ထိုဥပါသကာမျိုးကို ဥပါသကာ ဒွန်းစဏ္ဍား၊ ဥပါသကာ အညစ်အကြေး၊ ဥပါသကာအညံ့စားအဖြစ် မြတ်ဗုဒ္ဓမိန့်ကြား တော်မူခဲ့ပါသည်။

---

* အင်္ဂုတ္တရပါဠိ၊ ဒု-တွဲ၊ ၁၈၁

ရဟန်းတို့၊ တရားငါးမျိုးနှင့်ပြည့်စုံသော ဥပါသကာသည် ဥပါသကာဒွန်းစဏ္ဍားလည်းဖြစ်၏။ ဥပါသကာအညစ်အကြေးလည်း ဖြစ်၏။ ဥပါသကာအညံ့စားလည်း ဖြစ်၏။

အဘယ်တရားငါးမျိုးတို့နည်းဟူမူ -

၁။ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးနှင့် ကံ၊ ကံ၏အကျိုးတရားတို့၌ ယုံကြည်မှုမရှိခြင်း၊

၂။ ကိုယ်ကျင့်သီလမရှိခြင်း၊

၃။ အသစ်အဆန်း မြင်ရ၊ ကြားရ၊ ထိတွေ့ရသော အာရုံကို ကြီးပွားကြောင်းမင်္ဂလာအဖြစ် ယုံကြည်ခြင်း၊

၄။ မြင်ရ၊ ကြားရ၊ ထိတွေ့ရသောအာရုံကို ကြီးပွားကြောင်း မင်္ဂလာအဖြစ် ယုံကြည်ပြီး ကုသိုလ်ကံ၊ အကုသိုလ်ကံကို မယုံကြည်ခြင်း၊

၅။ ဤသာသနာတော်ပြင်ဘက်၌ အလှူခံပုဂ္ဂိုလ်ကို ရှာဖွေလျက် ထိုသာသနာ့ပြင်ဘက်၌ ရှေးဦးစွာ ကုသိုလ်ကောင်းမှု ပြုလုပ်ခြင်း။

လွန်စွာတွေ့ခဲကြုံခဲသော ဗုဒ္ဓသာသနာတော်နှင့် တွေ့ကြုံနေရပါလျက် ဥပါသကာအတု ဥပါသကာ အညံ့စား

ဘဝဖြင့် ကျေနပ်နေရပြီး သေဆုံးသွားရမည်ဆိုပါက လူဖြစ်ရကျိုး မနပ်ပေ။ လူဖြစ်ရကျိုးနပ်အောင် မြတ်ဗုဒ္ဓ သင်ပြတော်မူခဲ့သော မှန်ကန်သော အသိဉာဏ်များ မိမိသန္တာန်၌ ဖြစ်ထွန်းလာစေရန် တန်ဖိုးရှိလှသောမြတ်ဗုဒ္ဓအဆုံးအမ တရားတော်များကို သင်ယူလေ့လာသင့်ပါသည်။

သင်ယူလေ့လာပြီးနောက် လက်တွေ့ လိုက်နာ အားထုတ်သင့်ကြပါသည်။ မှန်ကန်သော အသိဉာဏ်များ ဖြစ်ထွန်းလာပါမှ အသိစိတ် ယဉ်ကျေးလာပြီး လောကထဲ၌ နေတတ်၊ ထိုင်တတ်လာမည်ဖြစ်ပါသည်။ မှန်ကန်သော အသိဉာဏ်ကို မရရှိပါက စိတ်ဓာတ် ရိုင်းစိုင်းကြမ်းတမ်းနေပြီး ဘဝသံသရာ တစ်လျှောက်လုံး၌ ဆင်းရဲမြဲ ဆင်းရဲနေကြမည်သာဖြစ်၏။

**၆။ ကိုယ်၊နှုတ် နှစ်ပါးလုံးကို လုံခြုံအောင် စောင့်ထိန်းနိုင်ခြင်း**

လူသည် နှလုံးသားထဲက ဖြစ်ပေါ်လာသော စေတနာက စေ့ဆော်၊ လှုံ့ဆော်မှုကြောင့် နေ့စဉ်အမြဲ လက်ခြေစသော ကိုယ်ခန္ဓာဖြင့် အလုပ်အမျိုးမျိုးကို ပြုလုပ်နေ၏။ ထိုသို့ ကိုယ်ခန္ဓာ ဖြင့် ပြုလုပ်အပ်သော အလုပ်ကို "ကာယကံ" ခေါ်၏။ ထိုကာယကံသည် အောက်ပါအတိုင်း သုံးမျိုးပြား၏။

**ကာယကံသုံးပါး**

(၁) ပါဏာတိပါတ - သတ္တဝါ၏အသက်ကို သတ်မှု၊

(၂) အဒိန္နာဒါန - သူ့ဥစ္စာကို ခိုးဝှက်၊ တိုက်ခိုက်၊ လုယ့်ပတ်ယူမှု၊

(၃) ကာမေသုမိစ္ဆာစာရ - ကာမဂုဏ်တို့၌ မှားယွင်း ဖောက်ပြန်စွာ ပြုကျင့်မှု။

လူသည် စေတနာက စေ့ဆော်၊ လှုံ့ဆော်မှုကြောင့် နေ့စဉ်အမြဲ နှုတ်ဖြင့် စကားအမျိုးမျိုးကို ပြောဆိုနေ၏။ ယင်းနှုတ်ဖြင့်ပြောဆိုအပ်သောစကားကို "ဝစီကံ" ခေါ်၏။ ထိုဝစီကံသည် အောက်ပါအတိုင်း လေးမျိုးပြား၏။

**ဝစီကံလေးပါး**

(၁) မုသာဝါဒ - မဟုတ်မမှန် ပြောဆိုမှု၊

(၂) ပိသုဏာဝါစာ - သူတစ်ပါးတို့ ကွဲပြားအောင် ရန်တိုက်မှု၊

(၃) ဖရုသဝါစာ - ကြမ်းတမ်းသော စကားကို ပြောဆို၊ ဆဲဆိုမှု၊

(၄) သမ္ဖပ္ပလာပ - အနှစ်မဲ့သော စကားကို ပြောဆိုမှု၊

အထက်ပါ ကာယကံသုံးပါး၊ ဝစီလေးပါးနှင့် မနောကံ

သုံးပါးဟူသောတရားဆယ်ပါးကို ဒုစရိုက်တရားဟုလည်းခေါ်၏။ ထိုအသက်သတ်မှုကို ပြုလုပ်သူနှင့် ပတ်ဝန်းကျင်ကို ဆင်းရဲပျက်စီးစေတတ်သောကြောင့် အသက်သတ်မှုစသည်ကို မကောင်းသော အကျင့် (ဒုစရိုက်) ခေါ်၏။

ဒုစရိုက်ကို ပြုလုပ်သူနှင့် ပတ်ဝန်းကျင်ကို ပျက်စီးစေတတ်သောကြောင့် ယင်းဒုစရိုက်တရားကို မပြုလုပ်ရန် မြတ်ဗုဒ္ဓတားမြစ် တော်မူခဲ့ခြင်းဖြစ်၏။ မြတ်ဗုဒ္ဓတားမြစ်တော်မူသည့်အတိုင်း ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါးကို မပြုလုပ်ဘဲ ရှောင်ကြဉ်နေသူသည် ကိုယ်၊ နှုတ်နှစ်ပါးလုံးကို လုံခြုံအောင်စောင့်ထိန်းနေသူဖြစ်၏။ ကိုယ်၊ နှုတ်နှစ်ပါးလုံး၌ ဒုစရိုက်တရားများ မဖြစ်ပွားရအောင် စောင့်ထိန်းရသော အလုပ်သည်အပြောလွယ်သလောက် လက်တွေ့မှာလိုက်နာနိုင်ဖို့ ခက်ခဲလှ၏။

**ဆင်းရဲမွဲပြာနေသူ**

ဒုစရိုက်တရားကို ရှောင်ကြဉ်နိုင်ရန် စိတ်ဓာတ် ယဉ်ကျေးနေဖို့ လိုအပ်လှ၏။ စိတ်ဓာတ်ယဉ်ကျေးနေဖို့မှာလည်း ကုသိုလ်ကံ၊ အကုသိုလ်ကံနှင့် ယင်းကုသိုလ်ကံ၊ အကုသိုလ်ကံ၏ကောင်းကျိုး၊ မကောင်းကျိုးကို ခွဲခြားသိမြင်တတ်သော အသိဉာဏ်ရှိဖို့လို၏။ ကုသိုလ်ကံ၊ အကုသိုလ်ကံနှင့် ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏ အကျိုးတရားကို ယုံကြည်မှုရှိဖို့ လိုပြန်၏။

အကုသိုလ်တရားတို့ကို ပြုလုပ်ရမှာကို ရှက်တတ်၊ ကြောက်တတ်သော ဟိရီ၊ ဩတ္တပ္ပတရားများလည်း ရှိဖို့လိုပြန်၏။ ထိုသို့ရှက်တတ်၊ ကြောက်တတ်သော ဟိရီ၊ ဩတ္တပ္ပတရားရှိပါမှ အကုသိုလ်အလုပ်ကို မပြုလုပ်ဘဲရှောင်ကြဉ်မည်ဖြစ်၏။

ကောင်းသောကုသိုလ်လုပ်ငန်းတို့၌ ကြိုးစား အားထုတ်မှု ဝီရိယရှိဖို့လည်းလိုပြန်၏။စိတ်ထဲကသိနေသော်လည်း ကုသိုလ်လုပ်ငန်းကိုကြိုးစားလုပ်ကိုင်မှု မရှိပြန်ရင်လည်း ကုသိုလ်တရား တိုးပွားနေဖို့ မလွယ်လှပေ။

(က) လူ၏စိတ်ထဲမှာ ယုံကြည်မှု သဒ္ဓါ၊

(ခ) မကောင်းမှု အကုသိုလ်၌ ရှက်တတ်မှု ဟိရီ၊

(ဂ) မကောင်းမှု အကုသိုလ်၌ ကြောက်တတ်မှု ဩတ္တပ္ပ၊

(ဃ) ကုသိုလ်တရား၌ ကြိုးစားမှု ဝီရိယ၊

(င) ကုသိုလ်ကံ၊ အကုသိုလ်ကံနှင့် ထိုကုသိုလ်ကံ၊ အကုသိုလ်တို့၏ အကျိုးတရားကို ခွဲခြားသိမြင်တတ်မှု ပညာဟူသော တရားငါးမျိုးမရှိသူကို မြတ်ဗုဒ္ဓက ဤသာသနာတော်၌ ကိုယ်ပိုင်ပစ္စည်းမရှိသော လူမွဲ လူဆင်းရဲ (ဒလိဒ္ဒ) ဟု အသိအမှတ်ပြုတော်မူ၏။

**ဆင်းရဲမွဲပြာနေသူနှင့်တူပုံ**

လောက၌ ဆင်းရဲ၍ မွဲပြာနေသူမှာ ကိုယ်ပိုင်ငွေမရှိခြင်းကြောင့် သူတစ်ပါးထံမှ ကြွေးယူသုံးရ၏။ ကြွေးယူပြီးနောက် အတိုးပေးရ၏၊ သတ်မှတ်ချိန်အတွင်း၌ အတိုးမပေးနိုင်ပါက ကြွေးရှင်များ အိမ်သို့လာပြီး ကြွေးတောင်းကြ၏။ကြွေးတောင်းသော်လည်း မပေးဆပ်နိုင်သောအခါ သွားလေရာနောက်သို့ လိုက်ပါ၍ ကြွေးတောင်းကြ၏။ သွားလေရာနောက်သို့ လိုက်ပါတောင်းသော်လည်း မပေးဆပ်နိုင်ပါက ကြွေးရှင်များက အာဏာပိုင်များထံ၌ တိုင်ကြားကြသဖြင့် အာဏာပိုင်များက ထိုကြွေးယူသုံးသူကို ဖမ်းဆီးချုပ်နှောင်ထားကြ၏။

ထိုကြောင့် လူ့လောက၌ ဆင်းရဲမွဲပြာနေသော လူ့ဘဝသည် ဆင်းရဲလှ၏။ ကြွေးယူ၍ သုံးစွဲရခြင်းသည်လည်း ဆင်းရဲလှ၏။ အတိုးပေးနေရခြင်းသည်လည်း ဆင်းရဲလှ၏။ အတိုးမပေးနိုင်ပါက ကြွေးရှင်များ အိမ်သို့လိုက်ပြီး ကြွေးတောင်းခံရသော ဘဝသည်လည်း ဆင်းရဲလှ၏။ တောင်းသော်လည်း မပေးဆပ်နိုင်ပါက သွားလေရာ နောက်က လိုက်ပါနေခြင်းသည်လည်း ဆင်းရဲလှ၏။ ကြွေးကို မပေးဆပ်နိုင်သဖြင့် အာဏာပိုင်များထံ ဖမ်းဆီးချုပ်နှောင် ခံရခြင်းသည်လည်း ဆင်းရဲလှ၏။

ဤသာသနာတော်၌ သဒ္ဓါ၊ ဟိရီ၊ ဩတ္တပ္ပ၊ ဝီရိယ၊ ပညာ တရားများ မရှိသော လူဆင်းရဲသည်လည်း သဒ္ဓါ၊ ဟိရီ၊ ဩတ္တပ္ပ၊ ဝီရိယ၊ ပညာမရှိခြင်းကြောင့် ခန္ဓာကိုယ်ဖြင့် အသက်သတ်မှု စသော ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါး၊ မနော ဒုစရိုက် သုံးပါးတို့ကို ပြုလုပ်လေ့ရှိ၏။ ဤသို့ ဒုစရိုက်မှုကို ပြုလုပ်ခြင်းသည် သံသရာ၌ ကြွေးယူခြင်းပင်ဖြစ်၏။

ဒုစရိုက်မှုကို ပြုလုပ်ပြီးနောက် ထိုသို့ ဒုစရိုက်တရား များကို ပြုလုပ်နေသည်ကို ပတ်ဝန်းကျင်က မသိအောင် ဖုံးကွယ် ဖို့ ကြိုးစား၏။ ဤသို့ ဖုံးကွယ်ဖို့ကြိုးစားခြင်းသည် အတိုးပေးရ သည်နှင့် အလားတူ၏။ မကောင်းမှုကို ဖုံးကွယ်သော်လည်း မကောင်းမှု လုံခြုံရာအရပ်သည် ဤလောက၌ မရှိနိုင်ပါပေ။ တစ်နေ့နေ့မှာ ပေါ်လွင်ထင်ရှားလာတတ်၏။ ထိုသို့ ပေါက်ကြား လာသောအခါ "ဤသူသည် ဤသို့ မကောင်းမှုကို ပြုလုပ်နေ၏" ဟု ပတ်ဝန်းကျင်က ပြောဆိုထောက်ပြလာတတ်၏။

ဤသို့ပြောဆိုခြင်းသည် ကြွေးတောင်းခံရခြင်းနှင့် အလားတူ၏။ ဤသို့ ပတ်ဝန်းကျင်က ထောက်ပြပြောဆို ခံရသဖြင့် စိတ်နှလုံးမသာယာမှုများ ရောက်ရာအရပ်တိုင်း၌ ဖြစ်နေတတ်၏။ ဤသို့ ရောက်ရာအရပ်တိုင်း၌ စိတ်နှလုံး မသာယာခြင်းသည် ကြွေးရှင်များ နောက်ကလိုက်ပါနေသည်နှင့်

တူ၏။

ဤသို့ ဒုစရိုက်မှုများကို ပြုလုပ်သူသည် သေလွန်ပြီးနောက် ငရဲဟူသော အနှောင်အဖွဲ့ဖြင့်သော်လည်း နှောင်ဖွဲ့ခံရတတ်၏။ တိရစ္ဆာန်ဘဝ၌ ဖြစ်ခြင်းဟူသော အနှောင်အဖွဲ့ဖြင့်သော်လည်း နှောင်ဖွဲ့ခံရတတ်၏။ သာသနာတော်၌ သဒ္ဓါ၊ ဟိရီ၊ ဩတ္တပ္ပ၊ ဝီရိယ၊ ပညာမရှိသူ၏ သူဆင်းရဲနှင့်တူပုံကို မြတ်ဗုဒ္ဓက အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့၏။

"ရဟန်းတို့၊ လောက၌ ကာမဂုဏ်ကို ခံစားသောသူအား လူမွဲဖြစ်မှုသည် ဆင်းရဲသည်မဟုတ်လော" ဟု မေးတော်မူ၏။

"အရှင်ဘုရား ဟုတ်ပါ၏။"

"ရဟန်းတို့၊ ကိုယ်ပိုင်ဥစ္စာမဲ့သော မကြွယ်ဝသော လူမွဲသည် ကြွေးယူရ၏။ ရဟန်းတို့ လောက၌ ကာမဂုဏ်ကို ခံစားသော သူအား ကြွေးယူရခြင်းသည်လည်း ဆင်းရဲသည် မဟုတ်လော" ဟု မေးတော်မူ၏။

"အရှင်ဘုရား ဟုတ်ပါ၏။"

"ရဟန်းတို့၊ ကိုယ်ပိုင်ဥစ္စာမဲ့သော မကြွယ်ဝသော လူမွဲသည် ကြွေးယူ၍ အတိုးကို ပေးပါမည်ဟု ဝန်ခံရ၏။ ရဟန်းတို့

လောက၌ ကာမဂုဏ်ကို ခံစားသောသူအား အတိုးကို ပေးပါမည်ဟု ဝန်ခံရခြင်းသည်လည်း ဆင်းရဲသည်မဟုတ်လော”ဟု မေးတော်မူ၏။

“အရှင်ဘုရား ဟုတ်ပါ၏။”

“ရဟန်းတို့၊ ကိုယ်ပိုင်ဥစ္စာမရှိသော မကြွယ်ဝသော လူမွဲသည် အတိုးကိုပေးပါမည်ဟု ဝန်ခံပြီး၍ အချိန်ဖြင့် ပေးဆပ်ရသော အတိုးကို မပေးဆပ်နိုင်၊ ထိုသူကို အကြွေးရှင်တို့သည် ကြွေးတောင်းကုန်၏။ ရဟန်းတို့၊ လောက၌ ကာမဂုဏ်ကို ခံစားသောသူအား ကြွေးတောင်းခံရခြင်းသည်လည်း ဆင်းရဲသည် မဟုတ်လော” ဟု မေးတော်မူ၏။

“အရှင်ဘုရား ဟုတ်ပါ၏။”

“ရဟန်းတို့၊ ကိုယ်ပိုင်ဥစ္စာမရှိသော မကြွယ်ဝသော လူမွဲသည် ကြွေးတောင်းအပ်သည်ရှိသော် မပေးဆပ်နိုင်။ ထိုသူကို ကြွေးရှင်တို့သည် အစဉ်လိုက်ကုန်၏။ ရဟန်းတို့၊ လောက၌ ကာမဂုဏ်ကို ခံစားသောသူအား ကြွေးရှင်တို့က နောက်က အလိုက်ခံရခြင်းသည်လည်း ဆင်းရဲသည် မဟုတ်လော” ဟု မေးတော်မူ၏။

“အရှင်ဘုရား ဟုတ်ပါ၏။”

"ရဟန်းတို့၊ ကိုယ်ပိုင်ဥစ္စာမရှိသော မကြွယ်ဝသော လူမွဲသည် နောက်သို့ အစဉ်လိုက်အပ်သော်လည်း မပေးဆပ်နိုင်၊ ထိုသူကို ချုပ်နှောင်ကြကုန်၏။ ရဟန်းတို့ လောက၌ ကာမဂုဏ်ကို ခံစားသူအား ချုပ်နှောင်ခံရခြင်းသည်လည်း ဆင်းရဲသည် မဟုတ်လော" ဟု မေးတော်မူ၏။

"အရှင်ဘုရား ဟုတ်ပါ၏။"

"ရဟန်းတို့၊ ဤသို့လျှင် လောက၌ ကာမဂုဏ်ခံစားသော သူအား လူမွဲဖြစ်မှုသည်လည်း ဆင်းရဲ၏။ ကြွေးယူရခြင်းသည်လည်း ဆင်းရဲ၏။ အတိုးကို ပေးဆပ်ပါမည်ဟု ဝန်ခံခြင်းသည်လည်း ဆင်းရဲ၏။ ကြွေးတောင်းခံရခြင်းသည်လည်း ဆင်းရဲ၏။အချုပ်အနှောင်ခံရခြင်းသည်လည်း ဆင်းရဲ၏။

ရဟန်းတို့၊ဤအတူသာလျှင် တစ်စုံတစ်ယောက်သော သူအား ကုသိုလ်တရားတို့၌ ယုံကြည်မှု 'သဒ္ဓါ' မရှိ၊ ရှက်မှု 'ဟိရီ'မရှိ၊ ထိတ်လန့်မှု 'ဩတ္တပ္ပ'မရှိ၊ အားထုတ်မှု 'ဝီရိယ' မရှိ၊ သိမှု 'ပညာ' မရှိ။ ရဟန်းတို့၊ ဤပုဂ္ဂိုလ်ကို အရိယာတို့၏ အဆုံးအမသာသနာတော်၌ ကိုယ်ပိုင်ဥစ္စာမဲ့သူ မကြွယ်ဝသူ လူမွဲ ဟူ၍ ဆိုအပ်၏။

ရဟန်းတို့၊ ကိုယ်ပိုင်ဥစ္စာမဲ့သော မကြွယ်ဝသော ထိုလူမွဲသည် ကုသိုလ်တရားတို့၌ ယုံကြည်မှုသဒ္ဓါမျှ မရှိခဲ့သော်၊

ဟိရီမျှ မရှိခဲ့သော်၊ ဩတ္တပ္ပမျှ မရှိခဲ့သော်၊ ဝီရိယမျှ မရှိခဲ့သော်၊ ပညာမျှ မရှိခဲ့သော် ကိုယ်နှုတ်စိတ်ဖြင့် ဒုစရိုက်ကို ပြုကျင့်၏။ ဤသည်ကို ထိုသူ၏ ကြွေးယူမှုဟူ၍ ငါဘုရား ဟောတော်မူ၏။

ထိုသူသည် ထိုကာယဒုစရိုက်၊ ဝစီဒုရိုက်၊ မနော ဒုစရိုက်ကို ဖုံးကွယ်လိုခြင်းဟူသော အကြောင်းကြောင့် ယုတ်ညံ့သော တောင်းတမှုကို အားထုတ်၏။

"ငါ့ကို သူတစ်ပါးတို့ မသိပါစေလင့်" ဟု အလိုရှိ၏။

"ငါ့ကို သူတစ်ပါးတို့ မသိပါစေလင့်" ဟု ကြံ၏။

"ငါ့ကို သူတစ်ပါးတို့ မသိပါစေလင့်" ဟု စကားပြောဆို၏။

"ငါ့ကို သူတစ်ပါးတို့ မသိပါစေလင့်" ဟု ကိုယ်ဖြင့် လုံ့လပြု၏။ ဤသည်ကို ထိုသူ၏ အတိုးတက်မှုဟူ၍ ငါဘုရား ဟောတော်မူ၏။

ထိုပုဂ္ဂိုလ်ကို သီလကို ချစ်မြတ်နိုးသည့် သီးတင်းသုံးဖော်တို့က "ဤအရှင်သည် ဤသို့ပြုလေ့ရှိ၏။ ဤသို့အကျင့်ရှိ၏" ဟု ပြောဆိုကြကုန်၏။ ဤသည်ကို ထိုသူ၏ ကြွေးတောင်းခံရမှုဟူ၍ ငါဘုရား ဟောတော်မူ၏။

တောအရပ်သို့ဖြစ်စေ၊ သစ်ပင်ရင်းသို့ဖြစ်စေ၊ ဆိတ်ငြိမ်

ရာသို့ဖြစ်စေ ကပ်ရောက်သောသူကို နှလုံးမသာယာခြင်းနှင့် တကွ ဖြစ်ကုန်သော ယုတ်ညံ့သော မကောင်းသော အကုသိုလ် အကြံအစည်တို့သည် အစဉ်လိုက်ကုန်၏။ ဤသည်ကို ထိုသူ၏ ကြွေးရှင်တို့ အလိုက်ခံရမှုဟူ၍ ငါဘုရားဟောတော်မူ၏။

ရဟန်းတို့၊ ကိုယ်ပိုင်ဥစ္စာမဲ့သော မကြွယ်ဝသော ထိုလူမွဲသည် ကိုယ်နှုတ်စိတ်ဖြင့် မကောင်းမှုကို ပြုကျင့်၍ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ငရဲဟူသော အနှောင်အဖွဲ့ဖြင့်သော်လည်း နှောင်ဖွဲ့ခံရ၏။ တိရစ္ဆာန်ဘဝ၌ ဖြစ်ခြင်းဟူသော အနှောင်အဖွဲ့ဖြင့်သော်လည်း နှောင်ဖွဲ့ခံရ၏။

ရဟန်းတို့၊ ငရဲဘုံ၌ ဖြစ်သော နှောင်ဖွဲ့ခြင်း၊ တိရစ္ဆာန်ဘုံ၌ဖြစ်သော နှောင်ဖွဲ့ခြင်းကဲ့သို့ ထို့အတူ ဤသို့ ကြမ်းတမ်းသော ဤသို့စပ်ခါး၍ အတုမရှိသော ယောဂလေးပါးကုန်ရာ နိဗ္ဗာန်ကိုရရန်အတွက် အန္တရာယ်ကို ပြုတတ်သည့် အခြားတစ်စုံ တစ်ခုသော အနှောင်အဖွဲ့ကိုမျှလည်း ငါဘုရားတွေ့မြင်တော် မမူ" ဟု မိန့်တော်မူ၏။*

**အသက်ကို ကာကွယ်လို**

သတ္တဝါများသည် မိမိတို့စရိုက်ဝါသနာအားလျော်စွာ ကောင်းသော အလုပ် (ကံ) နှင့် မကောင်းသော အလုပ်ကံကို ပြုလုပ်နေကြ၏။ လက်ရှိထားသော ဘဝသည်ပင် မိမိတို့ပြုလုပ်

---
* အင်္ဂုတ္တရပါဠိ၊ ဒုတိယတွဲ - ၃၀၉

ခဲ့သော အလုပ် (ကံ) အားလျော်စွာ မိမိအလုပ်(ကံ)နှင့် ထိုက်တန်သောဘဝကို ရရှိထားကြခြင်းဖြစ်၏။ သတ္တဝါများသည် ကောင်းသောဘဝကို ရရှိကြသည်ဖြစ်စေ၊ မကောင်းသောဘဝကို ရရှိကြသည်ဖြစ်စေ၊ မိမိရရှိထားသောဘဝကို ချစ်ခင်မြတ်နိုးတန်းဖိုးထားကြသည်သာဖြစ်၏။ သတ္တဝါတိုင်း မိမိဘဝကို ချစ်ခင်မြတ်နိုးတန်ဖိုးထားကြပြီး ပျော်ရွှင်နေကြသည်သာဖြစ်၏။

ထိုသို့ ပျော်ရွှင်နေစဉ် သူတစ်ပါးတို့ သတ်ဖြတ်မှုကြောင့် သေဆုံးကြရပါက ကံကုန်အောင် သက်တန်းကုန်အောင် မနေခဲ့ကြရဘဲ ဘဝအခွင့်အရေးများ ဆုံးရှုံးကြရ၏။ ထိုသို့ မဆုံးရှုံးကြရအောင် ဗုဒ္ဓဘာသာဝင်များ သူတစ်ပါးအသက်ကို မသတ်ရန် မြတ်ဗုဒ္ဓတားမြစ် တော်မူခဲ့ခြင်းဖြစ်၏။သူတစ်ပါးအသက်ကို ကာကွယ်လို၍ အောက်ပါ ကုန်သွယ်မှု ငါးမျိုးကိုလည်း မပြုလုပ်ရန် မြတ်ဗုဒ္ဓက တားမြစ်တော်မူခဲ့၏။

**ဥပါသကာများ မရောင်းဝယ်ကောင်းသော ပဉ္စည်းငါးမျိုး**

ရဟန်းတို့ ဥပါသကာသည် ဤကုန်သွယ်ရောင်းဝယ်မှု ငါးမျိုးတို့ကို မပြုလုပ်ရကုန်။

(၁) **သတ္ထဝဏိဇ္ဇာ** - လက်နက် ကုန်သွယ်ရောင်းဝယ်ခြင်း၊

(၂) **သတ္တဝဏိဇ္ဇာ** - လူ သတ္တဝါကို ကုန်သွယ်ရောင်းဝယ်ခြင်း၊

(၃) **မံသဝဏိဇ္ဇာ** - အသားကို ကုန်သွယ် ရောင်းဝယ်ခြင်း၊

(၄) **မဇ္ဇဝဏိဇ္ဇာ** - သေရည် အရက် မူးယစ်ဆေးကို ကုန်သွယ်ရောင်းဝယ်ခြင်း၊

(၅) **ဝိသဝဏိဇ္ဇာ** - အဆိပ်ကို ကုန်သွယ်ရောင်းဝယ်ခြင်း၊

**ငြိမ်းချမ်းစွာနေထိုင်တတ်စေရန်**

လူ၏ခန္ဓာကိုယ်ကို တဏှာနှင့် ဖွဲ့စည်းထားခြင်းကြောင့် လူသည် ကာမဂုဏ်ကိုလိုလားသော သတ္တဝါဖြစ်၏။ ကာမဂုဏ်ကို အမြဲလိုလားနေခြင်းကြောင့် ကာမဂုဏ်အပေါ်၌ မည်သည့်အခါ၌မျှ အပြစ်မမြင်နိုင်ပေ၊ အပြစ်မမြင်လျှင် ကာမဂုဏ်နှင့် ပတ်သက်နေသောစကားကို မပြောမိအောင်၊ ကာမဂုဏ်နှင့် ပတ်သက်နေသော အလုပ်ကို မလုပ်မိအောင် စောင့်ထိန်းဖို့ ခက်ခဲလှ၏။

မြတ်ဗုဒ္ဓသည်သာ ကာမဂုဏ်၏အပြစ်ကို တိတိကျကျ သိမြင်တော်မူ၏။ ကာမဂုဏ်၏အပြစ်ကို သိတော်မူခြင်း

ကြောင့် ကာမဂုဏ်ကို အဖော်လုပ်နေသောလောကသားများ ထဲ၌ မြတ်ဗုဒ္ဓပွင့်တော်မူလာသောအခါ ကာမဂုဏ်၏ အားနည်းချက်များကို တိတိကျကျထောက်ပြတော်မူလျက် သားသမီးကောင်း မွေးဖွားရေးကိုအခြေခံလျက် ကာမဂုဏ် ဖောက်ပြန်မှုကို ရှောင်ကြဉ်စေပြီး တစ်လင်တစ်မယားစနစ်ဖြင့် ရောင့်ရဲလျက် နေထိုင်တတ်အောင် "**ကာမေသု မိစ္ဆာစာရာ ဝေရာမဏိ သိက္ခာပဒံ သမာဒိယာမိ** " ဟူသော သိက္ခာပုဒ်ကို ဆောက်တည်စေတော်မူခဲ့၏။

ကာမဂုဏ်ဆိုလျှင် ဘယ်လိုနည်းနှင့်ပဲရရ၊ တွေ့ရာကြုံရာနှင့် ပျော်ပါးနေသောစိတ်ကို တစ်လင်တစ်မယားစနစ်ဖြင့် ရောင့်ရဲစေတော်မူခဲ့၏။ တစ်လင်တစ်မယားစနစ်ဖြင့် ရောင့်ရဲစေပြီး စိတ်ဓာတ်ယဉ်ကျေးတည်ငြိမ်လာသောအခါ တစ်လင်တစ်မယားစနစ်ကိုပါ ရှောင်ကြဉ်၍ ကာမဂုဏ်ကို လုံးဝစွန့်လွှတ်နိုင်သော သူတော်စင်ဘဝသို့ကူးပြောင်းနိုင်စေရန် ဥပုသ်နေ့တိုင်း ဥပုသ်စောင့်သောအခါ "**အဗြဟ္မစရိယာ ဝေရမဏိ သိက္ခာပဒံသမာ ဒိယာမိ**" ဟူသော သိက္ခာပုဒ်ကို စတင်ကျင့်သုံးစေတော်မူ၏။

ဥပုသ်နေ့၌ ဥပုသ်စောင့်တိုင်း ကာမဂုဏ်အကျင့်ကို ရှောင်ကြဉ်ခြင်းကြောင့် ငြိမ်းအေးချမ်းသာမှုကို ခံစားရသော

အခြေအနေနှင့် မိမိအိမ်တွင်နေစဉ် ခံစားရသောအခြေအနေ နှစ်ခုကို ချိန်ထိုးကြည့်သောအခါ ကာမဂုဏ်စိတ်က ချမ်းသာ မဟုတ်၊ ပူလောင်မှုဆင်းရဲမှုသာဖြစ်သည်။

ကာမဂုဏ်ကို ရှောင်ကြဉ်၍ သူတော်ကောင်းတရား တော်နှင့် နေထိုင်စဉ် ခံစားရသော ချမ်းသာကသာ အမှန် တကယ်ချမ်းသာသော ချမ်းသာစစ်၊ ချမ်းသာမှန်ဖြစ်သည်ဟု နားလည်လာနိုင်၏။ ထိုသို့ နားလည်လာသောအခါ ကာမဂုဏ်ကို တစ်စတစ်စစွန့်ခွါလျက် သူတော်ကောင်းတရားဘက်သို့ ဦးတည် လာမည်ဖြစ်၏။ ဥပုသ်နေ့၌ ကာမဂုဏ်ကိစ္စကို ရှောင်ကြဉ်စေ တော်မူလျက် ငြိမ်းချမ်းစွာ နေထိုင်တတ်စေရန်သူတော်ကောင်း အလေ့အကျင့်ကို စတင် လေ့ကျင့်စေတော်မူခြင်းဖြစ်၏။

**စကားပြောမှုနှင့် စပ်၍ မှုနှစ်ချက်**

ဝစီဒုစရိုက်လေးပါးသည် စိတ်ဓာတ် မယဉ်ကျေးသူတို့၏ သန္တာန်၌ လူ၏နှုတ်ကို မှီ၍ဖြစ်ရသော မကောင်းမှုများဖြစ်၏။ ယင်းမကောင်းမှုများကို ဓားမကြီးနှင့် ပုံခိုင်းပြီး မြတ်ဗုဒ္ဓမိန့်ကြား တော်မူခဲ့ခြင်းဖြစ်၏။ အသိဉာဏ်မရှိသူ လူမိုက်များသည် ယင်း မကောင်းသောစကားကို ပြောဆိုလျက် မိမိကိုယ်ကို ဓားမကြီး နှင့် ခုတ်ဖြတ်နေသည်ဟု မိန့်ကြားတော်မူခဲ့၏။

"ရဟန်းတို့၊ မွေးဖွားလာသော ယောကျ်ား၏ ပါးစပ်ထဲ၌ ဓားမကြီးနှင့်တူသော ကြမ်းကြုတ်သော စကားသည် ဖြစ်ပေါ်လာ၏။ လူမိုက်သည် မကောင်းသဖြင့် ပြောဆိုအပ်သော စကားကို ပြောဆိုလျက် ယင်းကြမ်းကြုတ်သော စကားဟူသော ဓားမကြီးဖြင့် မိမိကိုယ်ကို ခုတ်ဖြတ်နေ၏"။

"ရဟန်းတို့၊ ကဲ့ရဲ့သင့်သူကို ချီးမွမ်းသူ၊ ချီးမွမ်းသင့်သူကို ကဲ့ရဲ့သူသည် ပါးစပ်ဖြင့် အပြစ်ကို ဆည်းပူးစုဆောင်းသည် မည်၏။ ထိုသူသည် ယင်းအပြစ်ကြောင့် ချမ်းသာကို မရနိုင်။"*

နှုတ်ကို မစောင့်ထိန်းဘဲ မပြောသင့်သော စကားကို ပြောဆိုခြင်းကြောင့် လူ့သမိုင်းတစ်လျှောက်မှာ ဘဝပျက်စီးပြီး ဆင်းရဲဒုက္ခရောက်သူ အများအပြားရှိခဲ့ကြ၏။

ကဿပဘုရားရှင်လက်ထက်တော်က ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသူ ကျေးရွာနေ ဒကာတစ်ဦးသည် ရဟန်းတော်တစ်ပါးအပေါ်၌ ကြည်ညိုလေးစားခြင်းကြောင့် ကျောင်းဆောက်လုပ်လျက် ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လှူဒါန်းကာ ကိုးကွယ်ထား၏။ တစ်နေ့သောအခါ အခြားက ရဟန်းတော်တစ်ပါး ဆွမ်းခံကြွလာပြီး အိမ်ခြံတံခါးသို့ ရောက်ရှိလာ၏။ ထိုရဟန်းသည် ရဟန္တာအရှင်သူမြတ်ဖြစ်၏။

---
* သံယုတ္တပါဠိ၊ ပထမတွဲ - ၁၅၄

သူကြွယ်သည် ထိုရဟန်းတော်ကို ဖူးမြင်ရသောအခါ ကြည်ညိုစိတ်ဖြစ်လာပြီး အိမ်ပေါ်သို့ပင့်ယူကာ ဆွမ်းကျွေး၏။ ဆွမ်းကျွေးပြီးနောက် သင်္ကန်းချုပ်ဆိုးဝတ်ရန် အဝတ်ကိုလှူ၍ မိမိကိုးကွယ်သော မထေရ်သီတင်းသုံးရာကျောင်းသို့ လိုက်ပို့၏။ ကျောင်းသို့လိုက်ပို့သောအခါ ဆံပင်ရှည်နေ၍ ခေါင်းရိတ်ပေးရန် လူတစ်ဦးကို ခေါ်ယူသွား၏။ ရဟန်းတော်အိပ်ရန် ခုတင်ညောင်စောင်းတစ်လုံးကိုပါ ယူလာ၏။ ကျောင်းဒကာက ထိုသို့ အာဂန္တုရဟန်းအပေါ်၌ ကြည်ညိုလေးစားပုံကို ကျောင်းနေရဟန်းက တွေ့မြင်ရသောအခါ မာနလိုဝန်တိုစိတ်ဖြစ်လာခြင်းကြောင့် ကျောင်းဒကာ ပြန်သွားသောအခါ အာဂန္တုရဟန်းတော်ထံသို့ သွားလျက် ဤသို့ ကြမ်းကြမ်းတမ်းတမ်း ပြောဆိုခဲ့၏။

“ငါ့ရှင်၊ သူကြွယ်အိမ်က ဆွမ်းကိုစားခြင်းထက် မစင်ကို စားတာက ပိုကောင်းပါတယ်၊ သူကြွယ်ခေါ်ယူလာသော လူက ဆံပင်ရိတ်ပေးတာထက် ထန်းစေ့ပိုင်းညှပ်ဖြင့် ဆံပင်ကို နှုတ်စေခြင်းက ပိုကောင်းပါတယ်၊ သူကြွယ်လှူသောအဝတ်ကို ဝတ်ခြင်းထက် သင်္ကန်းမဝတ်ဘဲနေခြင်းက ပိုကောင်းပါတယ်၊ သူကြွယ်လှူသော ညောင်းစောင်း၌ အိပ်ခြင်းထက် မြေကြီး၌ အိပ်ခြင်းက ပိုကောင်းပါတယ်” ဟု အကြောင်းအချက်အလက်လေးမျိုးကို ထောက်ပြလျက် ကြမ်းကြမ်းတမ်းတမ်း ပြောဆိုခဲ့၏။

ထိုရဟန်းသည် သူတော်ကောင်းတရားကို တန်ဖိုးထားသော သူတော်ကောင်းအသိုင်းအဝိုင်းထဲ၌ နေထိုင်သော်လည်း သူတော်ကောင်းတရားကို တန်ဖိုးထားတတ်သော အသိဉာဏ်မရှိခြင်းကြောင့် ဒကာ ဒကာမကိစ္စ၊ ပစ္စည်းလေးပါးကိစ္စကိုသာ အလေးထားခြင်းကြောင့် ထိုကဲ့သို့ ရဟန္တာအရှင်မြတ်အပေါ်၌ ကြမ်းကြမ်းတမ်းတမ်းပြောဆို ဆက်ဆံခြင်းဖြစ်၏။

ထိုရဟန်းပျံလွန်တော်မူသောအခါ အဝီစိငရဲသို့ ကျရောက်ပြီး ကြီးကျယ်သောဆင်းရဲကို ကဿပဘုရားရှင်နှင့် ဂေါတမဘုရားရှင်အကြားကာလ၌ ခံစားရ၏။ ဂေါတမမြတ်စွာဘုရား ပွင့်တော်မူလာသောအခါ အဝီစိငရဲမှလွတ်မြောက်လာပြီး ရာဇဂြိုဟ်မြို့၌ အစားအသောက် ပေါများသောအိမ်၌ လူလာဖြစ်၏။ ထိုကလေးသည်မွေးဖွားပြီး ခြေဖြင့်သွားတတ်သော အရွယ်မှစ၍ အိပ်ရာ၌မအိပ်ဘဲ ကြမ်းပြင်၌သာ အိပ်၏။ အစာမစားဘဲ မိမိမစင်ကိုသာ စားလေ့ရှိ၏။ အဝတ်မဝတ်ဘဲ ကိုယ်တုံးလုံးသာ နေလေ့ရှိ၏။

ငယ်ရွယ်၍မသိတတ်သောကြောင့် ထိုသို့နေခြင်းသာဖြစ်၏။ ကြီးပြင်းလာသောအခါ ရှက်တတ်၊ ကြောက်တတ်လာခြင်းကြောင့် မစင်စားခြင်း၊ အဝတ်မဝတ်ဘဲနေခြင်းစသည်တို့ကို ရှောင်ကြဉ်လာလိမ့်မည်ဟု မိဘများယူဆခဲ့၏။ သို့သော် ကြီးပြင်း

လာသောအခါ၌လည်း အဝတ်ကို လုံးဝ မဝတ်ဘဲနေ၏။ အမြဲ မြေကြီး၌သာ အိပ်လေ့ရှိ၏။ မိမိမစင်ကိုသာ စားလေ့ရှိ၏။ ထိုသို့ နေထိုင်ခြင်းကြောင့် မိဘများက အဝတ်မဝတ်ဘဲနေကြသော တိတ္ထိတက္ကတွန်းထံသို့ပို့ပေးပြီး ရဟန်း ပြုစေခဲ့ကြ၏။ ရဟန်း ပြုပြီးနောက် သူ၏ဆံပင်ကို ဓားဖြင့်မရိတ်ဘဲ ထန်းစေ့ညှပ်ဖြင့် နှုတ်ပေးကြ၏။

ဤသို့ မစင်ကိုစားခြင်း၊ အဝတ်မဝတ်ဘဲနေခြင်း၊ မြေကြီး၌အိပ်ခြင်း၊ ဆံပင်ကို ထန်းစေ့ပိုင်းညှပ်ဖြင့် နှုတ်ခံရခြင်းတို့သည် ကဿပဘုရားရှင်လက်ထက်တော်က ရဟန္တာအရှင်မြတ်တစ်ပါးအပေါ်၌ နှုတ်အားဖြင့် ပြောဆို ပြစ်မှားခဲ့ခြင်းကြောင့်ဖြစ်၏။*

ဓမ္မကို အလေးမထားဘဲ လောကကို အလေးထားသူသည် ဓမ္မ (သူတော်ကောင်းတရား) ပိုင်း၌ ကြီးပွားတိုးတက်မှု မရှိဘဲ မိမိဘဝသာ ပျက်စီးသွားနိုင်ပုံကို မြတ်ဗုဒ္ဓက အောက်ပါ အတိုင်း ပြတ်သားစွာ မိန့်ကြားတော်မူခဲ့၏။

"ရဟန်းတို့ ပစ္စည်းလာဘ်ရလိုမှု၊ ကိုးကွယ်ပူဇော်သူ တိုးပွားလိုမှုဟူသောအကြောင်းကြောင့် အမျက်ထွက်ခြင်း၊ သူတစ်ပါး၏ဂုဏ်ကျေးဇူးကို ချေဖျက်ခြင်းကို အလေးထားသော ရဟန်းသည် သူတော်ကောင်းတရား (သာသနာတော်) ၌-မကြီး

* ဓမ္မပဒအဋ္ဌကထာ၊ ပထမတွဲ - ၃၁၃

ပွားနိုင်ပေ။ ပုပ်နေသောမျိုးစေ့သည်ကောင်းသော လယ်ယာမြေ၌ မကြီးပွားနိုင် သကဲ့သို့ဖြစ်၏”။[၁]

လောကအမြင် လွှမ်းမိုးနေသူများသည် လောကအမြင်ဖြင့် စကားကို အလွယ်တကူ ပြောဆိုကြခြင်းဖြစ်၏။ ကိုယ်နှုတ်ကို မထိန်းခြင်းကြောင့် ဖြစ်လေ့ရှိသော အပြစ်များကို မြတ်ဗုဒ္ဓက သိမြင်တော်မူခဲ့၏။ ထိုသို့ သိမြင်တော်မူသဖြင့် ကိုယ်နှုတ်ကို လုံခြုံအောင်ထိန်းသိမ်းနေဖို့ သင်ပြတော်မူခဲ့ခြင်းဖြစ်၏။ မြတ်ဗုဒ္ဓသည် စကားပြောမှုနှင့်စပ်လျဉ်း၍မူ နှစ်ချက် သတ်မှတ်ပေးတော်မူခဲ့၏။

“ရဟန်းတို့၊ သင်တို့သည် တွေ့ဆုံစုဝေးကြသည်ရှိသော်

(၁) တရားစကားကိုပြောဆိုခြင်း၊

(၂) အပြစ်ကင်းသော ဆိတ်ဆိတ်နေထိုင်ခြင်း

ဤကျင့်ဝတ်နှစ်မျိုးကို လိုက်နာပြုကျင့်ရမည်”။[၂]

“ရဟန်းတို့၊ အကုသိုလ် မဖြစ်အောင် ကိုယ်ကို စောင့်စည်းခြင်းသည် ကောင်း၏။ နှုတ်ကို စောင့်စည်းခြင်းသည် ကောင်း၏။ စိတ်ကို စောင့်စည်းခြင်းသည် ကောင်း၏။ အလုံးစုံသော ဒွါရပေါက်တို့၌ စောင့်စည်းခြင်းသည် ကောင်း၏။ အလုံးစုံသော ဒွါရပေါက်တို့၌ စောင့်စည်းသော ရဟန်းသည် အလုံးစုံသောဆင်းရဲမှ လွတ်မြောက်နိုင်၏”။[၃]

၁။ အင်္ဂုတ္တရပါဠိ၊ ပတွဲ - ၃၅၆ ၂။ မူလပဏ္ဏာသပါဠိ- ၂၁၇ ၃။ ဓမ္မပဒပါဠိ-၆၅

မိမိဘဝ အန္တရာယ်မဖြစ်ရအောင် အထက်ပါ မြတ်ဗုဒ္ဓ သွန်သင်ဆုံးမစကားကို လိုက်နာပြီး ကိုယ်နှုတ်ကို ယဉ်ကျေးအောင် ကြိုးစားသင့်ကြပါသည်။

**၇။ စည်းလုံးညီညွတ်မှုသည် မွေ့လျော်သူဖြစ်ခြင်း**

လောက၌ မိမိတစ်ယောကတ်တည်းသာ နေတာမဟုတ်ဘဲ အခြားသတ္တဝါများနှင့် အတူနေရခြင်းကြောင့် အခြားသတ္တဝါများနှင့်ဆန့်ကျင်ဘက်မဖြစ်ရအောင် နေထိုင်တတ်ဖို့လိုအပ်လှ၏။ အခြားသတ္တဝါများနှင့် မဆန့်ကျင်အောင် မနေတတ်ပါက အသက်ရှင်နေရစဉ်မှာပင် ပြဿနာပေါင်းများနှင့် ရင်ဆိုင်နေရမည်ဖြစ်၏။

ထို့ပြင် နိုင်ငံရေး၊ဘာသာရေးစသော ကိစ္စရပ်များကိုလည်း မိမိတစ်ဦးတည်း ဆောင်ရွက်ခြင်းထက် အများနှင့်စုပေါင်း ဆောင်ရွက်နိုင်ပါက ပို၍ လွယ်လွယ်ကူကူ အောင်မြင်လာမည်ဖြစ်၏။ ထို့ကြောင့် မြတ်ဗုဒ္ဓက **သမဂ္ဂါနံ တပေါ သုခေါ**-ညီညွတ်သူတို့၏ အကျင့်သည် ချမ်းသာလွယ်ကူခြင်း၏ အကြောင်းဖြစ်သည်ဟု မိန့်ကြားတော်မူ၏။အခြားသတ္တဝါများနှင့် ညီညွတ်အောင် နေထိုင်တတ်ဖို့မှာလည်း မြတ်ဗုဒ္ဓ သင်ပြတော်မူခဲ့သော တရားတော်ဆိုင်ရာ အသိဉာဏ်ရှိဖို့ လိုအပ်လှ၏။ လောကဆိုင်ရာ အသိသည် ကျဉ်းမြောင်းလှ၏။

မြတ်ဗုဒ္ဓသင်ပြတော်မူသော တရားတော်ဆိုင်ရာ အသိဉာဏ်မရှိဘဲ လောကအသိမျှနှင့် နေထိုင်ပါက ပြဿနာ တစ်ခုပြီးတစ်ခု ရင်ဆိုင်နေရမည်သာဖြစ်၏။ ရှေးက မြန်မာများသည် မြတ်ဗုဒ္ဓသင်ပြခဲ့သော တရားတော်ဆိုင်ရာ အသိဉာဏ်နှင့် နေထိုင်ကြခြင်းကြောင့် မိသားစုမှစ၍ မြန်မာ့လူ့ဘောင်တစ်ခုလုံး အမြဲညီညွတ်နေခဲ့ကြ၏။

မြတ်ဗုဒ္ဓတရားတော်ကို မသင်ပြခြင်းကြောင့် လောကအသိမျှဖြင့် နေထိုင်လာကြချိန်မှစ၍ မြန်မာ့လူအဖွဲ့အစည်း ပြိုကွဲလာခဲ့ခြင်းဖြစ်၏။ စည်းလုံးညီညွတ်စွာနေထိုင်တတ်ဖို့ သတ္တဝါတို့၏ စရိုက်ခြောက်မျိုးနှင့် သက်ရှိ၊ သက်မဲ့တို့၏ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောတို့ကို အတော်အတန် သိရှိသဘောပါက်နေဖို့ လိုအပ်လှ၏။ ထိုသို့ သိရှိသဘောပါက်နေပါမှ သည်းခံမှုနှင့် ခွင့်လွှတ်မှု ထားရှိလာနိုင်မည်ဖြစ်၏။ ထို့ကြောင့် စရိုက်ခြောက်မျိုးနှင့် မေတ္တာစသောအပ္ပမညာလေးပါးတို့ကို သိသာရုံ အကျဉ်းမျှပြလို၏။

## စရိုက် (၆) ပါး

သတ္တဝါများသန္တာန်၌ ပင်ကိုရိုးရာဖြစ်နေကျထက် ပိုမိုလွန်ကဲစွာဖြစ်ခြင်းကို "စရိုက်" ခေါ်၏။ ထို့ကြောင့် ရာဂ အဖြစ်

များသူကို "ရာဂစရိုက်ရှိသူ" စသည်ဖြင့်ခေါ်၏။ ထိုစရိုက်သည် (၆) မျိုးပြား၏။

၁။ **ရာဂစရိုက်** - ရာဂလွန်ကဲစွာ အဖြစ်များခြင်း၊

၂။ **ဒေါသစရိုက်** - ဒေါသ လွန်ကဲစွာ အဖြစ်များခြင်း၊

၃။ **မောဟစရိုက်** - မောဟ လွန်ကဲစွာ အဖြစ်များခြင်း၊

၄။ **သဒ္ဓါစရိုက်** - သဒ္ဓါ လွန်ကဲစွာ အဖြစ်များခြင်း၊

၅။ **ဗုဒ္ဓစရိုက်** - အသိပညာ လွန်ကဲစွာ အဖြစ်များခြင်း၊

၆။ **ဝိတက်စရိုက်** - အကြံအစည် လွန်ကဲစွာ အဖြစ်များခြင်း၊

လူ (သတ္တဝါ) တစ်ဦး၏ သန္တာန်၌ လက်ရှိဖြစ်ပေါ်နေသော စရိုက်သည် ရှည်လျားသော သံသရာတစ်လျှောက်လုံး၌ အလေ့အကျင့်လုပ်လာခြင်းကြောင့် အင်းအားကြီးမားစွာ ဖြစ်ပေါ်နေခြင်းဖြစ်၏။ လူသားများနေထိုင်ရာ ပတ်ဝန်းကျင်ချင်း မတူခဲ့ကြခြင်းကြောင့် အကြိုက်ချင်းမတူကြခြင်း ဖြစ်၏။ မိမိတို့ နေထိုင်ရာ ပတ်ဝန်းကျင်ချင်းမတူဘဲ မိမိတို့နှစ်သက်ရာကို လက်ခံ ကျင့်

သုံးလာခဲ့ခြင်းကြောင့်လူသားများအကြိုက်ချင်း၊ စရိုက်ဝါသနာ ချင်းမတူဘဲ ကွဲပြားနေကြခြင်းဖြစ်၏။

လူသားများသည် အသက်ရှင်နေစဉ် မိမိတို့ စရိုက် ဝါသနာအားလျော်စွာ သွားလာ၊ လုပ်ကိုင်၊ စားသောက်နေကြ မည်ဖြစ်၏။ စရိုက်ဝါသနာချင်း မတူခြင်းကြောင့် အလုပ်နှင့် နေထိုင်သွားလာပုံချင်းလည်း ကွဲပြားနေကြမည်သာဖြစ်၏။

မိသားစုတစ်ခုတည်း၌ပင် ညီအစ်ကို မောင်နှမအချင်း ချင်း စရိုက်ဝါသနာ ကွဲပြားနေကြသည်ကို တွေ့မြင်နိုင်၏။အချို့ က ကလေးဘဝ ကျောင်းနေစဉ်ကပင် လူနှင့်မရောဘဲ သီးသန့် နေထိုင်ပြီး စာကြိုးစား၏။ စိတ်ရှည်၏။ သည်းခံတတ်၏။ မိဘ များနှင့်ကျောင်းသို့ လိုက်သွားပြီး ရဟန်းသံဃာနှင့် ရင်းရင်းနှီးနှီး လေးလေးစားစား ဆက်ဆံတတ်၏။

အချို့က စာမကြိုးစားဘဲ အပေါင်းအသင်းများနှင့် ပျော်ရွှင်စွာ နေတတ်၏။ အစား ကောင်းကောင်းစား၏။ မိန်းကလေးများနှင့်ပိုပြီး ရောနှော ဆက်ဆံနေထိုင်တတ်၏။ အရွယ် ရောက်လာသောအခါ သူက ရှေးဦးစွာ အိမ်ထောင်ကျ၏။ အိမ်ထောင်ကျသော်လည်း အလုပ်မလုပ်ခြင်းကြောင့် အိမ်ထောင် မမြဲဘဲ ကွဲသွားတတ်၏။ အိမ်ထောင်ထပ်ပြု၏။ မိန်းမ တစ်ယောက်ပြီး တစ်ယောက်ထပ်ယူ၏။ မိဘအရှိန်အဝါကြောင့် အမျိုးသမီးများက သူ့ကို ယူကြခြင်းဖြစ်၏။

မည်သူနှင့်မျှမရောဘဲ စာကြိုးစားသူသည် အရွယ်ရောက်လာ၍ အိမ်ထောင်ပြုဖို့ကောင်းပြီဟု မိဘက တိုက်တွန်းသော်လည်း 'အလုပ်လုပ်ပြီး စီးပွားရှာဦးမည်' ပြောပြီး အိမ်ထောင်ရေးကိစ္စကို ငြင်းဆန်လေ့ရှိ၏။ စီးပွားရေးအတွက် အချိန်ပြည့် အလုပ်လုပ်လေ့ရှိ၏။

ဤသို့ စရိုက်ဝါသနာချင်း ကွဲပြားနေသောအခါ မိသားစုထဲမှာ စိတ်ဝမ်းကွဲပြီး အချင်းချင်း အဆင်မပြေ ဖြစ်လာတတ်၏။ ဤသို့ စိတ်ဝမ်းကွဲပြားမှု ဖြစ်မလာရအောင် စရိုက်ဝါသနာနှင့်ပတ်သက်၍ ဗဟုသုတရှိဖို့ လိုအပ်လာ၏။ လူသားများသည် ရှည်လျားသော သံသရာတလျှောက်လုံး၌ ကျင့်သုံးခဲ့သော စိတ်၏ အလေ့အကျင့်အတိုင်း ပြုမူနေထိုင်လေ့ရှိကြ၏။

သူ၏ စိတ်အလေ့အတိုင်း အမှန်ထင်ပြီး နေထိုင်တတ်သော အလေ့အထရှိသောကြောင့် လူတစ်ဦး၏အပြုအမူကို ဘေးလူက ထောက်ပြလာသောအခါ အလွယ်တကူ လက်ခံနိုင်လေ့မရှိကြပေ။ လက်မခံနိုင်ရုံသာမက ထောက်ပြလာသူအပေါ်၌ ရန်သူအဖြစ် သဘောထားလာတတ်၏။ ရန်သူအဖြစ် သဘောထားလာသောအခါ အကျိုးမရှိဘဲ ပြဿနာသာ ရှုပ်ထွေးလာနိုင်၏။

ထို့ကြောင့် လူတစ်ဦး၏အမြင်ကို ကာယကံရှင် ကိုယ်တိုင် သဘောပေါက်လာသည်အထိ ငါစောင့်ကြည့်နေမည်ဟု သဘောထားကာ ချစ်ခြင်း၊မုန်းခြင်းမဖြစ်ဘဲ ကြားနေအဖြစ် နေထိုင်ရမည် ဖြစ်၏။ ထိုသို့ ကြားနေအဖြစ် နေထိုင်ခြင်းကို ဥပေက္ခာဗြဟ္မဝိဟာရတရားကို ပွားများနေသူခေါ်၏။

ထိုသို့ စရိုက်ဝါသနာချင်း မတူသော လောကထဲမှာ မိမိအသိဖြင့် နေထိုင်တတ်အောင် မြတ်ဗုဒ္ဓသည် ဗြဟ္မစိုရ်တရားလေးပါးကို သင်ပြပေးတော်မူခဲ့၏။ ဗြဟ္မစိုရ်တရားလေးပါးကို "အပ္ပမညာလေးပါး" ဟုလည်း ခေါ်၏။

## အပ္ပမညာ (၄) ပါး

ငါ့သားပဲ၊ ငါ့သမီးပဲ၊ ငါ့ဆွေမျိုးပဲ၊ ငါ့ရွာသားပဲ၊ ငါ့လူမျိုးပဲ စသည်ဖြင့် ပိုင်းခြားကန့်သတ်ချက်အတိုင်းအရှည် ပမာဏမရှိဘဲ သတ္တဝါတိုင်း အပေါ်၌ ညီတူညီမျှ သဘောထား ကျင့်သုံးနိုင်မှုကို "အပ္ပမညာ" ခေါ်၏။ ဤသို့ သတ္တဝါတိုင်းအပေါ်၌ ခွဲခြားမှုမရှိဘဲ ညီတူညီမျှ သဘောထားကျင့်သုံးမှုကို လူတိုင်းမကျင့်သုံးနိုင်ပေ။ အသိဉာဏ်ကြွယ်ဝပြီး စိတ်ထားမြင့်မြတ်သူများသာ လက်ခံကျင့်သုံးနိုင်၏။

၁။ **မေတ္တာ** - သတ္တဝါတိုင်း အပေါ်၌ မိခင်စိတ်ထားမျိုးဖြင့် ချစ်မြတ်နိုးပြီး ကောင်းကျိုးစီးပွားကို လိုလားခြင်း။

၂။ **ကရုဏာ** - ဆင်းရဲဒုက္ခရောက်နေသော သတ္တဝါ ပညတ်ကို အာရုံပြု၍ သနားကြင်နာလျက် ယင်း ဆင်းရဲ ဒုက္ခကို ပယ်ရှားလိုခြင်း။

၃။ **မုဒိတာ** - ချမ်းသာအောင်မြင်နေသူကို တွေ့ မြင်ရသောအခါ ဝမ်းမြောက်ခြင်း၊

၄။ **ဥပေက္ခာ** - သတ္တဝါများအပေါ်၌ ချစ်ခြင်း၊ မုန်း ခြင်းကင်းပြီး ညီမျှအောင် သဘောထားခြင်း၊

**ဗြဟ္မဝိဟာရ** - ငါ့သားပဲ၊ ငါ့သမီးပဲ စသည်ဖြင့်ပိုင်းခြား ကန့်သတ်ခြင်းမရှိဘဲ သတ္တဝါတိုင်းအပေါ်၌ ညီတူညီမျှ မေတ္တာ ထားခြင်းစသော အပ္ပမညာလေးပါးကို လူတိုင်း မလိုက်နာ မကျင့်သုံးနိုင်ပေ။ စိတ်ထားမြင့်မြတ်သူများသာ လိုက်နာကျင့်သုံး နိုင်၏။ ထို့ကြောင့် အပ္ပမညာလေးပါးကို လက်ခံကျင့်သုံးနေခြင်း သည် မြင့်မြတ်အထက်တန်းကျသော နေထိုင်ခြင်းမျိုးဖြစ်၏။ တစ်နည်း ပြောရပါမူ မြင့်မြတ်အထက်တန်းကျသူတို့၏ နေထိုင် နည်းမျိုးဖြစ်၏။ ထို့ကြောင့် အပ္ပမညာ လေးပါးကို ဗြဟ္မဝိဟာရ (ဗြဟ္မစိုရ်တရား) ဟုလည်းခေါ်၏။

## မေတ္တာပွားများခြင်း

သတ္တဝါတိုင်းအပေါ်၌ မိခင်စိတ်ဓာတ်မျိုးဖြင့် ချစ်ခင် မြတ်နိုးခြင်း၊ သတ္တဝါများကောင်းကျိုးစီးပွားချမ်းသာကို လိုလား ခြင်း အဒေါသ စေတသိက်ကို မေတ္တာခေါ်၏။

သတ္တဝါများ၏ အကျိုးစီးပွားနှင့် ချမ်းသာကို လိုလားလျက် မိခင်၏မေတ္တာမျိုးကို သတ္တဝါတိုင်းအပေါ်၌ ဖြန့်ထုတ်ပွားများမှုကို မေတ္တာဘာဝနာခေါ်၏။ ငါဆင်းရဲကို စက်ဆုပ်ပြီး ချမ်းသာကို လိုလားသကဲ့သို့ အခြားသတ္တဝါများလည်း ဆင်းရဲကို စက်ဆုပ်ပြီး ချမ်းသာကို အလိုရှိကြသည်သာဖြစ်၏။ ဤသို့ စသည်ဖြင့် မိမိနှင့်ထပ်တူ သဘောထားလျက် ကိုယ်ချင်းစာစိတ်ဖြင့်တိရစ္ဆာန်ကိုပင် မကျန်စေဘဲ သတ္တဝါအားလုံး ကိုယ်ရောစိတ်ပါ ချမ်းသာကြပါစေဟု စစ်မှန်သော မေတ္တာစိတ်ကို ဖြစ်ပေါ်စေကာ မေတ္တာစိတ်ကို ပို့လွှတ်ပွားများရမည်။

သတ္တဝါတိုင်း သန္တာန်၌ လောဘ, ဒေါသ, မောဟ, ဣဿာ, မစ္ဆရိယတရားများ အနုသယဓာတ်အနေဖြင့် ကိန်းဝပ်နေကြ၏။ ထို့ကြောင့် သတ္တဝါတိုင်းမှာ ဆန့်ကျင်ဘက်ရန်သူများ ရှိကြ၏။ ထိုရန်သူအပေါ်၌ ရန်လိုစိတ်၊ အာဃာတစိတ်မထားရဘဲ ရန်သူအပေါ်၌ ကောင်းသော အပြုအမူကို ရှာဖွေလျက် ထိုကောင်းသောအပြုအမူကို အာရုံပြုကာ ရန်သူအပေါ်၌ ကြည်ညိုလေးစားစိတ်ကိုဖြစ်စေ၍ မေတ္တာပွားရမည်။

ဤသူသည် ငါ၏ရန်သူမဟုတ်၊ ရှေးရှေးဘဝများစွာက ငါ၏ မိဘ၊ အစ်ကိုကြီး၊ အစ်မကြီး စသည်ဖြစ်ခဲ့ပြီး ငါ့အပေါ်၌ ကျေးဇူးပြုဖူးသူဖြစ်ခဲ့လေပြီ။ သူ့အပေါ်၌ ရန်လိုသော ရန်ငြိုးဖွဲ့

သော ဒေါသစိတ်သည်သာ ငါ၏ အတွင်းရန်သူစစ်စစ် ဖြစ်၏။ ဤဒေါသသည်သာ ငါ့ကို အပါယ်ဘုံသို့ ပို့ပေးနိုင်သော ရန်သူ အစစ်ဖြစ်၏။ ထို့ကြောင့် ထိုဒေါသကိုသာ ပယ်သတ်ရမည် ဖြစ်၏။ ဤသို့ စသည်ဖြင့် ရှေးရှေးဘဝများစွာက မိဘဆွေမျိုး တော်စပ်ခဲ့ပုံကို ဆင်ခြင်နှလုံးသွင်းလျက်မူလည်း ပတ်ဝန်းကျင် ဆန့်ကျင်ဘက် ရန်သူအပေါ်၌ မေတ္တာစိတ်ကို ပွားများကာ မိမိ၏မကျေနပ်မှုကို ပယ်ဖျောက်နိုင်ရမည်။ ထိုအကြောင်းကို မြတ်ဗုဒ္ဓက အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့၏။

"ရဟန်းတို့ ရန်ငြိုးဖွဲ့ခြင်း ဖြစ်ပေါ်လာရာ ပုဂ္ဂိုလ် အပေါ်၌ ချစ်ခင်ခြင်း မေတ္တာစိတ်ကို ပွားများရမည်၊ ဤသို့ မေတ္တာကို ပွားများခြင်းဖြင့် ထိုပုဂ္ဂိုလ်အပေါ်၌ ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည်။

## ကရုဏာပွားများခြင်း

ဆင်းရဲဒုက္ခရောက်နေသော သတ္တဝါကို တွေ့မြင်သော အခါ သနားကြင်နာစိတ်ဖြစ်ပေါ်လာကာ ယင်းဆင်းရဲကို ပယ်ရှား လိုသောသဘောကို ကရုဏာခေါ်၏။

ဆန့်ကျင်ဘက်ရန်သူတစ်ယောက်၏ အပြုအမူကို တွေ့ မြင်ရသောအခါ၌ဖြစ်စေ၊ လောဘ, ဒေါသ, မောဟစသော

ကိလေသာတရားများ ထူပြောပြီး အရာရာမှာ မတော်မရား နိုင်ထက်စီးနင်းပြုလုပ်ကာ လောက၌ ကောင်းစားနေသူများကို တွေ့မြင်ရသောအခါ၌ဖြစ်စေ ထိုသူများအပေါ်၌ ရန်လိုစိတ်၊ ရန်ငြိုးဖွဲ့လိုစိတ်မထားဘဲ စစ်မှန်သော ဘာသာတရားနှင့် မိဘ ဆရာသမားကောင်းများထံမှ စိတ်ကို ယဉ်ကျေးစေတတ်သော အဆုံးအမ နည်းလမ်းကောင်းများကို မရရှိခြင်းကြောင့် စိတ်ဓာတ်ရိုင်းစိုင်း ကြမ်းတမ်းနေခြင်းသာဖြစ်၏။

ထို့သို့ စိတ်ဓာတ်ကြမ်းတမ်းနေခြင်းကြောင့် ယခုကဲ့သို့ မကောင်းမှုကို ပြုလုပ်နေခြင်းသာဖြစ်၏။ သူသေလျှင် အပါယ်ဘုံသို့ ကျရောက်ကာ ဆင်းရဲဒုက္ခ ရောက်ရမည်သာဖြစ်၏။ ထိုသူ အပါယ်ဘုံသို့ မရောက်ရအောင် သူပြုလုပ်နေသော ဒုစရိုက်မှုမှ ရှောင်ကြဉ်လိုသော အသိဉာဏ်များ ဘယ်နည်းဖြင့် ဖြစ်ပေါ် လာနိုင်ပါ့မလဲ စသည်ဖြင့် ဆင်ခြင်လျက် ထိုသူအပေါ်၌ သနား စိတ်ကို ဖြစ်ပေါ်စေရမည်။ ထိုသို့ သနားစိတ် ဖြစ်ပေါ်လာပါမှ ထိုသူအပေါ်၌ မကျေနပ်မှုများကို ပယ်ဖျောက်နိုင်မည်ဖြစ်၏။ ထိုအကြောင်းကို မြတ်ဗုဒ္ဓက အောက်ပါအတိုင်း မိန့်ကြားတော်မူ ခဲ့၏။

"ရဟန်းတို့၊ ရန်ငြိုးဖွဲ့ခြင်းဖြစ်ပေါ်လာရာ ပုဂ္ဂိုလ် အပေါ်၌ သနားခြင်းကရုဏာကို ပွားများရမည်၊ ဤသို့ သနား

ခြင်းကရုဏာကို ပွားများဖြင့် ထိုပုဂ္ဂိုလ်၌ ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည်”။

## ဥပေက္ခာပွားများခြင်း

သတ္တဝါများအပေါ်၌ ချစ်ခြင်း၊ မုန်းခြင်းမရှိဘဲ ညီမျှအောင် သဘောထားခြင်းကို ဥပေက္ခာခေါ်၏။ မေတ္တာထားပြီး သူ၏ အကျိုးစီးပွားကို ဆောင်ရွက်ပေး၍လည်းမဖြစ်နိုင်၊ သနားကြင်နာလျက် သူ၏ဆင်းရဲကို ဖယ်ရှားပေး၍ မဖြစ်နိုင်ဘဲ ချစ်ခြင်း၊ မုန်းခြင်းကင်းလျက် လျစ်လျူရှုနေမှုကို ဥပေက္ခာခေါ်၏။ ထိုသို့ သူနှင့်ဆက်စပ်မှုမရှိအောင် လျစ်လျူရှုနေထိုင်ပါက ထိုပုဂ္ဂိုလ်အပေါ်၌ မကျေမနပ်မှုများကို ပယ်ဖျောက်နိုင်မည်ဖြစ်၏။ ထိုအကြောင်းကို မြတ်ဗုဒ္ဓကအောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့၏။

“ရဟန်းတို့ ရန်ငြိုးဖွဲ့ခြင်းဖြစ်ပေါ်လာရာ ပုဂ္ဂိုလ်အပေါ်၌ လျစ်လျူရှုခြင်း ဥပေက္ခာကို ပွားများရမည်။ ဤသို့လျစ်လျူရှုခြင်း ဥပေက္ခာကို ပွားများခြင်းဖြင့် ထိုပုဂ္ဂိုလ်အပေါ်၌ ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည်။”

## နှလုံးမသွင်းဘဲ မေ့ပျောက်ထားခြင်း

ပတ်ဝန်းကျင်ကို ဂရုမစိုက်ဘဲ မကောင်းသော စရိုက်ဝါသနာအားလျော်စွာ မကောင်းမှုများကို ကြမ်းကြမ်း ်တမ်း

တမ်းပြုလုပ်နေသူကိုတွေ့ရသောအခါ စိတ်မဆိုးရ၊ ဒေါသမဖြစ်ရပေ၊ ဘယ်လိုမှပြုပြင်၍မရနိုင်မှန်းသိရပါက ထိုသူ၏အကြောင်းကို စိတ်ဝင်စားနေပါက မိမိမှာသာ ပြဿနာများ ကူးစက် ရှုပ်ထွေးလာနိုင်သဖြင့် သူ့အကြောင်းကို နှလုံးမသွင်းတော့ဘဲ မေ့ဖျောက်ထားရမည် ဖြစ်၏။ ထိုသို့ မေ့ပျောက်ထားနိုင်ပါမှ သူ့အပေါ်၌ တွေ့မြင်နေရသော မကျေနပ်စရာကို ပယ်ဖျောက်နိုင်မည်ဟု မြတ်ဗုဒ္ဓ မိန့်ကြားတော်မူခဲ့၏။

" ရဟန်းတို့၊ ရန်ငြိုးဖွဲ့ခြင်း ဖြစ်ပေါ်လာရာ ပုဂ္ဂိုလ်အပေါ်၌ သတိမထားခြင်း၊ နှလုံးမသွင်းခြင်းသို့ရောက်စေရမည်။ ဤသို့ သတိမထားခြင်းအားဖြင့် ထိုပုဂ္ဂိုလ်အပေါ်၌ ရန်ငြိုးဖွဲ့ခြင်းကို ပယ်ပျောက်ရမည်။

## ကံသာလျှင်ကိုယ်ပိုင်ဥစ္စာရှိခြင်း

လူသားများသည် မိမိတို့စရိုက်ဝါသနာအားလျော်စွာ ကောင်းသောစရိုက်ရှိသူများက ကောင်းသောစကားကို ပြောကြ၏။ ကောင်းသောအလုပ်ကို လုပ်ကိုင်ကြ၏။ မကောင်းသောစရိုက်ဆိုးများ ရှိနေသူများက မကောင်းသော စကားကို ပြောဆိုကြ၏။ မကောင်းမှုများကိုသာ ပြုလုပ်ကြ၏။ မကောင်းမှုကိုပြုလုပ်နေသူများကို မျက်မှောက်ဘဝ၌ပင် ပတ်ဝန်းကျင်က လူဆိုး၊ လူမိုက်အဖြစ် အသိအမှတ်ပြုလာကြ၏။

ကောင်းသောအလုပ်ကို ပြုလုပ်သူများကို သူတော်ကောင်း ပညာရှိအဖြစ် အသိအမှတ်ပြုလာကြ၏။ သေလွန်ပြီးနောက်၌လည်း မိမိပြုလုပ်သော ကံအားလျော်စွာကုသိုလ်ကံကို ပြုလုပ်သူများက လူ့ဘုံ၊ နတ်ဘုံ၊ သုဂတိဘုံသို့ ရောက်ရှိကြ၏။ အကုသိုလ်ကံကို ပြုလုပ်သူများက အပါယ်လေးဘုံသို့ ရောက်ရှိသွားကြ၏။

ထိုသို့ မိမိပတ်ဝန်းကျင်၌ မကောင်းသော လူဆိုး၊ လူမိုက်များကို တွေ့ရှိရသောအခါ စိတ်မဆိုးရပေ၊ ထိုလူဆိုးနှင့် မပတ်သက်ရအောင် မိမိအသိဖြင့် နေထိုင်တတ်ဖို့လို၏။ မကောင်းမှုကို ပြုလုပ်သူက မကောင်းကျိုးများကို ခံစားရမည်။ ကုသိုလ်ကောင်းမှုကို ပြုလုပ်သူက ကောင်းသောအကျိုးကို ခံစားရလိမ့်မည်။ ဤကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိ၏ဟု သဘောထားရမည်။ ဤသို့ ကံကိုလွှဲချပြီး စောင့်ကြည့်နေတတ်ပါက ထိုလူဆိုး၊ လူမိုက်များအပေါ်၌ တွေ့ရှိရသော မကျေနပ်စရာများကို ပယ်ဖျောက်နိုင်ပါလိမ့်မည်ဟု မြတ်ဗုဒ္ဓက အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့၏။

"ရဟန်းတို့၊ ရန်ငြိုးဖွဲ့ခြင်း ဖြစ်ပေါ်လာရာ ပုဂ္ဂိုလ်အပေါ်၌ ကံသာလျှင် မိမိဥစ္စာရှိသောအဖြစ်ကို ဆောက်တည်ရမည်။ ဤအရှင် (ဤသူ) သည် ကံသာလျှင် မိမိဥစ္စာရှိ၏၊

ကံ၏အမွေခံဖြစ်၏၊ ကံသာလျှင် ကိုးကွယ်အားထားရာရှိ၏။ မိမိပြုလုပ်သည့် ကောင်းသောကံမကောင်းသော ကံသာလျှင် မိမိဥစ္စာရှိ၏ဟု ဆောက်တည်ခြင်းဖြင့် ထိုပုဂ္ဂိုလ်အပေါ်၌ ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည်။"*

## အရှင်သာရိပုတ္တရာသင်ပေးသော ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ကြောင်း နည်းလမ်းငါးမျိုး

အရှင်သာရိပုတ္တရာ သင်ပေးသော ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ကြောင်း နည်းလမ်းငါးမျိုးသည် လိုက်နာ ကျင့်သုံးရန် လွန်စွာကောင်းလှသဖြင့် ဆက်လက်လေ့လာရန် တိုက်တွန်းပါသည်။

(၁) ငါ့ရှင်တို့ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် မသန့်ရှင်း မစင်ကြယ်သော ကိုယ်အကျင့်ရှိ၏၊ သန့်ရှင်း စင်ကြယ်သော နှုတ်အကျင့်ရှိ၏။ ငါ့ရှင်တို့ ဤသို့သဘောရှိသော ပုဂ္ဂိုလ်အပေါ်၌လည်း ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည်။

(၂) ငါ့ရှင်တို့ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် မသန့်ရှင်း မစင်ကြယ်သော နှုတ်အကျင့်ရှိ၏၊ သန့်ရှင်း စင်ကြယ်သော ကိုယ်အကျင့်ရှိ၏။ ငါ့ရှင်တို့ ဤသို့သဘောရှိသော ပုဂ္ဂိုလ်အပေါ်၌လည်း ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည်။

---
* အင်္ဂုတ္တရပါဠိ၊ ဒုတိယတွဲ - ၁၆၃

(၃) ငါ့ရှင်တို့ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် မသန့်ရှင်း မစင်ကြယ်သော ကိုယ်အကျင့်ရှိ၏၊ မသန့်ရှင်း မစင်ကြယ်သော နှုတ်အကျင့် ရှိ၏။ ရံဖန်ရံခါ ဝိပဿနာစိတ်၏ အခွင့်အလမ်းကိုလည်းကောင်း၊ စိတ်၏ကြည်လင်မှုကိုလည်းကောင်းရ၏။ ငါ့ရှင်တို့ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်အပေါ်၌လည်း ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည်။

(၄) ငါ့ရှင်တို့ ဤသို့သဘောရှိသော အချို့သောပုဂ္ဂိုလ်သည် မသန့်ရှင်း မစင်ကြယ်သော ကိုယ်အကျင့်ရှိ၏၊ မသန့်ရှင်း မစင်ကြယ်သော နှုတ်အကျင့်ရှိ၏။ ရံဖန်ရံခါ ဝိပဿနာစိတ်၏ အခွင့်အလမ်းကိုလည်းကောင်း၊ စိတ်၏ ကြည်လင်မှုကိုလည်းကောင်းမရ။ ငါ့ရှင်တို့ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်အပေါ်၌လည်း ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည်။

(၅) ငါ့ရှင်တို့ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် သန့်ရှင်းစင်ကြယ်သော ကိုယ်အကျင့်ရှိ၏၊ သန့်ရှင်းစင်ကြယ်သော နှုတ်အကျင့်ရှိ၏။ ရံဖန်ရံခါ ဝိပဿနာစိတ်၏ အခွင့်အလမ်းကိုလည်းကောင်း၊ စိတ်၏ကြည်လင်မှုကို လည်းကောင်းရ၏။ ငါ့ရှင်တို့ ဤသို့သဘောရှိသော ပုဂ္ဂိုလ်အပေါ်၌လည်း ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည်။

(၁) ငါ့ရှင်တို့ ထိုပုဂ္ဂိုလ် ငါးယောက်တို့တွင် မသန့်ရှင်း မစင်ကြယ်သော ကိုယ်အကျင့်ရှိ၍ သန့်ရှင်းစင်ကြယ်သော နှုတ်အကျင့်ရှိသော ပုဂ္ဂိုလ်အပေါ်၌ အဘယ်သို့လျှင် ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည်နည်း။

ငါ့ရှင်တို့၊ ပံသုကူသက်န်းကို ဆောင်သော ရဟန်းသည် လမ်းခရီး၌ အဝတ်စုတ်ပိုင်းကိုမြင်၍ လက်ဝဲခြေဖြင့် နင်းပြီး လက်ျာခြေဖြင့်ဖြန့်၍ ထိုအဝတ်စုတ်ပိုင်း၌ ခိုင်ခံသော အသားကို ဆုတ်ယူပြီး လျှင် သွားလေရာသကဲ့သို့ ငါ့ရှင်တို့ ဤအတူသာလျှင် မသန့်ရှင်း မစင်ကြယ်သော ကိုယ်အကျင့်ရှိ၍ သန့်ရှင်းစင်ကြယ်သော နှုတ်အကျင့်ရှိသောပုဂ္ဂိုလ်၏ ကိုယ်အကျင့် မသန့်ရှင်း မစင်ကြယ်သည်၏အဖြစ်ကို ထိုအခါ နှလုံးမသွင်းမူ၍ နှုတ်အကျင့် သန့်ရှင်းစင်ကြယ်သည်၏အဖြစ်ကိုသာ နှလုံးသွင်းအပ်၏။ ဤသို့အားဖြင့် ထိုပုဂ္ဂိုလ်အပေါ်၌ ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည်။

(၂) ငါ့ရှင်တို့ ထိုပုဂ္ဂိုလ်ငါးမျိုးတို့တွင် မသန့်ရှင်း မစင်ကြယ်သော နှုတ်အကျင့်ရှိ၍ သန့်ရှင်းစင်ကြယ်သော ကိုယ်အကျင့် ကိုယ်အကျင့် ရှိသည်ပုဂ္ဂိုလ်၌ အဘယ်သို့လျှင် ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည်နည်း။

ငါ့ရှင်တို့ မှော်ရေညှိတို့ဖြင့် မြေးယှက်အပ်သော ရေကန်ရှိရာ၏။ ထိုအခါ နွေနေပူတို့ဖြင့် တွေ့ထိနှိပ်စက်အပ်သည်ဖြစ်၍ ခရီးပင်ပန်းလျက် အစာရေစာ ဆာလောင် မွတ်သိပ်သော ယောကျ်ားသည် လာရာ၏။ ထိုယောကျ်ားသည် ထိုရေကန်သို့ သက်ဆင်း၍ လက်နှစ်ဖက်တို့ဖြင့် ထိုထို၌၌ နေရာသို့ မှော်ညှိကို ဖယ်ရှားလျက်လက်ခုပ်ဖြင့် သောက်ပြီးလျှင် ဖဲသွားလေရာသကဲ့သို့ ငါ့ရှင်တို့ ဤအတူသာလျှင် မသန့်ရှင်း မစင်ကြယ်သော နှုတ်အကျင့်ရှိ၍ သန့်ရှင်းစင်ကြယ်သော ကိုယ်အကျင့်ရှိသောပုဂ္ဂိုလ်၏ နှုတ်အကျင့် မသန့်ရှင်း မစင်ကြယ်သည်၏အဖြစ်ကို ထိုအခါ၌ နှလုံးမသွင်းမူ၍ ကိုယ်အကျင့် သန့်ရှင်းစင်ကြယ်သည်၏ အဖြစ်ကိုသာ နှလုံးသွင်းအပ်၏။ ဤသို့အားဖြင့် ထိုပုဂ္ဂိုလ်၌ ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည်။

(၃) ငါ့ရှင့်တို့ ထိုပုဂ္ဂိုလ်ငါးမျိုးတို့တွင် မသန့်ရှင်း မစင်ကြယ်သော ကိုယ်အကျင့်ရှိ၍ မသန့်ရှင်း မစင်ကြယ်သော နှုတ်အကျင့်ရှိသော ရံဖန်ရံခါ ဝိပဿနာစိတ်၏ အခွင့်အလမ်းကိုလည်းကောင်း၊ စိတ်၏ကြည်လင်မှုကိုလည်းကောင်းရသော ပုဂ္ဂိုလ်၌ အဘယ်သို့လျှင် ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည်နည်း။

ငါ့ရှင့်တို့ နွားခြေရာခွက်၌ ရေအနည်းငယ်ရှိရာ၏။

ထိုအခါ နွေပူတို့ဖြင့် တွေ့ထိနှိပ်စက်အပ်သည်ဖြစ်၍ ခရီးပင်ပန်းလျက် အစာရေစာ ဆာလောင်မွတ်သိပ်နေသော ယောက်ျားသည် လာရာ၏။

ထိုယောက်ျားအား -

"ဤနွားခြေရာခွက်၌ ရေသည် အနည်းငယ်သာဖြစ်၏။အကယ်၍ ငါသည် လက်ခုပ်ဖြင့်ဖြစ်စေ၊ ခွက်ဖြင့်ဖြစ်စေ သောက်လိုက်ပါမူ ထိုရေကို လှုပ်ရှားစေမိပေလိမ့်မည်၊ နောက်ကျုံးစေပေလိမ့်မည်၊ သောက်၍ မဖြစ်သည်ကိုမူလည်း ပြုမိပေလိမ့်မည်၊ အကယ်၍ ငါသည် လေးဘက်ထောက်ဝပ်လျက် နွားကဲ့သို့သောက်၍ ဖဲသွားရပါမူ ကောင်းလေရာ၏" ဟု အကြံဖြစ်ရာ၏။

ထိုယောက်ျားသည် လေးဘက်ထောက်ဝပ်၍ နွားကဲ့သို့ သောက်ပြီးလျှင် ဖဲသွားရာသကဲ့သို့၊ ငါ့ရှင်တို့ ဤအတူသာလျှင် မသန့်ရှင်း မစင်ကြယ်သော ကိုယ်အကျင့်လည်းရှိ မသန့်ရှင်း မစင်ကြယ်သော နှုတ်အကျင့်လည်းရှိ၍ ရံဖန်ရံခါ ဝိပဿနာစိတ်၏ အခွင့်အလမ်းကိုလည်းကောင်း၊ စိတ်၏ ကြည်လင်မှုကိုလည်းကောင်း ရသောပုဂ္ဂိုလ်၏ ကိုယ်အကျင့် မသန့်ရှင်းမစင်ကြယ်မှုကိုလည်းကောင်း၊ နှုတ်အကျင့် မသန့်ရှင်းမစင်ကြယ်မှုကိုလည်းကောင်း ထိုအခါ နှလုံးမသွင်းအပ်၊ ရံဖန်ရံခါ

ဝိပဿနာစိတ်၏ အခွင့်အလမ်းကိုသော်လည်းကောင်း၊ စိတ်၏ ကြည်လင်မှုကိုသော်လည်းကောင်း နှလုံးသွင်းအပ်၏။ဤသို့ အားဖြင့် ထိုပုဂ္ဂိုလ်၌ ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည်။

(၄) ငါ့ရှင့်တို့ ထိုပုဂ္ဂိုလ်ငါးမျိုးတို့တွင် မသန့်ရှင်း မစင်ကြယ်သော ကိုယ်အကျင့်ရှိ မသန့်ရှင်း မစင်ကြယ်သော နှုတ်အကျင့်ရှိ ရံဖန်ရံခါဝိပဿနာစိတ်၏ အခွင့်အလမ်းကို လည်းကောင်း၊ စိတ်၏ ကြည်လင်မှုကိုလည်းကောင်း မရသော ပုဂ္ဂိုလ်၌ အဘယ်သို့လျှင် ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည် နည်း။

ငါ့ရှင့်တို့၊ အနာနှိပ်စက်အပ်သည်ဖြစ်၍ ဆင်းရဲသော ပြင်းထန်စွာ မကျန်းမာသော ယောကျ်ားသည် ခရီးဝေးသို့ သွား ရာ၏။ ထိုယောကျ်ား၏ရှေ့မှလည်း ရွာဝေးကွာ၏။နောက်မှ လည်း ရွာဝေးကွာ၏။ ထိုယောကျ်ားသည် သင့်လျော် လျောက် ပတ်သော စားဖွယ်တို့ကို မရနိုင်ရာ၊ သင့်လျော် လျောက်ပတ် သော ဆေးတို့ကို မရနိုင်ရာ၊ သင့်လျော်လျောက်ပတ်သော အလုပ်အကျွေးကို မရနိုင်ရာ၊ ရွာတစ်ပါးသော ပို့ဆောင်မည့် သူကို မရနိုင်ရာ၊ ထိုသူနာကို ခရီးရှည်သွားသော ယောကျ်ား တစ်ဦးသည် မြင်လေရာ၏။ ထိုယောကျ်ားသည် ထိုလူနာ၌ ကြင်နာခြင်းကိုသာလျှင် ဖြစ်စေရာ၏။ သနားခြင်းကိုသာလျှင် ဖြစ်စေရာ၏။ စောင့်ရှောက်ခြင်းကိုသာလျှင် ဖြစ်စေရာ၏။

ဤယောက်ျားသည် သင့်လျော် လျောက်ပတ်သော စားဖွယ်တို့ကို ရပါမူ၊ သင့်လျော်လျောက်ပတ်သော ဆေးတို့ကို ရပါမူ၊ သင့်လျော်လျောက်ပတ်သော အလုပ်အကျွေးကိုရပါမူ၊ ရွာသို့ ပို့ဆောင်ပေးမည့်သူကိုရပါမူ ကောင်းလေစွဟု သနား စောင့်ရှောက်မှုကို ဖြစ်စေရာ၏။

ထိုသို့ ဖြစ်စေရခြင်းသည် အဘယ့်ကြောင့်နည်း။ ဤယောက်ျားသည် ဤအရပ်၌ပင်လျှင် အကျိုးမဲ့ပျက်စီးခြင်းသို့ မရောက်ပါစေလင့်ဟု နှလုံးသွင်းမိသောကြောင့်တည်း။

ငါ့ရှင်တို့ ဤအတူသာလျှင် မသန့်ရှင်း မစင်ကြယ်သော ကိုယ်အကျင့်လည်းရှိ၊ မသန့်ရှင်း မစင်ကြယ်သော နှုတ်အကျင့်လည်းရှိ၍ ရံဖန်ရံခါ ဝိပဿနာစိတ်၏ အခွင့်အလမ်းကိုလည်းကောင်း၊ စိတ်၏ကြည်လင်မှုကိုလည်းကောင်း မရသော ပုဂ္ဂိုလ်၌လည်း ကြင်နာခြင်းကိုသာလျှင် ဖြစ်စေရမည်၊ သနားခြင်းကို သာလျှင်ဖြစ်စေရမည်၊ စောင့်ရှောက်ခြင်းကိုသာလျှင် ဖြစ်စေရမည်၊ ဤအရှင်သည် ကာယဒုစရိုက်ကိုပယ်၍ ကာယသုစရိုက်ကိုပွားများပါမူ၊ ဝစီဒုစရိုက်ကိုပယ်၍ဝစီသုစရိုက်ကို ပွါးများပါမူ၊ မနောဒုစရိုက်ကိုပယ်၍ မနောသုစရိုက်ကို ပွားများပါမူ ကောင်းလေရာ၏ဟု ကြင်နာ၊ သနား၊ စောင့်ရှောက်မှုတို့ကို ဖြစ်စေရမည်။

ထိုသို့ ဖြစ်စေရခြင်းသည် အဘယ်ကြောင့်နည်း၊ ဤအရှင်သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီး၍ကျရောက်ရာဖြစ်သော ငရဲသို့မရောက်ပါစေလင့်ဟု နှလုံးသွင်းမိသောကြောင့်တည်း၊ ဤသို့အားဖြင့် ထိုပုဂ္ဂိုလ်အပေါ်၌ ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရာ၏။

(၅) ငါ့ရှင်တို့ ထိုပုဂ္ဂိုလ်ငါးမျိုးတို့တွင် သန့်ရှင်းစင်ကြယ်သော ကိုယ်အကျင့်လည်းရှိ သန့်ရှင်းစင်ကြယ်သော နှုတ်အကျင့်လည်းရှိ၍ ရံဖန်ရံခါ ဝိပဿနာစိတ်၏ အခွင့်အလမ်းကိုလည်းကောင်း၊ စိတ်၏ကြည်လင်မှုကိုလည်းကောင်း ရရှိသော ပုဂ္ဂိုလ်အပေါ်၌ အဘယ်သို့လျှင် ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည်နည်း။

ငါ့ရှင်တို့၊ ကြည်လင်ချိုမြည်အေးမြသည့် ရေရှိသော ဖြူဖွေးသော ရေအဆင်းရှိသော ဆိပ်ကမ်းကောင်းသော နှလုံးမွေ့လျော်ဖွယ်ရှိသော အမျိုးမျိုးတို့ သစ်ပင်တို့ဖြင့် ဖုံးလွှမ်းအပ်သော ရေကန်သည် ရှိရာ၏။

ထိုအခါ နွေနေပူတို့ဖြင့် တွေ့ထိနှိပ်စက်အပ်သည်ဖြစ်၍ ခရီးပင်ပန်းလျက် အစာရေစာ ဆာလောင်မွတ်သိပ်လာသော ထိုယောကျ်ားသည် ထိုရေကန်အတွင်းသို့ သက်ဆင်းလျက်

ရေချိုး၍လည်းကောင်း၊ ရေသောက်၍လည်းကောင်း တစ်ဖန် ပြန်တက်ပြီးလျှင် ထိုသစ်ပင်ရိပ်၌ပင်လျှင် ထိုင်၍ဖြစ်စေ၊ အိပ်၍ ဖြစ်စေနေရာသကဲ့သို့ ငါ့ရှင်တို့ ဤအတူသာလျှင် သန့်ရှင်း စင်ကြယ်သော ကိုယ်အကျင့်လည်းရှိ၊ သန့်ရှင်းစင်ကြယ်သော နှုတ်အကျင့်လည်းရှိ၍ ရံဖန်ရံခါ ဝိပဿနာစိတ် အခွင့်အလမ်း ကိုလည်းကောင်း၊ စိတ်ကြည်လင်မှုကိုလည်းကောင်း ရရှိသော ပုဂ္ဂိုလ်၏ကိုယ်အကျင့် သန့်ရှင်းစင်ကြယ်မှုကို လည်းကောင်း နှုတ်အကျင့် သန့်ရှင်းစင်ကြယ်မှုကိုလည်းကောင်း ထိုအခါ၌ နှလုံးသွင်းအပ်၏။

ရံဖန်ရံခါ ဝိပဿနာစိတ်၏ အခွင့်အလမ်းနှင့်စိတ်၏ ကြည်လင်မှု ရခြင်းကိုလည်း နှလုံးသွင်းအပ်၏။ ဤသို့အားဖြင့် ထိုပုဂ္ဂိုလ်အပေါ်၌ ရန်ငြိုးဖွဲ့ခြင်းးကို ပယ်ဖျောက်ရမည်။

ငါ့ရှင်တို့ ထက်ဝန်းကျင် ကြည်ညိုဖွယ်ရှိသော ပုဂ္ဂိုလ်ကို အစွဲပြု၍ စိတ်သည်ကြည်လင်၏။ ငါ့ရှင်တို့ ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ကြောင်းတရားတို့သည် ဤငါးမျိုးတို့တည်း။ ရဟန်း အား အာဃာတဖြစ်ပေါ်ရာ ပုဂ္ဂိုလ်အပေါ်၌ ဤငါးမျိုးတို့ဖြင့် အာဃာတကို အချင်းခပ်သိမ်း ပယ်ဖျောက်ရမည်။*

---

* အင်္ဂုတ္တရပါဠိ၊ ဒုတိယတွဲ - ၁၆၄

## ၈။ သူတစ်ပါးအပေါ်၌ ငြူစူစောင်းမြောင်းစိတ် မထားခြင်း

လူသားများသည် ရှေ့ဘဝများက ကုသိုလ်ကံကို ပြုလုပ်ခဲ့ကြပြီး ယင်းကုသိုလ်ကံ၏ ထောက်ပံ့ကျေးဇူးပြုမှုကြောင့် လူ့ဘဝသို့ ရောက်ရှိလာကြရာ လူ့ဘဝ၌ မိမိအသိဉာဏ်ဖြင့် ပညာရေး၊ လုပ်ငန်းများကိုရွေးချယ်လျက် ဇွဲကောင်းကောင်းဖြင့် စာကြိုးစားမှုကြောင့် ပညာတော်လာကြ၏။ ပညာတော်၍ စီးပွားရေးလုပ်ငန်းများကို ဆက်လက်ကြိုးစားခြင်းကြောင့် စီးပွားရေး တိုးတက်လာကြ၏။ ပညာတော်ခြင်း၊ စီးပွားရေး တိုးတက်ခြင်းကြောင့် အများက ရိုသေလေးစားကြသဖြင့် အကြီးအကဲဖြစ်လာကြ၏။

ထိုသို့ ကုသိုလ်ကံပါလာ၍ အရာရာမှာ ကြီးပွားတိုးတက်လာသောအခါ အလုပ်မလုပ်၍ မတိုးတက်သူများက သူတစ်ပါး၏ အောင်မြင်တိုးတက်မှုအတွက် ဝမ်းမြောက်သင့် အတုယူသင့်ကြ၏။ သို့သော် ဝမ်းမမြောက်နိုင်ဘဲ မျက်နှာမဲ့လျက် မှောင်ကုပ်ကုပ် မျက်နှာထားဖြင့် ငြူစူ စောင်းမြောင်းလာတတ်၏။

ထို့ကြောင့် လူသားများသည် မိမိတို့နေထိုင်ရာ ကမ္ဘာမြေကြီးကို ငါ့မြေ၊ သူ့မြေ၊ ငါ့အိမ်၊ သူ့အိမ်၊ ငါ့ရွာ၊ သူ့မြို့၊ ငါ့မြို့၊ သူ့မြို့၊ ငါ့တိုင်း၊ သူ့တိုင်း၊ငါ့ပြည်နယ်၊ သူ့ပြည်နယ်၊ ငါ့နိုင်ငံ၊ သူ့နိုင်ငံ

စသည်ဖြင့် နယ်မြေများ ခွဲခြားထားကြ၏။ ထိုသို့ ခွဲခြားပြီးနောက် မိမိအိမ်၊ မိမိမြို့၊ မိမိတိုင်းနှင့်ပြည်နယ်၊ မိမိနိုင်ငံမှ ပြင်ပလူသား များကို လူစိမ်းအဖြစ်သတ်မှတ်လျက် အိမ်ထောင်စုမိသားစုချင်း ရန်ပွဲမှစ၍ နယ်မြေလုစစ်ပွဲကြီးများအထိ ဖန်တီးလျက် လူ အချင်းချင်း သတ်ဖြတ်နေကြ၏။

ကိုးကွယ်မှုအပိုင်း၌လည်း မိမိကိုးကွယ်သော ဘာသာ တရား၏ အမှားအမှန်ကို စိစစ်ဝေဖန်နိုင်သော အသိဉာဏ် မရှိဘဲ မိမိဘာသာကိုသာ အမှန်ထင်ပြီး ကာကွယ်စောင့်ရှောက် လျက် အခြားဘာသာဝင်များကို ရန်သူအဖြစ် သတ်မှတ်ကာ အခြားဘာသာဝင်များကို သတ်ဖြတ်ဖျက်ဆီးရန် ကြိုးပမ်းလာ ကြ၏။

ထိုသို့ လူအချင်းချင်းခွဲခြားလျက် သတ်ဖြတ်နေကြခြင်း ကြောင့် သတ္တဝါများဘဝ လုံခြုံမှုကင်းမဲ့လာကြ၏။ လူသား များသည် မိမိ မိသားစု ပြင်ပက လူသားများကို လူစိမ်းအဖြစ် သတ်မှတ်ဆက်ဆံကြ၏။ မိမိကိုးကွယ်သော ဘာသာပြင်ပက လူသားကိုလည်း လူစိမ်းအဖြစ် သတ်မှတ်ဆက်ဆံကြ၏။ ထိုသို့ လူစိမ်းအဖြစ် သတ်မှတ်ဆက်ဆံကြပြီး လူစိမ်းများကို နေရာ မပေးလိုကြပေ။ ဤသို့ ခွဲခြားဆက်ဆံမှုကို မြတ်ဗုဒ္ဓ လက်ခံတော် မမူပေ။ လူသားတိုင်း ကမ္ဘာမြေကြီးကိုသာမှီလျက် မွေးဖွား

လာသူချည်းသာဖြစ်၏။ ထို့ကြောင့် မြေကြီးကို မှီ၍ မွေးဖွား လာသူအားဖြင့် လူတစ်မျိုးသာရှိကြ၏။

လူသားများသည် မိမိတို့နေထိုင်ရာအရပ်ကို သီးခြား နယ်မြေခွဲလျက် သူ့ရွာ၊ ကိုယ့်ရွာ၊ ကိုယ့်နိုင်ငံ၊ သူ့နိုင်ငံဟု နယ်နိမိတ် သတ်မှတ်နေထိုင်ကြခြင်းသာဖြစ်၏။ ထိုသို့ သတ်မှတ် ခြင်းကို သမ္မုတိသစ္စာဟုခေါ်၏၊ သမ္မုတိသစ္စကို အုပ်ချုပ်ရေး စနစ်အရ လူတိုင်းလက်ခံရ၏။ သို့သော် ထိုသို့ ခွဲခြားဆက်ဆံမှု မပြုရပေ။ လူသားတိုင်းအပေါ်၌ မေတ္တာထားလျက် အပြန် အလှန် လေးလေးစားစားဆက်ဆံရ၏။ မြတ်ဗုဒ္ဓသည် လူအဖွဲ့ အစည်းထဲမှာ လူအချင်းချင်း ခွဲခြားဆက်ဆံမှုကို တားမြစ် တော်မူလိုခြင်းကြောင့်၊ ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ ဟူသော ရတနာမြတ် သုံးပါးကို လက်ခံကိုးကွယ်နေသူသည် သူတစ်ပါးအပေါ်၌ ငြူစူစောင်းမြောင်း စိတ်မထားရဟု မိန့်တော်မူခဲ့ခြင်းဖြစ်၏။

မျက်မှောက်ခေတ်၌ သူ့ကျောင်း၊ ကိုယ့်ကျောင်း၊ သူ့ရိပ်သာ၊ ကိုယ့်ရိပ်သာ၊ သူ့ဘုန်းကြီး၊ ကိုယ့်ဘုန်းကြီး ခွဲခြား လျက် သူတစ်ပါးကျောင်း၊ သူတစ်ပါးရိပ်သာ၊ သူတစ်ပါး ဘုန်းကြီးကို အပြစ်ပြောဝေဖန်နေကြသည်ကို တွေ့ရ၏။ ဤကိစ္စ နှင့်ပတ်သက်၍ မိမိမကျွမ်းကျင်သောကိစ္စဖြစ်၍ အပြစ် မပြောမိအောင် ရှောင်ကြဉ်သင့်ကြ၏၊ အထူးအားဖြင့် - မိမိ

အားထုတ်သောတရားက မှန်ကန်ပြီး သူတစ်ပါးအားထုတ်သော တရားက မမှန်ဘူးဟု ရမ်းပြီးမပြောသင့်ပေ။

ရိပ်သာအချင်းချင်း၊ ကျောင်းတိုက် အချင်းချင်း အပြန် အလှန် အပုပ်ချပြောဆိုကြပါက တရားရိပ်သာ နှစ်ခုလုံး၊ ကျောင်းတိုက် နှစ်တိုက်လုံးကို အပုပ်ချပြောပြီးဖြစ်သောကြောင့် ရိပ်သာနှစ်ခုလုံး၊ ကျောင်းတိုက်နှစ်တိုက်လုံးကို ပတ်ဝန်းကျင်က အထင် အမြင်သေးလာပါက ရိပ်သာအတွက်၊ ကျောင်းတိုက် အတွက် သာသနာတော်အတွက် လွန်စွာ ထိခိုက်နစ်နာလှ၏။ ချီးမွမ်းခြင်း၊ ကဲရဲ့ခြင်း၊ ချီးမြှောက်ခြင်း၊ ဖိနှိပ်ချုပ်ချယ်ခြင်းကိစ္စကို ပြုလုပ်တတ်သူများ အောက်ပါ မြတ်ဗုဒ္ဓစကားတော်ကို အထူး နှလုံးသွင်းလျက် ရမ်းမလုပ်မိအောင် သတိထားသင့်ကြ၏။

## များစွာသော မကောင်းမှုကို ဖြစ်ပွါးစေသူ

၁။ မိမိအသိဉာဏ်ဖြင့် မစိစစ် မသက်ဝင်နိုင်၍ အမှားအမှန်ကို မဆုံးဖြတ်နိုင်ခြင်းကြောင့် မချီးမွမ်းသင့်သူအပေါ်၌ ချီးမွမ်းစကားကို ပြောဆို၏။

၂။ မိမိအသိဉာဏ်ဖြင့် မစိစစ်မသက်ဝင်နိုင်၍ အမှားအမှန်ကို မဆုံးဖြတ်နိုင်ခြင်းကြောင့် ချီးမွမ်းသင့်သူအပေါ်၌ ကဲ့ရဲ့စကားကို ပြောဆို၏။

၃။ မိမိအသိဉာဏ်ဖြင့် မစိစစ် မသက်ဝင်နိုင်၍ အမှားအမှန်ကို မဆုံးဖြတ်နိုင်ခြင်းကြောင့် မကြည်ညိုသင့်သောအရာ၌ ကြည်ညိုခြင်းကို ဖြစ်ပေါ်စေ၏။

၄။ မိမိအသိဉာဏ်ဖြင့် မစိစစ်မသက်ဝင်နိုင်၍ အမှားအမှန်ကို မဆုံးဖြတ်နိုင်ခြင်းကြောင့် ကြည်ညိုသင့်သောအရာ၌ မကြည်ညိုခြင်းကို ဖြစ်ပေါ်စေ၏။

ရဟန်းတို့၊ ဤတရားလေးမျိုးနှင့်ပြည့်စုံသူသည် လူဖျင်း လူမိုက်ဖြစ်၏။ လောက၊ဓမ္မနှစ်ဌာနတို့၌ လိမ္မာကျွမ်းကျင်သူ မဟုတ်၊ လူယုတ်မာသာဖြစ်၏။ မိမိဂုဏ်သိက္ခာကို တူးဖြိုဖျက်ဆီး ပြီးဖြစ်ပါလျက် မိမိဘဝကို တူးဖြို ဖျက်ဆီးပြီးဖြစ်ပါလျက် မိမိဘဝ ကို စောင့်ရှောက်နေပြန်၏။

သူ့မှာ အပြစ်လည်းရှိ၏၊ ပညာရှိသူတော်ကောင်းတို့ ကဲ့ရဲ့ ရှုတ်ချခြင်းကိုလည်း ခံရတတ်၏။ မိမိနှင့်ပတ်ဝန်းကျင်၌ များစွာသော မကောင်းမှုကိုလည်း ဖြစ်ပွားစေသူဖြစ်၏။*

## ခွဲခြားဆက်ဆံသူများသတိထား

သူတစ်ပါးအပေါ်၌ ငြူစူစောင်းမြောင်းလျက် မလို တစ်မျိုး၊ လိုတစ်မျိုးဖြင့် ခွဲခြားဆက်ဆံတတ်သူများ ရရှိခံစား

* အင်္ဂုတ္တရပါဠိ၊ ပထမတွဲ- ၃၀၉

ရသောအပြစ်ကို မြတ်ဗုဒ္ဓက သုဘလုလင်အား အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့၏။

လုလင်၊ ဤလောက၌ မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ အချို့သောသူသည် ငြူစူခြင်းနှင့်ယှဉ်သော စိတ်ရှိ၏။ သူတစ်ပါးတို့ လာဘ်များခြင်း၊ သူတစ်ပါးတို့ လာဘ်ရခြင်း၊ အရိုအသေ အလေးအပြုခံရခြင်း၊ မြတ်နိုးခံရခြင်း၊ ရှိခိုးခံရခြင်း၊ ပူဇော်ခံရခြင်းတို့၌ ငြူစူ၏။ ငြူစူခြင်းအစွမ်းဖြင့် ဆဲရဲပြစ်မှား၏။ ငြူစူခြင်းကိုဖွဲ့နှောင်၏။ ထိုငြူစူ မနာလိုသူသည် ဤသို့ ပြည့်စုံသော၊ ဤသို့ များယွင်းစွာဆောက်တည်သော ထိုကံကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းရာ၊ မကောင်းသော လားရာ၊ ဖရိုဖရဲကျရာငရဲသို့ ကပ်ရောက်ရ၏။ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းရာ၊ မကောင်းသော လားရာ၊ ဖရိုဖရဲကျရာ ငရဲသို့ အကယ်၍ မကပ်ရောက်ဘဲ လူ့အဖြစ်သို့ ရောက်ခဲ့လျှင် ထိုထိုဖြစ်လေရာရာအမျိုး၌ အခြံအရံနည်း၏။

လုလင်၊ ငြူစူခြင်းနှင့်ယှဉ်သော စိတ်ရှိခြင်း၊ သူတစ်ပါးတို့ လာဘ်များခြင်း၊ သူတစ်ပါးတို့လာဘ်ရခြင်း၊ အရိုအသေ အလေးအပြုခံရခြင်း၊ မြတ်နိုးခံရခြင်း၊ ရှိခိုးခံရခြင်း၊ ပူဇော်ခံရခြင်းတို့၌ ငြူစူခြင်း၊ ငြူစူခြင်း၏အစွမ်းဖြင့် ဆဲရေးပြစ်မှားခြင်း၊ ငြူစူခြင်းကို

ဖွဲ့နှောင်ခြင်းသည် အခြံအရံမရှိခြင်းကို ဖြစ်စေတတ်သော အကျင့်တည်း။

အထက်ပါ မြတ်ဗုဒ္ဓစကားတော်သည် လူသားများကို သနားတော်မူသဖြင့် လူသားများလောကထဲ၌ နေထိုင်တတ်အောင် သင်ပြတော်မူခဲ့သော စကားရပ်များဖြစ်၏။ သို့သော် လူသားများထဲတွင် မြတ်ဗုဒ္ဓ သင်ပြမှုကို တန်ဖိုးထားလိုက်နာသူ ဘယ်နှစ်ဦးရှိပါသနည်း၊ ဗုဒ္ဓဘာသာအမည်ခံပြီး မြတ်ဗုဒ္ဓနှင့် ဆန့်ကျင်ဘက်ကိစ္စရပ်ကို လုပ်နေသူသာ ပိုများလှ၏။ လူ့ပြည်သို့ ခဏရောက်လာချိန်မှာ အမှားအမှန်ကို မခွဲခြားနိုင်ဘဲ မိမိ မကြိုက်သူများအပေါ်၌ ငြူစူစောင်းမြောင်းစိတ်ထားရှိလျက် မလုပ်သင့်သောအလုပ်ကို လုပ်မိခြင်းကြောင့် ငရဲသို့ကျရောက်သွားပါက မိမိဘဝအတွက် လွန်စွာပင် ထိခိုက်နစ်နာလှ၏။ သတိ ရှိကြပါစေ။

## ဝမ်းမြောက်နိုင်ပါစေ

လွန်ခဲ့သော အတိတ်ဘဝက သူတော်ကောင်းတရားကို ကြိုးစားခဲ့ခြင်းကြောင့် ယခုဘဝမှာ မိမိပတ်ဝန်းကျင်၌ ကောင်းစားနေသူများကိုတွေ့ရှိရပါက မနာလိုစိတ်မဖြစ်စေရ၊ မနာလိုစိတ်ဖြစ်ပေါ်လျက် ယင်းမနာလိုစိတ်ဖြင့် ဖိနှိပ်ချုပ်ချယ်ထားပါက ထိုသူကျင့်သုံးခဲ့သော သူတော်ကောင်းတရားကို ဖိနှိပ်ရာရောက်

သဖြင့် အပြစ်ကြီးလှ၏။ ဝမ်းမြောက်မှုဖြစ်ပြီး သူ့ကို အတုယူ၍ ကုသိုလ်တရားကိုသာ များများ ကြိုးစားလုပ်သင့်၏။ ထိုသို့ သူတစ်ပါးအပေါ်၌ ငြူစူစောင်းမြောင်းစိတ်မထားသူမှာ ရရှိ ခံစားရသောအကျိုးတရားကို မြတ်ဗုဒ္ဓက အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့၏။

လုလင်၊ ဤလောက၌ မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ အချို့သောသူသည် ငြူစူခြင်းနှင့်မယှဉ်သော စိတ်ရှိ၏။ သူတစ်ပါးတို့၏ လာဘ်များခြင်း၊ အရိုအသေအလေး အပြုခံရခြင်း၊ မြတ်နိုးခံရခြင်း၊ ရှိခိုးခံရခြင်း၊ ပူဇော်ခံရခြင်းတို့၌ မငြူစူ။ ငြူစူခြင်း၏ အစွမ်းဖြင့် မဆဲရေး၊ မပြစ်မှား၊ ငြူစူခြင်းကို မဖွဲ့ နှောင်၊ ထိုငြူစူခြင်း၊ မနာလိုခြင်းကင်းသူသည် ဤသို့ ပြည့်စုံ သော ဤသို့ ကောင်းစွာဆောက်တည်သော ထိုကံကြောင့် ကိုယ် ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ နတ်ပြည်လောကသို့ ကပ်ရောက်ရ၏။

ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်း သောလားရာ နတ်ပြည်လောကသို့ အကယ်၍ မရောက်ဘဲ လူ့ အဖြစ်သို့ရောက်ခဲ့လျှင် ထိုထိုဖြစ်လေရာရာအမျိုး၌ အခြံအရံ များ၏။ လုလင်၊ မငြူစူခြင်းနှင့်ယှဉ်သော စိတ်ရှိခြင်း၊ သူတစ်ပါး တို့လာဘ်များခြင်း၊ အရိုအသေအလေးအပြုခံရခြင်း၊ မြတ်နိုး

ခံရခြင်း၊ ရှိခိုးခံရခြင်း၊ ပူဇော်ခံရခြင်းတို့၌ ပြုစုခြင်းအစွမ်းဖြင့် မဆဲရဲ၊ မပြစ်မှားခြင်း၊ ပြုစုခြင်းကို မနှောင်ဖွဲ့ခြင်းသည် အခြံများခြင်းကို ဖြစ်စေတတ်သောအကျင့်တည်း။*

## ၉။ ချီးမွမ်းခံလိုသဖြင့် ဟန်ဆောင်၍ သာသနာရေးကိစ္စကို လုပ်ကိုင်နေသူမဟုတ်ခြင်း

လူ့ခန္ဓာကိုယ်ကို လောဘ၊ ဒေါသ၊ မောဟစသော ကိလေသာအပူဓာတ်ဖြင့် ဖွဲ့စည်းထား၏။ ထို့ကြောင့် လောကသားများသည် လောဘ၊ ဒေါသစသော ကိလေသာတရားများ လွှမ်းမိုးခံနေရပြီး လောကအရေးကိုသာ အလေးထားကြ၏။ မြတ်ဗုဒ္ဓကမူ ထိုလောဘ၊ ဒေါသစသော ကိလေသာတရားတို့ကို အခြေခံ၍ ပြုလုပ်ကြသော လုပ်ငန်းများသည် ပြုလုပ်သူနှင့် ပတ်ဝန်းကျင်ကို ဆင်းရဲ ပျက်စီးစေတတ်သောကြောင့် ထိုလောဘ၊ ဒေါသစသော ကိလေသာတရားများ တဖြည်းဖြည်း ချုပ်ငြိမ်းပြီး လူသားကို ယဉ်ကျေးလာစေလိုသဖြင့် ဒါန၊ သီလ၊ ဘာဝနာ စသော ကုသိုလ်လုပ်ငန်းများကို တစ်စတစ်စ စတင်လေ့ကျင့်ပြုလုပ်စေရန် သင်ပြတော်မူခဲ့၏။

မျက်မှောက်ခေတ် ဗုဒ္ဓဘာသာဝင်များသည် မြတ်ဗုဒ္ဓတရားတော်ကို မသင်ရခြင်း၊ ရဟန်းသံဃာတော်များနှင့် ကင်းကွာနေကြခြင်း စသော အကြောင်းများကြောင့် ခေတ်

* ဥပရိပဏ္ဏာသပါဠိ-၂၄၆

အသိ၊ လောကအသိသာ ရှိနေကြ၏။ သို့ပါ၍ ဗုဒ္ဓသာသနာတော်၏ အနှစ်သာရကို နားမလည်ကြတော့ပေ။ ဓမ္မပိုင်းဆိုင်ရာ အားနည်းခြင်းကြောင့် သာသနာရေးကိစ္စကို ဆောင်ရွက်သောအခါ ခေတ်ဆန်နေတတ်၏။

မိမိလုပ်နေသော သာသနာရေးဆိုင်ရာလုပ်ငန်းများ မြင့်မြတ်တန်ဖိုးရှိပုံကိုလည်း နားမလည်နိုင်ပေ။ ပတ်ဝန်းကျင်က အထင်ကြီးအောင်၊ ဂုဏ်ရှိအောင် အလေးထား ဆောင်ရွက်၏။ လူအထင်ကြီးအောင် ဆောင်ရွက်နေခြင်းကြောင့် မဖြစ်သင့်သော ပြဿနာများ ရှုပ်ထွေးလာတတ်၏။

ဗုဒ္ဓသာသနာတော်၏ အနှစ်သာရကို နားလည်၍၊ သို့မဟုတ် စိတ်ဓာတ်ယဉ်ကျေးနေ၍ ဗုဒ္ဓသာသနာတော်ဆိုင်ရာ လုပ်ငန်းများကို လုပ်နေခြင်းမဟုတ်သောကြောင့် တဏှာဖြစ်စရာ ကိစ္စများနှင့် တွေ့ကြုံလာရသောအခါ၊ ဒေါသဖြစ်စရာ အာရုံနှင့် တွေ့ကြုံလာရသောအခါ၊ တဏှာမဖြစ်ရအောင်၊ ဒေါသမဖြစ်ရအောင် စိတ်ကို မထိန်းချုပ်နိုင်ကြတော့ပေ။ သူတော်ကောင်း တစ်ယောက်အနေဖြင့် မလုပ်သင့်သောအလုပ်ကို ရဲရဲတင်းတင်းကြီး လုပ်ချလိုက်တော့၏။

ထိုအခါ ပတ်ဝန်းကျင်က "ဒီပုဂ္ဂိုလ်ကြီးဟာ ငါတို့ သာမန်လူတောင် မလုပ်ရဲတဲ့ အလုပ်ကို လုပ်နေပါတကား" ဟု

အံ့ဩသွားပြီး သူ့ကြောင့် သာသနာတော်ကို အထင်အမြင်သေး သွားတော့၏။ ဤသို့ အတွေ့အကြုံများလာသောအခါ ဘာသာ ရေးနယ်ပယ်က ပုဂ္ဂိုလ်များအပေါ် မှာ အထင်မကြီးကြတော့ပေ။ မျက်မှောက်ခေတ် ဘာသာရေးနယ်ပယ်ထဲက ပုဂ္ဂိုလ်များ အပေါ်၌ ဝေဖန်ကဲ့ရဲ့သံများကို မကြားချင်အဆုံး ကြားနေရ၏။

သူတော်ကောင်းမဟုတ်ဘဲ သူတော်ကောင်းဟန်ဆောင် လျက် သူတော်ကောင်းအလုပ်ကို လုပ်ကိုင်နေသူများ မိမိကြောင့် မွန်မြတ်လှသော ဗုဒ္ဓသာသနာတော်ကို လူသားများ အထင်သေး မခံရအောင် သတိထား ရှောင်ကြဉ်သင့်၏။ အကြီးအကဲခေါင်း ဆောင်လုပ်နိုင်သော အရည်အချင်း မပြည့်စုံပါဘဲ ပတ်ဝန်းကျင် အခြေအနေအရ ဘာသာရေးနယ်ပယ်ထဲမှာ ခေါင်းဆောင်ပိုင်း မှာ ပါဝင်လာပါက သူ့ကြောင့် ဗုဒ္ဓသာသနာတော် နာမည်ပျက် ပေါင်းများလှပါပြီ။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် လူ့အဖွဲ့အစည်း ထဲ၌ ဤပုဂ္ဂိုလ်မျိုးပါဝင်မလာရအောင် ချီးမွမ်းခံလိုသဖြင့် ဟန်ဆောင်၍ သာသနာတော်ဆိုင်ရာကိစ္စကို လုပ်ကိုင် ကျင့်သုံး နေသူ မဟုတ်စေရဟု တားမြစ်တော်မူခဲ့ခြင်းဖြစ်၏။

သာသနာရေးကိစ္စကိုဆောင်ရွက်သူသည် သာသနာ ရေး ကိစ္စကိုမပြုလုပ်မီ မိမိကိုယ်ကို ရှေးဦးစွာ ယဉ်ကျေးအောင် ကြိုး စားသင့်၏။ ထိုသို့ ကြိုးစားပြီးမှသာ သာသနာရေးကိစ္စကို

ဆောင်ရွက်သင့်၏။ ထိုသို့ ဆောင်ရွက်ပါက မိမိဆောင်ရွက်သော သာသနာပြုလုပ်ငန်း၌ အမှားယွင်းကင်းပြီး ပတ်ဝန်းကျင်၏ အားပေးထောက်ခံမှု ရရှိလာမည်ဖြစ်၏။

**၁၀။ ဗုဒ္ဓ၊ ဓမ္မ၊ သံဃာကို ကိုးကွယ်ဆည်းကပ်သူဖြစ်ခြင်း**

ဘုရား၊ တရား၊ သံဃာတို့သည် ကိုးကွယ် ဆည်းကပ်သူတို့၏သန္တာန်၌ ဆင်းရဲအမျိုးမျိုးကို ဖယ်ရှားပြီး လောကီချမ်းသာ၊ လောကုတ္တရာချမ်းသာတို့ကို ယူဆောင်ပေးတတ်ကြ၏။ ထို့ကြောင့် ဘုရား၊ တရား၊ သံဃာတို့ကို ကိုးကွယ်အားထားဖွယ်ရာ "သရဏ" ဟု ခေါ်၏။

ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးသည် ကိုးကွယ် ဆည်းကပ်သူတို့၏သန္တာန်၌ ဆင်းရဲအမျိုးမျိုးကို ဖျက်ဆီးဖယ်ရှားပြီး လောကီချမ်းသာ၊ လောကုတ္တရာချမ်းသာတို့ကို ယူဆောင်ပေးတတ်သောကြောင့် "ကိုးကွယ်ရာ အစစ်ပဲ" ဟု ယုံကြည်သိမှတ်လျက် ကိုးကွယ်ဆည်းကပ်လိုသော ကုသိုလ်စိတ်ကို "သရဏဂုံ" ခေါ်၏။

မိမိသန္တာန်၌ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးအပေါ်၌ ယုံကြည်သိမှတ် ကိုးကွယ်ဆည်းကပ်လိုသော ပညာ၊ သဒ္ဓါ၊ စေတနာ ပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်များ ဖြစ်ပေါ်နေကြောင်းကို ထင်ရှားပေါ်လွင်လာအောင် အောက်ပါ

အတိုင်း နှုတ်က ရွတ်ဆို၍ဆောက်တည်ရမည် -

(က) **ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ** - မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ယုံကြည်သိမှတ် ကိုးကွယ် ဆည်းကပ်ပါ၏။

(ခ) **ဓမ္မံ သရဏံ ဂစ္ဆာမိ**- တရားမြတ်ကို ကိုးကွယ် ရာဟူ၍ ယုံကြည်သိမှတ် ကိုးကွယ်ဆည်းကပ် ပါ၏။

(ဂ) **သံဃံ သရဏံ ဂစ္ဆာမိ** - သံဃာမြတ်ကို ကိုး ကွယ်ရာဟူ၍ ယုံကြည်သိမှတ် ကိုးကွယ်ဆည်း ကပ်ပါ၏။

ထိုသို့ နှုတ်ဖြင့် သုံးကြိမ် ရွတ်ဆို၍ ဆောက်တည်လျက် ကိုးကွယ်ဆည်းကပ်နေသူကို "သရဏဂုံတည်သူ" ဟု ခေါ်၏။

သရဏဂုံဆောက်တည်ရာ၌ ရဟန်းတော်ထံ၌ ဖြစ်စေ၊ ဘုရားရုပ်ပွားတော် စေတီတော်များ၌ဖြစ်စေ၊ မိမိကိုယ်တိုင် ဖြစ်စေ ဆောက်တည်ကောင်း၏။ ဆောက်တည်ပါက သရဏဂုံ တည်၏။ ရတနာမြတ်သုံးပါးအပေါ်၌ အမှန်တကယ် ယုံကြည်၍ ဆောက်တည်ရမည်။ မယုံကြည်ပါက သရဏဂုံကို မည်သူမျှ ပေး၍ မရနိုင်ပေ။ ယုံကြည်မှုဖြစ်လာနိုင်အောင် ဘုရားဂုဏ်၊

တရားဂုဏ်၊ သံဃာဂုဏ်တော်ပါဠိနှင့် အနက်အဓိပ္ပာယ်ကို မြန်မာဘာသာဖြင့် သိရှိသဘောပေါက်နေဖို့လို၏။

သရဏဂုံသည် လောကီသရဏဂုံ၊ လောကုတ္တရာသရဏဂုံဟူ၍ အခြေခံအားဖြင့် နှစ်မျိုးရှိ၏။ ထိုတွင် အရိယာဘဝသို့ ကူးပြောင်းလာသောအခါ သောတာပတ္တိမဂ်ဉာဏ် ဖြစ်ပေါ်ချိန်ခဏ၌ပင်ရတနာမြတ်သုံးပါးအပေါ်မှာ ယုံမှားမှု လုံးဝကင်းပြတ်ပြီးဖြစ်သောကြောင့် နှုတ်ဖြင့်ဆောက်တည်ရန်မလိုဘဲ ရတနာမြတ်သုံးပါးအပေါ်၌ ခိုင်မြဲသောယုံကြည်မှု ဖြစ်ပေါ်လာ၏။ ထိုသို့ သောတာပတ္တိဖြစ်ပေါ်ချိန်ခဏ၌ ဖြစ်ပေါ်လာသော ခိုင်မြဲသောယုံကြည်မှုကို လောကုတ္တရာသရဏဂုံခေါ်၏။

**လောကီသရဏဂုံ ဆောက်တည်နည်း (၄) မျိုး**

(၁) ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးအပေါ်၌ သက်ဝင်ယုံကြည်ခြင်းကြောင့် ရတနာမြတ်သုံးပါးအား မိမိကိုယ်ကို အပ်နှင်းခြင်း **(အတ္တသန္နိယျာတန) သရဏဂုံ၊**

(၂) ရတနာမြတ်သုံးပါးသာလျှင် ကိုးကွယ်လဲလျောင်းမှီခိုအားထားရာရှိ၏။ ရတနာမြတ်သုံးပါးမှတစ်ပါး ကိုးကွယ်လဲလျောင်း မှီခိုအားထားရာ

မရှိဟု ယုံကြည်ခံယူထားခြင်း **(တပ္ပရာယဏ) သရဏဂုံ၊**

(၃) မိမိကိုယ်ကို ရတနာမြတ်သုံးပါး၏ တပည့်အဖြစ် ခံယူခြင်း **(သိဿဘာဝူပဂမန) သရဏဂုံ၊**

(၄) မိမိကိုယ်ကို နှိမ့်ချ၍ရတနာမြတ်သုံးပါးအပေါ်၌ လွန်စွာ ရိုသေလေးစားသော အမူအရာကို ပြသ၍ ရှိခိုးခြင်း **(ပဏိပါတ) သရဏဂုံ၊**

ရတနာမြတ်သုံးပါးအပေါ်၌ စိတ်ထဲမှာ ယုံကြည်လေးစားလျက် အထက်ပါလေးမျိုးတို့တွင် တစ်မျိုးမျိုးဖြင့် ဆောက်တည်ပါက **ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ** စသည်ဖြင့် နှုတ်က မရွတ်ဆိုသော်လည်း သရဏဂုံတည်နိုင်၏။

နှုတ်က ထုတ်ဖော်ရွတ်ဆိုရခြင်းသည် ရတနာမြတ်သုံးပါးအပေါ်၌ မိမိစိတ်ထဲမှာ ယုံကြည်လေးစားမှု ဖြစ်နေကြောင်း ပေါ်လွင်အောင် ရွတ်ဆိုရခြင်းသာဖြစ်၏။ မျက်မှောက်ခေတ် ဗုဒ္ဓဘာသာဝင်များသည် ဗုဒ္ဓဘာသာစာပေနှင့် ကင်းကွာနေခြင်းကြောင့် ရတနာသုံးပါး၏ ဂုဏ်တော်ပါဠိအနက်ကိုပင် မရနိုင်ပေ။ ဂုဏ်တော်၏ ပါဠိအနက်ကိုမရ၍ ဂုဏ်တော်အနှစ်သာရကို စိတ်ထဲ၌ သိရှိနိုင်ဖို့ မလွယ်လှပေ။ ဂုဏ်တော်၏ အနှစ်သာရကိုမသိ၍ ဂုဏ်တော်ကို မကြည်ညိုတတ်ဘဲ နှုတ်က

**ဗုဒ္ဓ သရဏံ ဂစ္ဆာမိ** စသည်ဖြင့် သူများဆို၍ ရောဆိုသူ ပိုများနေလိမ့်မည်ထင်၏။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် စစ်စစ်ဖြစ်နိုင်ရေးအတွက် ရတနာသုံးပါး ပါဠိအနက်ကို ရအောင် ကျက်ထားဖို့လို၏။

ပါဠိအနက်ကို ရလာသောအခါ ဂုဏ်တော်၏ အနှစ်သာရကို အမြဲကြံစည်တွေးခေါ်၍ မိမိစိတ်မှာ ရတနာသုံးပါး ဂုဏ်တော်များ စွဲစွဲမြဲမြဲတည်ရှိအောင် ကြိုးစားဖို့လိုအပ်လှ၏။ ဓမ္မစကြာသုတ်၊ အနတ္တလက္ခဏသုတ်ပါဠိအနက်၊ ပဋိစ္စသမုပ္ပါဒ်ပါဠိအနက်၊ ပဋ္ဌာန်း (၂၄)ပစ္စည်းပါဠိအနက်၊ မဟာသတိပဋ္ဌာနသုတ်ပါဠိအနက်တို့ကိုလည်း ကျက်ထားသင့်ကြ၏။

## သရဏဂုံပျက် မပျက်ပြဿနာ

သရဏဂုံတည် မတည်နှင့်စပ်လျဉ်း၍ ရတနာမြတ်သုံးပါးကို ရှိခိုးရာ၌ ရှိခိုးပုံလေးမျိုးကို သတိထားဖို့လို၏။ ယင်းရှိခိုးခြင်းလေးမျိုးမှာ အောက်ပါအတိုင်းဖြစ်၏ -

(၁) **ဉာတိ** - ဆွေမျိုးတော်စပ်၍ ရှိခိုးခြင်း၊

(၂) **ဘယ** - ကြောက်လန့်၍ ရှိခိုးခြင်း၊

(၃) **အာစရိယ** - မိမိ၏ဆရာဖြစ်နေ၍ ရှိခိုးခြင်း၊

(၄) ဒက္ခိဏေယျ- မြတ်သော အလှူခံပုဂ္ဂိုလ် အဖြစ်ဖြင့် ရှိခိုးခြင်း၊

ထိုလေးမျိုးတွင် နောက်ဆုံးဖြစ်သော မြတ်သော အလှူခံ (ဒက္ခိဏေယျ) ပုဂ္ဂိုလ်အဖြစ်ဖြင့် သီလ၊ သမာဓိ၊ ပညာ စသော ဂုဏ်တို့ကို အာရုံပြု၍ ရှိခိုးခြင်း အရိုအသေပြုခြင်း တစ်မျိုးသာ သရဏဂုံမြောက်၏။

ကြွင်းသောသုံးမျိုးဖြင့် ရှိခိုးခြင်း၊ အရိုအသေပြုခြင်းတို့သည် သရဏဂုံမမြောက်နိုင်၊ သရဏဂုံမတည်နိုင်။ မှန်၏၊ သရဏဂုံဆောက်တည်ရာ၌ ရတနာမြတ်သုံးပါးကို သီလ၊ သမာဓိ၊ ပညာစသော ဂုဏ်တော်များဖြင့် အမြတ်ဆုံးပုဂ္ဂိုလ်ဟု ယုံကြည်၍ ဆောက်တည်မှ သရဏဂုံတည်၏။

သရဏဂုံပျက်ရာ၌လည်း ဘုရားစစ်၊ တရားစစ်၊ သံဃာစစ်မဟုတ်သောအရာကို အထွတ်အမြတ်ထား၍ ရှိခိုးကိုးကွယ်ပါမှ သရဏဂုံပျက်၏။ ထို့ကြောင့် နတ်၊ ဝိဇ္ဇာစသည်တို့ကို အမှန်တကယ်မြင့်မြတ်သော အလှူခံ (ဒက္ခိဏေယျ) ပုဂ္ဂိုလ်ဟု ယုံကြည်လေးစားလျက် ရှိခိုးပါက သရဏဂုံပျက်၏။ ဆွေမျိုးဟု သဘောထား၍ ရှိခိုးခြင်း၊ သက်ကြီးရွယ်အိုဖြစ်နေ၍ ရှိခိုးခြင်း၊ ကြောက်လန့်၍ ရှိခိုးခြင်း၊ မိမိဆရာဖြစ်၍ ရှိခိုးခြင်း၌ သရဏဂုံမပျက်နိုင်ပေ။

## တိုက်တွန်းချက်

မျက်မှောက်၌ ဗုဒ္ဓဘာသာစာပေနှင့် ကင်းကွာနေကြခြင်းကြောင့်၊ ကိုးကွယ်မှုကိစ္စ နိမ့်ကျသွားသည်ကို တွေ့ရ၏။ ကိုးကွယ်မှုကိစ္စသာမက နိုင်ငံရေး၊ ပညာရေး၊ စီးပွားရေး၊ အိမ်ထောင်ရေးစသော ကိစ္စရပ်များအားလုံး၌လည်း ယိုးယွင်းပျက်စီးလာကြသည်ကို တွေ့မြင်နေရ၏။ ပျက်စီးမှုများကို ထောက်ပြနေရပါက စာမျက်နှာများတိုးလာပြီး စာအုပ်ကြီးလာမည်ဖြစ်၏။ ထို့ကြောင့် စာအုပ်ကြီးမလာရေးအတွက် ပျက်စီးသွားမှုကို ထောက်မပြတော့ပေ။

မြတ်ဗုဒ္ဓဟောတော်မူခဲ့သော ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာတရားတော်များသည် ရာသီဥတုဖောက်ပြန်မှု၊ ငတ်မွတ် ခေါင်းပါးမှု စသော ကပ်ဆိုးများ ကင်းစင်လျက် လောက ကြီးပွားတိုးတက်ရေးအတွက် လွန်စွာ လိုအပ်သော တရားတော်များဖြစ်၏။ အမှန်တကယ် လိုက်နာကျင့်သုံးပါက ယခုဘဝ၌ ကြီးပွားတိုးတက်ရုံသာမက သံသရာတစ်လျှောက်လုံး၌လည်း အမြဲကြီးပွားတိုးတက်နေမည်သာဖြစ်၏။ ဘဝကို ငြီးငွေ့၍ ဘဝလွတ်မြောက်ရေးတရားကို အားထုတ်ပါကလည်း ဘဝလွတ်မြောက်နိုင်သည်သာဖြစ်၏။

မြန်မာတို့ ရရှိထားသော မြတ်ဗုဒ္ဓ၏ ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာတရားတော်လောက် တန်ဖိုးကြီးသောအရာသည် ဤကမ္ဘာလောက၌ မရှိပါပေ။ မြန်မာတို့သည် မျောက်အုန်းသီး ရဆိုသလို တန်ဖိုးရှိလှသော မြတ်ဗုဒ္ဓတရားတော်ကို တိုင်းပြည် အတွက် အသုံးမချတတ် ဖြစ်နေကြသည်ကို တွေ့ရ၏။အပေါ်ယံ ရုပ်ပိုင်းတိုးတက်မှု၌ မျက်စိလည်နေကြသည်ကိုတွေ့ရ၏။

မြတ်ဗုဒ္ဓ ဟောတော်မူခဲ့သော တရားတော်များကို ဘာသာရေး၊ နိုင်ငံရေး၊ ပညာရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး စသော ကိစ္စရပ်များ၌ သူနေရာနှင့်သူ အသုံးချတတ်ပါက အမှောင်လွှမ်းမိုးနေသော လောကထဲမှာ မြန်မာနိုင်ငံသည် ကမ္ဘာသူ၊ ကမ္ဘာသားများအမြင်၌ အံ့သြလောက်အောင် ဘက်စုံ တိုးတက်နေသော နိုင်ငံတစ်နိုင်ငံဖြစ်နေမှာ သေချာလှ၏။ ဘာသာခြား၊ လူမျိုးခြားများ ဝင်ရောက်အုပ်ချုပ်ချိန်မှစ၍ မြတ်ဗုဒ္ဓတရားတော်ကို လူ့ပတ်ဝန်းကျင်မှ ဖယ်ရှားခံခဲ့ရသော ကြောင့် ရဟန်းကောင်း၊ လူကောင်းများ တဖြည်းဖြည်းရှားပါး လာကာ ကမ္ဘာက လက်ညှိုးထိုးပြလောက်အောင် မြန်မာများ ဘဝနိမ့်ကျသွားရပြီဖြစ်၏။

လူ့ခန္ဓာကိုယ်ကို လောဘ၊ ဒေါသ၊ မောဟစသော ကိလေသာ အပူဓာတ်ဖြင့် ဖွဲ့စည်းဖြစ်ပေါ်နေ၏။ လူ့ပတ်ဝန်း

ကျင်၌လည်း အာရုံငါးပါးရှိနေကြ၏။ ယင်းအာရုံငါးပါးနှင့် တွေ့ရသောအခါ လောဘ၊ ဒေါသ၊ မောဟစသော ကိလေသာတရားများ အာရုံငါးပါးနှင့် ကပ်ငြိတွယ်တာပြီး ထကြွ သောင်းကျန်းလာတတ်ကြ၏။ ထိုသို့ ထကြွသောင်းကျန်းလာသောအခါ ဒုစရိုက်မျိုးစုံကို ပြုလုပ်လာကြ၏။ ထိုသို့ ဒုစရိုက်မှုများကို လူသားတိုင်း ပြုလုပ်လာကြသောအခါ လူ့ဘဝ လုံခြုံမှုကင်းမဲ့လာကြ၏။ လူနှင့်တိရစ္ဆာန်ကွဲပြားခြားနားနေခြင်းသည် စိတ်ကွဲပြား နေခြင်းကြောင့် ဖြစ်၏။ လူ့စိတ်နှင့်တိရစ္ဆာန် စိတ်တူညီနေပြီဆိုပါက လူသားသည် လူ့ဘုံလူ့ဘဝနှင့် မထိုက်တန်တော့ပေ။

ထို့ကြောင့် လူသားတို့ကို လူ့ဘုံ၊ လူ့ဘဝမှ ဖယ်ရှားရန် လိုအပ်လာသောကြောင့် လူနှင့်နတ်များ သတ်ဖြတ်မှု သတ္ထန္တရကပ်၊ အနာရောဂါဖြစ်ပွားမှု ရောဂန္တရကပ်၊ ငတ်မွတ်ခေါင်းပါးမှု ဒုဗ္ဘိက္ခန္တရကပ် ဖြစ်ပေါ်လာကြ၏။ ဤဖြစ်စဉ်ကို ပုထုဇဉ်မျက်ကန်းများ မမြင်စွမ်းနိုင်ကြပေ။ မြတ်ဗုဒ္ဓက သိမြင်တော်မူ၏။ ထို့ကြောင့် ပတ်ဝန်းကျင် အာရုံငါးပါးတွေ့ရသောအခါ ကိလေသာတရား ထကြွသောင်းကျန်းမလာရအောင် ဆင်ခြင်စဉ်းစားနိုင်မည့် အသိဉာဏ်ရှိနေဖို့ တရားတော်များကို ဟောပြော သင်ပြတော်မူခဲ့ခြင်းဖြစ်၏။

မည်သို့ဆိုစေ လူတိုင်းသေကြရမည်ဖြစ်၏။ အသက်ထွက်ခါနီးအချိန်၌ ငြိမ်းငြိမ်းချမ်းချမ်း အသက်ထွက်ပြီး ဘဝကူးကောင်းဖို့လို၏။ ဒုစရိုက်မျိုးစုံပြုလုပ်ပြီး စီးပွါးရှာဖွေလျက် ကောင်းကောင်းနေ၊ ကောင်းကောင်းစားလျက် နေရစေကာမူ အသက်ထွက်ချိန်၌ ငြိမ်းငြိမ်းချမ်းချမ်း အသက်မထွက်နိုင်ဘဲ ကြောက်ကြောက်လန့်လန့်နှင့် သေပြီးနောက် အပါယ်ဘုံသို့ ကျရောက်သွားမည်ဆိုပါက နစ်နာလှ၏။

ထို့ကြောင့် မိမိစိတ်ထဲမှာ ဓမ္မအလင်းရောင်များ ဖြစ်ထွန်းလာပြီး သံသရာခရီးကို မြင်သာထင်သာဖြင့် လျှောက်လှမ်းနိုင်အောင် ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို ကိုးကွယ်ပါ။ ရတနာမြတ်သုံးပါးကို အစဉ်အလာအရ ကိုးကွယ်ခြင်းမျိုး မဟုတ်ဘဲ မြတ်ဗုဒ္ဓတရားစာပေကိုလည်း မဖြစ်မနေ လေ့လာပါ။ လက်တွေ့ လိုက်နာအားထုတ်ပါဟု တိုက်တွန်းပါသည်။

# အခန်း ( ၄ )

# လောကမာန်အောင် ရုပ်ရှင်တော် ဆုတောင်းပြည့် သိုက်ဘုရား သမိုင်း

ပုသိမ်မြို့၊ ကျက်သရေဆောင် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးသည် မြန်မာနိုင်ငံတစ်ခွင်၌ အဆူဆူသော တန်ခိုးကြီးဘုရားစေတီပုထိုးတို့တွင် တစ်ဆူအပါအဝင် ဖြစ်ပေသည်။ အရပ်ဌာနအသီးသီးတွင် သီရိဓမ္မာသောကမင်းကြီး တည်ထားခဲ့သော ရှစ်သောင်းလေးထောင်သော စေတီတော်များအနက် မွေတော်ဓာတ်တော်များနှင့်အတူ ရွှေစင်မိုက်ပြည့်ထည့်သွင်းဌာပနာကာ **ရွှေအာဏာ**ဘွဲ့တော်ဖြင့် ထင်ရှားခဲ့လေသည်။

ပေါက္ကံရာမ ပုဂံပြည့်ရှင် **အလောင်းစည်သူမင်းကြီး** လက်ထက်တော်တွင် မူလရွှေအာဏာစေတီတော်ကို ဉာဏ်တော်အမြင့်တိုးမြှင့်ကာ **ထူပါရုံ**ဘွဲ့တော်ဖြင့် တည်ထားပူဇော်ခဲ့ပြန်သည်။

မွန်တို့ဌာနီ ရာမညတိုင်းတွင် အပါအဝင်ဖြစ်သော ပုသိမ်နှင့် အရံ(၃၁)မြို့ကို အုပ်စိုးခဲ့သော **သမုဒ္ဒဃောသမင်းနှင့် မိဖုရားဥမ္မာဒန္တီ**တို့သည် **ထူပါရုံ**စေတီတော်အပေါ်တွင် ဉာဏ်

တော်ကို ထပ်မြှင့်တင်ကာ မူလက ရွှေစင်မိုက်ပြည့်ဌာပနာခြင်းကို အကြောင်းပြုလျက် ဘွဲ့တော်ကို **ရွှေမုဋ္ဌောဟူ၍** သမုတ်ကာ ကိုးကွယ်လာခဲ့ကြသည်မှာ ယနေ့တိုင်အောင်ပင် ဖြစ်လေသည်။ ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ ဓာတ်တော်၊ မွေတော်များ ဌာပနာထားသော **သာရီရိကစေတီတော်** ဖြစ်သည်အားလျော်စွာ တန်ခိုးကြွယ်သဖြင့် ဘုရားဖူးများ နေ့ညမပြတ်လာရောက်ဖူးမြော်လျက်ရှိပေသည်။

ထိုမျှသာမက ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ထက်ဝယ် ခေတ်အဆက်ဆက်က တည်ဆောက်ခဲ့ကြသော အာရုံခံတန်ဆောင်းအသီးသီး၌ ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ ကိုယ်ပွားတော်အနေနှင့်သွန်းလုပ်ထားသော အဆူဆူသော ရုပ်ပွားဆင်းတုတော်မြတ်များ ကိန်းဝပ်စံပယ်တော်မူလျက်ရှိလေသည်။ ထိုဆင်းထုတော်များသည် **ဥဒ္ဒိဿက စေတီတော်**များပင်ဖြစ်ကြသည်။ ထိုရုပ်ပွားတော်များအနက် သမုဒ္ဒရာကို သစ်ဖောင်တော်ဖြင့် မျောပါကြွမြန်းလာတော်မူသော သီဟိုဠ်ရှင်ဘုန်းတော်ပြည့် ရုပ်ပွားတော်မြတ်ကဲ့သို့သော ဗုဒ္ဓဆင်းတုတော်များ ပါဝင်သကဲ့သို့ စေတီတော်မြတ်ကြီး၏ တနင်္ဂနွေထောင့်တွင် စံပယ်တော်မူသော သိုက်ဘုရားလည်း အပါအဝင် ဖြစ်ပါသည်။

**သိုက်**ဆိုသည်မှာ **အစုအဝေး၊ အေးချမ်းသာယာသော အရိပ်အာဝါသ၊ မြှုပ်နှံသိုဝှက်ထားသော ရွှေ၊ ငွေ၊ ရတနာအစုအပုံ**ဟူ၍ ဖြစ်သည်ဟု မြန်မာ့အဘိဓာန်က ဖွင့်ဆိုသည်။ ဗုဒ္ဓမြတ်စွာဘုရားသည် တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူပြီး ဝေနေယျသတ္တဝါများအပေါ် မေတ္တာတော်အနန္တထားရှိတော်မူသော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တစ်ပါး ဖြစ်လေသည်။

သို့ဖြစ်လေရာ ဗုဒ္ဓအရှင်တော်မြတ်ဘုရား၏ ကိုယ်ပွားဆင်းတုတော်များသည်လည်း တန်ခိုးတော်အနန္တအစုအဝေး၊ မေတ္တာတော်အနန္တအစုအဝေး ရုပ်ပွားတော်များပင် ဖြစ်ကြပေသည်။ ထိုသို့ အဓိပ္ပာယ်ဆောင်သော ရုပ်ပွါးတော်၊ ဆင်းတုတော်များတွင် သိုက်ဘုရားသည်လည်း အပါအဝင် ဖြစ်တော်မူပေသည်။

ထိုမျှသာမက ရွှေမုဋ္ဌော စေတီတော်မြတ်ကြီး၏ တနင်္ဂနွေထောင့်မှ ပြာသာဒ်ဆောင်တစ်ခုတွင် ကိန်းဝပ်စံပယ်ပူဇော်ခံလျက်ရှိသော သိုက်ဘုရားမှာ တစ်ချိန်သော ကာလက လူမသိ၊ သူမသိ၊ လူမမြင်၊ သူမမြင်၊ လူမရောက်၊ သူမရောက်သော တောကြီးမျက်မည်းအတွင်း ချုံနွယ်ပိတ်ပေါင်းများအောက်၌ စံပယ်လျက်ရှိနေသည်ကို **သိုက်ဆက်ပါသူ** လူ

ပုဂ္ဂိုလ်တစ်ဦးအား အိမ်မက်ပေးလေသည်။ အိမ်မက်ပေးသည်မှာ တစ်ကြိမ်သာမက အကြိမ်ကြိမ်ပင်ပေးခဲ့သည်ဟုဆိုလေသည်။

အဆိုပါ သိုက်ဆက်ပါလေသူ လူပုဂ္ဂိုလ်မှာကား ရဲဝန်ထောက် ဦးဘရင်ပင်ဖြစ်လေသည်။ ရဲဝန်ထောက် ဦးဘရင်သည် တပည့်များနှင့် တာဝန်ဖြင့် ခရီးထွက်ရင်း အကြိမ်ကြိမ် မြင်မက်ခဲ့သော အိပ်မက်အရ **သာပေါင်းမြို့နယ် ကျောက်ချောင်းကြီးရွာအနီး** တောအတွင်းသို့ သွားရောက်ကာ ထူထပ်လှသော ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်းရာ ကြည်ညိုဖွယ်ရာ အထူးကောင်းလှသော ရုပ်ပွားဆင်းတုတော် တစ်ဆူကို တွေ့ရှိခဲ့ရသည်ဟု ဆိုလေသည်။

ရဲဝန်ထောက် ဦးဘရင်သည် အိပ်မက်အရ တောအတွင်း ချုံနွယ်ပိတ်ပေါင်းများ၏အောက်မှ ဖူးတွေ့ရသော ရုပ်ပွားတော်မြတ်ကို မိမိနေထိုင်ရာ ပုသိမ်မြို့ ဘွက်ကြီးတန်းနေအိမ်သို့ ပင့်ဆောင်ကာ ပူဇော်ထားရှိခဲ့လေသည်။ ထိုစဉ်က ဦးဘရင်သည် သဲအင်းဂူဓမ္မရိပ်သာတွင် ဥက္ကဋ္ဌအဖြစ်ဖြင့် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်လျက် ရှိနေခဲ့သည်။

ရဲဝန်ထောက် ဦးဘရင်သည် အဆိုပါရုပ်ပွါးဆင်းတုတော်ကို မိမိ၏နေအိမ်တွင်ထားရှိ ကိုးကွယ်ပူဇော်နေစဉ်

ကာလမှာပင် ၁၉၅၅- ခုနှစ်ခန့်က ပုသိမ်မြို့၊ တဂေါင်း မဟာစေတီတော်မြတ်ကြီး၏ အောက်ပစ္စယံ တည်ဆောက်ခြင်းလုပ်ငန်းအတွက် အလှူငွေရရှိအောင်မြင်စေရန်အလို့ငှာ မိမိ၏နေအိမ်တွင် ဆည်းကပ်ကိုးကွယ်ထားသော ရုပ်ပွားဆင်းထုတော်အား တဂေါင်းမဟာစေတီတော်မြတ်ကြီးသို့ ယာယီ ပင့်ဆောင်အပူဇော်ခံထားရှိရာ ရုပ်ပွားတော်မြတ်၏ တန်ခိုးတော်ကြောင့်အလှူငွေများ တိုးတက်များပြားလှူဒါန်းလာခဲ့ကြရာ စေတီတော်မြတ်ကြီး၏ အောက်ပစ္စယံအား ပြုပြင်တည်ဆောက်နိုင်ခဲ့လေသည်။

ယခင်က တဂေါင်းဘုရားကြီးအတွက် ပြုပြင်မွမ်းမံရန်နှစ်နှင့်ချီလျက် အလှူခံခဲ့သော်လည်း လိုအပ်သော အလှူငွေများကို မရရှိခဲ့သဖြင့် ပြုပြင်နိုင်ခြင်း မရှိခဲ့ပေ။ ဦးဘရင်၏နေအိမ်မှ ရုပ်ပွားတော်မြတ်အား ပင့်ဆောင်ပြီး အလှူခံသည့်အခါမှသာ တဂေါင်းစေတီတော်မြတ်ကြီး၏ အောက်ပစ္စယံကိုအောင်မြင်စွာ တည်ဆောက်နိုင်ခဲ့လေသည်။

၁၉၆၀-ပြည့်နှစ်တွင် ဦးဘရင်သည် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး၏ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်ဖြစ်လေရာတဂေါင်းဘုရားတွင် ယာယီအစီစဉ်ဖြင့် ကိန်းဝပ်ပူဇော်ခံထားရှိသည့် ရုပ်ပွားတော်မြတ်အား ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးသို့

ရွှေ့ပြောင်းပင့်ဆောင်ကာ ဦးမောင်ကြီး အာရုံခံတန်ဆောင်းတွင် ပလ္လင်တော်သီးသန့်ပြုလုပ်ပြီး ကိုးကွယ် ပူဇော်ခံထားရှိခဲ့လေသည်။

ဦးမောင်ကြီး အာရုံခံတန်ဆောင်း၌ ရုပ်ပွားတော်မြတ်အား ပူဇော်ခံထားရှိချိန်တွင် ရွှေစည်းခုံလမ်း၊ ဗလီလမ်း၊ လယ်တီကွက်သစ် (၂) လမ်း အစရှိသော မြို့ပေါ်ရပ်ကွက်အသီးသီး၊ လမ်းအသီးသီးတို့မှဗုဒ္ဓဘာသာဝင် သူတော်စင် မိသားစုများသည် ရုပ်ပွားတော်မြတ်ကို နေအိမ်သို့ ပင့်ဆောင်၍ တစ်ဖုံ၊ ဦးမောင်ကြီးအာရုံခံတန်ဆောင်းသို့ လာရောက်လျက်တစ်သွယ် ပူဇော်ခြင်း၊ ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်း စသည်တို့ကို ဆောင်ရွက်ကြကာ လိုရာ၏ဆုများကို တောင်းခံခြင်းပြုလေ့ရှိကြသည်။

စာမေးပွဲများနီးကပ်ချိန်တွင် ရုပ်ပွားတော် မြတ်အား နေအိမ်များသို့ ပင့်ဆောင်လျက် စာမေးပွဲမှတ်စုများ ထင်ကြေးမေးခွန်းများကိုဆက်ကပ်အဓိဋ္ဌာန်ပြုကာ ဖြေဆိုစေရာ အောင်မြင်မှုများရရှိခဲ့သည်ဟု ဆိုကြသည်။ ဦးမောင်ကြီးတန်ဆောင်းသို့ နေစဉ်လာရောက် ပူဇော်နေကြသော ဗလီလမ်းမှ ညီအစ်မတစ်စု၏ပြောပြချက်အရ တစ်နေ့တွင် ရုပ်ပွားတော်မြတ်အား ကြည်ညိုနေစဉ် မျက်လုံးတော်အတွင်းမှ အနက်ရောင်သည် လှုပ်ရှား၍ လည်နေသည်ကို ဖူးတွေ့ကြရသည်ဟု သိရလေသည်။

ရုပ်ပွားတော်မြတ်အား ကြည်ညိုသဒ္ဓါစိတ် ယိုဖိတ်လျက် လေးနက်သော အမိဌာန်ပြုကာ ဆုပန်ခွေပါက လိုရာဆု ပြည့်ဝခြင်း၊ မျက်လုံးတော်မှ အနက်ရောင်သည် လှုပ်ရှားလည်ပတ်နေခြင်းတို့ကြောင့် ပြည်မြို့မှ ကြွရောက်လာသည့် ရတနာမာန်အောင် ကျောင်းတိုက်မှ ဆရာတော်ကြီးဦးဝိဇ္ဇာဗလ (ကမ္ဘာ့ရွှေရင်အေး) က ဤရုပ်ပွားတော်မြတ်အား လောကမာန်အောင် ဆုတောင်းပြည့် ရုပ်ရှင်တော်သိုက်ဘုရားဟူ၍ ဘွဲ့တော်သမုတ်ခဲ့သည်ဟုသိရသည်။

၁၉၈၈-ခုနှစ်တွင် နိုင်ငံတော်၏အာဏာအရပ်ရပ်ကို တပ်မတော်က လွှဲပြောင်းရယူကာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဖွဲ့စည်းလျက် လုပ်ငန်းတာဝန် အရပ်ရပ်ကို ကြပ်မတ်ကွပ်ကဲ ဆောင်ရွက်ခဲ့သည်။ ထိုစဉ်က အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးက ဧရာဝတီငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ပြီး ဧရာဝတီတိုင်း၏ ငြိမ်ဝပ်ပိပြားမှုရှိစေရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ရှိစေရေးတို့အတွက် ကွပ်ကဲဆောင် ရွက်ခဲ့သည်။

တစ်နေ့တွင် တိုင်းမှူးကြီးသည် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ရာ ဦးမောင်ကြီးအာရုံခံ တန်ဆောင်းတွင် ပူဇော်ခံထားရှိသည့် ရုပ်ပွားတော်များကို ကြည်ညို

ဖွယ်ရာ အနေအထားဖြစ်စေရန် ရည်သန်လျက် တန်ဆောင်း အသီးသီးသို့ ပြောင်းရွှေ့ပူဇော်သည့် အစီအစဉ်ကို ဆောင်ရွက်ခဲ့ရာ သီးသန့်ပလ္လင်တော်ဖြင့် ပူဇော်ထားရှိသော သိုက်ဘုရားကို တိုင်းမှူးကြီးမိသားစု၏ဒါနဖြင့် တနင်္ဂနွေထောင့် ပရဝဏ်ရှိ ပြာသာဒ်ဆောင်တစ်ခုကို ပြန်လည် ပြုပြင်မွမ်းမံကာ ရွှေ့ပြောင်း ပူဇော်ခံထားရှိခဲ့ရာ ယနေ့တိုင်အောင်ပင် ဖြစ်လေသည်။

လောကမာန်အောင် ဆုတောင်းပြည့်ရုပ်ရှင်တော် သိုက်ဘုရားဘွဲ့တော်ခံ တနင်္ဂနွေထောင့်မှ ရုပ်ပွါးတော်မှာ မကိုဋ်တော်ကိုဆောင်းထားပြီး တင်ပျဉ်ခွေထိုင်တော်မူပုံ ဖြစ်ပေသည်။ လက်ျာလက်တော်သည် လက်ယာဒူးတော်ပေါ်တင်၍ ချထားရာ အောက်ခံ မမွခဏ်နှင့် အနည်းငယ်လွတ်နေပြီး လက်ဝဲလက်တော်သည် ပေါင်ခွင်ပေါ်တွင် လက်ဖဝါးတော်ကို လှန်လျက်တင်ထားသည်။

ဤကဲ့သို့ မြေကြီး သက်သေညွှန်းဟန်ရှိသော ထိုင်တော်မူရုပ်ပွားတော်၏ မုဒြာကို **ဘူမိဖဿမုဒြာ** သို့မဟုတ် **ဘူဖဿမုဒြာ**ဟု ခေါ်ဆိုနိုင်ပေသည်။ ဤသိုက်ဘုရား၏ ဥဏှာတော်မှာ (၂) ပေ (၅) လက်မ၊ ဒူးတော်နှစ်ဖက်အကျယ်မှာ (၁) ပေ (၂) လက်မ ရှိလေသည်။

ဘူမိဖသသမုဒြာသည် မြတ်စွာဘုရားက မာန်နတ်ကို အောင်တော်မူခဏ်းကို သရုပ်ဖော်ရာ၌ ကမ္ဘာမြေကို သက်သေ ညွှန်းခဲ့ခြင်းဖြစ်ရာ အောင်မြင်ခြင်းအထိမ်းအမှတ်ဖြစ်၍ ပူဇော် ကန်တော့သူများအတွက် အောင်မြင်မှုအပေါင်း ခညောင်း ပြည့်ဝစေကြောင်းကို ဖော်ညွှန်းလေသည်။ တိဗက်မြန်မာ အယူအဆအရဆိုလျှင် ပထဝီမြေကြီးဓာတ်သည် မကုန်ခန်းနိုင် သောသဘော၊ ခိုင်မာခက်ကြောသောသဘော၊ ထောက်ခံသော သဘော၊ ထိတွေ့ကိုင်တွယ်၍ရနိုင်သော သဘောတည်းဟူသော ဂုဏ်ထူးဝိသေသများဖြင့် ပြည့်စုံသည်။

ထိုပထဝီကို လက်ညွှန်ပြထားသော မုဒြာ၏ ဆိုလိုရင်း မှာ ဤရုပ်ပွားတော်သည်လည်း အထက်ပါ ဂုဏ်ထူးဝိသေသ များနှင့် ပြည့်စုံတော်မူသော အကြွောဘျမြတ်စွာဘုရား ဈာနိဗုဒ္ဓ ၏ ပုံတော်ဖြစ်သည်ဟူ၍ နိမိတ်ပြထားကြောင်း တိဗက်ဘာသာ ကျမ်းရင်များ၌ မိန့်ဆိုထားသည်ဟု လေ့လာဖပ်ရှုရပေသည်။

ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ဝယ် လောကမာန်အောင်ဆုတောင်းပြည့် မျက်ရှင်တော်သိုက်ဘုရား ကိန်းဝပ်စံပယ်တော်မူလျက်ရှိသောကြောင့် ဘုရားဖူးလာရောက် ကြသူများ နေ့ညမပြတ် စည်ကားလျက်ရှိသည်သာမက သိုက် ဘုရား၏ ရှေ့မှောက်တွင် ဝတ်ပြုနေသူများ၊ အဓိဋ္ဌာန်ဝင်နေ

သူများ၊ ပုတီးစိပ်နေသူများကို အခါမလပ် တွေ့မြင်နိုင်ပေသည်။

ဤသိုက်ဘုရား၏ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့် ရွှေမုဋ္ဌောစေတီတော်မြတ် ရင်ပြင်တော်သို့ လာရောက်ဖူးမြော်သူများ၊ အိမ်သို့ ပင့်ဆောင်ဖူးမြော်သူများအား အန္တရာယ်ကင်းခြင်း၊ လာဘ်လာဘပေါ်များခြင်း၊ စီးပွားတိုးတက်ခြင်း၊ အောင်မြင်ခြင်းအစရှိသည့် အကျိုးထူးများ မလွဲမသွေရရှိစေနိုင်မည်ဖြစ်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်ရေးသားလိုက်ရပေတော့သတည်း။

# ဘုရားသမိုင်း သုံးသပ်ချက်

အထက်ပါ ဘုရားသမိုင်းသည် ဘုရားသမိုင်းရေးသူ ဒါယကာကြီး ဦးချို ရေးသားတင်ပြလာသော သမိုင်းမူရင်း ဖြစ်ပါသည်။ ယင်းသမိုင်း စကားရပ်၌ ဆုတောင်းပြည့် သိုက်ဘုရား ဟူသော စကားရပ်တွင် "သိုက်" ဟူသော စကားရပ်ကို ဖြုတ်ပယ်ပြီး "ဆုတောင်းပြည့်ဘုရား" ဟုသာ ခေါ်စေလိုပါသည်။ အဘယ်ကြောင့်ဆိုသော် မျက်မှောက်ခေတ်တွင် ဘုရားကိုထက် နတ်ကိုပို၍ ယုံကြည်လေးစားသူ များနေသောကြောင့် ရုပ်ပွားတော်ကို နတ်(သိုက်)နှင့်မရောစေလိုသောကြောင့် ဖြစ်ပါသည်။

ဘုရားရုပ်ပွားတော်ကို တောထဲ၌ စတင်ဖူးတွေ့ရသူမှာ ရဲဝန်ထောက် ဦးဘရင်ဖြစ်၍ ဦးဘရင်သည် သိုက်ဆက်ပါသူဟု သမိုင်းတွင် ဖတ်ရှုရပါသည်။ ဦးဘရင်သည် သိုက်ဆက်ပါသူ ဟူသောစကားကို မငြင်းလိုပါ။ သိုက်ဆက်ပါသူ ဦးဘရင်က စတင်ဖူးတွေ့ ရခြင်းကြောင့် မြတ်ဗုဒ္ဓရုပ်ပွားတော်ကို သိုက်ဘုရားဟု မခေါ်တွင်စေလိုပါ။ ရုပ်ပွားတော်သည် ရုပ်ပွားတော်သာဖြစ်၍ သိုက်နှင့် မည်သို့မျှ မပတ်သက်သောကြောင့် ရုပ်ပွါးတော်ကို သိုက်ဘုရားဟု မခေါ်သင့်ပါ။

## ယုတ်ညံ့သေးသိမ်စေသော စကားရပ်

"၁၉၅၅-ခုနှစ်ခန့်က ပုသိမ်မြို့၊ တဂေါင်း မဟာစေတီတော်မြတ်ကြီး၏ အောက်ပစ္စယံ တည်ဆောက်ခြင်းလုပ်ငန်းအတွက် အလှူငွေရရှိအောင်မြင်စေရန်အလို့ငှာ မိမိ၏နေအိမ်တွင် ဆည်းကပ်ကိုးကွယ်ထားသော ရုပ်ပွားဆင်းထုတော်အား တဂေါင်းမဟာစေတီတော်မြတ်ကြီးသို့ ယာယီ ပင့်ဆောင်အပူဇော်ခံထားရှိရာ ရုပ်ပွားတော်မြတ်၏ တန်ခိုးတော်ကြောင့် အလှူငွေများ တိုးတက်များပြား လှူဒါန်းလာခဲ့ကြရာ စေတီတော်မြတ်ကြီး၏ အောက်ပစ္စယံအား ပြုပြင်တည်ဆောက်နိုင်ခဲ့လေသည်။

ယခင်က တဂေါင်းဘုရားကြီးအတွက် ပြုပြင်မွမ်းမံရန် နှစ်နှင့်ချီလျက် အလှူခံခဲ့သော်လည်း လိုအပ်သော အလှူငွေများကို မရရှိခဲ့သဖြင့် ပြုပြင်နိုင်ခြင်း မရှိခဲ့ပေ။ ဦးဘရင်၏ နေအိမ်မှ ရုပ်ပွားတော်မြတ်အား ပင့်ဆောင်ပြီး အလှူခံသည့်အခါမှသာ တဂေါင်းစေတီတော်မြတ်ကြီး၏ အောက်ပစ္စယံကို အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့လေသည်"။

အထက်ပါစကားရပ်သည် **တဂေါင်းမဟာစေတီတော်မြတ်နှင့် ပုသိမ်မြို့၊ ဗုဒ္ဓဘာသာဝင် လူထုကြီး၏ ဘာသာရေးယုံကြည်ချက်ကို ယုတ်ညံ့သေးသိမ်စေပါသည်။** တဂေါင်း

မဟာစေတီတော်ကို ဓာတုစေတီခေါ်၍ ဦးဘရင် ပင့်ယူလာသော ရုပ်ပွားတော်ကို ဥဒ္ဒိဿစေတီခေါ်ပါသည်။

သက်တော်ထင်ရှားမြတ်စွာဘုရား၏ဂုဏ်တော်၊ ကျေးဇူးတော်တို့ကို သတိရအောက်မေ့လျက် အာရုံပြုပွားများနိုင်ဖို့အတွက် ဓာတုစေတီတော်နှင့် ဥဒ္ဒိဿစေတီတော်ကို တည်ထားကိုးကွယ်ရခြင်းဖြစ်ပါသည်။ ဓာတုစေတီတော်၊ ဥဒ္ဒိဿစေတီတော်များမှာ တန်ခိုးကြီးဘုရား၊ လာဘ်ရွှင်ဘုရားဟု မရှိနိုင်ပါ။

အဘယ်ကြောင့်ဆိုသော် ဓာတုစေတီတော်၊ ဥဒ္ဒိဿစေတီတော် နှစ်မျိုးလုံးသည် သက်မဲ့များဖြစ်သောကြောင့်ပင်ဖြစ်ပါသည်။ အသက်ထင်ရှားရှိတော်မူသောဘုရားကို ကိုးကွယ်သည်ဖြစ်စေ၊ ရုပ်ပွားတော် စေတီတော်ကို ကိုးကွယ်သည်ဖြစ်စေ၊ ကိုးကွယ်သူ၏ စိတ်၊ စေတနာကသာ သက်ဆိုင်ရာ အကျိုးတရားကို ဖြစ်ပေါ်စေနိုင်ကြောင်း ရှင်းပြခဲ့ပြီး ဖြစ်ပါသည်။ မရှင်းပါက အခန်း(၂)မှာ ပြန်ကြည့်ပါလေ။

အမှန်ပင် တန်ခိုးကြီးရိုးမှန်ပါက တန်ခိုးကြီးအောင်၊ လူလာများအောင် လူက စီမံဖန်တီးထားခြင်းမျိုးသာ ဖြစ်နိုင်ပါသည်။ နတ်က စီမံတာလည်း ဖြစ်နိုင်ပါသည်။ ဦးဘရင်သည် အရှိန်အဝါရှိသော ရဲဝန်ထောက်တစ်ဦးဖြစ်၍ သိုက်ဆက်ပါသူဟုလည်း ဆိုပါသည်။ သိုက်ဆက်ပါသူ ရဲဝန်ထောက်တစ်ဦးက

အိပ်မက်အရ သိုက်ဘုရားတစ်ဆူကို ပင့်လာသည်ဟူသော သတင်းသည် ပုသိမ်မြို့ လူထုထဲသို့ ပျံ့နှံ့လာပုံရပါသည်။ ထိုအခါ လူ့သဘာဝအတိုင်း အထူးအဆန်းကို ခုံမင်ကြသော လူအများ အပြားလာရောက် ဖူးမြင်ခဲ့ကြဟန်တူပါသည်။ လူလာများသဖြင့် အလှူငွေ ပို၍ရရှိခဲ့ခြင်းသာ ဖြစ်နိုင်ပါသည်။

ဗုဒ္ဓသာသနာတော်ကို ယုံကြည်၍ ရိုးသားစွာ ကိုးကွယ်နေကြသော မိရိုးဖလာဗုဒ္ဓဘာသာလူထုထဲမှာ အရှိန်အဝါရှိသော လူတစ်ဦးက ဤသို့ သတင်းဖြန့်ထုတ်ပြီး ငွေများရှာယူသော လုပ်ရပ် အများအပြား မြန်မာနိုင်ငံ နေရာအနှံ့အပြား၌ ရှိနေတတ်ပါသည်။ လူအထင်ကြီးအောင်၊ လူအလာများအောင် ရဟန္တာမဟုတ်ဘဲ ရဟန္တာဟု သတင်းဖြန့်ထုတ်သူ၊ အနာဂါမ် မဟုတ်ဘဲ အနာဂါမ်ဟု သတင်းဖြန့်ထုတ်သူ၊ အကြားအမြင် မရဘဲ အကြားအမြင်ရသူဟု သတင်းဖြန့်ထုတ်သူ၊ ရောင်ခြည် မလွှတ်နိုင်ပါဘဲ ရောင်ခြည်ကွန့်မြူးသူဟု သတင်းဖြန့်ထုတ်သူများ ခေတ်အဆက်ဆက်၌ ရှိခဲ့ကြပါသည်။

အထူးအားဖြင့် ဘာသာရေးအသိုင်းအဝိုင်းထဲသို့ နိုင်ငံရေးသမား၊ စီးပွားရေးသမားများ ဝင်ရောက်လာပါက ဤအဖြစ်မျိုး ဖြစ်တတ်ပါသည်။ ဘာသာရေးကို ဘာသာရေးအမြင်ဖြင့် ဆောင်ရွက်ပါက ဤဖြစ်ရပ်မျိုးမဖြစ်နိုင်ပါ၊ မြတ်ဗုဒ္ဓက

မိမိသန္တာန်မှာ လောဘ၊ ဒေါသ စသော ကိလေသာအပူဓာတ်ကို ငြိမ်းအေးအောင် ကျင့်သုံးရန် သာသနာတော်ကို တည်ထောင်တော်မူခဲ့ခြင်းသာ ဖြစ်ပါသည်။

ထို့ကြောင့် နေ့စဉ် ဆွမ်းခံဘုဉ်းပေးရန်၊ ပံ့သကူသင်္ကန်းကိုဝတ်ရုံ၍ သစ်ပင်အောက်၌ နေထိုင်ရန်၊ နေထိုင်မကောင်းဖြစ်လာသောအခါ နွားကျင်ငယ်ကို သောက်သုံးရန် ဝိနည်းကျင့်ဝတ်တို့ကို မူလက ပြဋ္ဌာန်းသတ်မှတ်ပေးတော်မူခဲ့ခြင်း ဖြစ်ပါသည်။

"ဦးဘရင်၏ နေအိမ်မှ ရုပ်ပွားတော်မြတ်အား ပင့်ဆောင်ပြီး အလှူခံမှသာ တဂေါင်းစေတီတော်မြတ်ကြီး၏ အောက်ပစ္စယံကို အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့ပေသည်" ဟူသော စကားရပ်သည် အစွန်းထွက်လွန်းပါသည်၊ ဦးဘရင်ပင့်ဆောင်လာခဲ့သော ရုပ်ပွားတော် တန်ခိုးကြီးကြောင်း ဖောင်းပေး ပြောဆိုလိုခြင်းကြောင့် ထိုသို့ အစွန်းထွက်လာခြင်းဖြစ်ပါသည်။ ထို့ပြင် တဂေါင်းစေတီတော်မြတ်ကို စော်ကားရာရောက်လွန်းပါသည်။ လူအချင်းချင်းသာဆိုရင် တစ်ဖက်ကခံမှာမဟုတ်ပါဘူး။ ပြဿနာများ ရှုပ်ထွေးလာနိုင်ပါသည်။

သိုက်ဘုရားလိုလို၊ နတ်ဘုရားလိုလို ရုပ်ပွားတော်ကို ပင့်ယူ အလှူခံပါမှ အလှူငွေ ထည့်ဝင်ကြသည်ဟုဆိုသဖြင့်

ပုသိမ်သူ၊ ပုသိမ်သားများ၏ ဗုဒ္ဓသာသနာတော်အပေါ်၌ ယုံကြည်မှုစိတ်ဓာတ်ကိုလည်း ဖော်ကားရာ ရောက်ပါသည်။ အဆိုပါအပြောအဆိုသည် ပုသိမ်မြို့၌ ဗုဒ္ဓသာသနာတော် အစစ်အမှန်ကို စိစစ်ကိုးကွယ်တတ်သူနည်းပါသည်ဟု အဓိပ္ပာယ် သက်ရောက်စေပါသည်။

အမှန်မှာ ပုသိမ်မြို့၌ ရှိနေကြသောစေတီတော်၊ ရုပ်ပွားတော်များနှင့် ဘုန်းတော်ကြီးများ သီတင်းသုံးသော ကျောင်းတိုက်အားလုံးကို ပုသိမ်မြို့ ဗုဒ္ဓဘာသာဝင် လူထုက လှူဒါန်းငွေနှင့် တည်ဆောက်ထားခြင်းသာ ဖြစ်ပါသည်။

အလှူခံဌာနဖွင့်လျက် အလှူခံသည်ဖြစ်စေ၊ အလှူ မခံသည်ဖြစ်စေ လိုအပ်သောနေရာတိုင်း၌ မိမိအသိတရားဖြင့် လာရောက် လှူဒါန်းနေကြသည်ကိုယောက်၍ ပုသိမ်သူ၊ ပုသိမ် သားများ၏ ဘာသာရေးအသိဉာဏ် အဆင့်အတန်း မနိမ့် ကြောင်းထင်ရှားပါသည်။ အထက်ကဖော်ပြခဲ့သော စကားရပ် သည် တဂေါင်းမဟာစေတီတော်မြတ်နှင့် ပုသိမ်မြို့ရှိ ဗုဒ္ဓ ဘာသာဝင်လူထု၏ ဗုဒ္ဓဘာသာယုံကြည်ချက်ကို ယုတ်ညံ့ သေး သိမ်စေသဖြင့် ယင်းစကားရပ်ကို ဖြုတ်ပယ်ထားခဲ့ပါရန် မေတ္တာ ရပ်ခံပါသည်။

## အန္တရာယ်ကြီးမားသော စကားရပ်

စာမေးပွဲများ နီးကပ်ချိန်တွင် ရုပ်ပွားတော်မြတ်အား နေအိမ်များသို့ ပင့်ဆောင်လျက် စာမေးပွဲမှတ်စုများ၊ ထင်ကြေး မေးခွန်းများကို ဆက်ကပ်အဓိဋ္ဌာန်ပြုကာ ဖြေဆိုစေရာ အောင် မြင်မှုများရရှိခဲ့သည်ဟု ဆိုကြသည်။

ဦးမောင်ကြီး တန်ဆောင်းသို့ နေ့စဉ်လာရောက် ပူဇော် နေကြသော ဗလီလမ်းမှ ညီအစ်မတစ်စု၏ ပြောပြချက်အရ တစ်နေ့တွင် ရုပ်ပွားတော်မြတ်အား ကြည်ညိုနေစဉ် မျက်လုံး တော်အတွင်းမှ အနက်ရောင်သည် လှုပ်ရှား၍ လည်နေသည်ကို ဖူးတွေ့ကြရသည်ဟု သိရသည်။ ရုပ်ပွားတော်မြတ်အား ကြည်ညို သဒ္ဓါစိတ် ယိုဖိတ်လျက် လေးနက်သော အဓိဋ္ဌာန်ပြုကာ ဆုပန် ချွေပါက လိုရာဆုပြည့်ဝခြင်း၊ မျက်လုံးတော်မှ အနက်ရောင် သည် လှုပ်ရှားလည်ပတ်နေခြင်းတို့ကြောင့် ပြည်မြို့မှ ကြွရောက် လာသည့် ရတနာမာန်အောင် ကျောင်းတိုက်မှ ဆရာတော်ကြီး ဦးဝိဇ္ဇာဗလ (ကမ္ဘာ့ရွှေရင်အေး) က ဤရုပ်ပွားတော်မြတ်အား လောကမာန်အောင် ဆုတောင်းပြည့် ရုပ်ရှင်တော်သိုက်ဘုရား ဟူ၍ ဘွဲ့တော်သမုတ်ခဲ့သည်ဟု သိရသည်။

လူငယ်များသည် အနာဂတ်ကို ပိုင်ဆိုင်သူများဖြစ်ကြပါ သည်၊ ယနေ့ သာသနာ့တာဝန်၊ နိုင်ငံတာဝန်ကို ထမ်းဆောင်

နေကြသူများသည် အချိန်ရောက်လာပါက အားလုံးသေဆုံးကြ ရမည့်သူများ ဖြစ်ပါသည်။ ထို့ကြောင့် ယနေ့ လူငယ်များသည် နောင်အနာဂတ်မှာ သာသနာ့တာဝန်၊ နိုင်ငံတာဝန်တို့ကို မလွဲမသွေ ပခုံးပြောင်းယူကြရမည့်ပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။

**"စာမေးပွဲ နီးကပ်ချိန်တွင် ရုပ်ပွားတော်မြတ်အား နေအိမ်များသို့ ပင့်ဆောင်လျက် စာမေးပွဲမှတ်စုများ ထင်ကြေးမေးခွန်းများကို ဆက်ကပ်အဓိဋ္ဌာန်ပြုကာ ဖြေဆိုစေကာ အောင်မြင်မှုများရရှိခဲ့ကြသည်ဟု ဆိုကြသည်"** ဟူသော စကားရပ်များသည် လူငယ်များကို လမ်းမှားသို့ တွန်းပို့သော စကားရပ်ဖြစ်ပါသည်။ သာသနာတော်နှင့် နိုင်ငံတော် အတွက် အန္တရာယ်ကြီးမားသော စကားရပ်သာဖြစ်ပါသည်။

လူငယ်များ ဤစကားရပ်ကို အမှန်ဟု ယူဆသွားပါက ဘဝကြီးပွားတိုးတက်ရေးအတွက် အလုပ်မလုပ်တော့ဘဲ ဖြတ်လမ်းက ကြီးပွားရေးကို ရှာဖွေသူ များပြားလာလိမ့်မည်။ တိုင်းပြည်မှာ အလုပ်မလုပ်ဘဲ ဖြတ်လမ်းက ကြီးပွားရေးကို ရှာဖွေသူ အချောင်သမားများ အရေအတွက်များလာလျှင် သာသနာတော်နှင့် နိုင်ငံတော်သည် ကမ္ဘာ့အလည်မှာ ထည်ထည်ဝါဝါ ရပ်တည်နိုင်ပါတော့မည်လော။

ဤအယူအဆသည် မြတ်ဗုဒ္ဓအဆုံးအမသာသနာတော်နှင့်လည်း ဆန့်ကျင့်သော အယူအဆသာဖြစ်ပါသည်။ တစ်နည်းပြောရပါမူ မြန်မာနိုင်ငံက လက်ခံထားသော ထေရဝါဒ ဗုဒ္ဓသာသနာတော်နှင့် ဆန့်ကျင်သော အယူဝါဒသာ ဖြစ်ပါသည်။ ဘာသာကြီးလေးမျိုးရှိရာတွင် မိမိဘဝကြီးပွားရေးအတွက် မိမိကိုသာ အားကိုးရန် သင်ပြသော ဘာသာသည် ဗုဒ္ဓဘာသာတစ်ခုသာ ရှိပါသည်။ ကျန်ဘာသာရေးသုံးမျိုးသည် ဖန်ဆင်းရှင်၊ တန်ခိုးရှင်ကို အားကိုးရန် သင်ပြသောဘာသာများသာ ဖြစ်ပါသည်။

တစ်နည်းပြောရပါမူ လူသားလုပ်သမျှ ကောင်းမှု၊ မကောင်းမှုကို ဖန်ဆင်းရှင်၊ တန်ခိုးရှင်အပေါ် လွှဲချရန် သင်ပြပေးသော ဘာသာများသာ ဖြစ်ပါသည်။ ဖန်ဆင်းရှင်ကို လွှဲချသော်လည်း မျက်မှောက်ခေတ်၌ ဖြစ်ပေါ်နေသော ကိစ္စရပ်များကို ဖန်ဆင်းရှင်က မည်သည့်ကိစ္စ၌မျှ ပါဝင်ဆောင်ရွက်ပေးတာကို မတွေ့ရပေ။ ယနေ့ လူသားများ၌ ဖြစ်ပေါ်နေသော မြေလျှင်လှုပ်ခြင်း၊ လေမုန်တိုင်းတိုက်ခတ်ခြင်း စသော ကိစ္စရပ်အားလုံးကို ဖန်ဆင်းရှင်များက လျစ်လျူရှုထားသည်ကိုသာ တွေ့နေရပါသည်။

သက်ရှိ၊ သက်မဲ့ လောကတစ်ခုလုံးကို ဖန်ဆင်းနိုင်လောက်အောင် တန်ခိုးကြီးမားနေပါလျက် လူ့အသက်ပေါင်းများစွာကို ကယ်ဆယ်သည့်သဘောဖြင့် မြေငလျင် မလှုပ်အောင်၊ လေမုန်တိုင်း မတိုက်ခတ်ရအောင် တားဆီးသင့်ပါသည်။ မိမိဖန်ဆင်းထားသော သက်ရှိသက်မဲ့ အရာများက ပရမ်းပတာဖြစ်နေကြသဖြင့် တားဆီး၍ မရနိုင်ဘူးဆိုပါက မြေငလျင် လှုပ်လိမ့်မည်၊ လေမုန်တိုင်း တိုက်ခတ်လိမ့်မည်၊ ဤနေရာမှ ခဏရှောင်နေကြပါဟု မိမိကိုကိုးကွယ်နေကြသော ဘာသာဝင်များကို ကြိုတင်အသိပေးထားသင့်ပါသည်။

ယခု ဤသို့ ကြိုတင်အသိပေးထားခြင်းမျိုးကို လုံးဝမတွေ့ရပေ။ အသက်ရှင်နေစဉ်မှာပင် လူ၏အသက်အန္တရာယ်မဖြစ်ရအောင် ကူညီစောင့်ရှောက်သင့်ပါလျက် မကူညီဘဲလျစ်လျူရှုထားပါက တကယ့်အရေးကိစ္စမှာ ကယ်တင်နိုင်ပါ့မလားဟု စဉ်းစားဖွယ်ရာ ဖြစ်လာပါသည်။

ဗုဒ္ဓဘာသာတွင်လည်း မဟာယာနဂိုဏ်းဟု ဂိုဏ်းကွဲတစ်ခုရှိနေပါသည်။ အဆိုပါ မဟာယာနဂိုဏ်းသားများမှာလည်း ဗုဒ္ဓသာသနာတော်၏ အနှစ်သာရများပျောက်ကင်းပြီး နတ်ကိုးကွယ်သော အခြေအနေဘက်သို့ ယိုင်နေကြသည်ကို တွေ့ရပါသည်။ ဝိဇ္ဇာလိုလို၊ နတ်လိုလို အထက်ဆရာကြီးများကို အားကိုးနေကြသည်ကို တွေ့မြင်နေရပါသည်။

ထေရဝါဒငါးနိုင်ငံတွင် မြန်မာနိုင်ငံတစ်ငံ၌သာ ထေရဝါဒ ဗုဒ္ဓသာသနာတော် အားကောင်းနေပါသည်။ မြန်မာနိုင်ငံ၌လည်း ယခင်ကနှင့်မတူတော့ဘဲ အစစအရာရာ ပြောင်းလဲနေသည်ကို တွေ့ရပါသည်။ ယခုအခါ မြန်မာနိုင်ငံ ထေရဝါဒ သာသနာထဲသို့ မဟာယာနဂိုဏ်းသားများ၏ အယူအဆများ ဘက်ပေါင်းစုံက ထိုးနှက်ဝင်ရောက် နေရာယူလာတာကို တွေ့နေရပါသည်။ ယခုအခါ ဒါယကာကြီးဦးချိုတင်ပြသော လောကမာန်အောင် ဆုတောင်းပြည့် သိုက်ဘုရားသမိုင်း၌လည်း မဟာယာနအယူအဆများ လွှမ်းမိုးနေသည်ကို တွေ့ရပါသည်။

လူ၏ဆင်းရဲမှု၊ ချမ်းသာမှု၊ စာမေးပွဲအောင်မှု၊ မအောင်မှုသည် လူ၏ပင်ကိုယ်အရည်အသွေးနှင့်သာ သက်ဆိုင်ပါသည်။ ပင်ကိုယ်အရည်အသွေးညံ့နေသူကို ဘေးလူက ကြီးပွားတိုးတက်အောင် လုပ်မပေးနိုင်ပေ။ အခြား ဘယ်ဘုရား၊ ဘယ်နတ်၊ ဘယ်ဝိဇ္ဇာကမျှလည်း လုပ်မပေးနိုင်ပေ။

ဥပမာ-သရက်သားနှင့်ကျွန်းသားသည် အရည်အသွေးချင်းမတူကြပေ။ သရက်သားသည် ကျွန်းသားကဲ့သို့ ရေရှည်အသုံးမခံပေ။ ရေရှည်အသုံးခံအောင် အရောင်တင်ဆေးသုတ်သော်လည်း မူလ အပင် အရည်အသွေးညံ့နေသဖြင့် ကျွန်းသစ်၏ အရည်အသွေးမျိုးကို မမီနိုင်ပေ။ လူသားတွင်လည်း အရည်

အသွေးညှံ့နေသူသည် မည်သည့်နည်းနှင့်မျှ မကြီးပွားနိုင်ပေ။ လူသားသည် ကြီးပွားတိုးတက်လိုလျှင် မိမိကိုယ်ကို ကြီးပွားတိုးတက်နိုင်သော လူ့အရည်သွေးများ ပြည့်မီနေအောင် ကြိုးစားယူရမည်သာဖြစ်၏။

လူသားသည် ဘဝကြီးပွားရေးအတွက် မိမိကိုသာအားကိုးလျက် မိမိကိုယ်တိုင် လူ့အရည်အသွေး ပြည့်မီအောင် ကြိုးစားရမည်ဖြစ်ကြောင်း အခန်း(၁)(၂)တို့၌ ရှင်းပြခဲ့ပြီးဖြစ်၏။ စာမေးပွဲအောင်မြင်လိုကြသော ကျောင်းသား၊ ကျောင်းသူများသည်လည်း စာမေးပွဲအောင်မြင်ရေးအတွက် သက်ဆိုင်ရာပြဋ္ဌာန်းစာကို ကျွမ်းကျင်အောင် သင်ယူလေ့လာထားဖို့ လိုကြောင်း သဘောပေါက်သင့်ပါသည်။ စာမကျက်ဘဲ ဘုရားရှေ့မှာ ဆုတောင်းရုံ၊ အဓိဋ္ဌာန်ပြုရုံဖြင့် စာမေးပွဲ မအောင်နိုင်ကြောင်း နားလည်သင့်ပါသည်။

အလောင်းတော် မဟာဇနကမင်းသားသည် သင်္ဘောပျက်၍ ပင်လယ်ထဲ၌ မျောနေစဉ် မိမိကိုယ်တိုင် သီလဆောက်တည်၍ ခုနစ်ရက်တိတိ ဥပုသ်စောင့်သုံးခဲ့၏။ နတ်ကို ရှိခိုး၍ ဆုမတောင်းခဲ့ပေ။ ထိုသို့ နတ်ကို ရှိမခိုးဘဲ ဥပုသ်စောင့်ခဲ့သော အလောင်းတော် မဟာဇနက မင်းသားကိုသာ မဏိမေခလာ နတ်သမီးလာရောက်ကယ်ခဲ့ပါသည်။

နတ်ကိုရှိခိုး၍ ဆုတောင်းနေသူများကို မည်သည့်နတ်ကမျှ လာရောက် မကယ်ခြင်းကြောင့် အားလုံးသေကြရ၏။ အလောင်းတော် မဟာဇနကမင်းသားမှာ ပတ်ဝန်းကျင်က လူကိုတန်ဖိုးထားလောက်သော လူ့အရည်သွေး (ဓမ္မ) များကို ကြိုတင် ကျင့်သုံးထားခြင်းကြောင့် ယင်းအရည်အသွေးကို လေးစား၍ နတ်သမီးက လာရောက်ကယ်တင်ခြင်းဖြစ်ပါသည်။

လောကသားများအားလုံးသည် လူ့အရည်အသွေး (ဓမ္မ) ကို တန်ဖိုးထားကြပါသည်။ လောဘ၊ ဒေါသစသော အဓမ္မ တရားဆိုးများလွှမ်းမိုးကြီးစိုးနေသော လူမိုက်အချို့ကသာ သူတော်ကောင်းတရားတော်ကို လက်မခံဘဲ ဆန့်ကျင်နေကြပါသည်။ ထိုသို့ဆန့်ကျင်ရာ၌ မိမိကိုယ်တိုင် လက်ခံလျက် မကျင့်သုံးနိုင်သော်လည်း သူတော်ကောင်းတရားကို လက်ခံ ကျင့်သုံး၍ ကိုယ်နှုတ်စိတ် ယဉ်ကျေးနေသူကို တွေ့ရသောအခါ စိတ်ထဲက "ဒီလူဟာ လူတော်လူကောင်းပဲ" ဟု ချီးကျူးကြသည်သာ ဖြစ်ပါသည်။ ချီးကျူးပြီး ထိုသူကို စိတ်ထဲမှာ လက်ခံပြီး လေးစားနေကြပါသည်။ လောက၌ လူသားများသည် မိမိက စည်းကမ်းကို မလိုက်နာနိုင်သော်လည်း စည်းကမ်းတကျနေသူကို တွေ့ရသောအခါ လေးစားကြပါသည်။

အလောင်းတော် မဟာဇနကမင်းသားသည် လူ့အရည်အသွေး (ဓမ္မ) ကို ကြိုတင်ကျင့်သုံးထားခြင်းကြောင့် အလောင်း

တော်၏စိတ်အစဉ်၌ လူ့အရည်အသွေး(ဓမ္မ)များ အင်အား ကောင်းနေပါသည်။ ယင်းလူ့အရည်အသွေးကို တန်ဖိုးထားခြင်း ကြောင့် ဤသို့ အရည်အသွေးပြည့်ဝနေသော သူတော်ကောင်း ပညာရှင်တစ်ယောက် မသေသင့်ဘဲ မသေရအောင် ငါ ကယ် တင်မည်ဟုဆုံးဖြတ်ပြီး နတ်သမီးကလာရောက်ကယ်တင်ခြင်းသာ ဖြစ်ပါသည်။

အလောင်းတော်မှာ ပတ်ဝန်းကျင်က လေးစားလောက် သော လူ့အရည်အသွေးများမရှိပါက ဤသို့လာရောက် ကယ်တင် မည် မဟုတ်သည်မှာ သေချာနေပါသည်။ ထို့ကြောင့် လောက၌ အထွတ်အထိပ်သို့ ရောက်လိုသူများ ဆုတောင်းနေကြမည့်အစား မိမိမှာ ကြီးပွားလောက်သော လူ့အရည်အသွေးများ ပြည့်စုံနေ အောင် ကြီးမားခိုင်မြဲသော ဇွဲလုံ့လဖြင့် ကြိုတင် ကြိုးစားထားကြ ပါရန် တိုက်တွန်းပါသည်။ ဒါယကာကြီး ဦးချို တင်ပြသော ဘုရား သမိုင်း၌ လူငယ်များ လမ်းမှားသို့ လိုက်ပါနိုင်သော စကားအသုံး အနှုန်းအချို့ ပါရှိနေသဖြင့် အထက်ကဖော်ပြခဲ့သော ယင်းစကား အသုံးအနှုန်းများကို ဖြုတ်ပယ်ထားခဲ့ပါရန် မေတ္တာရပ်ခံပါသည်။

မျက်လုံးတော်မှ အနက်ရောင်သည် လှုပ်ရှားလည်ပတ် နေသည်ကို ဖူးတွေ့ရသူ ရှိသည်ဟူသော စကားရပ်ကိုလည်း ဖြုတ်ပယ်ထားခဲ့စေလိုပါသည်။

## ရွှေမုဋ္ဌောစေတီတော်မြတ်၏ ဂုဏ်သိက္ခာကိုညှိုးနွမ်းစေခြင်း

"ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ဝယ် လောကမာန်အောင်ဆုတောင်းပြည့် မျက်ရှင်တော်သိုက်ဘုရား ကိန်းဝပ်စံပယ်တော်မူလျက်ရှိသောကြောင့် ဘုရားဖူးလာရောက်ကြသူများ နေ့ညမပြတ် စည်ကားလျက်ရှိသည်သာမက သိုက်ဘုရား၏ ရှေ့မှောက်တွင် ဝတ်ပြုနေသူများ၊ အဓိဋ္ဌာန်ဝင်နေသူများ၊ ပုတီးစိပ်နေသူများကို အခါမလပ် တွေ့မြင်နိုင်ပေသည်။

ဤသိုက်ဘုရား၏ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့် ရွှေမုဋ္ဌောစေတီတော်မြတ် ရင်ပြင်တော်သို့ လာရောက်ဖူးမြော်သူများ၊ အိမ်သို့ ပင့်ဆောင် ဖူးမြော်သူများအား အန္တရာယ်ကင်းခြင်း၊ လာဘ်လာဘပေါ်များခြင်း၊ စီးပွားတိုးတက်ခြင်း၊ အောင်မြင်ခြင်းအစရှိသည့် အကျိုးထူးများ မလွဲမသွေရရှိစေနိုင်သည် ဖြစ်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်ရေးသားလိုက်ရပေတော့သတည်း။"

အထက်ပါ စကားရပ်သည် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးကို ယုတ်ညံ့သေးသိမ်စေသော စကားရပ်ဖြစ်ပါသည်။ ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးသည် ပုသိမ်မြို့၏အလယ်၌ တင့်တယ်ခံ့ညားစွာ တည်ရှိနေသော ပုသိမ်မြို့၏ ကျက်သရေဆောင် စေတီတော်မြတ်ကြီးဖြစ်ပါသည်။ ရွှေမုဋ္ဌောစေတီတော်

မြတ်ကြီး၏ ရင်ပြင်တော်၌ ပရိသတ်များဖြင့် အမြဲမပြတ်စည်ကား နေပါသည်။ ဘုရားဝတ်ပြုသူများ အမြဲလာရောက်၍ စေတီတော် မြတ်ကြီး၏ အေးမြသော အရိပ်အာဝါသအောက်မှာ ခိုလှုံနေကြ ပါသည်။

သိုက်ဘုရားသည် ထိုသို့ သူတော်ကောင်း ပရိသတ်များ ဖြင့် အမြဲစည်ကားနေသော ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး၏ ကုန်းတော်ပေါ်သို့ နောက်မှ ကြွရောက်လာကာ ရွှေမုဋ္ဌောစေတီ တော်မြတ်ကြီး၏ အရိပ်အောက်မှာ မှီခိုကပ်ရပ်နေသော ရုပ်ပွား တော်ငယ်တစ်ဆူသာဖြစ်ပါသည်။ ဤသို့ နောက်မှရောက်လာ သော မှီခိုကပ်ရပ်နေသော သိုက်ဘုရားကို ကြည်ညိုသူအချို့က **"ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ဝယ် လောကမာန်အောင် ဆုတောင်းပြည့် မျက်ရှင်တော် သိုက် ဘုရား ကိန်းဝပ်စံပယ်တော်မူလျက်ရှိသောကြောင့် ဘုရားဖူး လာရောက်သူများ နေ့ညမပြတ် စည်ကားလျက်ရှိသည်"** ဟု ရေးသားထားသည်ကို တွေ့ရသည်။

အဆိုပါ စကားရပ်သည် ရွှေမုဋ္ဌောစေတီတော်မြတ် ကြီး၏ ကုန်းတော်ကို သိုက်ဘုရားက အပိုင်စီးဖို့ကြိုးစားသည်နှင့် တူလှပါသည်။ လူအချင်းချင်းသာ ဤအပြောအဆိုမျိုး ပြောလာ ပါက ရှင်း၍မရနိုင်လောက်အောင် ပြဿနာများ ရှုပ်ထွေးလာ

မည် ဖြစ်ပါသည်။ လူ့လောကၓ တရားရုံးမှာ တရားရင်ဆိုင်ကြသည်မှာလည်း ဤအပြောမျိုးကို ကာယကံရှင်က မခံမရပ်နိုင်ဖြစ်လွန်းသောကြောင့် ဖြစ်ပါသည်။ ဤစကားသည် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသဖြင့် အဆိုပါစကားရပ်ကိုလည်း ဖြုတ်ပယ်ထားခဲ့စေလိုပါသည်။

## "အရှင်ဓေမိန္ဒ" ၏ ထုတ်ဝေပြီးကျမ်းစာများ

၁။ မူလတန်းပါဠိသဒ္ဒါသင်ကြားနည်း
၂။ ပါဠိဝါကျရေးနည်း ပထမတွဲ
၃။ ပါဠိဝါကျရေးနည်း ဒုတိယတွဲ
၄။ ပါဠိဝါကျရေးနည်း တတိယတွဲ
၅။ သင်္ဂြိုဟ်သရုပ်ခွဲသင်ကြားနည်း ပထမတွဲ
၆။ သင်္ဂြိုဟ်သရုပ်ခွဲသင်ကြားနည်း ဒုတိယတွဲ
၇။ မာတိကာ ဓါတုကထာ သင်ကြားနည်း
၈။ ယမကသင်ကြားနည်း ပထမတွဲ
၉။ ယမက သင်ကြားနည်း ဒုတိယတွဲ
၁၀။ ရူပသိဒ္ဓိသင်ကြားနည်း ပထမတွဲ
၁၁။ ရူပသိဒ္ဓိသင်ကြားနည်း ဒုတိယတွဲ
၁၂။ ပထမငယ်တန်း ဘာသာပြန် (ပြဋ္ဌာန်းကျမ်းစာမဟုတ်)
၁၃။ ဘဝလမ်းညွှန်စာပေ
၁၄။ ဘဝအလင်းရောင်စာပေ
၁၅။ ဗုဒ္ဓဘာသာအခြေခံကျင့်ဝတ်
၁၆။ ပဋ္ဌာန်းသင်ကြားနည်း
၁၇။ အခြေခံဗုဒ္ဓအဘိဓမ္မာ (ပထမတွဲ)
၁၈။ ဗုဒ္ဓ၏အောင်မြင်ရေးနည်းလမ်းများ (ပထမတွဲ)
၁၉။ အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှု
၂၀။ လူ၏အသိနှစ်မျိုး
၂၁။ အခြေခံဗုဒ္ဓအဘိဓမ္မာ (ဒုတိယတွဲ)
၂၂။ အခြေခံဗုဒ္ဓအဘိဓမ္မာ (တတိယတွဲ)
၂၃။ ရပ်ပွားစေတီတော်ကိုးကွယ်မှု
၂၄။ အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှု (ကလေးများကျက်စာ)

# များစွာသော မကောင်းမှုကို ဖြစ်ပွားစေသူ

- မိမိအသိဉာဏ်ဖြင့် မစိစစ် မသက်ဝင်နိုင်၍ အမှားအမှန်ကို မဆုံးဖြတ်နိုင်ခြင်းကြောင့် မချီးမွမ်းသင့်သူအပေါ်၌ ချီးမွမ်းစကားကို ပြောဆို၏။
- မိမိအသိဉာဏ်ဖြင့် မစိစစ် မသက်ဝင်နိုင်၍ အမှားအမှန်ကို မဆုံးဖြတ်နိုင်ခြင်းကြောင့် ချီးမွမ်းသင့်သူအပေါ်၌ ကဲ့ရဲ့စကားကို ပြောဆို၏။
- မိမိအသိဉာဏ်ဖြင့် မစိစစ် မသက်ဝင်နိုင်၍ အမှားအမှန်ကို မဆုံးဖြတ်နိုင်ခြင်းကြောင့် မကြည်ညိုသင့်သောအရာ၌ ကြည်ညိုခြင်းကို ဖြစ်ပေါ်စေ၏။
- မိမိအသိဉာဏ်ဖြင့် မစိစစ် မသက်ဝင်နိုင်၍ အမှားအမှန်ကို မဆုံးဖြတ်နိုင်ခြင်းကြောင့် ကြည်ညိုသင့်သောအရာ၌ မကြည်ညိုခြင်းကို ဖြစ်ပေါ်စေ၏။

ရဟန်းတို့ . . . ဤတရားလေးမျိုးနှင့် ပြည့်စုံသူသည် လူဖျင်းလူမိုက်ဖြစ်၏။ လောက၊ ဓမ္မနှစ်ဌာနတို့၌ လိမ္မာကျွမ်းကျင်သူ မဟုတ်၊ လူယုတ်မာသာ ဖြစ်၏။ မိမိဂုဏ်သိက္ခာကို တူးဖြို ဖျက်ဆီးပြီးဖြစ်ပါလျက်၊ မိမိဘဝကို တူးဖြို ဖျက်ဆီးပြီးဖြစ်ပါလျက် မိမိဘဝကို စောင့်ရှောက်နေပြန်၏။ သူ့မှာ အပြစ်လည်းရှိ၏။ ပညာရှိသူတော်ကောင်းတို့ ကဲ့ရဲ့ ရှုတ်ချခြင်းကိုလည်း ခံရတတ်၏။ မိမိနှင့် ပတ်ဝန်းကျင်၌ များစွာသော မကောင်းမှုကိုလည်း ဖြစ်ပွားစေသူ ဖြစ်၏။

မြတ်ဗုဒ္ဓစကားတော်ကို ဖောက်ဖျက်သူကို အရေးယူမည့်သူမရှိသဖြင့် လူသားများ မြတ်ဗုဒ္ဓစကားတော်ကို အလေးမထားကြပေ။ လောကဆိုင်ရာဥပဒေကို မလိုက်နာပါက ဤဘဝ၌သာ အရေးယူခံရပါမည်။ ဗုဒ္ဓစကားတော်ကို မလိုက်နာပါက သံသရာ အဆက်ဆက်၌ ဆင်းရဲဒုက္ခရောက်နေမည်သာ ဖြစ်ပါသည်။

သို့ပါ၍ အထက်ပါ မြတ်ဗုဒ္ဓစကားတော်သည် လူသားတိုင်း သတိထားရမည့် စကားရပ်များဖြစ်ပါသည်၊ မြတ်ဗုဒ္ဓသာသနာတော်ဆိုင်ရာ ကိစ္စရပ်များသည် သိမ်မွေ့ နက်နဲသော ကိစ္စရပ်များသာဖြစ်၍ သာမန်လူသားအသိဉာဏ်ဖြင့် လက်လှမ်းမမီနိုင်သော ကိစ္စရပ်များ သာ ဖြစ်ပါသည်။ မိမိဉာဏ်မမီသော ကိစ္စရပ်များကို မိမိသဘောထားဖြင့် ရမ်းမလုပ်မိစေရန် အထူးသတိပြုသင့်ကြပါသည်။

မြတ်ဗုဒ္ဓ၏ သာသနာရေးကိစ္စများကို ဆောင်ရွက်လိုပါက ပိဋကတ်စာပေကျွမ်းကျင်သူများနှင့် တိုင်ပင်ပြီးမှသာ ဆောင်ရွက်သင့်ပါသည်။